# ဂန္ထဝင်ရုပ်ပုံလွှာ

## ဇင်ယော်(မာန်)



တက္ကသိုလ်ဘုန်းနိုင်
မြသန်းတင့်
မောင်ထွန်းသူ
ပါရဂူ
သခင်အောင်ဖေ
လင်းယုန်သစ်လွင်
ဦးဆန်းလွင်
ကျော်အောင်
ခင်နှင်းယု
စံတိုး
လင်းယုန်မောင်မောင်
မြွှာစရိယ ဦးဌေးလှိုင်
မုံရွာဝင်းဖေ
ကာတွန်းသော်က
မြင့်မောင်မောင်
ဗမိုး
လူထုဒေါ်အမာ
မင်းသုဝဏ်
မင်းသိင်္ခ
နတ်နွယ်
မောင်ဆုရှင်
အောင်ပြည့်
တက်တိုး
ရွှေစိုးဟန်
ပခုက္ကူဦးအုန်းဖေ
ဝသုန်
ပန်းချီ သန်းမြင့်အောင်

# ဂန္ထဝင်ရုပ်ပုံလွှာ

ဇင်ယော် (မာန်)

## ပုံနှိပ်မှတ်တမ်း


**စာမူခွင့်ပြုချက်အမှတ်**

၄၀၁၃၁၉၁၀၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၄၀၁၂၅၈၁၀၁၁

**ထုတ်ဝေခြင်း**

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်

**အုပ်ရေ – ၁၀၀၀**

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးစိုးတင့်၊ ညီမေတ္တာပုံနှိပ်တိုက်

သုဒ္ဓဝိပဿနာရိပ်သာ၊ မှော်ဘီမြို့။

**ထုတ်ဝေသူ**

ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ

အမှတ် ၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။

**တန်ဖိုး – ၁၅၀၀**

**ဖြန့်ချိရေး**

ရွှေပြည်သာ စာပေ၊ မန္တလေးကျောင်းတိုက်

၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့။

ဖုန်း ၀၁–၆၁၁၆၂၂၊ ၀၁–၆၁၁၄၅၇

**စာအုပ်ကတ်တလောက်အညွှန်း (CIP)**

ဇင်ယော် (မာန်) ၈၉၅.၈၃

ဂန္ထဝင်ရုပ်ပုံလွှာ၊ ဇင်ယော် (မာန်)

ယုံကြည်ချက်စာပေ၊ ၁ ကြိမ်၊ ၂၀၁၁။

၁၈၂ စာ၊ ၁၂.၀ x ၁၈.၂ စင်တီ။

ဂန္ထဝင်ရုပ်ပုံလွှာ

## မာတိကာ


| | | |
|---|---|---|
| * | ကဗျာ | ၁ |
| * | အမှာမဟုတ်သော အမှာ | ၅ |
| ၁။ | ကြွေလွင့်သော မောင်း (သို့မဟုတ်) **ဆရာတက္ကသိုလ်ဘုန်းနိုင်** | ၉ |
| ၂။ | နေ (သို့မဟုတ်) လ ဆရာမြ (**မြသန်းတင့်**) | ၁၅ |
| ၃။ | လောကစံမှန်တိုင်းထဲကလူ (သို့မဟုတ်) **ဆရာမောင်ထွန်းသူ** | ၂၃ |
| ၄။ | အိန္ဒိယ-မြန်မာ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု အနုပညာ ပေါင်းကူးပေးသူ **ဆရာကြီးပါရဂူ** | ၂၉ |
| ၅။ | **ဆရာကြီး သခင်အောင်ဖေနှင့်** ကျွန်တော် | ၃၉ |
| ၆။ | **ဆရာကြီး လင်းယုန်သစ်လွင်** | ၄၅ |
| ၇။ | ညဏ်လမ်းပေါ်လျှောက် လူတစ်ယောက် (သို့မဟုတ်) **ဦးဆန်းလွင်** | ၅၁ |
| ၈။ | နှလုံးလှဆရာဝန်ကို ဖန်တီးသူ (သို့မဟုတ်) **ဆရာကျော်အောင်** | ၅၇ |
| ၉။ | မွေးမြေနေဆဲမှာပဲ ကြွေ...(သို့မဟုတ်) **ဒေါ်ခင်နှင်းယု** | ၆၃ |
| ၁၀။ | မေ့မရနိုင်သော **ဦးစံတိုး** | ၆၉ |
| ၁၁။ | မြန်မာပြည်၏ နောက်ဆုံးလင်းယုန် - **လင်းယုန်မောင်မောင်** | ၇၃ |

၁၂။ ဓမ္မနှင့် အဓမ္မကို ခွဲခြားပေးခဲ့သူ
(သို့မဟုတ်) **ဆရာကြီး ဓမ္မစရိယ ဦးဒွေးလှိုင်** ၇၉
၁၃။ ကဗျာလမ်းပေါ်မှလူ (သို့မဟုတ်) **ဆရာမုံရွာဝင်းဖေ** ၈၅
၁၄။ ကာတွန်းများနှင့် မျက်ရည်စ (သို့မဟုတ်)
**ကာတွန်းသော်က** ၉၁
၁၅။ စာလိပ်ပြာရှင် (သို့မဟုတ်) **ဆရာမြင့်မောင်မောင်** ၉၇
၁၆။ **ဆရာ (မာန်) ဇမိုး** ၁၀၃
၁၇။ ရွှေမြန်မာတို့ရဲ့ အမေ (သို့မဟုတ်) **လူထုဒေါ်အမာ** ၁၀၉
၁၈။ သပြေညိုသို့ ဦးခိုက်ခြင်း **ဆရာကြီး မင်းသုဝဏ်** ၁၁၇
၁၉။ တစ်မိုးအောက်တစ်ယောက် (သို့မဟုတ်)
**ဆရာမင်းသိခ်** ၁၂၃
၂၀။ နွယ်နီမဂ္ဂဇင်း ဖခင်ကြီးသို့ နောက်ဆုံးဦးညွတ်ခြင်း
**ဆရာကြီး နတ်နွယ်** ၁၂၉
၂၁။ ကရမက်လိုလူ (သူ) **ဆရာမောင်ဆုရှင်** ၁၃၇
၂၂။ ပန်းပေါင်းစုံ ပိုင်ဆိုင်သူ (သို့မဟုတ်)
**ဆရာအောင်ပြည့်** ၁၄၃
၂၃။ **ဆရာကြီးတက်တိုးသို့** တမ်းတမ်းတတ ၁၄၉
၂၄။ ပန်းချီအဖိုးတန် **ဆရာရွှေစိုးဟန်** ၁၅၅
၂၅။ နှံ့ထဲမှ ကြာလိုလူ (သို့မဟုတ်) **ပခုက္ကူဦးအုန်းဖေ** ၁၆၃
၂၆။ အနုပညာသစ်နှင့် လူ (သို့မဟုတ်) **ဆရာဝသုန်** ၁၇၁
၂၇။ မွေးမြနေဆဲမှာပဲ…ကြွေ…တဲ့…
**ပန်းချီ သန်းမြင့်အောင်** ၁၇၇

၄

## အ မှန် တ ရား ဟာ

* သစ္စာအမှန်တရား
ကဗျာသမားကျွန်ုပ်
လူ့ဘဝခရီးမှာ အမြဲထုတ်ဆဲပေါ့။
* နေ မာန်ရစ် ပုတ်သင်လို
ခေါင်းညိတ်ချင်တဲ့ လူတွေကြား
အမှန်တရား ခိုနားနေသလား။
* ဒင်္ဂါးသုံးဆယ်အစွမ်းနဲ့
တို့ , ထိ, နမ်းတဲ့ လူတွေကြား
အမှန်တရား ခိုနားနေသလား။
* ပြုံးပြနှုတ်ဆက်
ဩဇာထက်တဲ့ လူတွေကြား
အမှန်တရား ခိုနားနေသလား။
* ညည်းညူအော်ဟစ်
သိပ်ချစ်တယ်ဆိုတဲ့ လူတွေကြား
အမှန်တရား ခိုနားနေသလား။

* ငိုယို ပူဆွေး
သောက မအေးတဲ့ လူတွေကြား
အမှန်တရား ခိုနားနေသလား။
* လောကီ လူ့ဘောင်
ဖယ်ရှောင်ကင်းကွာ
စွန့်ခွာနေသူတွေကြား
အမှန်တရား ခိုနားနေသလား။
* အနိစ္စ ဒုက္ခ အနတ္တ
ရှုတ်ဖတ်နေသူတွေကြား
အမှန်တရား ခိုနားနေသလား။
* သစ္စာ အမှန်တရားဟာ
ဘာလဲ, ဘယ်လဲ
စိုးထိတ်ဆဲ,တွေဝေဆဲ
နားထဲမှာကြား
ရင်ထဲမှာလား
နှုတ်ဖျားမှာလား
လွဲမှားမသိ
သမုတိတိုင်တည်
ဟုတ်သည်, မဟုတ်သည်
ထွေလီ ဖောက်ပြား
ခွဲခြား မကြည့်
ထိ, သိ, ဆုံတွေ
ငိုဟေ့, ရယ်ဟေ့
မေ့မေ့, မောမော
ပြောပြော, သွားသွား
စားစား, နေနေ

* ကဲ …

မသေခင်အချိန်ကလေး
ကြိုတင်တွေးဆ
ဖေးမ, မကူ
ငြူစူ, ပြစ်ပြော
လူ့မနောကြား
မောဟပွားရင်း
ဒေါသများရင်း
သောကတံတားခင်း
(ကျွန်ုပ်)
ဖြတ်နင်းကြည့်နေဆဲပေါ့လေ။

(၁၉၉၇- သန်မြန်သူ (မ-ထ-သ)
(နှစ်ပတ်လည်မဂ္ဂဇင်း။)

❒

## အမှာမဟုတ်သော အမှာ

ကျွန်တော်တို့ နှစ်ပေါင်း ၂၀ ကျော် စာပေအနုပညာလောက ခန်းကျင်တွင် နေထိုင်ခဲ့ရင်း ထုံ့ပိုင်း ထုံ့ပိုင်း ရေးဖွဲ့ဖြစ်ခဲ့သော မဂ္ဂဇင်းများ၊ ဂျာနယ်များတွင် ပါဝင်ပြီးခဲ့သော ဤစာမူ၊ စာစု၊ စာပေါင်းစုကို တတ်နိုင်သလောက် စုစည်း၍ တင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ မြတ်နိုးလေးစား၍ ချစ်ကျွမ်းတဝင်၊ တရင်းတနှီး ရှိခဲ့သော ဤစာစုပါ ဂန္ထဝင်ဆရာများသည် ကျွန်တော်တို့ မြန်မာစာပေ အနုပညာလောကကြီး၏ မီးရှူးတန်ဆောင်များ၊ ထိုပုဂ္ဂိုလ်များနှင့် ဆုံစည်းခဲ့ရခိုက် အတိအကျ မဟုတ်သော၊ အပီအပြင် မဟုတ်သော၊ အထုပ္ပတ္တိမဟုတ်သော၊ လျှပ်တပြက်မြင် ရုပ်ပုံလွှာများဟု ကင်ပွန်းတပ် ရုံမျှသာဟု ဆိုနိုင်သော ကျွန်တော်တို့လက်ရာ ဆောင်းပါးများ၊ ပန်းချီ သဘောနှင့်ဆိုလျှင် စုတ်ချက်ကြမ်းကြမ်း ဆီဆေး (သို့မဟုတ်) ရေဆေးပါးပါး ဝိုးတဝါးဟု ဆိုကြမည်လားမသိ။

ကျွန်တော်တို့ စာပေအနုပညာနယ်ကို မရောက်ခင်ကတည်းက စွဲလမ်း၍ ဖတ်မှတ် တန်ဖိုးထားခဲ့ရသော စာအုပ်များထဲမှ ဆရာကြီး ဒဂုန်တာရာ၏ **ရုပ်ပုံလွှာစာအုပ်**။

ထိုစာအုပ်သည် ကျွန်တော်တို့၏ရင်ကို၊ ဦးနှောက်ကို အရှူးအမူး စွဲလမ်းစေလျက် တစ်နေ့နေ့ တစ်ချိန်ချိန်ကျလျှင် မိမိလည်း ထိုသို့ရေးဖွဲ့မည်ဟု စိတ်ပိုင်းဖြတ်ပြီး အားမာန်တက်ကြွစေခဲ့သောစာအုပ်။

ထိုစာအုပ်တွင် ဆရာကြီးမှ သူနှင့်ခေတ်ပြိုင် သက်ရှိထင်ရှား နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး၊ အနုပညာလောကမျိုးစုံမှ ပုဂ္ဂိုလ်ကြီးများနှင့် ကွယ်လွန်သူများကို တို့ထိခံစားစေခဲ့ခြင်း၊ စာပန်းချီ ရေးသီခဲ့ခြင်း၊ စာပေနယ်တွင် ထိုခေတ် ထိုအချိန်ကပင် တုန့်ပြန်မှု ဂယက်လှိုင်းကြီးမားစေခဲ့သော စာအုပ်ကြီး။

ထို့နောက်နှစ်များတွင် ကျွန်တော်တို့ ဆရာမောင်ကျော်သာ၏ **စာရေးဆရာတို့အကြောင်း တစေ့တစောင်း**၊ ဆရာကြီးသခင်၏ **သူတို့ကျွန်တော်တို့အကြောင်း**၊ ဆရာကြီးပါရဂူ၏ **ပရကထာ**၊ ဆရာကြီးနတ်နွယ်၏ **တောအကြောင်း တောင်အကြောင်း** စသည်…စသည်များကို ဖတ်ဖြစ်ခဲ့သည်။ ကြိုက်သည်။ မြတ်နိုးသည်။ ထို့ကြောင့် ကျွန်တော်တို့လည်း ထိုဆရာကြီးများကို ကြည်ညို၍ အားကျရင်း သူတို့လို ရုပ်ပုံလွှာများ၊ လျှပ်တပြက် အတွေ့အကြုံများကို တတ်နိုင်သလောက် ခံစားရေးဖွဲ့ဖြစ်ခဲ့သည်။ သို့သော် ကျွန်တော်တို့ကား သက်ရှိထင်ရှားပုဂ္ဂိုလ်များကို မရေးလို၊ မရေးဖြစ်ခဲ့။

ကွယ်လွန်ပြီး အကျွမ်းတဝင်ရှိပြီး အမျိုးဘာသာ သာသနာ စာပေ၊ အနုပညာ၊ ပန်းချီ စသည်ဖြင့် အလုပ်အကျွေးပြုခဲ့သော၊ တာဝန်ကျေခဲ့သော၊ အောင်မြင်ခဲ့သော၊ ဆရာကြီးများ၊ မိတ်ဆွေများကိုသာ အဓိကထား ရေးဖြစ်ခဲ့သည်။ အလွန်အမင်း မချီးမြောက်ခဲ့သလို နှိမ့်ချစော်ကား ရေးသားခြင်းလည်း မပြုခဲ့။(အချို့စာရေးဆရာကြီးငယ်များ သေသောသူကိုရေးရေး၊ ရှင်သောသူကိုရေးရေး အဆိုးအပြစ်၊ အနာအဆာ၊ အတင်းအဖျင်းများ ရေးဖွဲ့ခြင်းများတွေ့ရှိရပါသည်။ ကျွန်တော်တို့ မကြိုက်ပါ။ ရွံတ်ချပါသည်။ လုံးဝ မထောက်ခံပါ။)

စာပေအနုပညာရှင် ကြီးငယ်မဟူ ကောင်းသော၊ တော်သော စေတနာပါသော၊ အကျင့်သီလကောင်းသော စင်းလုံးချောပုဂ္ဂိုလ်များ ဟု ကျွန်တော်တို့ မယူဆပါ။ အဘယ့်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်များ သည်လည်း လူသားများပင် မဟုတ်ပါလော။ ထို့ကြောင့် ကောင်းခြင်း၊ ဆိုးခြင်းများ ရောထွေးနေပါလိမ့်မည်။ ခွင့်လွှတ်လို့ရပါက ခွင့်လွှတ် လိုက်ကြပါဟု တိုက်တွန်းပါရစေ။ မေတ္တာထားလိုက်ပါဟု နှိုးဆော် ပါရစေ။ မရေးဖွဲ့၊ မှတ်တမ်းတင်၊ ပုံနှိပ်ဖော်ပြ မလုပ်ကြပါနှင့်။ နှုတ်တစ်ရာစာတစ်လုံး မဟုတ်ပါလော။

ယခု ကျွန်တော်တို့ရေးဖွဲ့ခဲ့သော၊ တင်ဆက်လိုက်သော၊ ဂန္ထဝင် ရုပ်ပုံလွှာများသည် အများနှင့် အကြိုက်ညီသည်၊ မညီသည် မသိပါ။ သို့သော် ထိုစာများတွင် ကျွန်တော်တို့စေတနာကို သင်တို့ တွေ့ရပါလိမ့်မည်ဟု ယုံကြည်ပါသည်။ အများနှင့်မတူသော၊ ကျွန်တော်တို့ မြင်ခဲ့သော၊ ကြားခဲ့သော၊ ဖတ်ခဲ့သောစာများ၊ ရုပ်ပုံလွှာ များကို သင်တို့သည်လည်း ခံစားကြည့်ကြပါ။ ဆက်လက်၍လည်း ယခုလို ရုပ်ပုံလွှာများ ရေးပါလိမ့် ဦးမည်၊ ရေးပါဦးမည်ဟု ကတိပြုပါ သည်။

**ဥပမာ**– ကျွန်တော်တို့နှင့် ပတ်သက်ခဲ့ပြီး လေးစားကြည်ညိုခဲ့ ပြီး၊ ရင်းနှီးခဲ့ပြီး၊ ကျွမ်းဝင်ခဲ့ပြီး ဖြစ်ကြသော၊ ကွယ်လွန်ခဲ့ပြီး ဖြစ်ကြ သော ဆရာကြီး ကာတွန်းဦးဖေသိန်း၊ ဆရာကြီး နန်းညွန့်ဆွေ၊ ဆရာမကြီး ဒေါ်ကြည်ဦး၊ ဆရာ ငြိမ်းကျော်၊ ဆရာ အီကြာကွေး၊ ဆရာစံတင်အောင်ရွှေဘို၊ ဆရာ ထီလာစစ်သူ… စသည်…စသည်တို့။

ကျွန်တော်တို့၏ ဆရာတွေ၊ မိတ်ဆွေတွေ ကွယ်လွန်ခဲ့ကြကုန်သော ပုဂ္ဂိုလ်ကြီးငယ်တို့ကို လွမ်းဆွတ်တသမိရင်း....

ကြွေတစ်ပွင့်စီ၊ တစ်ကြိုးထဲသီ

စာပန်းချီရေးဖွဲ့၊ ပန်ဆင်လှည့်ပါတော့လို့

ပန်ဆင်ကြပါတော့လို့ ဆန္ဒပြုရင်း..........။

ဇင်ယော် (မာန်)

၃.၆.၂၀၁၁

❑

# ကြွေလွင့်လေသော မောင်
# သို့မဟုတ်
# ဆရာတက္ကသိုလ်ဘုန်းနိုင်

ဆရာ ကွယ်လွန်ပြီဆိုသော သတင်းကို ကျွန်တော်တို့ ကြားရတော့ ဆူးလေမီးပွိုင့် လမ်းလယ်မျဉ်းကျားမှာ။ ကျွန်တော်နှင့် ဆရာအောင်မြတ်ဦးတို့ ရှေ့ဆက်ရမလို နောက်ဆုတ်ရတော့လိုနှင့်။ သတင်းပေးသူက မြို့တော်ရန်ကုန် စည်ပင်သာယာမဂ္ဂဇင်းမှ ပုဂ္ဂိုလ်တစ်ဦး။ စိတ်မကောင်း။ ဝမ်းနည်းစွာဖြင့် ထိုနေ့က အိမ်ပြန်ခဲ့ရသည်။ အလွန်ပူလောင်သော ယခုနွေရက်များတွင် ထိုနေ့မှစ၍ မိုးဖြိုင်ဖြိုင်ရွာခဲ့သည်မှာလည်း တိုက်တိုက်ဆိုင်ဆိုင်။

ဆရာ့ကို ကျွန်တော်တို့ စာပေနယ် (ရသစာပေ)တွင် အုပ်မိုးနေသော မြန်မာပြည်၏ ထီးကြီးနှစ်ချောင်းအနက်မှ တစ်ချောင်းကျိုးကျသွားခြင်းဟု ခံစားကြရသည်။ အမျိုးသား စာရေးဆရာများတွင် ဆရာတက္ကသိုလ်ဘုန်းနိုင်သည် ထီးတစ်ချောင်း၊ အမျိုးသမီး ဆရာမများတွင် ဆရာမဒေါ်ခင်နှင်းယု။

ဆရာနှင့် ကျွန်တော်တို့ လွန်ခဲ့သော ၁၀-နှစ်ကျော်က စတင်ဆုံစည်းခဲ့ရသည်။ မျိုးမြန်မာ စာပေတိုက်ပိုင်ရှင် ကိုဇော်ဝင်းနိုင်နှင့် ကျွန်တော်တို့ တိုင်ပင်ပြီး ဆရာ၏ဝတ္ထုများဖြစ်သော လွမ်း၊ မိုးညအိမ်မက်မြူစသည့် စာမူများ ဝယ်ယူရရှိလျှင် ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိ

ရန်အတွက် ဖြစ်ပါသည်။ သို့နှင့် ဆရာနေထိုင်ရာ သန်လျင်မြို့သို့ ကျွန်တော်နှင့် မိတ်ဆွေတစ်ဦးတို့ သွားရောက်ခဲ့ကြသည်။ ထိုအချိန်က ဆရာ့အနီးတွင် တက္ကသိုလ်မှ ကထိကတစ်ဦး ကျွန်တော်တို့အရင် ရောက်ရှိ၍ စကားပြောနေပါသည်။ သို့သော် ထိုနေ့က စာမူမရရှိခဲ့ပါ။ အားမာန်သစ်စာပေနှင့် ကုံကော်ဝတ်ရည်စာပေတို့ကို စာမူများ ထုတ်ဝေရန် လွှဲအပ်ထားသည်ဟု ဆရာမှ ပြောပါသည်။ရောက်တုန်း ရောက်ခိုက် စကားပြောကြသေးတာပေါ့ဟု ဆရာက ကျွန်တော်တို့ကို ပြောပါသည်။ ဆရာက ကျွန်တော်တို့ စာမူ လာဝယ်သည်ကို ဝမ်းသာကြောင်း၊ သူ၏စာပေများကို ကျွန်တော်တို့ ဖတ်ရှု၍ ကြိုက်နှစ်သက်ပါသလားဟု မေးပါသည်။

ကျွန်တော်က ကြိုက်နှစ်သက်ပါသည်။ ဆရာ အကောင်းဆုံး ဖန်တီးထားသော ဝတ္ထုကြီးများဖြစ်သည့် သူငယ်ချင်းလို့ပဲဆက်၍ ခေါ်မည်ခိုင်၊ လွမ်း၊ မိုးညအိမ်မက်မြူ နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်၊ သူ့ကျွန်မခံပြီ၊ တစ်ပြည်သူ မရွှေထား၊ သာ၍ ဝေးရာဆီကိုပါ၊ နွေကန္တာဦး၊ ကိုယ့်အလှဘဝငွေလမင်း၊ ကမ္ဘာကုန်ကျယ်သရွှေဝယ်၊ ချစ်သော ဤကမ္ဘာ၊ စိမ်းနေဦးမည့်ကျွန်တော့်မြေ၊ စွန့်ခွာရသည့်နွေညများ၊ ညီမလေးရယ် စိုးရိမ်မိတယ်... စသည်ဖြင့် ကျွန်တော်တို့ ဆက်တိုက်ရွတ်ပြနေမိသည်။ ဆရာက ဝမ်းမြောက်စွာပြုံး၍ လက်ကာပြပါသည်။

ထို့နောက် ဆရာက ကျွန်တော်တို့ အကြိုက်ဆုံးစာအုပ်ကို မေးပါသည်။ ကျွန်တော်တို့က ဖြေပါသည်။ ကိုယ့်အလှဘဝငွေလမင်းကို အကြိုက်ဆုံး။ ဆရာက သူ၏ အမျိုးသားစာပေဆုရရှိသော နှင်းငွေ့တစ်ထောင့် မိုးတစ်မှောင့်ကို ဘာဖြစ်လို့ မရွေးချယ်သလဲ၊ ခိုင်ရော၊ မိုးညအိမ်မက်မြူရော စသဖြင့် ကျွန်တော်တို့ကို ပြန်မေးပါသည်။ ကျွန်တော်တို့ ပြန်ဖြေပါသည်။ ဆရာ ဖန်တီးခဲ့သော စာအုပ်ပေါင်းများစွာ အလွန်ကောင်းပါသည်။ သို့သော် ကျွန်တော်တို့ဘဝနှင့် ဟပ်မိသော ဇာတ်ကောင်ပိုင်းတွင် စာရေးဆရာ၊ တေးရေးဆရာ၊ အဆိုတော်တို့နှင့်

ဖွဲ့နွဲ့ ထားသလို စာပေ၊ ဂီတ၊ အနုပညာဆိုသည်မှာ ပူးပေါင်းဆက်နွယ်တည်ရှိပြီး ခံစားနှစ်သက် ရေးသားတတ်လျှင် ချစ်ခြင်း၊ မုန်းခြင်း၊ ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်း၊ ရယ်မောခြင်း၊ ရက်စက်ခြင်း၊ အရိပ်၊ အလင်း၊ အမှောင်၊ ကြယ်ရောင်၊ ဩကာသ လောက၊ သင်္ခါရလောက စသည့် မိမိဘဝနှင့် ဖြစ်တည်မှုများကြား စာပေ၊ ဂီတ၊ အနုပညာတို့ ပေါင်းစည်းမိလျှင် စာပေကောင်း၊ ဂီတကောင်း၊ အနုပညာကောင်း ထွက်နိုင်ကြောင်းကို သည်စာအုပ် တစ်အုပ်တည်းတွင်သာ ဆရာများ များစားစား ခံစားရေးဖွဲ့ထားသည်ကို ထူးခြားစွာတွေ့ရှိရ၍ အလွန်ကောင်းပါသည်ဟု ကျွန်တော်တို့က ဤသို့ပြောလိုက်သောအခါ ဆရာက အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ကျွန်တော်တို့၏ အသက်၊ ဇာတိ၊ ကျောင်းပညာအရည်အချင်းတို့ကို မေးရင်း အလွန်အံ့ဩ ဝမ်းမြောက်စွာနှင့် နှုတ်ဆက်ချီးကျူးစကားပြောပြီးလျှင် ထိုနေ့မှစ၍ သူ၏ အိမ်သို့ အချိန်မရွေး လာရောက်နိုင်ပါကြောင်း ဆရာက ဖိတ်ခေါ်ပါသည်။

ထို့နောက် နာရီများစွာကြာသည့်တိုင် ဆရာက စာပေအနုပညာအကြောင်းများကို ကျွန်တော်တို့အား ပြောကြား ဩဝါဒ ပေးပါသည်။ ကျွန်တော်တို့ နှုတ်ဆက်၍ ပြန်ခဲ့ကြပါသည်။

ထိုနေ့မှစတင်၍ ဆရာ့ဆီ အကြိမ်ပေါင်းများစွာ၊ နေ့ပေါင်းများစွာ၊ နာရီပေါင်းများစွာ ဆရာနှင့် ကျွန်တော်တို့ ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ကြရပါသည်။ ကျွန်တော်တို့ မိုးဂျာနယ် လစဉ်ထုတ်ဝေခွင့်ရရှိ၍ လစဉ်စာမူချီးမြှင့်ပါရန် ပြောကြားခဲ့သဖြင့် ဆရာက လစဉ်စာမူကောင်းများကို ရေးသားပေးခဲ့သည်။ ကျွန်တော်တို့ မိုး၏ပုံစံနှင့် စာပေအယူအဆများကို ဆရာက ကြိုက်နှစ်သက်ပြီး အပြစ်များတွေ့ပါကလည်း အားမနာတမ်း ဝေဖန်လေ့ရှိပါသည်။

ထို့နောက်ပိုင်းရက်များတွင် ကျွန်တော်တို့၏ စာပေလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ပါသည်။ ဆရာက ထိုအကြောင်းကိုကြားတော့ လုံးဝ

စိတ်မကောင်းပါ။ သို့ဖြစ်၍ ဆရာနှင့် ကျွန်တော်တို့ စကားပြောရင်း ဘာသာရေးနှင့်ပတ်သက်သော ကျွန်တော်တို့ အယူအဆကို မေးပါသည်။ **ဥပမာ–** ဂုဏ်တော်ရွတ်သလား၊ ပုတီးစိပ်သလား၊ ဘုရားရှိခိုးသလား၊ ဗေဒင်ယုံသလား စသည်ဖြင့်…

ကျွန်တော်တို့က ဘုရားမရှိခိုးဖြစ်ပါ၊ ပုတီးမစိတ်ပါ။ ဂုဏ်တော်မရွတ်ပါ၊ ဗေဒင်မယုံပါ၊ ရတနာသုံးပါးကိုတော့ ကြည်ညို၍ ငါးပါးသီလကို တတ်နိုင်သလောက် စောင့်ထိန်းပါသည်ဟု ပြောရာ ဆရာက ငါးပါးသီလ စောင့်ထိန်းတာကို သာဓုခေါ်၍ နေ့စဉ် ဘုရားရှိခိုးရန်၊ ဂုဏ်တော်မပွားနိုင်လျှင်တောင် မြတ်စွာဘုရားကို အာရုံပြု၍ အရဟံဂုဏ်တော်ကို 'အရဟံ' ဟု ရွတ်၍ ပုတီးတစ်လုံးချကာ ၂၇-ပတ်နေ့တိုင်းစိပ်ရန် တိုက်တွန်းပါသည်။ ထိုနေရာတွင်လည်း ဘာသာရေးနှင့် နိုင်ငံရေး၊ ပုတီးစိပ်ခြင်း မစိပ်ခြင်း၊ အကျိုးအပြစ်တို့ကို ပြောပြပါသည်။

သူကိုယ်တိုင် လွန်ခဲ့သောနှစ်ပေါင်း ၃၀-ကျော်မှ ယနေ့အထိ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းတို့ကို နေ့စဉ် ဝတ်မပြတ် ရွတ်ဖတ်နေလေ့ရှိကြောင်း။ ထို့ကြောင့် ယခုကဲ့သို့ ဘဝမျိုးတွင် နေထိုင်ရသည်ဟု ယုံကြည်ကြောင်း။ ကျွန်တော်တို့ အသက်ငယ်သေးသည့်အတွက် ဘဝကို အင်အားနှင့် ရိုးသားစွာ ဖြတ်သန်း၍ ပြန်လည်တည်ဆောက်ပါရန် ဆရာက တိုက်တွန်းပါသည်။

ထို့ကြောင့် ယခုဆိုလျှင် ကျွန်တော်တို့ နေ့စဉ် ဘုရားရှိခိုးဖြစ်လာပြီး ပုတီးကို နေ့စဉ်စိပ်ဖြစ်လာပါသည်။ လုပ်ငန်းပိုင်းဆိုင်ရာနှင့် ငွေကြေးများလည်း စတင်ပြေလည်စ ပြုလာပါသည်။ ထိုကျေးဇူးအကြောင်းများသည် ဆရာ့ကြောင့်။

လွန်ခဲ့သော နှစ်လခန့်က ဆရာ ရန်ကုန်ဆေးရုံကြီးတွင် ဆေးရုံတင်ရသည်ဟူသော သတင်းကို ရရှိသဖြင့် ကျွန်တော်တို့ သွားတွေ့ဖြစ်ခဲ့သည်။ ကျွန်တော်တို့ ဆရာ့ကို မြင်လိုက်ရသည်မှာ မချမ်းမြေ့စရာပင်။

ကျွန်တော်တို့လို ရင်းရင်းနှီးနှီး နေထိုင်ခဲ့ဖူးသူများပင် ဆရာ့ကို လုံးလုံး မမှတ်မိသလို ဖြစ်ခဲ့ရသည်။ ဆရာ့အနီးတွင် ဒါရိုက်တာ ဆရာ ကြည်စိုးထွန်းနှင့် ဆရာ့တပည့် ကထိကတစ်ဦး။ ဆရာမှ ပြုံး၍ နှုတ် ဆက်သည်။ ကျွန်တော်တို့ မကြည့်ရက်ပါလား။ ဆရာ အလွန် ပိန်သွားသည်။ ဆရာ ဘာမျှမစားနိုင်တော့၊ ဆရာ့ကိုမြင်ရသည်မှာ မသက်သာ။ ကျွန်တော်တို့ရောက်ပြီး မကြာခင် ဆရာမဒေါ်ခင်ဆွေဦးနှင့် သမီးမပုလဲတို့ ရောက်လာသည်။ ဆရာ့မိတ်ဆွေများ ထပ်မံရောက်လာ သည်။ ကျွန်တော်တို့ နှုတ်ဆက်ပြန်ခဲ့ကြသည်။ ဆရာ့အခြေအနေ အားရစရာ မရှိတော့ကြောင်း ကျွန်တော်တို့သိလိုက်ရပြီး ပြောဖြစ်ကြ သည်။ ဟော…ယခု…ဆုံးပြီ…။

ကျွန်တော်တို့တိုင်းပြည်မှာ ဆရာ့လို ပညာရှင်ကြီးတွေက သိပ် မရှိတော့။ တဖြုတ်ဖြုတ်ကြွေ…။ ဝေနေတဲ့ နောက်မျိုးဆက်များမှာ လည်း ယခုအချိန်အထိ ကျွန်တော်တို့ အားထားလောက်စရာ ပုဂ္ဂိုလ် မပါသေး။ ကျွန်တော်တို့ ရင်လေးမိကြသည်။ ကျွန်တော်တို့ ဘဝမှာ…

ဆရာ့နေရာကို အစားထိုးစရာလူ မရှိသေးပါ။
ဆရာ့စေတနာကို အစားထိုးစရာလူ မရှိသေးပါ။
ဆရာ့အနုပညာကို အစားထိုးစရာလူ မရှိသေးပါ။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်ပီပီ ကံနှင့်သံသရာကို ယုံကြည်ပါ တယ် ဆရာ။ ယခု ဆရာနှင့် ကျွန်တော်တို့ ခွဲခွာခြင်းဟာ ယာယီခဏ ပါ။ သံသရာကို ယုံကြည်သူ ကျွန်တော်တို့နဲ့ဆရာ ဒီကမ္ဘာလောကကြီး ထဲမှာ ပြန်လည်ဆုံဆည်းကြဦးမှာပါ ဆရာ။ ဆုံစည်းကြလို့ရှိရင် ဆရာမှ ကျွန်တော်တို့ကို ယခုလိုပဲ လမ်းညွှန်ဆဲ၊ ရှေ့ဆောင်ဆဲ၊ အားပေးဆဲ၊ ပြုပြင်ဆုံးမစရာရှိလျှင် အားမနာတမ်း ဆုံးမပဲ့ပြင်ပေးပါဦး ဆရာဟု ဆုတောင်းရင်း…။

(ငွေတာရီမဂ္ဂဇင်း၊ ၂၀၀၂-ခုနှစ်၊ ဇူလိုင်လ။)

❐

# နေ (သို့မဟုတ်) လ

## ဆရာမြ

## (မြသန်းတင့်)

၁၉၈၅- ခုနှစ်အတွင်း ရက်များက ကျွန်တော့်ဘဝက စာစီ။ စာစီဆိုသည်က ကျွန်တော်တို့စာပေလောက၏ အနိမ့်ကျဆုံး အလုပ်သမားဘဝ၊ ထို့ကြောင့် ကျွန်တော် ဆင်းရဲ၏။ သို့သော်လည်း ကျွန်တော် ပျော်ရွှင်စွာနှင့် ဘဝကို ကြံ့ကြံ့ခံ၍ ဖြတ်သန်းခဲ့၏။ အဘယ်ကြောင့်ဆိုသော် မိဝေး၊ ဖဝေး၊ ဆွေမျိုးဝေး၍ ရန်ကုန်မြို့တော်ကြီးတွင် စာရေးဆရာ၊ ကဗျာဆရာ ဖြစ်ချင်လွန်းသောကြောင့် ၁၉၈၂- ခုနှစ်မှ စတင်၍ ထမင်းစားကျွန်ခံ စာစီ၊ စက်ရိုက်ပညာကို မနားမနေသင်ယူခဲ့ရပြီး ငတ်တလှည့်၊ ပြတ်တလှည့်ဖြင့် စာရူး ပေရူး ဘဝကို ရောက်ရှိနေရသောအချိန်။ ထိုအချိန်ကာလဖြစ်သော ၁၉၈၅။

ထိုနှစ်အတွင်း ကျွန်တော် ဘဝတက္ကသိုလ် ပုံနှိပ်တိုက်တွင် စာစီအလုပ်တစ်ခုကို ရရှိခဲ့၏။ ဘဝတက္ကသိုလ် ပုံနှိပ်တိုက်ပိုင်ရှင် ကိုနေဝင်း၊ မန်နေဂျာ ကိုရဲမြင့် ( - သရဖူမဂ္ဂဇင်း)၊ စာပြင်ဆရာ ကိုတင့်လွင် ယခု (ကွယ်လွန်) - ကြေးမုံသတင်းစာ၊

ဘာသာပြန် အယ်ဒီတာ၊ စာရေးဆရာတင့်ခိုင်) တို့ကို စတင်တွေ့ရှိ ရင်းနှီးခဲ့ရသည်။ ထိုအချိန်က ပုံနှိပ်တိုက်လုပ်ငန်း စတင်ချိန် ဖြစ်သော ကြောင့် ပုံနှိပ်လုပ်ငန်းက ဆက်တိုက် တွင်တွင်ကျယ်ကျယ် မလုပ်နိုင် သေး။ ခဲစာလုံး၊ ဖိုမင်၊ စက်ဆရာ၊ စာစီအလုပ်သမား စသည့် ထုံ့ပိုင်း ထုံ့ပိုင်း ချို့ယွင်းချက်များနှင့် လည်ပတ်နေချိန်။

ထိုအချိန်ကာလများတွင် ကျွန်တော် ဘ၀တက္ကသိုလ် စာပေ တိုက်သို့ ရောက်ရှိသွားခြင်းသည် ကံကောင်း၍ဟု ဆိုနိုင်ပါ၏။ ကိုယ်ပိုင် ပုံနှိပ်တိုက်လုပ်ငန်းသာ တွင်တွင်ကျယ်ကျယ် မဖြစ်သေးသော်လည်း စာအုပ်ထုတ်ဝေရေးနှင့် ဖြန့်ချိရေးတွင် အရှိန်ရနေပြီ ဖြစ်သောကြောင့် ဝင်ထွက်ပတ်သက်နေသော စာရေးဆရာကြီးငယ်တို့ကို နေ့စဉ် တွေ့ထိ ဆက်ဆံလာရသော ကာလများ။

ကျွန်တော် ဆုံချင်၊ ကြုံချင်၊ မိတ်ဖွဲ့ချင်၊ သိမြင်ချင်လွန်းသော စာရေးဆရာကြီးများ၊ စာရေးဆရာမများကို တစ်နေရာတည်းတွင် စုစု စည်းစည်း၊ အင်အားများများ ဆုံကြုံဖို့ ဆိုသည်မှာ လွန်ခဲ့သော အချိန် ကာလများက မရနိုင်သောကိစ္စ၊ နောက်မတွေ့နိုင်၊ မမြင်နိုင်သောအရာ။

ဟိုယခင်က စာများဖတ်စဉ်ကတည်းက သိခဲ၊ ကြုံခဲ၊ ရခဲ သော အရာမှန်း ခွဲခြားနိုင်စွမ်းရှိသဖြင့် အနည်းဆုံး နှစ်နှင့်ချီ၍ ဒုက္ခခံ ကာ ဒီစာပေတိုက်တွင် လုပ်ကိုင်ဦးမည်ဟု ဆုံးဖြတ်ချက်ကို ခိုင်ခိုင် မာမာ ချလိုက်မိသော နေ့ရက်များ။

ထိုအချိန်က ဘ၀တက္ကသိုလ် စာပေတိုက်တွင် လစဉ်ထုတ် မဂ္ဂဇင်း စာမော်ကွန်း၊ ဘာသာပြန်စာအုပ်များ၊ ပင်ကိုယ်ရေးဝတ္ထုများ အပြင် တခြားတိုက်များ လာရောက်အပ်နှံသော စာအုပ်များကို လက်ခံ ၍ ရိုက်နှိပ်ပေးနေပြီ။

ထို့ကြောင့် ဘ၀တက္ကသိုလ်စာပေနှင့် ပတ်သက်ခဲ့ကြသော စာမော်ကွန်းအယ်ဒီတာချုပ်၊ ဆရာမြသန်းတင့်၊ ဆရာပါရဂူ၊ ဆရာ ဦးဆန်းလွင်၊ ဆရာမောင်ပေါ်ထွန်း၊ ဆရာမောင်မိုးသူ၊ ဆရာ

မောင်ထွန်းသူ၊ ဆရာအံ့မောင်၊ ဆရာမောင်ရဲခိုင်၊ ဆရာကျော်အောင်၊ ဆရာမောင်နေဝင်း၊ ဆရာမောင်သွေးသစ်၊ ဆရာနတ်နွယ်၊ ဆရာမောင်သက်နောင်၊ ဆရာမောင်ခက်ပန်၊ ဆရာအထောက်တော်လှအောင်၊ ဆရာဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာလင်းယုန်သစ်လွင်၊ ဆရာမင်းကျော်၊ ဆရာမောင်ကြာညို၊ ဆရာဒေါက်တာငွေစိုး၊ ဆရာရဲမြင့်ဖေ၊ ဆရာကမ္ဘောဇခင်လှိုင်၊ ဆရာတက္ကသိုလ်မောင်လွမ်းသူ၊ ဆရာကျော်ခေါင်၊ ဆရာကျော့မောင် (မင်္ဂလာတောင်ညွန့်)၊ ဆရာဖိုးကျော့၊ ဆရာမောင်သိန်းဆိုင်၊ ဆရာကြီးဦးရန်အောင်၊ ဆရာဗမိုး၊ ဆရာအောင်ကျော်ကျော်၊ ဆရာဦးစောရွှေဖိုလ်၊ ဆရာဦးလှိုင်ဝင်း၊ ဆရာဦးမွေ့၊ ဆရာစိန်ခင်မောင်ရီ၊ ဆရာမောင်ဝံသ၊ ဆရာချစ်ဝင်းညွန့်၊ ဆရာမြေနီသစ္စာ၊ ဆရာတက္ကသိုလ်မင်းယဉ်၊ ဆရာရွှေမြိတ်သောင်းတင်၊ ဆရာလင်းယုန်မောင်မောင်၊ ဆရာတင်ဆွေမိုး၊ ဆရာကာတွန်းအောင်အောင်၊ ဆရာငွေကြည်၊ ဆရာမောင်ဝဏ္ဏ၊ ဆရာမြေဇာ၊ ဆရာတက္ကသိုလ်ဇော်မင်း၊ ဆရာဦးစံတိုး၊ ဆရာမောင်တင်မောင်မျှင့်၊ ဆရာဝသုန်၊ ဆရာကျော်သောင်း၊ ဆရာဘုန်းမြင့် (မန္တလေး)၊ ဆရာမောင်စွမ်းရည်၊ ဆရာကိုစိုးသန်းလင်း၊ ဆရာဦးလူအောင်၊ ဆရာဦးမြတ်ဆွေ။

ကျွန်တော်မှတ်မိသလောက် ယခုအကြမ်းရေးပြသော၊ ပတ်သက်ခဲ့ရသော၊ စာရေးဆရာကြီးများ၊ ကာတွန်းဆရာကြီးများ၊ ပန်းချီဆရာကြီးများသည် ယနေ့ခေတ်တွင် မည်သည့်နေရာ၊ မည်သည့်အဆင့်ဆိုသည်ကို စာဖတ်ပရိသတ်နှင့် စာပေသမားအားလုံး သိရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်ပျော်သည်ဟု ဆိုခြင်းဖြစ်ပါသည်။

ထိုရက်ပိုင်း နှစ်ပိုင်းများက ဆရာမြကို စတင်ဆုံဆည်းခဲ့ရခြင်း၊ ဆရာမြဆိုသည်မှာ အားလုံးက ချစ်စနိုးခေါ်ခဲ့ကြသောနာမည်။ ဆရာမြကိုတွေ့ရတိုင်း အိတ်ကလေးဆွဲ၊ တိုက်ပုံအင်္ကျီဝတ်၊ ပုဆိုးကွက်ထောက်ကြဲကြဲကြီးဖြင့် မျက်မှန်အထူကြီးတပ်ကာ အညာသားကျောင်းအုပ်ဆရာကြီးကဲ့သို့။

ဆရာမြနှင့် ကျွန်တော်တို့လူငယ်များဆက်ဆံရေးမှာ အုံ့ညြစရာကောင်းလောက်အောင် နူးညံ့သိမ်မွေ့ပြီး 'ခင်ဗျား' 'ကျွန်တော်' ဆိုသော အသုံးအနှုန်းဖြင့် ပလူပျံနေသည်။ ဥပမာ… ကျွန်တော်က မကွေးတိုင်း၊ အောင်လံမြို့နယ်၊ ရွှေပန်းတောရွာမှ တောင်သူလယ်သမားသားသမီးဟု သိလျှင် ကျွန်တော်တို့ နယ်၏ လယ်ယာအကြောင်း၊ ဒေသအကြောင်း၊ သီးနှံထွက်ကုန်များအကြောင်း၊ ရာသီဥတုအကြောင်းတို့ကို စေ့စေ့စပ်စပ် မေးမြန်းလေ့ရှိသည်။

တစ်ကြိမ်တွင် ဆရာမြမှ 'ကိုစိုးညွန့်တို့ ရွှေပန်းတောရွာဆိုတာ ဖဆပလခေတ်က သမိုင်းဝင်ခဲ့တဲ့ဒေသလား'ဟု မေးသဖြင့် ကျွန်တော်မှ မဟုတ်နိုင်ကြောင်း၊ တောင်တွင်းကြီး နတ်မောက်ဘက်မှ ရွှေပန်းတောရွာ ဖြစ်မည်ထင်ကြောင်း ပြောပြမိသည်။ ဆရာမြက ထိုအချိန်ကာလများတုန်းက ကျွန်တော်တို့ဒေသအတွင်း ရွာများဆီသို့ ရောက်ရှိခဲ့ဖူးသည်ဟု သိရှိရပါသည်။

ဆရာမြ၏ စာအုပ်များကို ကျွန်တော် စာစီ၊ လက်ထောက်ဖိုမင်၊ ဖိုမင် စသည့်ဝန်ထမ်းဘဝများ ဖြတ်သန်းစဉ်က လုပ်ကိုင်ဖန်တီး ပေးခဲ့ရသည်။

ဥပမာ… ရှားလော့ဟုမ်း အတွဲများ၊ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်။ ရေပွက်သမား၊ ရွှေပြည်တော်မျှော်တိုင်းဝေး (၈တွဲ)၊ လေလွင့်သူ… စသည့် စာအုပ်ပေါင်းများစွာ။

ကျွန်တော် ၁၉၉၀- ခုနှစ်တွင် ဘဝတက္ကသိုလ်စာပုံနှိပ်တိုက်မှ ထွက်ခွာခဲ့ပြီး ပန်းဆိုးတန်းလမ်းဘေးတွင် စာအုပ်အဟောင်းအသစ်အရောင်း ဆိုင်လေးဖွင့်ပြီး နေထိုင်စဉ်ကာလများကလည်း ဆရာနှင့်တွေ့တိုင်း နွေးထွေးစွာ ဆက်ဆံမြဲ။ လမ်းဘေးစာအုပ်ဆိုင် မိတ်ဆွေများဖြစ်သော ပန်းချီဆရာကိုစိုးငွေ၊ ကိုဇော်ငြိမ်းကို၊ ကိုမြင့်ဦးတို့နှင့် ဆရာမြကို မိတ်ဆက်ပေးဖြစ်ခဲ့ပြီး ဆရာမြ၏ 'ဓားတောင်' စာအုပ်ကို ဝေဖန်ရေးဆရာ လူငယ်တစ်ဦးက မဂ္ဂဇင်းမှ ဝေဖန်ချိန်တွင်

ကျွန်တော်တို့ ဆရာမြဘက်မှ မခံမရပ်နိုင်သဖြင့် ဆရာမြကို ပြန်လည် ချေပရေးသားရန်ပင် တိုက်တွန်းမိကြသည်။ သို့သော် ဆရာမြမှ ဘာမှမတုံ့ ပြန်ပါ။ သို့သော် ကျွန်တော်တို့လူငယ်တွေ နီးစပ်ရာ မဂ္ဂဇင်းတွေကနေပြီး ပြန်ရေးချင်ရေးပေါ့ဟု ပြောပါသည်။ ကျွန်တော်တို့ မရေးဖြစ်ခဲ့ကြပါ။

စာပေနယ်မှာက ယနေ့အထိ စာမူမကြည့်၊ လူကိုကြည့်သည့်ကိစ္စကို ဆရာမြကိုယ်တိုင် သိသည့်အတွက် ကျွန်တော်တို့ကို ခွင့်လွှတ်မှာပါ။

ထိုရက်ပိုင်းများမှာပင် မျိုးမြန်မာစာပေတိုက်ပိုင်ရှင် ထုတ်ဝေသူကိုဇော်ဝင်းနိုင်မှ ဂန္ထဝင်စာအုပ်ကောင်းများ ပြန်လည်ဆန်းသစ်ထုတ်ဝေရေးကို စိတ်ဝင်စားသဖြင့် ဆရာမြ၊ ဆရာပါ၊ ဆရာတက်တိုးတို့ဆီမှ စာမူများ ဝယ်ယူရရှိလိုကြောင်း ညှိနှိုင်းတိုင်ပင်မိကြသည်။ စီစဉ်သူ ဇင်ယော် (မာန်) ဆိုသောစာတမ်းလေး စတင်အသက်ဝင်ခဲ့ခြင်း။

ထို့ကြောင့် ဆရာမြ၏ လိုက်ခဲ့တော့ မြနန္ဒာ၊ မှောင်မိုက်မှာငို၊ ကံကောင်းတို့ကို ပြန်လည်ဆန်းသစ် တင်ဆက်နိုင်ခဲ့သည်။ စာမူများကို အကြောင်းပြု၍ ဆရာမြနှင့် ကျွန်တော်ပို၍ နွေးနွေးထွေးထွေး။ ကျွန်တော်၏ ခြေတစ်လှမ်း တိုးတက်လာမှုကို လှိုက်လှိုက်လှဲလှဲ အားပေးခဲ့သည်။

ထိုအချိန်များ လွန်မြောက်၍ ၁၉၉၅- ခုနှစ်တွင် ကျွန်တော့်ဘဝ တစ်ဆစ်ချိုး၍ မြို့လယ်ကောင်၌ ဆိုင်ခန်းများ၊ တယ်လီဖုန်းများ၊ လက်အောက်ငယ်သားများနှင့် ထုတ်ဝေရေး၊ ဖြန့်ချိရေး၊ ရောင်းချရေးများတွင်ကျယ်စွာ လုပ်ကိုင်ခဲ့ချိန်၊ ကံကောင်းသောနေ့ရက်များကို ဖြတ်သန်းချိန်တွင် ဆရာမြနှင့် ဆုံတိုင်း၊ တွေ့တိုင်း လုပ်ငန်းကို သတိထား၍ ရှေ့လောမကြီးရန် သတိပေးပါသည်။ မှန်ပါသည်။ ကျွန်တော်ကသည့်ဇာတ်ကို ကျွန်တော် မထိန်းနိုင်သဖြင့် ယနေ့ဆိုလျှင် ပြိုလဲပျက်စီး

ခဲ့ရပါပြီ။ ဆရာမြမသိနိုင်တော့။ သိလျှင်လည်း စိတ်ကောင်းမည် မဟုတ်ပါ။ ထားပါတော့၊ ကျွန်တော့်ဇာတ်လမ်း။

ဆရာမြ၏ အိမ်ပေါ်မှလိမ့်ကျသော သတင်းဆိုးကို ဆရာဦးမြတ်ဆွေမှတဆင့် သိရှိရသည့်အချိန်တွင် ကျွန်တော်တို့ လုံးဝ စိတ်မကောင်း။ ဆေးရုံကို သွားတွေ့ဖို့ပြင်ဆင်။ သို့သော် အကြောင်းကြောင့် ထိုနေ့က သွားချိန်မရခဲ့သော်လည်း ကျွန်တော်တို့နှင့် နီးစပ်ရာ ပုဂ္ဂိုလ်ကြီးငယ်မရွေးကို ဆရာမြအကြောင်း သတင်းပေးဖြစ်ခဲ့သည်။ နောက်တစ်နေ့ညနေတွင် ကျွန်တော်တို့ ဇနီးမောင်နှံ ဆေးရုံကြီးသို့ သွားခဲ့ကြလေသည်။

ဆေးရုံကြီး အပေါက်ဝတွင် ကဗျာဆရာတစ်ဦးနှင့်တွေ့ပြီး ဆရာမြကို ဆရာဒဂုန်တာရာ လာတွေ့လိမ့်မည်။ သူတို့ အချိန်မရတော့၍ ပြန်တော့မည်။ ဆရာဒဂုန်တာရာ အပြန်တွင် သွားရေးလာရေး အခက်အခဲရှိပါက ကျွန်တော်တို့မှ ကူညီလိုက်ပါရန် ပြောသည်။ ကျွန်တော်တို့ ကဗျာဆရာတစ်ဦးကို ကတိပေးလိုက်ပါသည်။ အံ့ဩစရာပင်။ ကျွန်တော်တို့ ဆရာမြအနီးရောက်ချိန် အပြင်လမ်းတွင် ဆရာဒဂုန်တာရာ ရှိနေပါသည်။ ဆရာဒဂုန်တာရာသည် တူမဖြစ်သူ ဆရာမမြစန္ဒီနှင့် အတူလာခြင်း ဖြစ်ပြီး ကဗျာဆရာတစ်ဦးကို ဆရာမမှ ရှာနေသည်။ ကျွန်တော်က ကဗျာဆရာတစ်ဦးတို့ ပြန်သွားပြီဖြစ်ကြောင်း၊ ကျွန်တော်တို့မှ ဆရာတို့ကို လိုက်ပို့မည်ဖြစ်ကြောင်း ပြောပြရသည်။

ကျွန်တော်တို့ ဇနီးမောင်နှံ ဆရာမြ ဆေးကုသနေသောအခန်းကို ဝင်ရောက်ကြည့်ရှုကြသည်။ ဆရာမြအနီးတွင် ဆရာမအိုင်းရင်းတင်လှနှင့် ဆရာမြသမီးတို့ကို တွေ့ရသည်။ ဆရာမြ၏ ဆေးကုသခံယူနေပုံကို ကျွန်တော့်မျက်စိထဲတွင် ယနေ့အထိ မထွက်သေး။ ရှုပ်ယှက်ခတ်နေသော ကြိုးများ၊ ပိုက်များ၊ စက်များ၊ ဆေးပုလင်းများ…။

ကျွန်တော်တို့ အခန်းအပြင်သို့ ပြန်ထွက်ခဲ့ကြသည်။ အပြင်စင်္ကြံလမ်းတွင် ဆရာချစ်ဦးညိုတို့ ဇနီးမောင်နှံ၊ ဆရာဒဂုန်တာရာ၊ ဆရာမသင်းမြစန္ဒီနှင့် အခြားစာရေးဆရာမများစွာကို တွေ့ရသည်။ ကျွန်တော် မမှတ်မိတော့ပါ။

ဆရာမြ ကျန်းမာရေးကို အကြောင်းပြု၍ ဆရာဒဂုန်တာရာနှင့် ကျွန်တော်တို့ ကားတစ်စီးထဲ ခရီးအတူ အချိန်တိုသွားဖြစ်ခဲ့ရသည်။ ရန်ကုန်ဆေးရုံကြီးမှ ဆရာနေထိုင်ရာ တောင်ဥက္ကလာ မြင်သာသို့။ ကားပေါ်တွင် ဆရာမသင်းမြစန္ဒီမှ ကျွန်တော်တို့ ဇနီးမောင်နှံနှင့် ဆရာ့ကို မိတ်ဆက်ပေးပါသည်။ သခင်အောင်ဖေ၏ သမီးနှင့် သားမက်ဟု သိသွားသည့်အတွက် ဝမ်းသာကြောင်းပြောပြီး နွေးနွေးထွေးထွေး စကားပြောဖြစ်ကြပါသည်။

ကျွန်တော်တို့ မိုးဂျာနယ် ပြန်လည်ထုတ်ဝေနေပြီ ဖြစ်သည့်အတွက် ဆရာ့ထံမှ စာမူရယူလိုကြောင်း ပြောပါသည်။ ဆရာက အချိန်ရလျှင် ရေးပေးပါမည်ဟု ကတိပေးပါသည်။ (နောက်ကာလတွင် ကျွန်တော့်ထံ စာမူ ပို့ပေးသည်ဟု သိရပါသည်။ သို့သော် ထိုစာမူ ကျွန်တော် မရရှိခဲ့ပါ။ ကြားမှ ပုဂ္ဂိုလ်တစ်ဦး အကျိုးဆောင်သဖြင့် တစ်ခြားမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြခဲ့သည်ဟု သိရပါသည်။) ဆရာမြကျန်းမာရေးနှင့် ဆရာမြ၏ စာများအကြောင်း ပြောဖြစ်ခဲ့ကြသည်။ ဆရာကြီးကိုယ်တိုင် ကျန်းမာရေးမကောင်းသဖြင့် ဆရာမြကို ပို၍ စာနာမိပေမည်။

နောက်တစ်နေ့မနက်ရောက်လျှင် ဆရာမြ ကွယ်လွန်ကြောင်း သတင်းဆိုးကို ကျွန်တော်တို့အားလုံး သိရှိခဲ့ရသည်။ ကျွန်တော်တို့ စမ်းချောင်းအိမ်သို့သွား၍ ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးကြသည်။ ဆရာမြ၏ ဈာပနနောက်ဆုံးခရီးတွင် ဆရာလူအောင်၊ ဆရာ ကိုစိုးသန်းလင်းနှင့် ကျွန်တော်တို့ ကားတစ်စီး စီစဉ်ကာ လိုက်ပါပို့ဆောင်ခဲ့ကြသည်။

စာပေနယ်၏ နောက်ဆုံးခရီးတွင် ဆရာမြ၏ ဇာတ်ပနသည် အစည်ကားဆုံးသော ဇာတ်ပနများအနက် တစ်ခုပင်ဖြစ်ပါသည်။ စာပေနယ်မှ ပုဂ္ဂိုလ်ကြီးငယ်မရွေးနှင့် အလွှာအသီးသီးမှ လိုက်ပါပို့ဆောင်ကြသူ အထူးပင် များပြားလှသဖြင့် မြေပြိုခမန်း။

ဆရာမြကို ကျွန်တော်တို့ရင်ထဲ၊ နှလုံးသားထဲမှာ ဘယ်တော့မှ မေ့မရနိုင်တော့မည်မဟုတ်၊ ကျွန်တော်တို့၏ စာပေနယ်တွင် ကျွန်တော်တို့ လက်လှမ်းမီသလောက်၊ ဉာဏ်မီသမျှ တွေးခေါ်၍၊ ဆုံးဖြတ်၍ ပြောရလျှင် ဆရာမြနှင့် ဆရာပါတို့သည် နေ (သို့မဟုတ်) လ များပင်ဖြစ်သည်ဟု သတ်မှတ်မိပါသည်။ မှားသည် မှန်သည် ပြိုင်မငြင်းလိုပါ။ ငြိမ်းချမ်းရေးကို ယူဆောင်ခဲ့၍ ငြိမ်းချမ်းသောကမ္ဘာကို ရောက်ရှိသွားသူ ဆရာမြသာ ကျွန်တော်တို့ကို မှတ်မှတ်ရရ၊ နွေးနွေးထွေးထွေး၊ လှိုက်လှိုက်လှဲလှဲ အသိအမှတ်ပြုသွားရင် ဤကမ္ဘာမြေမှာ ကျန်ရစ်ခဲ့ရကျိုးနပ်ပြီဟု ဆိုပါရစေတော့။

ဧပြီ - ၂၀၀၃- ခုနှစ်။

❐

# လောကစံမုန်တိုင်းထဲကလူ
# သို့မဟုတ်
# ဆရာမောင်ထွန်းသူ

လူသမိုင်းတွင် မွေးဖွားသန္ဓေစင်ခဲ့ကြသော လူသားတိုင်း လောကစံမုန်တိုင်းနှင့် ကြုံတွေ့ကြရသည်မှာ မဆန်း။ ဆန်းသည်က မိမိမြတ်နိုးရာ၊ စွဲလမ်းရာ၊ ဝါသနာပါရာကို ထွန်းတောက်အောင်မြင်အောင် လုပ်နိုင်ခြင်း၊ ရပ်တည်နိုင်ခြင်းက ဆန်း၏။ ထို့အတူ ကိုယ့်ကျင့်သီလ ကောင်းမွန်စွာဖြင့် အများက အသိအမှတ်ပြု တန်ဖိုးထားသည့် ပုဂ္ဂိုလ်ကြီးငယ်ကား ရှာမှရှား၊ ရှားပါးသည့်အတွက် တန်ဖိုးထား မြတ်နိုးကြရသည်မှာ ဓမ္မတာ။ ထိုပုဂ္ဂိုလ်များထဲတွင် ထည့်သွင်းရမည့်သူမှာ ဆရာ မောင်ထွန်းသူ။

လူ့လောကကြီး၏ ကောင်းမှုနှင့် မကောင်းမှု၊ ဒုစရိုက်နှင့် သုစရိုက်၊ ချစ်ခြင်းနှင့် မုန်းခြင်း၊ ပျော်ရွှင်စရာနှင့် ငိုစရာ စသည့် မတူညီသော အချိန်ကာလများ၊ နေရာများ၊ ဒေသများတွင် ဤတန်ဖိုးများကိုသိအောင် ကာလကြာရှည်စွာ၊ နှစ်ပေါင်းများစွာ၊ အတိုက်အခံပေါင်းများစွာနှင့် တည်ဆောက်ပြုပြင်ကြရသည်မှာ ထုံးစံတစ်ခုပင် မဟုတ်ပါလား။

ခေါင်းနှင့်ပန်းကဲ့သို့ နံရံပါးပါးလေး၊ အမြင်ပါးပါးလေး၊ အသိပါးပါးလေးဆိုသော်လည်း မသိ၊ မမြင်၊ မကြား၊ မဖြစ် တစ်ခါတစ်ရံ

နှစ်ပေါင်းများစွာ ကျော်ဖြတ်ကြရသည်။ ရုန်းကန်ကြရသည်။ တွန်းလှန်တိုက်ခိုက်ကြရသည်။ အဆုံးစွန်သော ခံနိုင်ရည်၊ နှလုံးရည်၊ လက်ရုံးရည်၊ သွေး၊ ချွေး၊ မျက်ရည်များ ပေးဆပ်ကြရသည်။ အသက်အိုးအိမ်စည်းစိမ်များ စွန့်လွှတ်၊ စွန့်စား ပေးဆပ်ကြရသည်။ ရာထူး၊ အာဏာ၊ ငွေ၊ ကိုယ်ကျင့်တရားတို့ခဏခဏ အားပြိုင်ကျော်ဖြတ်ရသည့် ခရီးရှည်ချီတက်ပွဲ။ သည်ပွဲတွေပေါင်းများစွာတွင် ဆရာနှင့် ကျွန်တော်တို့ ပုထုဇဉ်လူသားများပီပီ ကြုံတွေ့ရင်ဆိုင်ကြရင်း ကျော်ဖြတ်ခဲ့ကြရသည်။ နောက်ဆုံးတွင် ဆရာကတော့ ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိသွားခဲ့ပါပြီ။ ဆရာလွတ်မြောက်သွားခဲ့ပါပြီ။ မိတ်ဆွေ၊ တပည့်၊ ရဲဘော်တစ်ယောက်အနေနှင့် ကျွန်တော်တို့ ဂုဏ်ယူဝမ်းမြောက်ပါတယ် ဆရာ။

စာပေအနုပညာနယ် ဆိုသည်ကလည်း ကျန်သောစီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး နယ်ပယ်များလိုပင် ချစ်ဟန်ဆောင်၍ မုန်းသူ၊ ရက်စက်သူ၊ နားလည်မှုရှိသူ၊ လက်တွဲခေါ်သူ၊ နောက်ကျောဓားနှင့်ထိုးသူ၊ လှမ်းနေသော၊ မြဲနေသောခြေလှမ်း ဖနောင့် လှမ်းနင်းသူ၊ နိမ့်ကျမည်ထင်လျှင် နှိမ့်ချဆက်ဆံသူ၊ ပညာတတ်ဖြစ်လျှင် ပညာနည်းသူကို စော်ကားသူ၊ ကိုယ့်ထက်သာမည်ထင်လျှင် မနာလိုသောသူ… သူပေါင်းများစွာနှင့်ပင် ဖြစ်သဖြင့် ဆရာ့ဘဝကို နံဘေးမှမြင်ရသူ ကျွန်တော်တို့ပင်လျှင် ရင်မောလျက်၊ နှမြောလျက်၊ ဝမ်းသာလျက်… လျက်ပေါင်းများစွာ ခံစားရသည်။

ဆရာနှင့် ကျွန်တော်တို့ ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာ နှစ်ပေါင်း(၂၀)ကျော်။ ကျွန်တော်တို့ ဘဝတက္ကသိုလ်စာပေတိုက်မှာ ခဲစာလုံးစာစီ ဝန်ထမ်းဘဝကတည်းက ဆရာ့ကို မိသားစုအလိုက် ရင်းနှီးကျွမ်းဝင်ခဲ့ရသည်။ ဆုံတွေ့ခဲ့ရသည်။ ထိုအချိန်တွင် ဆရာနှင့် ကျွန်တော်တို့ဘဝကား မိုးနှင့်မြေ၊ အသက်က အဖေနှင့် သား။ ပညာအရည်အချင်းကလည်း ကျွန်တော်တို့က မရှိ။ သို့သော် ဆရာက အဆင့်

အတန်း မခွဲခြား။ နွေးထွေးစွာ ဆက်ဆံသည်။ ရင်းရင်းနှီးနှီး ပေါင်းသည်။ ဒါပေမယ့် ထိုအချိန်တွင် ဆရာ့ဘဝကား လူ့ဘဝကို ဖြတ်သန်းရပုံခြင်း၊ ဆင်းရဲပုံခြင်း၊ ဒုက္ခရောက်ပုံခြင်း၊ နိစ္စဓူဝ စားဝတ်နေရေးကို ခက်ခဲစွာ ရင်ဆိုင်ဖြေရှင်းနေရပုံများတွင် ကျွန်တော်တို့နှင့် သွားတူနေလေသလား မသိ။ အမြဲတမ်း လိုအပ်ချက်တွေ၊ ခေါင်းစဉ်တွေ၊ အကြောင်းအရာတွေကလည်း မနည်းလှ၊ သို့သော် ထူးခြားသည်က ထိုအချိန်တွေမှာကတည်းက ဆရာသည် အမျိုးသားစာပေဆုရ စာရေးဆရာ ဖြစ်နေပါပြီ။ ဝန်ထမ်း ပေါင်းစုံဘဝက၊ အရာရှိဘဝတွေက နုတ်ထွက်ပြီး ဆင်းရဲပင်ပန်းခံကာ စာရေးဆရာစစ်စစ် ဖြစ်နေချိန်ကာလများ။

စာရေးဆရာကြီးငယ်တို့၏ အုပ်စုဖွဲ့ အနိုင်ကျင့်ခံနေရသော နေ့ရက်များ၊ စာအုပ်ထုတ်ဝေသူတို့၏ ပညာပြမှုကို ရင်ဆိုင်နေရသော နေ့ရက်များ၊ ကတိမတည်သော မိတ်ဆွေသူငယ်ချင်းများ၏ ရက်စက်မှုများ၊ သားသမီးများသော ဖခင်ဖြစ်သဖြင့် သားရေး၊ သမီးရေး အမြဲတမ်း ရင်လေးစွာဖြင့် ဖြတ်သန်းနေရသော နေ့ရက်များ၊ လုပ်ငန်းနှင့် ငွေပြတ်လပ်နေသော နေ့ရက်များ၊ အိမ်ရောင်း၊ အိမ်ပြောင်း ခဏခဏ ဖြစ်ပေါ်နေသောနေ့ရက်များ၊ သားကွယ်လွန်၊ သမီး အိမ်ထောင်ပြုစသည်… စသည်… မိဘတိုင်း ကြုံတွေ့ရမည်ဖြစ်သော ကိစ္စများနှင့် နေ့ရက်များတွင် ကျွန်တော်တို့ ဆရာ့အနီးအနားမှာ မနီးမဝေးမှာ ကျွန်တော်တို့ ကူညီနိုင်သည်ဖြစ်စေ၊ မကူညီနိုင်သည်ဖြစ်စေ၊ ဆရာက သူ့ဆီ လာစေချင်သည်။ စကားပြောချင်သည်။ မှာကြားချင်သည်။ မြင်တွေ့ချင်သည်။ သို့သော် ကျွန်တော်တို့မှာလည်း ကိုယ့်ဒုက္ခနှင့်ကိုယ် ဖြစ်သဖြင့် စာမူ၊ စာအုပ်၊ ဝယ်/ရောင်း ရှာဖွေပေး ကိစ္စမှလွဲ၍ မရောက်တတ်။

ဆရာ့ဆီရောက်လျှင် လက်ရှိမြန်မာပြည်၏ နိုင်ငံရေး၊ စာပေရေးရာ၊ ဈေးကွက်စီးပွားရေး၊ နိုင်ငံတကာ အမြင် အသိ၊ အကြားမျိုးစုံကို မမောနိုင်မပန်းနိုင် ပြောကြားဖြစ်ကြ၊ ရယ်မောဖြစ်ကြ၊ ဒေါသဖြစ်ကြ … ကြ ပေါင်းများစွာ။

ဆရာ့၏ ထူးခြားချက်မှာ စာပေအပေါင်းအသင်း နည်းလွန်းသည်။ မိတ်ဆွေလည်းမရှိသလောက်၊ အမျိုးအဆွေတွေကလည်းနည်း။ သူ့မိသားစုသာလျှင် သူ့ဘဝ၊ သူ့အဖော်၊ သူ့အသက်လားဟု ထင်ရသည်။ အချိန်ရှိသရွေ့ စာရေး၊ စာဖတ်သာ လုပ်ခဲ့သည် ထင်ရသည်။

ထို့ကြောင့်ပင်လျှင်လည်း ကျွန်တော်တို့တစ်တွေ ရဲတိုက်၊ ကင်မလီ၊ ဆဋ္ဌမသုခရိပ်မြိုင်၊ တက်စ်၊ အကျဉ်းစံ၊ သံမဏိကြက်ခြေ၊ မြိုင်ခေမာ၊ ဆိုင်းလက်စ်မာနာ၊ ဒေါသမာန်၊ ရှန်ဂရီလာ၊ အနီနှင့်အနက်၊ တို့ပိုင်တဲ့မြေ၊ တို့ဘဝတို့ကမ္ဘာ၊ စိမ်းရက်လေအား၊ ဇာစ်မြစ်၊ နှစ်လောက၊ သစ္စာရှင်၊ ဆိုင်ဂုံ၊ နောက်ဆုံးမြေ၊ ရမ္မက်မီး၊ မျှော်တလင့်လင့်၊ ဝံပုလွေများနှင့် ကခုန်ခြင်း၊ ဗင်းဆင့်ဗန်ဂိုး၊ ရိဒင်၊ ပညာရေးသုခမိန် … စသည့် ဘာသာပြန်စာအုပ်များ၊ အခန်းဆက် ဝတ္ထုရှည်ကြီးများကို တဝကြီး ဖတ်ရှုကြရသည်။ အားကျကြရသည်။ မြတ်နိုးတွယ်တာကြရပေသည်ဟု ဖြေသိမ့်ရပေသည်။

ဆရာ့ဘဝသည် ကျွန်တော်တို့ မျက်မှောက်မှာပင် စာရေးသက်အနည်းဆုံးဟုဆိုရသော်လည်း စာအုပ်စာပေဒ္ဓမ္မ အများဆုံးရေးသွားပါပေသည်ဟု စာပေမြတ်နိုးသူတိုင်းက ချီးကျူးဩချရသော ဆရာမြသန်းတင့်ပြီးလျှင် ဆရာမောင်ထွန်းသူကို မဖြစ်မနေ အသိ အမှတ်ပြုကြရတော့သည်။

ဆရာ ဟောပြောပွဲ မလိုက်ဘူးလား။ ဆရာခရီးတွေ မထွက်ဖြစ်ဘူးလား။ ဆရာ ဘယ်ကိုမှ ဟုတ်တိပတ်တိ မသွားဘူးဗျဟု ပြောစရာ၊ မှတ်စရာဖြစ်လောက်အောင် နေထိုင်သွားသည့် ဆရာပါတကား။

ဆရာနေထိုင်ရာ အိမ်တွေ တစ်အိမ်ပြီးတစ်အိမ် ပြောင်းရသည်။ ကျွန်တော်တို့တော်တော်များများ ရောက်ဖူးသည်။ ယခု နောက်ဆုံးအိမ်ကျမှ ဖြုန်းဆို ကွယ်လွန်သွားပြီတဲ့။ သတင်းစာမှ ဆရာ့နာရေးကို ဖတ်မိပြီး မယုံကြည်နိုင်။ အံ့ဩတကြီး၊ ဝမ်းနည်းမဆုံး၊ နှမြောမဆုံး ဖြစ်ရသည်။

ဆရာဈာပနနေ့က ကျွန်တော်တို့ ရောက်အောင်သွားဖြစ်ခဲ့သည်။ ဆရာ့ဈာပနနေ့မှာ လူတွေပြည့်ကျပ်နေသည်။ အသိအမှတ်ပြုမှုတွေ၏ သင်္ကေတပြယုဂ်။

ဆရာသည် လောကဓံမုန်တိုင်းထဲမှာ အနိုင်ပိုင်းပြီး ကျော်ဖြတ်သွားခဲ့ပါပြီ။ ထို့ကြောင့် ကျွန်တော်တို့အတွက် သင်ခန်းစာတစ်ခု ရလိုက်သည်။

မဆုတ်မနစ်သောအားမာန်နှင့် ရင်ဆိုင်လျှင် နောက်ဆုံးတွင် ပန်းတိုင်ရောက်သည်ဟု။

ဆရာက ကျန်းမာရေးကို ဂရုစိုက်သည်။ စာကို အချိန်နှင့် ရေးသည်။ အစားအသောက်ကို သတိထား စားသောက်သည်။ အနည်းငယ် ညည်းညူတတ်သည်။ သို့သော် ရင်ဆိုင်သွားခဲ့သည်။ သူ့ကို နှိပ်စက်၊ စော်ကား၊ နှောင့်ယှက်ထားလျှင် ဘယ်တော့မှမမေ့။ ထပ်ခါတလဲလဲ သတိတရ ပြောတတ်သည်။

သူ ဘာသာပြန်ခဲ့သောစာအုပ်များထဲက ဇာတ်ကောင်များထဲမှ သဘာဝကျသော ကိုယ်ကျင့်တရားများ၊ ခံနိုင်ရည်ရှိမှုများ၊ တီထွင်ဖန်တီးမှုများ၊ စိတ်ရှည်ရှည်ထား ရင်ဆိုင်ပုံများကို အတုယူသလားပင် မသိပါ။ ဒါမှမဟုတ် ဗုဒ္ဓဘာသာဝင်ပီပီ လောကဓံတရား (၈) ပါးကို ကျေညက်နေသူမို့လားမသိ။ ခံနိုင်ရည်ရှိသည်က အမှန်ပင်။ ဖွဲလုံ့လ ရှိသည်ကတော့ အမှန်။

တစ်ခါကတော့…

'မောင်စိုးညွန့်ရေ၊ ကိုယ့်ကို ကိုယ်တို့ စာပေနယ်က အသိအမှတ်ပြုကြတယ် မဟုတ်လား၊ ကိုယ့်စာတွေ ကောင်းရော ကောင်းရဲ့လား၊ ကိုယ်ကတော့ ကောင်းမယ်ထင်တာလေးတွေ ဆက်လုပ်နေမှာပါ၊ မင်းတို့ရဲ့အမြင်လေးတွေ၊ အကြားလေးတွေလည်း ပြောပါဦး' ဟူ၍။ ဆရာ့စကားသံတွေကို ကြားယောင်ကြည့်ပါ။ ရဲရဲဝံ့ဝံ့ရင်ဆိုင်ခြင်းမဟုတ်ဘဲ နူးနူးညံ့ညံ့၊ သိမ်သိမ်မွေ့မွေ့ရင်ဆိုင်ခြင်း၊ ဆရာအားငယ်တတ်ပုံ

ရသည်ဟု မှတ်ချက်ချမိသည်က အကြိမ်ကြိမ်၊ အားမလို အားမရ ဖြစ်ရသည်က ခဏခဏ။

ပညာတတ် လူကြီးလူကောင်းတစ်ယောက်၏ အပြုအမူ အနေအထိုင်နှင့် ဆက်ဆံခဲ့ပုံများကို သတိရနေမိသည်။ ပညာမာနမရှိ။ မသိခြင်းကို မတတ်ခြင်းကို၊ ငယ်ရွယ်ခြင်းကို ပမာမခန့်မပြော၊ မလုပ်၊ မစော်ကား။ ဒါပေမယ့် မှတ်တော့ထားဟန်တူသည်။ မှတ်မိသည်။ ကျွန်တော်တို့အတွက်ကတော့ အားလုံးကောင်းပါသည် ခင်ဗျား။

ဆရာ့ ရဲတိုက်စာအုပ်ကို ဘဝမှာ ဒုက္ခရောက်တိုင်း ပြန်ဖတ်သည်။ သံမဏိကြက်ခြေကို ဒုတိယကမ္ဘာစစ်သမိုင်း (စစ်ဆုတ်) မှတ်တမ်းအဖြစ် ပြန်ဖတ်သည်။ ပညာရေးသုခမိန် (ယခင်-စိတ်ထားဝတီ)ကို အတုယူကြည်ညိုအားကျလွန်းသဖြင့် ဖတ်သည်။ အချစ်အကြောင်းကို ထိထိခိုက်ခိုက်ခံစားချင်လျှင် ကင်မီလီကို ဖတ်သည်။ အနစ်နာခံခြင်း၊ နှလုံးဝမ်းကြီးချင်သော ကိစ္စမျိုး ခံစားချင်လျှင် ဆဋ္ဌမသုခရိပ်မြိုင်၊ နှစ်လောက၊ သစ္စာရှင်တို့ကို ဖတ်သည်…ဖတ်သည်။

စာအုပ်မျိုးစုံ၊ စာမျိုးစုံ၊ ရသမျိုးစုံ… စုံနိုင်လွန်းသည့်စာများ၊ ရေးသားသူ၊ ဘာသာပြန်သူ ဆရာ့ကို အကြိမ်ကြိမ် ဦးညွှတ်မိပါသည်။ ဆရာခင်ဗျား…

လူ့ဘဝဆိုတဲ့ တိုတောင်းတဲ့ကာလမှာ ဆရာနှင့် ကျွန်တော်တို့ ဆုံခိုက် သိခိုက်မှာ ကျွန်တော်တို့ဘက်က မိုက်မဲမှားယွင်းခဲ့တာများ ရှိခဲ့လျှင် ခွင့်လွှတ်ပါလို့ တောင်းပန်ရင်း…။

---------

၁၉-၃-၂၀၀၇ ရက်နေ့တွင် ကွယ်လွန်သွားခဲ့ရှာသည့် ဆရာမောင်ထွန်းသူ ကွယ်လွန်ခြင်း (၁)နှစ်ပြည့် အမှတ်တရအဖြစ် အမှတ် (၂၂)၊ စက်တင်ဘာလ၊ ၂၀၀၇၊ ရယ်စရာ မဂ္ဂဇင်းမှ ဆရာဇင်ယော် (မာန်)၏ စာမူကိုပြန်လည်ဖော်ပြပါသည်။

(မြို့တော် မဂ္ဂဇင်း၊ အမှတ်၉၇-မတ်လ၊ ၂၀၀၈)

□

## အိန္ဒိယ–မြန်မာ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ ပေါင်းကူးပေးသူ ဆရာကြီးပါရဂူ




ဧပြီလ ၁၀ ရက်နေ့ ၂၀၁၁။

ထိုနေ့က ကျွန်တော်တို့ စိတ်တူကိုယ်တူ သဘောခြင်း ကိုက်ညီကြသဖြင့် သင်္ကြန်တွင်းကာလ သန်လျင်မြို့၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ထားမလုံရွာရှိ အောင်ဗောဓိမွေရိပ်သာ ကျောင်းတိုက်တွင် ဒုလ္လဘ ရဟန်းခံပွဲ ကျင်းပနေချိန်အတွင်း။

ဧပြီ ၉ ရက်နေ့က ဆရာကြီးပါရဂူ ဆုံးသွားပြီဆိုသော သတင်းကို ကြားလိုက်ရခြင်း။

ကျွန်တော်တို့အဖွဲ့တွင် ဆရာမောင်ညိုအေး (ပန်းတော)၊ ဆရာမြတ်သူစံ (ဝါးခယ်မ)နှင့် သာကေတ စုပြည့်စာပေမှ ကိုဝင်းနိုင်တို့ ပါဝင်ခဲ့ပြီး ထိုသတင်းကို ဆရာမောင်ညိုအေး (ပန်းတော) မှ သယ်ဆောင်လာခဲ့ခြင်းပင်ဖြစ်သည်။

ကျွန်တော်တို့ စိတ်မကောင်းခြင်းကြီးစွာဖြင့် ရဟန်းဖြစ်ခဲ့ရသည်။ ရဟန်းဘဝနှင့် ဆရာကြီးပါရဂူ ရှာပနသို့ သွား၍ မဖြစ်နိုင်။ အများအမြင်တွင်လည်း မိမိတို့သည် တင့်တယ်မှုရှိမည်မဟုတ် ဟူသော အတွေးစ များနှင့်။

ထိုသတင်းကို ကြားလျှင်ကြားခြင်း ဆရာမောင်ခေတ်ထွန်း၊ ဆရာကိုရဲထက်၊ ဆရာနွမ်ဂျာသိုင်း၊ ဆရာမောင်လှမျိုး (ချင်းချောင်းခြံ) တို့ကို ဖုန်းဖြင့် ဆက်သွယ်ခဲ့သည်။ မေးမြန်းစုံစမ်းမိကြသည်။ ကျွန်တော်တို့ မလာရောက်နိုင်ကြောင်း သတင်းပေး၍ နှုတ်ဆက်မိခဲ့ကြသည်။

ထိုအချိန်များမှာပင် တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့ ယခင်နေထိုင်ခဲ့သော ယုဇနဥယျာဉ်မြို့တော်၊ မြန်မာကန္တီကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး ပျံလွန်တော်မူခဲ့သည်။ ဆရာကြီးပါရဂူ၏ မိတ်ဆွေကြီး၊ ဆရာကြီးထက် ဆရာတော်ကြီးမှာ ၁ နှစ် ကြီးသည်ဟု သိရှိခဲ့ကြရပြီး လွန်ခဲ့သော ၇ နှစ်ခန့်က ဆရာကြီးပါရဂူ၊ ဆရာဦးမြင့်ကြိုင် (အမျိုးသားစာကြည့်တိုက်) တို့ကို မိမိတို့အဖွဲ့မှ ဆုံတွေ့ပေးခဲ့ခြင်းကို အမှတ်တရ ပြောဖြစ်ခဲ့ကြသည်။ မှတ်မှတ်ရရ နေ့ရက်များ၊ (ဆရာတော်ကြီးသည် သီရိလင်္ကာ နိုင်ငံ (သီဟိုဠ်)၊ ကန္တီမြို့တွင် နှစ်ပေါင်း ၅၀ ကျော် သာသနာပြုခဲ့သော ပုဂ္ဂိုလ်ကြီး။

ဆရာကြီး ကွယ်လွန်ခဲ့ချိန်တွင် မိမိတို့အဖွဲ့ ဆရာကြီး ငယ်စဉ်ဘဝ နေထိုင်ခဲ့ရာဒေသတွင် ရောက်ရှိနေခဲ့ခြင်းကို လည်းကောင်း၊ မြန်မာစာပေနယ်၏ သက်ရှိခေါင်းဆောင်တစ်ဦး ပျက်စီးကြွေလွင့်ရခြင်းကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ၏ ဘာသာရေး၊ ဓမ္မစာပေ၊ ယဉ်ကျေးမှု၊ အနုပညာပေါင်းကူး တံတားကြီးလို ပုဂ္ဂိုလ်



ဆရာကြီးပါရဂူနှင့် ဆရာမောင်သွေးသစ်။

ကြီးတစ်ဦး ပျက်စီးသွားခြင်း ကိုလည်းကောင်း၊ အရှေ့တောင်အာရှ၏ အဓိက စာပေကြွယ်ပွင့်ကြီးဟု သတ်မှတ်ခဲ့ကြရသည်ကို လည်းကောင်း၊ ဟိန္ဒီ၊ သက္ကတ၊ ပါဠိ၊ အင်္ဂလိပ်၊ မြန်မာစာပေများ၊ တတ်ကျွမ်းခဲ့သူများ၏ နောက်ဆုံးသက်ရှိ ပုဂ္ဂိုလ်ကြီးတစ်ဦးဟု သတ်မှတ်ခဲ့ကြကြောင်းကိုလည်းကောင်း စကားထိုထို ပြောဆိုမိခဲ့ကြသည်။

မေ့ပျောက်၍ မရနိုင်သော ပုဂ္ဂိုလ်ကြီး။

မေ့ပျောက်၍ မရနိုင် သော နေ့ရက်များ။

ဆရာကြီးပါရဂူနှင့် ကျွန်တော်တို့ ရင်းနှီးကျွမ်းဝင်ခဲ့ ကြသည်မှာ ၁၉၈၄-၈၅ ခုနှစ်များကတည်းကပင်။

ကျွန်တော်တို့ ၃၇ လမ်း၊ ဘဝတက္ကသိုလ် စာပုံနှိပ်တိုက် တွင် စာစီ၊ ဖိုမင်အလုပ်သမားအဖြစ် ရောက်ရှိနေချိန်များ၌ ဖြစ်သည်။ ထိုအချိန်က ဆရာကြီးစာအုပ်များကို ထိုစာပေတိုက်မှ ရိုက်နှိပ် ထုတ်ဝေဖြန့်ချိခဲ့ဖူးသည်။ ထို့ကြောင့် ကျွန်တော်တို့နှင့် ဆုံဆည်းခဲ့ရသော နေ့ရက်များ။

ဆရာကြီးတို့က ဆရာကြီးမြသန်းတင့်၊ ဆရာကြီးကျော်အောင်၊ ဆရာကြီးမောင်နေဝင်း၊ ဆရာကြီးမင်းကျော်၊ ဆရာကြီးနတ်နွယ်တို့နှင့် ပူးတွဲလျက်သော်လည်းကောင်း၊ ကြိုရောက်လျက်သော်လည်းကောင်း အင်္ဂါ၊ သောကြာအပတ်စဉ် ရောက်ရှိခဲ့သည့် ကာလများ။

ဆရာကြီးတို့အဖွဲ့သည် ထိုစဉ်ကာလက အရွယ်တူ သူငယ်ချင်းများဖြစ်ကြသောကြောင့် နောက်နောက်ပြောင်ပြောင် ဟာသနှောလျက် ကြည်နူးနေကြပုံများကို အခုအချိန်ထိ ကျွန်တော်တို့ မျက်လုံးထဲမှ မထွက်။ ထိုပုဂ္ဂိုလ်ကြီးများနှင့်အတူ စာမော်ကွန်းအယ်ဒီတာချုပ်ကြီး၊ ဆရာကြီးစိန်ခင်မောင်ရီ၊ ဆရာကြီးဦးဆန်းလွင်၊ ဆရာကြီးဆင်ဖြူကျွန်း အောင်သိန်းတို့နှင့် ကြုံဆုံနေကျ၊ ငြင်းခုံနေကျ၊ ရယ်မောနေကြသည်များကို ကျွန်တော်တို့ တသသ တမ်းတမိစမြဲ။

ထိုအချိန်များမှာပင် ဆရာက ရိုးရိုးအေးအေးကြီး၊ လေးလေးပင်ပင်ကြီးနှင့် ဘုန်းကြီးလူထွက်ပီသသည်။ ဘုန်းကြီးပုံပေါက်သည်ဟု ပြောစမှတ်ပြုကြရသည်။ ထို့ပြင် ဆရာက လူပျိုကြီးမို့ ကျန်သော မိတ်ဆွေများ၏ ရိသဲ့သဲ့နောက်ပြောင်နေမှုကို အခံရဆုံး။

ကျွန်တော်တို့ ဆရာ့ကို မရင်းနှီးခင်ကတည်းက ဆရာကြီးစာများကို ဖတ်လျက် ချစ်ခင်ကြည်ညိုမိခဲ့သည်။ **ဥပမာ** သိဒ္ဓတ္ထ၊ ဂေါရီ၊ စိတ္တရလေခါ၊ နိဗ္ဗာန်၊ ဝေသာလီ၊ မင်းနှင့်ပြည်သူ၊ အမေ့ခံခရီးသည်၊ မဟာခရီးသည်၊ ပန်းပုဆရာ၊ ချစ်သမီးသို့ပေးစာ၊ ဗုဒ္ဓစကား၊ ဓမ္မစကား၊ ဗုဒ္ဓဒိုင်ယာရီ၊ သားတော်ရာဟုလာ၊ အမ္ဗပါလီ စသည်·· စသည့် စာအုပ်များကြောင့်။

ဆရာနှင့် ကျွန်တော်တို့ တွေ့ဆုံရင်းနှီးခဲ့ရသော ထိုအချိန်များတွင် ဆရာသည် အောင်မြင်ကျော်ကြားနေခဲ့ပြီ ဖြစ်သောကြောင့် ဆရာကြီး၏ စာဖတ်ပရိသတ်သည် ထုနှင့်ထည်နှင့် ရှိနေပေပြီ။ ဆရာတော်များ၊ လူကြီးလူငယ်ပရိသတ်များ၊ နိုင်ငံတကာစာပေ အသိုင်းအဝိုင်းများကြား တွင် ဖိတ်ကြားစာများ တဖွဲဖွဲ ရောက်ရှိနေသော ကာလကြီး။ စာပေ

ဟောပြောပွဲများ၊ ဓမ္မစာပေဆွေးနွေးပွဲများ၊ ဧည့်ခံပွဲများ ဆရာကြီးတို့မှာ အဆက်မပြတ်။

ထိုဆရာကြီးများနှင့် ကျွန်တော်တို့ ၃၇ လမ်း ခရားကြီး လက်ဖက်ရည်ဆိုင်တွင် အကြိမ်ပေါင်းများစွာ ထိုင်ဖြစ်ခဲ့ကြသည်။ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စာပေအနုပညာနှင့် အကြောင်းအရာပေါင်းများစွာကို မေးမြန်းလျက်၊ ကြားနာလျက်··· လျက်ပေါင်းများစွာ။

ထိုနှစ်များတွင် ဘဝတက္ကသိုလ်စာပေတိုက်မှ ဆရာကြီး၏ ပဥ္စတန္တရ၊ ဝေတာလ၊ ဖော်မဲ့ဟသာ၊ ပုဂံခရီးသည် စသည် စသည့် စာအုပ်များ ထုတ်ဝေခဲ့သလို နွယ်နီမဂ္ဂဇင်း၊ စာမော်ကွန်းမဂ္ဂဇင်းများအတွက် လစဉ် ပင်တိုင်ဆောင်းပါးပေါင်းများစွာ ရေးသားပေးခဲ့သည်။ ထိုသို့နှင့် ···

ကျွန်တော်တို့ ပန်းဆိုးတန်းလမ်းမကြီးပေါ်တွင် လမ်းဘေးစာအုပ်သည် ဖြစ်ခဲ့ဖူးသည်။ ၁၉၉၀-၉၄ ခုနှစ်များ။

ထိုအချိန်တွင် ကျွန်တော်တို့ ဆရာကြီးနှင့် ရင်းနှီးခင်မင်မှု ဆက်မပြတ်ခဲ့ဘဲ မျိုးမြန်မာစာပေတိုက်၏ စီစဉ်သူဘဝ၌ ဆရာကြီး စာအုပ်များဖြစ်သော ပန်းပုဆရာ၊ သူလိုဘုရင် (ငြိမ်းချမ်းရေး) တို့ ထုတ်ဝေရန် ကူညီနိုင်ခဲ့သလို ရွှေအလင်းစာပေနှင့်လည်း ဖော်မဲ့ဟသာကို ထုတ်ဝေခဲ့သည်။ ဆရာကြီးဆီ အကြိမ်ပေါင်းများစွာ ရောက်ခဲ့သည်။ ပွဲပေါင်းများစွာ အတူသွားဖြစ်ခဲ့သည်။ ထိုပွဲများစွာထဲမှ တစ်ပွဲသည် ဓမ္မစာပေဆွေးနွေးပွဲအဖြစ် ဆရာကြီးပါရဂူ၊ သတင်းထောက်ဦးအုန်းဖေ၊ ဆရာမဒေါ်သီရိ၊ ဆရာမောင်ခေတ်ထွန်းတို့နှင့် ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့လေးသို့ နှစ်ညအိပ်ခရီး အတူသွားဖြစ်ခဲ့ဖူးသည်။

ထိုရက်များက ဆရာကြီးအနီးတွင် ဆရာညွှန့်သစ်ကို အမြဲတွေ့ရပြီး ဆရာဦးမြတ်ဆွေ၊ ဆရာဦးကြည်နိုင်၊ ဆရာမောင်ခေတ်ထွန်း၊ ဆရာဦးမြင့်ကြိုင်၊ ဆရာရဲမြလွင်၊ ဆရာချိုထွန်းတို့နှင့် မကြာခဏ ဆုံစည်းမိကြသည်။ ကျွန်တော်တို့ ကံကောင်းစဉ်ကာလများ၌ ဆရာကြီး

ကို ဂါရဝပြုနိုင်ခဲ့သည်။ ကျွန်တော်တို့နှင့် ပတ်သက်၍ လူမှုရေး၊ စီးပွားရေး၊ စာပေရေးရာများတွင် ဆူတန်ဆူ၊ ဟောက်တန်ဟောက်၊ ပြောတန်ပြော၍ ဆရာကောင်းပီသခဲ့သည်။ ကျွန်တော်တို့နှင့် ဆက်နွှယ်သော ထုတ်ဝေသူများစွာကိုလည်း ဆောင်းပါးပေါင်းများစွာ ရေးသားပေးခဲ့သည်။ ကျွန်တော်တို့အတွက်လည်း မှတ်မှတ်ရရ ဆောင်းပါးပေါင်းများစွာကို မိုးဂျာနယ်တွင် ရေးပေးခဲ့သည်။

ဆရာကြီးနှင့် ကျွန်တော်တို့ကြား အကြီးမားဆုံးသော နားလည်မှုနှင့်အတူ မိတ်ဆွေဟောင်းတစ်ဦး၏ ဆန္ဒနှင့်ထုတ်ဝေဖြစ်ခဲ့သော စာအုပ်ထူကြီးမှာ **အိန္ဒိယခရီးသည်။**

ကျွန်တော်တို့ဘဝတွင် သုခ၊ ဒုက္ခရရှိစေခဲ့သော စာအုပ်ကြီး။

ဆရာကြီးကို ဘဝတစ်လျှောက်လုံး လူပျိုကြီးအဖြစ် နေထိုင်သွားခဲ့မှုကို ယခင်က လုံးဝမကျေနပ်ခဲ့။ ဆရာကြီး မိတ်ဆွေသူငယ်ချင်းများကလည်း မကြိုက်။ တိုက်တွန်း၊ နောက်ပြောင်၊ ကျီစယ်။ သို့သော် ဆရာကြီးကား အိမ်ထောင်ရေးနှင့် ပတ်သက်လျှင် မတုန်လှုပ်၊ ကျောက်ရုပ်ပင်။

ဤနေရာတွင် ကျွန်တော်တို့ ကြားဖြတ်တိုက်တွန်းလိုသည်မှာကား မည်သည့်စာဖတ်ပရိသတ်၊ စာရေးသူများ၊ ဆရာတော်များနှင့် ဓမ္မစာပေ၊ ခရီးသွားခြင်းကို စိတ်ဝင်စားကြသူ မည်သူမဆို ထိုအိန္ဒိယခရီးသည်စာအုပ်ကြီးကို ဖတ်ဖြစ်အောင် ဖတ်ကြပါဟု အကြံပြုပါရစေခင်ဗျား။

ရှေးယခင်မှ ယနေ့အချိန်အထိ အိန္ဒိယမြန်မာ နှစ်နိုင်ငံ ဆက်ဆံရေး၊ စာပေအနုပညာ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ လူမျိုးရေး ခရီးစဉ်များ၊ ရှေးအတိတ် ဗုဒ္ဓဖြစ်တော်စဉ်များနှင့် ပတ်သက်ခဲ့သော မြို့တော်များသမိုင်း၊ ဗုဒ္ဓဂယာဘုရားဖူး ခရီးစဉ်များနှင့် ပတ်သက်ခဲ့သော မြို့တော်များသမိုင်း၊ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များနှင့် အခြား ဗဟုသုတဖြစ်ဖွယ်ရာ ဟင်းလေးအိုးစာအုပ်ကြီး ဖြစ်ခြင်းကြောင့်ပင်။

ထိုစာအုပ်ကြီးကို ပထမအကြိမ် နေရီရီစာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သော ဆောင်းပါးပေါင်းချုပ်ကြီး စာအုပ်ဘဝတွင် ကျွန်တော်တို့ အစအဆုံး ဖတ်ဖြစ်ခဲ့သည်။ ကြိုက်သည်။ အကြိမ်ကြိမ် ပြန်ဖတ်ဖြစ်ခဲ့သည်။ ထို့ကြောင့် ကျွန်တော်တို့သာ ဒုတိယအကြိမ် ပြန်ထုတ်ဝေဖြစ်ခဲ့လျှင် မည်သို့ဖန်တီးလိုက်မည်ဟူသော ကြိုတင်အတွေးစများနှင့် အတူ ဆရာကြီးပါရဂူ အိမ်ထောင်မပြုဖြစ်ခဲ့ခြင်းကို ကျွန်တော်တို့ နားလည်ခွင့်လွှတ်နိုင်ခဲ့သည်။ အိမ်ထောင်ဟူသော ကြိုးမျှင်ဖြင့် ရစ်ပတ်နှောင်ဖွဲ့ခြင်းကို ခံခဲ့ရလျှင် ဆရာကြီးဘဝတွင် ယခုလို ထွန်းတောက်သော အတွေးစများနှင့် စာပေများ ရေးသားနိုင်ခဲ့မည်မဟုတ်ပေ။ ခရီး ထိုထို သွားနိုင်ခဲ့မည် မဟုတ်ပေဟူ၍။

ထိုအတွေးစများနှင့်ပတ်သက်၍ ဆရာကြီးနှင့် စကားပြောဖြစ်သည်။ ဆရာကြီးမှ ဟက်ဟက်ပက်ပက် ရယ်၍ ကျွန်တော်တို့ကို 'ခင်ဗျား အမြင်မှန်သွားပြီ' ဟု ပြောလေ၏။

ဆရာကြီးပြုစုခဲ့သော၊ ရေးသားခဲ့သော၊ ပြန်ဆိုခဲ့သော စာအုပ်ပေါင်းကား မြောက်များလှစွာ။ စာအုပ်ရေ အများဆုံးရေးသားသွားသည်ဟု သတ်မှတ်ခဲ့ကြရသော ဆရာကြီးမြသန်းတင့်နှင့်အတူ ဆရာကြီးကို တန်ဖိုးထားကြရသည်။ ဆရာကြီး ပြုစုရေးသားခဲ့သော စာအုပ်များထဲမှ ကျွန်တော်တို့အကြိုက်ဆုံး စာအုပ်များမှာ သိဒ္ဓတ္ထ၊ စိတ္တရလေခါ၊ အမေ့ခံ ခရီးသည်၊ အိန္ဒိယခရီးသည်၊ ပရကထာ၊ ပန်းပုဆရာ။

ထိုစာအုပ်များပါ အကြောင်းအရာပေါင်းများစွာသည် ကျွန်တော်တို့ နိုင်ငံနှင့်လူမျိုး၊ ဘာသာရေး၊ စာပေအနုပညာခရီးလမ်းတွင် အမြဲတမ်း တရှိန်ရှိန် တောက်နေမည့်၊ ဝင်းပနေမည့်၊ လင်းလက်ဦးဆောင်နေမည့် စာအုပ်များပင် ဖြစ်သည်ဟု ယုံကြည်ပါသည်။

ဆရာကြီးသည် အနေအထိုင် ရိုးစင်းသည်။ အားနာတတ်လွန်းသည်။ စကားနည်းသည်။ သို့သော် ပြတ်သားသည်။ တည်ကြည်သည်။ အချိန်ဖြုန်းခြင်းကို မကြိုက်။ မည်သူ့ကိုမှ အလိုလိုက် အကြိုက်ဆောင် စကားပြောလေ့မရှိ။ စာပေအနုပညာရှင်ကြီး ပီသအောင်သာ

ဂရုစိုက်သည်။ စာဖတ်သည်။ စာရေးသည်။ နိုင်ငံရေးကို စိတ်ဝင်စားသည်။ ပန်းနုရောင်။ ပြင်းထန်မှုမရှိဟု ယူဆကြသည်။ မျှတအောင်နေထိုင်သည်။ သူအမြဲနေထိုင်ရာ အိမ်များအတွင်းတွင် စာအုပ်ပုံများနှင့်သာ အမြဲရှုပ်ပွေလျက်။ ဘာမှမချက်။ မပြုတ်။

ကျွန်တော်တို့တွေ ဆရာကြီးဆီ ဘယ်အချိန်ရောက်သွားသွား မြင်တွေ့လိုက်ရသည်မှာကား စာရေးခြင်းကို လက်နှင့်လည်း ရေးသည်။ လက်နှိပ်စက်နှင့်လည်း ရေးသည်။ ပြော၍လည်း ရေးသည်။ အမြဲတမ်း ဆရာကြီးမှာ ရေးစရာတွေ အဆင်သင့်ရှိနေသည်။ စာမူများ ချိန်းဆိုလျှင် ရက်ချိန်းတိကျသည်။ ရေးလို့မကုန်၊ ဖတ်လို့မကုန်၊ အကြောင်းမျိုးစုံနှင့် စာအုပ်စာတမ်းပုံကြီးတွေက ဆရာကြီးအနားမှာ အမြဲရှိနေသည်။ ထို့ကြောင့် ကျွန်တော်တို့ကို အတုယူစရာ၊ အားကျစရာ၊ ကြည်ညိုစရာ၊ ဆရာကြီးတစ်ပါး ဖြစ်ခဲ့ရသည်။

ထိုသို့နှင့် အချိန်တွေ ကြာလာသည်နှင့်အမျှ ဆရာကြီး အသက်အရွယ်ရရှိလာခဲ့ပြီ။ စာပေသက်ကြီးပညာရှင်အဖြစ် အကာန်တော့ခံစာရင်းဝင်ဖြစ်ခဲ့ပြီ။ ထိုအချိန်တွင်မှာ ဆရာကြီးက (ပါရဂူ) ရှန်တိနိကေတန်စာကြည့်တိုက်ကို ထူထောင်ရန် ကြိုးပမ်းခဲ့လေသည်။ ကျွန်တော်တို့လည်း တတ်စွမ်းသလောက် ဝိုင်းဝန်းကူညီခဲ့သည်။ အယူအဆတွေ၊ အငြင်းအခုန်တွေ၊ အပြောအဆိုတွေ မြောက်မြားစွာကြားမှ ယခုမြောက်ဥက္ကလာပ၊ ရွှေပေါက်ကံမြို့သစ်တွင် မဖြစ်မနေ တည်ထောင်ခဲ့သည်။

ထိုကာလများတွင် ကျွန်တော်တို့ဘဝသည် စီးပွားရေး၊ လူမှုရေးများက အပိုင်းပိုင်းအစစ။ ဆရာကြီးထံ ကျွန်တော်တို့ မရောက်ဖြစ်တော့။ ခရီးက ဝေးလွန်းသည်။ အကြောင်းအရာတို့က ဆက်နွယ်မှုမရှိတော့သလိုမျိုးနှင့် ဆရာကြီးကွယ်လွန်ကာနီး တစ်လအလိုလောက်မှသာလျှင် ရောက်ဖြစ်တော့သည်။ ဆရာကြီးမှာ ကျွန်တော်တို့ ဝမ်းပန်းတသာကြိုဆိုခဲ့၍ သူဖြစ်ချင်သည့် စိတ်ကူးတွေ ပြောပြသည်။

လူဟောင်းတွေ၊ မိတ်ဆွေဟောင်းတွေ ခေါ်ခဲ့ဖို့ ပြောသည်။ ထုတ်ဝေသူတွေ ခေါ်ခဲ့ဖို့ ပြောသည်။ သူ့ စာကြည့်တိုက်ကြီး ရေရှည်တည်တံ့ဖို့အတွက် ဝင်ငွေရှိမှ ဖြစ်မည်။ ဝန်ထမ်းတွေ ခန့်ထားသည်။ ကုန်ကျစရိတ်တွေ ရှိသည် စသည်…စသည်ဖြင့်။

သူ့စာကြည့်တိုက်ကြီး အပေါ်ထပ်ကို တက်ကြည့်ပါဦး၊ စာအုပ်တွေ စုံတယ် မဟုတ်လား၊ စာအုပ်လှူတဲ့ လူတွေ များတယ်ဗျ ဟု စကားတွေက တရစပ်။ သို့သော် ဆရာကြီးကို ကျွန်တော်တို့ မြင်ရသည်မှာ အားမရတော့။ အသံတွေ၊ ရုပ်တွေ၊ ပျက်စီးနေပြီဆိုတာကို သိမြင် နေရသည်။ စိတ်မကောင်း။ ဘာမျှ မတတ်နိုင်။ နောက်ရက်များတွင် လည်း ကျွန်တော်တို့ဇနီးမောင်နှံ ရောက်ရှိသွားခဲ့ချိန်တွင်လည်း ဝမ်းသာအားရ။ သခင်အောင်ဖေ့အိမ်တွေမှာ အကြိမ်ပေါင်းများစွာ သူသည် ထမင်းစားပွဲများကို ကြုံဆုံခဲ့ရကြောင်း။ ဆရာကြီးဒဂုန်တာရာ၊ သတင်း စာဆရာကြီးတစ်ဦး၊ ဆရာကြီးငွေဥဒေါင်းတို့နှင့် အတူ။ မိုးဂျာနယ် ဘာလဲ? ဘယ်လဲ?။

ထိုသို့နှင့် နှုတ်ဆက်လမ်းခွဲခဲ့ရင်း ယခုလို… လွမ်းဆွတ် နေမိသည်။

ဆရာကြီးလို ပုဂ္ဂိုလ်မျိုးကား ယနေ့အချိန်တွင် အစားထိုးစရာ လူများ မရှိသေးဟု ထင်မိသည်။ ဟိုချိန်တုန်းက ဆရာကြီးတို့ခေတ်က ဆိုလျှင် ဆရာကြီးဒဂုန်ဦးစန်းငွေ၊ ဆရာကြီးဦးဆန်းထွန်း (မန်းတက္ကသိုလ်)၊ ဆရာကြီးမာဃ၊ ဆရာကြီးဦးသော်ဇင်၊ ဆရာကြီးရန်ကုန်ဘဆွေ၊ ဆရာတော် ရှင်ဥက္ကဋ္ဌ၊ မော်လမြိုင် တောင်ပေါက်ဆရာတော် စသည်တို့ ရှိခဲ့သည်။

ယခုအချိန်တွင်ကား ထိုသို့ ဘာသာစကားပေါင်းများစွာ တတ်သော စာပေပညာရှင်များ မရှိနိုင်ကြတော့။ အားယူနေဆဲ၊ သင်ယူနေဆဲ၊ ရေးသားနေဆဲ ပုဂ္ဂိုလ်အနည်းငယ်မျှသာ ရှိသည်။ သို့သော် နည်းလွန်းသေးသည်။

မြန်မာစာပေ အနုပညာ၊ ဓမ္မ၊ သမိုင်းနောက်ခံ စသည် အကြောင်း အရာမျိုးစုံတွင် ကျော်ကြားထင်ရှားခဲ့သူ ဆရာကြီးပါရဂူ၊ ဆရာကြီးလို လူ အတူမရှိနိုင်။ အထူးသဖြင့် အိန္ဒိယ-မြန်မာ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာများကို ပေါင်းကူးပေးခဲ့သည့် ပေါင်းကူးတံတား ကြီး ကျိုးပျက်ခဲ့ရသည်ကော။

ထို့ကြောင့်…

ဆရာကြီး ခင်ဗျား…

ဆရာကြီးနှင့် ကျွန်တော့်တို့ကြား သက်ရှိထင်ရှားရှိခဲ့ခိုက်မှာ ကျွန်တော်တို့ မိုက်မှား၊ သိမှား၊ ပြောမှား၊ ကြာမှား၊ မြင်မှား အမှားများ စွာရှိခဲ့ပါက ရှိခိုးဦးခိုက် ကန်တော့လိုက်ပါသည် ဆရာကြီးခင်ဗျား။

ဆရာကြီးပါရဂူ ကောင်းရာဘုံတစ်ခုသို့ ရောက်ရှိစံစားနေမည်ဟု ယုံကြည်ပါသည်။

**အိန္ဒိယနိုင်ဂျက်စ်၊ အမှတ် ၈၊ ပြေ၊၂၀၁၁။**

❑

## ဆရာကြီး သခင်အောင်ပေနှင့် ကျွန်တော်

၁၉၉၀-ခုနှစ်က ကျွန်တော့်ဘဝတွင် အချိုးအကွေ့ အပြောင်းအလဲတစ်ခု ဖြစ်ခဲ့သည်။ ၎င်းမှာ ပန်းဆိုးတန်းလမ်းဘေးတွင် စာအုပ်ဟောင်း ရောင်းချခြင်း။ ထိုကာလ မတိုင်မီကပင် စာဖတ်မှတ်ခြင်း၊ ရေးသားခြင်း၊ လေ့လာခြင်းတို့တွင် ကမ္ဘာ၊ မြန်မာ ပုဂ္ဂိုလ်ထူးတို့၏ အတ္ထုပ္ပတ္တိ၊ သမိုင်း၊ နိုင်ငံရေး၊ ဘာသာရေး သုတနှင့် ရသစာပေကဗျာတို့ကို စွဲလမ်းနှစ်ခြိုက်စွာပင် ဖတ်ရှုလေ့ရှိပါသည်။ ထိုစာပေများထဲမှ ပုဂ္ဂိုလ်ကြီးငယ်တို့၏ ဘဝဖြတ်သန်းမှု၊ စာပေရေးသားမှု၊ ပြည်သူကို အကျိုးပြုမှု၊ အမှန်တရားကို မြတ်နိုးစွာကိုးကွယ်၍ မိမိတိုင်းပြည်နှင့် လွတ်လပ်ရေးအား တန်ဖိုးထားမှု၊ လွတ်လပ်ရေးရယူမှုများတွင် အသက်သွေးချွေးတို့ ပေးဆပ်ခဲ့သော ပုဂ္ဂိုလ်ကြီးငယ်တို့၏ စာများကို တန်ဖိုးထားလျက် လေးစားစွာ ရှာဖွေဖတ်ရှုလေ့ ရှိပါသည်။

ထိုစာများထဲတွင် ဆရာကြီး၏ စာများလည်း တချို့ပါဝင်ခဲ့ပါသည်။ ဆရာကြီးနှင့် မဆုံဆည်းခင်ကတည်းကပင် "ကြုံရဆုံရ ကျွန်တော့်ဘဝ" စာအုပ်နှင့် ဆောင်းပါးအချို့ကို သတိတရ ဖတ်မှတ်မိပါသည်။ "အိုးဝေမောင်"၏ "ထွက်ရပ်လမ်းကျမ်း" စာအုပ်ကိုလည်း အနည်းငယ် ဖတ်ရှုဖူး၍ မိမိရောင်းချရာတွင် ပါဝင်ခဲ့သည်ကို မှတ်မိနေပါသည်။

ဆရာကြီးနှင့် စတင် ဆုံဆည်းခဲ့ရသည်မှာ ဆရာကြီး တည်ထောင်ခဲ့သော မိုးဂျာနယ်တွင် ဆရာဦးမြတ်ဆွေ အယ်ဒီတာ လုပ်စဉ်က ဖြစ်သည်။ ဆရာဦးမြတ်ဆွေမှ မိုးဂျာနယ် နှစ်ပတ်လည် ပွဲတွင် တက်ရောက်ဖို့ ကျွန်တော့်ကို ဖိတ်ပါသည်။ ကျွန်တော့်စာအုပ် ဆိုင်လေးကို ပိတ်၍ မိုးဂျာနယ်တည်ရှိရာ မြေနီကုန်းသို့ ရောက်ရှိခဲ့ပါ သည်။ ထိုအချိန်တွင် ဆရာဦးအုန်းဖေလည်း အယ်ဒီတာအဖြစ် ဝင်ရောက် လုပ်ကိုင်နေပါပြီ။ သို့သော် သိပ်ရင်းနှီးမှု မရှိသေး။ ထိုနေ့မှ စ၍ ဆရာကြီးကို စတင်တွေ့ရှိ ခင်မင်ခဲ့ရခြင်း ဖြစ်ပါသည်။

ဆရာကြီးနှင့် မရင်းနှီးခင်ကပင်လျှင် ကျွန်တော် မိုးဂျာနယ်ကို လစဉ် စောင့်ဖတ်သည့် စာအုပ်စာရင်းတွင် ထည့်ထားခဲ့သည်။ ထိုစဉ်က ကျွန်တော် လစဉ် ဖတ်ဖြစ်ခဲ့သည့် မဂ္ဂဇင်းများမှာ ရှုံ့သစ်၊ နှယ်နီ၊ အတွေးအမြင်၊ စာပေဂျာနယ်နှင့် မိုးဂျာနယ်။ ထိုမဂ္ဂဇင်း ဖန်တီးသူများကို ယနေ့အချိန်အထိ လေးစားဆဲ၊ မြတ်နိုးဆဲ၊ အားကျဆဲ။

မိုးဂျာနယ်တွင် လစဉ် စောင့်ဖတ်ဖြစ်သည့် စာရေးဆရာသုံးဦးမှာ ဆရာပါရဂူ၊ ဆရာသခင်အောင်ဖေ၊ ဆရာနန်းညွန့်ဆွေ။ ဆရာကြီးတို့၏ ယခင်အတိတ်မှ ကြုံခဲ့၊ သိခဲ့၊ ကြားခဲ့၊ မြင်ခဲ့ရသော လူပုဂ္ဂိုလ်အသီးသီး တို့၏ အဝေးအနီး ပုံရိပ် စာပေများကို ဖတ်ရှုရ၍ ဖြစ်သည်။ ထို့ပြင် ဆရာကြီးတို့၏ စာပေအရေးအသားများမှာ ပြေပြစ် ချောမွေ့လွန်းပြီး စေတနာပါသောကြောင့် ကျွန်တော်တို့ မသိမမှီလိုက်ရသော ခေတ် အဆက်ဆက်၏ နှောင်းအတိတ် ကြေးမုံပြင်များကို ရှင်းရှင်းလင်းလင်း သိမြင်ခွင့်ရသည့်အတွက် ကျေးဇူးတင်စရာ။

ထိုအခမ်းအနားမှ စတင်၍ မိုးဂျာနယ်တိုက်ရှိရာသို့ ကျွန်တော် အဝင်အထွက် စတင် ရှိခဲ့သည်။ ကျွန်တော် မြမြင်းမိုရ်ဘော်ဒါ၏ ကြော်ငြာကိုယ်စားလှယ်၊ အုပ်ချုပ်ရေးမှူးဘဝများတွင် ကြော်ငြာ ထည့်ရင်း၊ စာမူပေးပို့ရင်း၊ အခြားပုဂ္ဂိုလ်များ၏ အကျိုးဆောင်၍ စာမူခ၊ စာမူသွားပေးခြင်းတို့ကို အကြောင်းပြု၍ ဝင်ထွက် သွားလာ ရောက်ရှိ

ခဲ့ရသည်။ ထို့ကြောင့် မိုးဂျာနယ် အယ်ဒီတာချုပ်များ၊ တာဝန်ခံ အယ်ဒီတာများ၊ အယ်ဒီတာများ ဖြစ်ခဲ့ကြသည့် ဦးကိုကိုကြီး၊ (ဦး) ခင်မောင်ထွေး (ပျဉ်းမနား)၊ ကိုယဉ်ညွန့်၊ ကိုဝေလွင်၊ ကိုကျော်ကြီး၊ မနီလာတို့နှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရသည်။

ထိုအချိန်ကာလများက မိုးဂျာနယ်တိုက်သို့ ရောက်သွားတိုင်း ဆရာကြီး၏ သူ့ဘဝ အတွေ့အကြုံ အဆစ်အချိုး အပိုင်းအစများကို မမောတမ်း ပြောပြလေ့ရှိသည်ကို ကြားနာခဲ့ရသည်။ နှစ်ပတ်လည် ပွဲတိုင်းနှင့် ကျွေးမွေးပွဲလေးများ ပြုလုပ်တိုင်း ကျွန်တော် ရောက်ရှိခဲ့ သည်။ ဆရာကြီးနှင့် ကျွန်တော်တို့ ဆက်ဆံရေး ထူးခြားမှုမှာ အသက်။ ထိုအချိန်က ဆရာကြီး၏ အသက်မှာ (၇၀) ကျော်။ ကျွန်တော့် အဘွားနှင့် အသက်တူ၊ ကျွန်တော်က (၃၀) ကျော်။ ဆရာကြီးနှင့် ကျွန်တော်က မျိုးဆက်တစ်ဆက်လုံး ခြားနားသလို ဖြစ်နေသည်။ ထိုအချိန်ကာလများကလည်း နိုင်ငံရေးမှာ တည်ငြိမ်မှု မရှိသေးသဖြင့် မိုးဂျာနယ်တိုက်မှ ပုဂ္ဂိုလ်များနှင့် လူကြီးပိုင်းက ကျွန်တော့်ကို မယုံကြ။ စာပေမှ ကျွန်တော့်ဖြတ်သန်းမှုကို မသိကြ။ မျိုးဆက်ကိုလည်း မသိကြ သဖြင့် စကား အပြောအဆိုများတွင် အမြဲတမ်း သတိထားနေကြသည် ကို ကြုံခဲ့ရသည်။ ကျွန်တော့်ဘဝကို သိသော ဆရာ ဦးမြတ်ဆွေ တစ်ယောက်သာ လူခံရှိသော အချိန်ကာလများ။

ထိုအချိန်ကာလများက မိုးဂျာနယ်တိုက်တွင်သာ မဟုတ်။ ဆရာ ပါရဂူ၊ ဆရာမြသန်းတင့်၊ ဆရာမောင်ထွန်းသူ၊ ဆရာမောင်ပေါ်ထွန်း၊ ဆရာဦးဆန်းလွင်၊ ဆရာနတ်နွယ်တို့က သူတို့၏ မျက်စိအောက်တွင် လူလားမြောက်သော ကျွန်တော့်ကို ယုံကြည်စိတ်ချသော်လည်း ကျန်သော စာပေနယ်မှ ပုဂ္ဂိုလ်များက သံသယမျက်လုံးများနှင့်။ သို့သော် ကျွန်တော် ဘာများတတ်နိုင်ပါမည်နည်း။ အချိန်ကို စောင့်၍ လမ်းကြောင်းမှန်ကိုသာ ဆက်လျှောက်ဖြစ်ခဲ့သည်။ ယခုလည်း ဆက် လျှောက်ဆဲ၊ အမှန်တရားကို မြတ်နိုးဆဲ။

ထို့နောက်ပိုင်း အချိန်များတွင် ဆရာကြီးသမီး မနီလာနှင့် ကျွန်တော် အကြောင်းပါခဲ့ကြသည်။ ဆရာကြီးတို့ မိသားစုမှ သဘော မတူခဲ့ပါ။ ကျွန်တော်နှင့် ပတ်သက်သော သံသယ ဂယက်လှိုင်းများက လူတိုင်းရင်မှာ နက်ရှိုင်းစွာ စူးဝင်လျက်။ ကျွန်တော် အချိန်စောင့်၍ ကျော်ဖြတ်ခဲ့ရသည်။

ဆရာကြီး မကွယ်လွန်ခင် ၅-လ အလိုတွင် မိုးဂျာနယ်ကို ဆရာကြီး သခင်လှကွန်းတို့ထံမှ ပြန်ယူ၍ ကျွန်တော်တို့ ဇနီးမောင်နှံမှ ဆက်လက် ထုတ်ဝေဆောင်ရွက်ရန် လမ်းညွှန်ချက် ချပေးပါသည်။ ဗိုလ်မှူးမြသိန်း၊ ဦးအောင်မော်၊ တက္ကသိုလ်အောင်တင့်၊ ကိုကိုလှ (ကမာမြေ)နှင့် ကျွန်တော်တို့ တိုင်တိုင်ပင်ပင်နှင့် ညှိနှိုင်း၍ ဆက်လက် ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ဆရာကြီးမှ တက်ကြွစွာ အားပေး၍၊ လမ်းညွှန် ၍၊ စောင့်ကြည့်၍၊ မျက်ခြည်မပြတ် ကူညီခဲ့ပါသည်။

သို့သော် ဆရာကြီးနှင့် ကျွန်တော်တို့ကား ကံဇာတ်ဆရာ အလိုကျ လမ်းခွဲဖို့ ကြုံခဲ့ရပါပြီ။ သာမန် နေမကောင်းသည်ဟု ထင် ရသော အချိန်မှစ၍ တဖြည်းဖြည်း အခြေအနေ ဆိုးရွားလာကာ နောက်ဆုံးတွင် ကွယ်လွန်ခဲ့ရခြင်းပင် ဖြစ်ပါသည်။

ဆရာကြီး မကွယ်လွန်မီ ရက်ပိုင်းများက ဗိုလ်မှူးမြသိန်းနှင့် ဦးအောင်တင့်တို့နှစ်ဦးမှာ ဆရာကြီး၏ "ဒီလိုပြောချင်သည်" အမှတ် -၂ စာအုပ် ထုတ်ဝေဖြန့်ချိရန် စီစဉ်ဆောင်ရွက်ခဲ့သေးသည်။ ယခု ထိုစာအုပ်ထုတ်ဝေဖြန့်ချိရန် ဆက်လက် ကြိုးပမ်းနေပါပြီ၊ ဆရာကြီး၏ ဆောင်းပါးရှည်တစ်ခုဖြစ်သော ဆရာတော် ဦးဗုမ်၏ အတ္ထုပ္ပတ္တိကို လည်း ထုတ်ဝေရန် စီစဉ်ပြီးနေပါပြီ။

ဆရာကြီးကား ကွယ်လွန်ခဲ့ပါပြီ။ သေခြင်းဆိုသော မရဏာမင်း သည် ကြီးငယ်မဟူ၊ ဆင်းရဲချမ်းသာ၊ ပုဂ္ဂိုလ်သတ္တဝါမရွေး ကြီးနိုင် ငယ်ညှဉ်းလုပ်ကာ ချစ်ခြင်းတို့ကို ရက်စက်စွာ ခွဲခွာစေခဲ့သည်မှာ ဓမ္မတာ။ သို့သော် တစ်ခါတစ်ရံ သက်ညှာစွာ စဉ်းစားသင့်သည်ဟု

ကျွန်တော် စောဒက တက်ချင်သည်။ တိုင်းပြည်အတွက်၊ လူမျိုး ဘာသာ သာသနာအတွက်၊ စာပေအနုပညာအတွက်၊ မိသားစုအတွက် အလွန်အကျိုးပြုသော ပုဂ္ဂိုလ်မျိုးကို ခြွင်းချက်ထား၍ ဖြည်းဖြည်းမှ ခေါ်ပါဟု တိုက်တွန်း၍ရလျှင် ကောင်းလေစွ။

ဆရာကြီးသည် သူ့ဘဝဖြတ်သန်းမှုတွင် ကောင်းမှုကုသိုလ်များကို လုပ်ခဲ့ခြင်းများ၊ ဆောက်တည်ပွားများခဲ့သော ဗုဒ္ဓတရားတော်များ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သော ဓမ္မတရားတော်များ၊ တိုင်းပြည်နှင့် လူမျိုးအပေါ် ထားခဲ့သော စိတ်စေတနာများ၊ ထိုကောင်းမှုများကြောင့် ဆရာကြီး ကောင်းရာသုဂတိဘုံသို့ ရောက်ရှိနေမည်ဟု ကျွန်တော် ယုံကြည်မိပါသည်။

ဆရာကြီး ကွယ်လွန်ခဲ့သော်လည်း စာပေ၊ အနုပညာ၊ နိုင်ငံရေး၊ လူမှုရေးနယ်ပယ်များတွင် ဆရာကြီး၏ အမည်သည် အမြဲတမ်း ရှင်သန် နေဆဲ၊ တောက်ပနေဆဲ၊ လှုပနေဆဲ။ ထို့ကြောင့် ဆရာကြီး မသေပါ။ မကွယ်ပျောက်သွားပါ။ ကျွန်တော်တို့ကလည်း စွမ်းအား ရှိသ၍ ကူညီသွားမှာပါ။

နံနက် မိုးသောက်ချိန်ရောက်တိုင်း ရောင်နီကို ကြိုလင့်သလို အချိန်ဆိုသော သတ်မှတ်ချက်ကို စိတ်ရှည်ရှည်နှင့် အမြဲတမ်း ကြိုဆို နေရင်း အလေ့အကျင့်ရနေပြီဖြစ်သော ကျွန်တော်၏နှလုံးသား၊ ကျွန်တော်၏ ဘဝခြေလှမ်းများ၊ ကျွန်တော်၏ ဘဝရည်မှန်းချက်များ အတွက် ဆရာကြီးသည် အားဆေးတစ်ခွက်ပင် ဖြစ်ပါသည်။

ကျွန်တော်၏ နှလုံးသားနှင့် ဘဝများမှာ ...
ဆရာကြီး အမြဲတမ်း ရှင်သန်နေဆဲ...
ဆရာကြီး အမြဲတမ်း လမ်းညွှန်နေဆဲ...
ဆရာကြီး အမြဲတမ်း အားပေးနေဆဲ... ။

❐

## ဆရာကြီး လင်းယုန်သစ်လွင်

မိုးက သည်းထန်စွာ ရွာသွန်းနေသည်။ လေကပြင်းထန်စွာ တိုက်ခတ်လျက်၊ ပူပြင်းသောနှလုံးသားကို ရင်မှာပိုက်၍ မိုးထဲလေထဲ အားခဲ၍ နှင်ခဲ့ရသော ကျွန်တော့်အဖြစ်သည် အရူးလို့ပင် ဆိုချင် ဆိုကြပါတော့။ ရင်မှသိရှိခံစား ဖတ်ရှုလာခဲ့ရသော သတင်းစာမှ နာရေးသတင်း တစ်ပုဒ်အား အမှားဟုပင် ဖြစ်ပါစေတော့လို့ ဆန္ဒပင် ဖြစ်မိသည်။ သို့သော် အမှန်ပါ။ ကံကြမ္မာအလှည့်အပြောင်းမှာ ဆရာ့ဘဝ မရဏ ရှင်သေမင်း ခေါ်ယူညှင်းပြီထင့်။

ယခင် ကျွန်တော့်ရွာမှာ နေစဉ်ကတည်းက စာအုပ်စာတမ်းများ တွင် ဖတ်ရှုကြည်ညို လေးစားခဲ့ရသော၊ တန်ဖိုးထား မြတ်နိုးမိသော စာပေအနုပညာရှင်များထဲတွင် ဆရာလင်းယုန်သစ်လွင် တစ်ဦးအပါ အဝင်။ ဆရာ့လက်ရာများတွင် ရင်ထဲမှာ ထိထိမိမိခံစားရသော စာအုပ် နှစ်အုပ်ကား ဘုံကျွန်၊ ဓမ္မရက္ခိတ စသော စာအုပ်နှစ်အုပ်။

ကျွန်တော် ငယ်စဉ်ကတည်းက စာဖတ်လျှင် နယ်မြေစွဲ၊ ဒေသ စွဲ၊ ကျေးလက်စွဲ၊ တိုးတက်မှု၊ ဘဝအလင်းရောင် အမြင်ရှင်းပေးသော စာအုပ်များ၊ စာရေးဆရာတို့၏ ဘဝအချိုးအကွေ့များကို မထောင့် မကွယ် ပြန်လည် တင်ပြလေ့ရှိသော ဆောင်းပါးများ၊ အသံလွှင်း၊

## ဆရာကြီး လင်းယုန်သစ်လွင်

မိုးက သည်းထန်စွာ ရွာသွန်းနေသည်။ လေကပြင်းထန်စွာ တိုက်ခတ်လျက်၊ ပူပြင်းသောနှလုံးသားကို ရင်မှာပိုက်၍ မိုးထဲလေထဲ အားခဲ၍ နှင်ခဲ့ရသော ကျွန်တော့်အဖြစ်သည် အရူးလို့ပင် ဆိုချင် ဆိုကြပါတော့။ ရင်မှသိရှိခံစား ဖတ်ရှုလာခဲ့ရသော သတင်းစာမှ နာရေးသတင်း တစ်ပုဒ်အား အမှားဟုပင် ဖြစ်ပါစေတော့လို့ ဆန္ဒပင် ဖြစ်မိသည်။ သို့သော် အမှန်ပါ။ ကံကြမ္မာအလှည့်အပြောင်းမှာ ဆရာ့ဘဝ မရဏ ရှင်သေမင်း ခေါ်ယူညှင်းပြီထင့်။

ယခင် ကျွန်တော့်ရွာမှာ နေစဉ်ကတည်းက စာအုပ်စာတမ်းများ တွင် ဖတ်ရှုကြည်ညို လေးစားခဲ့ရသော၊ တန်ဖိုးထား မြတ်နိုးမိသော စာပေအနုပညာရှင်များထဲတွင် ဆရာလင်းယုန်သစ်လွင် တစ်ဦးအပါ အဝင်။ ဆရာ့လက်ရာများတွင် ရင်ထဲမှာ ထိထိမိမိခံစားရသော စာအုပ် နှစ်အုပ်ကား ဘုံကျွန်၊ ဓမ္မရက္ခိတ စသော စာအုပ်နှစ်အုပ်။

ကျွန်တော် ငယ်စဉ်ကတည်းက စာဖတ်လျှင် နယ်မြေစွဲ၊ ဒေသ စွဲ၊ ကျေးလက်စွဲ၊ တိုးတက်မှု၊ ဘဝအလင်းရောင် အမြင်ရှင်းပေးသော စာအုပ်များ၊ စာရေးဆရာတို့၏ ဘဝအချိုးအကွေ့များကို မထောင့် မကွယ် ပြန်လည် တင်ပြလေ့ရှိသော ဆောင်းပါးများ၊ အသံလှိုင်း၊

နိမိတ်ပုံများပါသော လေးလုံးစပ်ကဗျာတို့ကို အလွန်နှစ်သက်စွာ ဖတ်ရှုတတ် ပါသည်။ ထို့ကြောင့် ကျွန်တော်နှင့် ဘဝဖြတ်သန်းမှု အလွန်နီးစပ်သော ဘုံကျွန်၊ ဓမ္မရက္ခိတတို့ကို မြတ်မြတ်နိုးနိုးနှင့် ရင်ထဲမှာ ရှိနေချိန်တွင် ကျွန်တော်နှင့် ဆရာ့ကြား ထိတွေ့ ရင်းနှီးမှုရှိနိုင်ရန် ဖန်တီးပေး၊ မိတ်ဆက်ပေးခဲ့သူမှာ ဆရာဦးမြတ်ဆွေ ဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ် မိုးရာသီရက်တစ်ရက် ဆရာဦးမြတ်ဆွေ တစ်ယောက် ကျွန်တော်ရှိသော ပန်းဆိုးတန်းလမ်းမ၊ စာအုပ်ဆိုင်လေးသို့ ရောက်ရှိလာပါသည်။ ဆရာနှင့် ကျွန်တော် (၃၇)လမ်း လက်ဖက်ရည်ဆိုင်သို့ လက်ဖက်ရည်သောက် သွားခဲ့ကြသည်။ ထိုအချိန်တွင် ဆရာက သူ၏ လာရခြင်း ရည်ရွယ်ချက်ကို ပြောပြပါသည်။ 'ဆရာကြီးလင်းယုန်သစ်လွင်ကို ဂါရဝပြုပွဲလေး ဖန်တီးမလို့၊ ငွေကောက်ခံပြီး ကန်တော့ကြမလို့၊ အဲဒါ မောင်စိုးညွန့်လည်း တတ်နိုင်သမျှ ဝိုင်းကူပါဦး' ဟု ဆိုလာပါသည်။ ကျွန်တော်အလွန်ပင် ဝမ်းသာအားရဖြစ်စွာနှင့် လက်ခံမိပါသည်။

ထို့နောက် ဂါရဝပြုပွဲမတိုင်မီ ရက်ပိုင်းအလိုတွင် ဦးနေဝင်း (စာအုပ်ဆိုင်)၊ ဆရာမသီရိ၊ ဆရာမြတ်ဆွေ၊ ဆရာမြေဇာ၊ ဆရာဦးအေးချို(မဟာဝိဇ္ဇာ)၊ ဆရာဝသုန်၊ ဆရာကြည်ဝင်း၊ ဆရာမြင့်မောင်မောင်တို့နှင့် ကြိုတင်ညှိနှိုင်းပွဲ၊ တွေ့ဆုံပွဲ အငယ်လေးတွေမှာ ဝိုင်းကူ ဝိုင်းလုပ် နားထောင်အဆင့်ဖြင့် ဆရာကြီးကို ပထမဦးဆုံး တွေ့ဆုံ စကားပြောခဲ့ရပါသည်။ ထိုစဉ်မှာ ဆရာကတော် မကွယ်လွန်သေး။ နောက်ရက်တွင် ဆရာဂါရဝပြုပွဲကို အောင်မြင်စွာ ဖန်တီးနိုင်ခဲ့သည်။

ဂါရဝပြုပွဲအပြီး တစ်နှစ်ခန့်အကြာတွင် ဆရာကတော် (အမေကြည်) ကွယ်လွန်သွားရပြန်ပါသည်။ ထို့ကြောင့် ကျွန်တော်နှင့် ကျွန်တော့်ဆရာများ ပြန်လည်ဆုံတွေ့၊ လုပ်ကိုင်အားပေးကူညီရင်း ဆရာ့ကို ပြုစုအားပေးကြပါသည်။ အချိန်ကာလ၏ ပြုပြင်ပြောင်းလဲ

ခြင်းကြောင့် ကျွန်တော်တို့နှင့် ဆရာကြီး၏ ထိတွေ့မှု ပိုမိုမြဲမြံလာခဲ့ပါသည်။ ဆရာနှင့် ထိတွေ့မှု များလာလေ၊ ဆရာ့အားကြည်ညိုမြတ်နိုးစိတ် ဖြစ်ပေါ်လေလေပင်။ ဆရာသည် အမြဲတမ်း အေးဆေးသောအမူအရာ၊ ဖြူစင်သောနှလုံးသား၊ မြင့်မြတ်သောတွေးခေါ်မှုများနှင့် ကျွန်တော်တို့တစ်တွေကို လက်ခံစကားပြောလေ့ ရှိပါသည်။

ဤနေရာတွင် ကျွန်တော် ကြားဖြတ်တင်ပြလိုသည်မှာ ယခင်စာဖတ်စဉ်များတွင် စာရေးဆရာများ၏ ဘဝဖြစ်စဉ်များကို စိတ်ဝင်တစား ဖတ်ရှုခဲ့သည်ဟု ဝန်ခံထားပါသည်။ ထိုဘဝဖြစ်စဉ်များတွင် လူ့ဘဝကို ဖြတ်သန်းရာမှာ ဆရာတော်များ၊ စာရေးဆရာကြီးများ၊ စာရေးဆရာမကြီးများ၊ အနုပညာနှင့် မည်သည့် နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်ကြီးများမဆို ဘဝကို မြိုးခြံချွေတာ ကျင့်ကြံကြိုးကုတ် အားထုတ်လေ့လာ သင်အံဖတ်ရှု တင်ပြ ကြိုးစားသော ဆရာကြီး၊ ပုဂ္ဂိုလ်ကြီးများကို အလွန်တန်ဖိုးထား နှစ်သက်လေ့ရှိပါသည်။ စာအတွေ့အကြုံအရပင်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဆရာတော်အရှင်ဇနကာဘိဝံသ၊ ဆရာကြီးဦးဉာဏ စသည့် ပုဂ္ဂိုလ်ကြီးများ၏ နောက်ဆုံးနေရာ၊ ဓလေ့အမူအကျင့်များ စသည့်အရာများကို တတ်နိုင်သလောက် ဝေးဝေးနီးနီး၊ သွားရောက်လေ့လာ ဖတ်ရှုမှတ်သား ကြည်ညိုခံစားပြီး နှစ်သက်လေ့ရှိပါသည်။

ထို့ကြောင့် ကျွန်တော့်ဖြတ်သန်းရာ၊ တွေ့ကြုံရာ၊ ဖတ်ရှုခဲ့ရာ၊ လေ့လာခဲ့ရာ စာပေအနုပညာနယ် တစ်ခုလုံးတွင် သက်ရှိထင်ရှားပုဂ္ဂိုလ်ကြီးများဖြစ်သော ဆရာကြီး လင်းယုန်သစ်လွင်ကို နမူနာယူစရာအဖြစ် တန်ဖိုးထား မြတ်နိုးမိခဲ့ပါသည်။ ကြည်ညိုမြတ်နိုးမိကြောင်းကိုလည်း ကျွန်တော်နှင့် သက်ဆိုင်ခဲ့သော၊ သက်ဆိုင်ဖြစ်ဆဲသော ပုဂ္ဂိုလ်များကို ငယ်ငယ်ကြီးကြီး ကျွန်တော် ပြောပြမိပါသည်။

ကျွန်တော်လိုပင် လက်ခံနှစ်သက်သော ပုဂ္ဂိုလ်များကို တတ်နိုင်သလောက် ဆရာကြီးနှင့် မိတ်ဆက်ပေးခဲ့၊ မိတ်ဆက်သွားစေခဲ့ပါ

သည်။ ဆရာကြီးသည် မည်သူ့ကိုမဆို ရောက်ရှိလာသော အချိန်ကိုကြည့်၍ ဘာစားမလဲ၊ အအေးလား၊ အပူလား၊ ထမင်းစားပြီးပလား၊ ကျန်းမာရေးကော ကောင်းရဲ့လား စသည့်မေးခွန်းများ၊ ကျွေးမွေးခြင်း၊ လက်ခံစကား ပြောခြင်း၊ ပြောဆိုတင်ပြလာသော အကြောင်းများအပေါ် ကြားနာဆုံးဖြတ်ပေးခြင်းများ စသည်တို့ကို အရေးတယူ ပြုမူဆောင်ရွက်ပေးလေ့ ရှိသည်။

ကျွန်တော်နှင့် ပတ်သက်သော စကားစုနှင့် ဘဝအားမာန်တစ်ခုကို မိတ်ဆွေများ ခံစားကြည့်စေချင်ပါသည်။ ကျွန်တော်သည် နယ်မှလာသောလူတစ်ဦး၊ ပညာအရည်အချင်း အလယ်တန်း၊ အင်္ဂလိပ်စာမတတ်၊ ယခုလက်ရှိစာအုပ်ဆိုင်၊ ယခင်က စာစီ၊ ဖိုမင် လုပ်ခဲ့ဖူးသည်။ စသည့် ပြောကြားချက်များကို နားထောင်ပြီး သူသည် တာရာမဂ္ဂဇင်းမှာ စက်ရိုက်ခဲ့ဖူးသည်။ သူ့အမျိုးသမီးက ပဲပြုတ်ရောင်းခဲ့ဖူးသည်။ သူသည် ပညာ အလယ်တန်းအဆင့်သာရှိပြီး အင်္ဂလိပ်စာမတတ်၊ စသည့် ချိန်ထိုးအားပေး မြှင့်တင်မှုများနှင့် ကြိုးစားစေခဲ့ပါသည်။ သည်နေရာတွင် မိတ်ဆွေ စာချစ်သူ ပုဂ္ဂိုလ်များ သတိချပ်စရာပါလာပါသည်။

ကျွန်တော့်လို လူငယ်မျိုးကို ဆရာကြီးသည် သူ၏ ဘဝဖြစ်စဉ်များအား ခရေစေ့တွင်းကျ ပြောစရာမလို၊ အသက်အရွယ်ကလည်း အဘိုးနှင့်မြေး၊ စာပေသိက္ခာချင်းက မြင့်မိုရ်နှင့် ဆီးစေ့၊ ဘဝဖြတ်သန်းမှုမှာ ကျွန်တော်က သေးကွေးသောသူ အရွယ်ပင် ရှိသော်လည်း ဆရာကြီး၏ တန်ဖိုးထားဆက်ဆံခြင်းကို အံ့သြလောက်ဖွယ်ရာ၊ မယုံကြည်နိုင်စရာ ကောင်းလောက်အောင် တွေ့မြင်ဆက်ဆံခဲ့ရပါသည်။

ပြီးခဲ့သော နွေလလယ်တစ်နေ့တွင် ကျွန်တော်နှင့် ကိုဇော်ဝင်းနိုင်တို့ မိုးမြန်မာ စာအုပ်တိုက် တည်ထောင်ပြီး မြန်မာစာအုပ်ကောင်းများပြန်လည်ထုတ်ဝေရေး၊ စာပေအနုပညာနယ်သို့ ဖြန့်ချိရေးအတွက်

စာပေ အနုပညာနယ်မှ ပညာရှင်ကြီးများ၏ စာအုပ်စာတမ်းများ ရိုက်နှိပ်ရန် စာမူများအား စုဆောင်းခဲ့ကြပါသည်။ ထိုစုဆောင်းမှုများတွင် ဆရာကြီး၏ ဓမ္မရက္ခိတစာအုပ် တစ်အုပ်သည်လည်း အပါအဝင်။ ထိုအကြောင်းကို ကျွန်တော်တို့ချင်း တိုင်ပင်ပြီး စာမူတောင်းခံရန် ကျွန်တော် ရောက်သွားချိန်တွင် ဆရာကြီးမှာ ဝမ်းသာအားရ ဖြစ်ခဲ့ပါသည်။ သို့သော် ဆရာကြီး၏နှုတ်မှ 'မောင်စိုးညွှန့်တို့ လုပ်မှာကိုတော့ ဝမ်းသာပါတယ်၊ ဒါပေမယ့် ဈေးကွက်ဝင်ပါ့မလား၊ ပရိသတ် လက်ခံကြမလား' တဲ့။ ဆရာကြီး၏ မေးခွန်းကိုတော့ မိတ်ဆွေတို့၏ မျက်မှောက်သို့ ရောက်ရှိလာသော ယခုအချိန်မှာပင် အဆုံးအဖြတ်ပေးကြပါတော့လို့ တိုက်တွန်းပါရစေ။

(ဓမ္မရက္ခိတစာအုပ်၊ ဒုတိယအကြိမ်ထုတ်မှာ
ထည့်သွင်းဖော်ပြခဲ့သော အမှာစာ) ၁၉၉၃။
(ကျွန်တော်၏ ပထမဦးဆုံးဆောင်းပါး)

□

# ဉာဏ်လမ်းပေါ်လျှောက်လှမ်းတစ်ယောက်

သို့မဟုတ်

## ဦးဆန်းလွင်

ကျွန်တော်တို့ မြန်မာစာပေနယ်၏ အတွေးအခေါ်နှင့် ပတ်သက်သော စာအုပ်စာတမ်းများစွာကို ဘာသာပြန်၍၊ ပင်ကိုယ်ရေး၍ တွန်းပို့ခဲ့သော စာရေးဆရာပေါင်း များစွာတွင် ဆရာဦးဆန်းလွင်သည် အဓိက အကျဆုံး ပုဂ္ဂိုလ်ဟု သတ်မှတ်ကြပါသည်။

ဆရာနှင့် ကျွန်တော်တို့ တွေ့ဆုံခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ။ အယူအဆ တူမျှတာတွေ ရှိသလို ပြင်းပြင်းထန်ထန် ဝေဖန်ခံရမှုများ၊ နွေးနွေးထွေးထွေးဆက်ဆံမှုများ၊ ဖေးမကူ၍ လက်တွဲခေါ်ဆောင်မှုများ မျိုးစုံ ဖြတ်သန်းခဲ့ကြရဖူးပါသည်။ ဆရာနှင့် ထိတွေ့မှုအရှိဆုံး ရက်များကား ၁၉၉၀ ပြည့်နှစ်တစ်ဝိုက်။ ကျွန်တော်တို့ ဘဝတက္ကသိုလ် စာပေဝန်ထမ်းဘဝက ဆရာ၏ စာမူများစွာကို စာအုပ်ဖြစ်အောင် လုပ်ပေးခဲ့ရသည်။ (ရွှေတောင်တက် ဒဿန၊ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ဆည်းကပ်လာသူတစ်ယောက်အကြောင်း (၄)တွဲ၊ ကျူရိုးရှင်(၂)တွဲ၊ ဂိုးလ်စတိန်းနှင့် ကိုယ်တွေ့ ဝိပဿနာ)။

ထိုကာလများ လွန်မြောက်၍ ကျွန်တော် ပန်းဆိုးတန်းလမ်းဘေး စာအုပ်အဟောင်း အရောင်းဈေးသည်ဘဝတွင် ဆရာဦးစီးထုတ်ဝေမည် ဖြစ်သော ဓမ္မရုပ်စုံ ဘာသာရေးမဂ္ဂဇင်းအတွက် ပန်းချီဆရာ၊ အယ်ဒီတာ၊ သတင်းဆောင်းပါးနှင့် ဒီဇိုင်းကိစ္စများတို့ကို နံဘေးမှ ကူညီဆောင်ရွက်ပေးခဲ့ရသည်မှာလည်း အမှတ်တရ နေ့ရက်များ။

ဆရာနှင့် ခရီးသွားရင်း၊ ကြုံဆုံကြရင်း၊ လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြရင်း၊ အတွေးအခေါ်များ၊ နိုင်ငံရေးဒဿနများ၊ လူ့အလွှာစုံမှ အဖြစ်အပျက်များ၊ သူ့ဘဝစာပေနယ်၏ အချိုးအကွေ့များ၊ ကမ္ဘာ့ကိုးကွယ်ရာ ဘာသာကြီးများကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာခဲ့သော အတွေ့အကြုံများ၊ ပုဂ္ဂိုလ်ထူး၊ ဘိုးတော်၊ ဂါထာမန္တန်၊ သက်သတ်လွတ် ကျင့်စဉ်များနှင့် သူ့အမြင်များ၊ လယ်တီဆရာတော်ဘုရားကြီး ပြုစုရေးသားခဲ့သော ဒီပနီများကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုပြီး ကမ္ဘာ့ဈေးကွက်ဝင်အောင် ဖြန့်ချိချင်သည့် အာသီသများ၊ သမ္ပတ္တိခေတ်မှ ဝိပတ္တိခေတ် သို့ဆိုသည့် စာတမ်းတစ်ဆောင်ရေးပြီး သူခံယူထားသော နိုင်ငံရေး အယူအဆ အတွေးအခေါ်သစ်များ စသည်တို့ဖြင့် ဆွေးနွေးမိခဲ့၊ နားထောင်မိခဲ့၊ စွဲလမ်းမိခဲ့သော ကျွန်တော်တို့ ယခုထိ တမ်းတနေမိဆဲ။

ဆရာ၏ လက်ရာ စာအုပ်ပေါင်းများစွာတွင် ကျော်ကြားခဲ့သော စာအုပ်များကား များပြားလှပါသည်။ **ဥပမာ**-ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ၊ တရုတ် တွေးခေါ်ရှင်ကြီးများ၊ ရုရှားတွေးခေါ်ရှင်ကြီးများ၊ ဖီလိုဆိုဖီ ကကြီး ကခွေး၊ ရွှေတောင်တက် ဒဿန၊ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်လာသူတစ်ယောက် အကြောင်း တို့သည် အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေရသော စာအုပ်များဖြစ်သည်။ ရတနာသုံးပါး လေးအုပ်တွဲကြီးသည် ဆရာ့ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲအောင်၊ ကျော်ကြားအောင်၊ ပံ့ပိုးပေးသော စာအုပ်ကြီးဟု ဆိုလျှင် မှားအံ့မထင်။ ထိုစာအုပ်တွဲကြီး၏ ဂယက်လှိုင်းသည် အလွန်ကြီးမားခဲ့သည်။ ယခုလည်း ရှိနေဆဲ၊ ရိုက်နေရဆဲ။

ကမ္ဘာ့ဘာသာကြီးတို့ ခွဲခြမ်းစိတ်ဖြာ၍ မိမိတို့စိတ်အတွင်းသန္တာန်၌ ပြောင်းလဲမှုများစွာ ဖြစ်ပေါ်လာစေခဲ့ပါသည်ဟု စာပေမြတ်နိုးသူအားလုံးနီးပါးမှ တန်ဖိုးထားသော စာအုပ်စာရင်းဝင်များကား ရှားပါးလှပါသည်။ ယခင်ကဆိုလျှင် ဆရာကြီးရွှေဥဒေါင်း၏ တစ်သက်တာအတွေးအခေါ်မှတ်တမ်း။ ဆရာညိုသောင်း၏ ဘာသာကြီးလေးခုတို့လောက်သာ မှတ်တမ်းဝင်၊ ဈေးကွက်ဝင် စကားပြောဖြစ်ခဲ့ကြသည်။ ယခု ထိုကွက်လပ်တွင် ဆရာ့စာအုပ်တစ်အုပ် အပါအဝင် ဖြစ်သွားပေပြီ။

ကမ္ဘာ့ဘာသာတရားကြီးများနှင့် ပတ်သက်၍ ဝေဖန်ချင့်ချိန်နှိုင်းယှဉ်ချင်သော ပုဂ္ဂိုလ်ကြီးများငယ်များအတွက် အထောက်အကူများစွာ ဖြစ်ပေါ်စေခဲ့သော ဆရာတော်များစွာနှင့် စာရေးဆရာကြီးများကို ကျွန်တော်တို့ အမြဲတစေ ဦးညွှတ်မိပါ၏။

ဆရာသည် မည်သည့်ဘာသာရပ်ကိုမဆို လေ့လာစူးစမ်းချင်စိတ် ပေါ်ပေါက်လာပါက နှိုက်နှိုက်ချွတ်ချွတ် စေ့စေ့စပ်စပ် လေ့လာလေ့ရှိသည်ဟု ဆရာစဉ်ဆက် ဆိုစမှတ်ပြုခဲ့ကြရသည်မှာ ကိုယ်တွေ့မျက်မြင်။ အပင်ပန်းခံခြင်း၊ စိတ်ရှည်ခြင်း၊ သည်းခံနိုင်ခြင်း၊ ကျင့်ကြံအားထုတ်နိုင်ခြင်းများမှာလည်း မည်သည့်ပုဂ္ဂိုလ်နှင့်မျှ မတူသောစွမ်းအင်။

၁၉၉၅-ခုနှစ် နောက်ပိုင်းတွင် ဆရာနှင့် ကျွန်တော်တို့ သိပ်မဆုံဖြစ်ကြတော့။ ဆရာမှ တရားထူး တရားဦးများကို ရရှိအောင်၊ အကျင့်သီလများကို ဖြန့်ဖြူးရအောင် သူကိုယ်တိုင် သက်ဝင်ယုံကြည်လျက် ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖြစ် ပီပီပြင်ပြင် ကူးပြောင်းကာ ရဟန်းဝတ်သွားခဲ့သောကြောင့်။

ဆရာ့သတင်းများစွာကို ကျွန်တော်တို့ကြားသိရသည်မှာ အံ့သြဝမ်းမြောက်ဖွယ်ရာများပင်။ မိမိကျင့်ကြံသိရှိသော တရားသစ်၊ အတွေးသစ်များကို လက်လှမ်းမီရာ တပည့်တပန်း ဒါယကာများအား ဟော

ပြောနေသည်။ ထပ်မံတွေ့ရှိသော စိတ်ကူးအတွေးသစ်၊ အမြင်သစ်များကို စာအုပ်စာတမ်းများ ဖြစ်အောင် ရေးသားနေပြီ။ ရေးသားပြီးနေပြီ။ စသည့်… စသည့် သတင်းများကို စာပေဆက်များစွာဆီမှ သတင်းရရှိနေခဲ့သည်။

ထိုနှစ်ပိုင်းများအတွင်းက သဃ်္ဃန်းကျွန်းမြို့နယ်၊ ချမ်းအေး သာသနာ့ရိပ်သာ ဘုန်းကြီးကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မန္တစာပေ ပညာရှင်ကြီးများကို ဂုဏ်ပြုချီးကျူး ကန်တော့ပွဲသို့ ဆရာသည် ရဟန်းဝတ်ဘဝနှင့် ကြွလာသည်ကို ဝမ်းမြောက်ဖွယ်ရာ ဖူးတွေ့ခဲ့ရသည်။ (ကျွန်တော်တို့အတွက် ပထမဆုံးနှင့် နောက်ဆုံး) ဆရာ၏ တပည့်ရင်းဖြစ်သော ဆရာမဒေါ်သီရိ၊ ဆရာမောင်ခေတ်ထွန်း၊ ဆရာမောင်ရင့်ကျူး၊ (မြောင်းမြ)၊ ဆရာချစ်ဦးညိုနှင့် ကျွန်တော်တို့ အမှတ်တရဓာတ်ပုံရိုက်ဖြစ်ကြသည်။ သတင်းစကား မေးဖြစ်ကြသည်။ ဝမ်းသာကြည်နူးမှုပေါင်းများစွာနှင့်။ ဆရာ ရဟန်းတော်ဘဝနှင့်ပင် သာသနာပြုတော့မည်ဆိုသော ဆုံးဖြတ်ချက်ကို သိရတော့ ကျွန်တော်တို့အားလုံး ဝမ်းနည်း ဝမ်းသာနှင့် သာဓုခေါ်မိကြသည်။

ပန်းချီမှာဖြစ်ဖြစ်၊ ဂီတမှာဖြစ်ဖြစ်၊ စာပေမှာဖြစ်ဖြစ်၊ ရုပ်ရှင်မှာဖြစ်ဖြစ်၊ အတွေးသစ်၊ အမြင်သစ်၊ စိတ်ကူးသစ်၊ ဖန်တီးမှုသစ်တွေဖြစ်ပေါ်လာခြင်းဆိုသည်မှာ မဆန်း။ ဆန်းသည်မှာ ဘဝနှင့်ရင်းပြီး၊ အသက်နှင့်ရင်းပြီး စွန့်လွှတ်မှုများစွာကို ရင်းပြီး ရှာဖွေနေသော ဆရာတို့လို ပုဂ္ဂိုလ်ကြီးများငယ်များသာ။

ဆရာတို့လို ပုဂ္ဂိုလ်ကြီးငယ်များကြောင့်သာ ကျွန်တော်တို့ စာပေနယ်နှင့် စာဖတ်ပရိသတ်အတွက် တန်ဖိုးမဖြတ်နိုင်သော အမြင်သစ်ပေါင်းများစွာ၊ ဒဿနပေါင်းများစွာ ပေါ်ထွက်လာခြင်းအတွက် လေးလေးနက်နက် မှတ်တမ်းတင်မိပါသည်။

ယခု ဆရာ ရဟန်းဘဝနှင့် ပျံလွန်တော်မူသွားခဲ့ပါပြီ။

ဆရာ ဤကမ္ဘာမြေ၏ မြင့်မြတ်သော လူသားအဖြစ်မှ ရွှေလျော ပျောက်ကွယ်သွားခဲ့ပါပြီ။ သစ္စာ အမှန်တရားကို ဆရာ သိသင့်

သလောက်၊ မြင်သင့်သလောက် မြင်ခဲ့ပြီ။ ပြည်သူနှင့် ကျွန်တော်တို့ကို ထားရစ်ခဲ့ပါပြီ။ ဆရာကောင်းမွန်ရာဒေသတစ်ခုမှာ ငြိမ်းချမ်းစွာ ရှိနေပါစေလို့ ဆုတောင်းရင်း၊ အမြဲတမ်း ကျွန်တော်တို့ဘဝအတွက် လမ်းညွှန်ပုဂ္ဂိုလ်အဖြစ် ရှိနေပါတယ်လို့ ယုံကြည်ရင်း ရှိခိုးကန်တော့လိုက်ပါတယ် ဆရာ။

ဧွတာရီ ၂၀၀၃-ခုနှစ်၊ ဖွန်လ။

□



# နှလုံးလှဆရာဝန်ကို ဖန်တီးသူ
## သို့မဟုတ်
## ဆရာကျော်အောင်

ကျွန်တော်တို့ကမ္ဘာမြေကြီး၏ လူ့သက်တမ်းတိုတိုလေးတွင် ကျွန်တော်တို့ မြန်မာပြည်မှာမွေး၍ ကြီး၍ လူဖြစ်လာရခြင်းကို အလွန်ကျေနပ်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားသော တိုင်းပြည်ဖြစ်ပြီး မှန်ကန်ခြင်း၊ ရိုးသားခြင်း၊ သိက္ခာ၊ သီလ၊ သမာဓိ၊ ပညာ ဘက်စုံထွန်းကား၍ တော်တည့်ဖြောင့်မတ်သော ပုဂ္ဂိုလ်ထူးများ စဉ်ဆက်မပြတ် ဖြစ်တည်ခဲ့ပြီး လက်ဆင့်ကမ်းသော အမွေကောင်းများနှင့် ရေခံ၊ မြေခံ၊ တောတောင် စိမ့်စမ်း လျှိုမြောင် အထပ်ထပ် ရစ်ပတ်လျက်ရှိသော မြစ်ကြီးများ၊ စေတီပုထိုးများ၊ ယဉ်ကျေးမှုအမွေအနှစ် များစွာရှိသော တိုင်းပြည်ဖြစ်သောကြောင့် ပျော်ရွှင်ဝမ်းမြောက်ခြင်း ဖြစ်ပါသည်။ ဤတိုင်းပြည်ထဲတွင် ဆရာကျော်အောင်ကို မွေးခဲ့သည်။ ဤတိုင်းပြည်ထဲတွင် ဆရာ ကျော်အောင်သည် နှလုံးလှဆရာဝန်ကို ဘာသာပြန်၍ ထုတ်ဝေခဲ့သည်။ ယခု ဤတိုင်းပြည်ထဲတွင် ဆရာကျော်အောင် ကွယ်လွန်ခဲ့ပါပြီ။



ဆရာကြီးဦးကျော်အောင်နှင့် စာရေးဆရာ၊ ဆရာမများ။

တစ်ချိန်တွင် ဆရာမင်းဆွေက သူ၏ 'နာမည်' ဆိုသော စာအုပ်ထဲတွင် 'သက်ရှိအချိန်အခါတွင် ထင်ပေါ်ကျော်ဇောခြင်းရှိရန် အရေးကြီးသကဲ့သို့ မိမိမရှိသည့် တစ်နေ့၌လည်း မိမိနေထိုင်ခဲ့ဖူးသော ကမ္ဘာလောကကြီးပေါ်တွင် မိမိနာမည်တစ်လုံးကိုလည်း ထားရစ်ခဲ့ဖို့ရန် အရေးကြီးသည်' ဟု ဆိုခဲ့ဖူး၊ ရေးခဲ့ဖူးသည်။ ဟုတ်ပါသည်။ မှန်ပါသည်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ထိုသို့ခံယူ ယုံမှတ်ရင်း ကြိုးစားနေဆဲ၊ တည်ဆောက်နေဆဲ။ ထိုအထဲတွင် ဆရာကျော်အောင်က ထိုက်သင့်သောနာမည်၊ ကျေနပ်နှစ်သိမ့်နိုင်သောဂုဏ်၊ မှန်ကန်မွန်မြတ်သော ကျင့်စဉ်တို့ကို တည်ဆောက်ဖန်တီး ရေးဖွဲ့၍ ကျွန်တော်တို့ကို လက်ဆင့်ကမ်းခဲ့သည်ဟု ဆိုပါရစေ။ ဆရာ၏ သမဂ္ဂ အလံတော်အောက်ဝယ်၊ တောရိုင်းမြေ၊ နိဗ္ဗာန်ဘုံပျောက်ဆုံးခြင်း၊ ဂန္ဓဝင်တစ်ဆယ်၊ မြင်းနီကလေး ၊ ဝတ္ထုတို၊ မားလွတ်ကိုင် ဆာမူရိုင်းနှင့် ကိုလာကိုလာယဉ်ကျေးမှု၊ နှလုံးလှဆရာဝန် စသည်··· စသည်။

ဆရာရေးဖွဲ့ ဖန်တီးခဲ့သော စာပေများကို လက်လှမ်းမီသလောက် ဖတ်မှတ်ခဲ့သည်။ ဖတ်ရင်းမှလည်း အားကျ ကြည်နူး

လေးစား မိသည်။ ထိုစာအုပ်တွေ စာတမ်းတွေထဲမှ ကျွန်တော်တို့ အနှစ်သက်ဆုံး စာအုပ်ကား နှလုံးလှဆရာဝန်။ ကျွန်တော်တို့ စာဖတ်စဉ်ကတည်းက စိတ်တိုင်းအကျဆုံး၊ အနှစ်သက်ဆုံး၊ အားကျကြည်ညို၍ အမြတ်နိုးဆုံး၊ အကြိမ်ကြိမ် ပြန်ဖတ်ဖြစ်သော စာအုပ်စာရင်းတွင် ဤစာအုပ်သည် တစ်အုပ်အပါအဝင်။

**ဥပမာ**–ဆရာပါရဂူ၏ ပန်းပုဆရာ၊ ဆရာမြသန်းတင့်၏ မှောင်မိုက်မှာငို၊ ဆရာမကြီးဒေါ်ခင်မျိုးချစ်၏ မိုက်ကယ်အိန်ဂျယ်လို၊ ဆရာရန်ကုန်ဘဆွေ၏ ချီလေသော်လည်း စသည်တို့ထဲတွင် ဆရာ၏နှလုံးလှဆရာဝန် ဘာသာပြန်စာအုပ်သည် တစ်အုပ်အပါအဝင်။ ကျွန်တော်တို့ မြတ်နိုးစွဲလမ်းသော စာအုပ်ကား နှစ်ဆယ်ကျော်ခန့်ရှိပြီး ဤအထဲမှ ယခု ဆရာများ၏ စာအုပ်များသည် နမူနာအဖြစ် တင်ပြခြင်းဖြစ်သည်။

ဆရာနှင့် ကျွန်တော်တို့ စတင်ဆုံစည်းခဲ့သည်မှာ ၁၇ နှစ်ခန့်ရှိပြီ။ ဘဝတက္ကသိုလ်စာပေတိုက်တွင် ကျွန်တော်တို့ ဝန်ထမ်းဘဝဖြစ်ချိန်တွင် ဆရာတို့အဖွဲ့အားလုံးကို မြင်ခဲ့၊ ကြုံခဲ့၊ ဆုံခဲ့ရခြင်းဖြစ်သည်။ အားလုံးထဲတွင် ဆရာ၏ ထူးခြားသောဝတ်စားဆင်ယင်မှုမှာ ပုဆိုးတောင်ရှည်ပုံစံနှင့် ထီးရှည်ကြီး ကိုင်လေ့ရှိပြီး ဤလို ဝတ်ဆင်ပုံမျိုးမှာ ဆရာနှင့် ဆရာဆင်ဖြူကျွန်းအောင်သိန်းတို့သာ ဖြစ်သည်။ ဆရာမင်းကျော်၊ ဆရာနတ်နွယ်၊ ဆရာမောင်နေဝင်း၊ ဆရာကျော်အောင်တို့ကား စာပေနယ်၏ အတွဲကောင်း၊ အဖွဲ့ကောင်းအဖြစ် လူသိထင်ရှားခြင်း ဖြစ်သည်။ ထိုအဖွဲ့သားအားလုံးနှင့် ကျွန်တော်တို့ ကြုံခဲ့၊ ဆုံခဲ့ရခြင်းသည် တန်ဖိုးမဖြတ်နိုင်သော ရလဒ်တစ်ခု။

ဆရာရေးသားထုတ်ဝေခဲ့သော စာအုပ်များထဲမှ တချို့ကို ကျွန်တော် စာအုပ်ဖြစ်အောင် ဖန်တီးပေးခဲ့ရသော အုပ်စုဝင်တစ်ဦးဖြစ်သောကြောင့် ကျွန်တော်တို့ကို ဆရာမှ အမြဲ လှိုက်လှိုက်လှဲလှဲ နွေးထွေးစွာ နှုတ်ဆက်လေ့ရှိသည်။

ထိုနှစ်များ လွန်မြောက်၍ ၁၉၉၂ ခုနှစ်လောက်တွင် ၂၉ လမ်း

ထဲရှိ ယောမင်းကြီးစာပေ (ယခု နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတိုက်) နေရာတွင် ဆရာမောင်ကောင်းမြင့်နှင့် ကျွန်တော်တို့ရှိနေချိန် ဆရာ ရောက်လာသည်။ ဆရာက သူ၏ စာမူတစ်ခုကို ယောမင်းကြီးစာပေ နှင့် ထုတ်ဝေလိုကြောင်း၊ စာမူကို စဉ်းစားစေလိုကြောင်း တိုင်ပင်ကြ သည်။ ဆရာက သူ၏ စာအုပ်တစ်အုပ်ကို ပြန်လည်ရိုက်နှိပ်ရန် အကြံပြုသည်။ ဆရာမောင်ကောင်းမြင့်ကလည်း ထုတ်ဝေရန် အခက် အခဲရှိနိုင်ကြောင်းပြောပြီး ကျွန်တော်တို့ကို တိုင်ပင်သည်။ ကျွန်တော်တို့ ကလည်း ငြင်းပါသည်။ ၄င်းနောက် နှလုံးလှဆရာဝန်၊ ကျွန်တော်တို့ ကြိုက်သော်လည်း ဖောင်ထုတ်၍ စဉ်းစားကြရန် ဆုံးဖြတ်သည်။ ဆရာ မျက်နှာမကောင်းတော့ပါ။ ကျွန်တော်တို့ ထပ်မံအကြံပြုဖြစ်ပါသည်။ ဆရာတို့နှစ်ဦးစလုံး ကြိုက်နှစ်သက်သွားကြသည်။ ထိုစာအုပ်သည် ယခုအသစ်တစ်ဖန် မြင်တွေ့ ဖတ်ရှုရနေသော 'ဂန္ဓဝင်တစ်ဆယ်' စာအုပ်ပင် ဖြစ်ပါသည်။

ထို့နောက်ပိုင်းရက်များတွင် ဆရာ့ကို ကျွန်တော်တို့၏ ဝန်းကျင် တွင် သိပ်မဆုံဖြစ်ကြတော့ပါ။ ဆရာ့ကို နီးနီးကပ်ကပ်နှင့် ပြန်လည် ဆုံတွေ့ရသည်မှာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်သောနေ့က ကျွန်တော်တို့ ဆရာ့အနီးမှာ ဝမ်း မြောက်ကြည်နူးစွာ တပူးတွဲတွဲ ရှိနေခဲ့သည်။ ကျွန်တော်တို့က ထိုညီလာခံဖြစ်မြောက်ရေး အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်နေသောကြောင့် နီးကပ်စွာ ရှိနေခြင်းဖြစ်သည်။ ဆရာလည်း ဝမ်းမြောက်နေသည်။ ထိုအခမ်းအနားတွင် ဥက္ကဋ္ဌသစ် မိန့်ခွန်း၌ ဆရာက မည်သည့် စာရေး ဆရာမဆို ရာထူးဂုဏ်ရှိန်၊ တိုက်တာခြံမြေရရှိမည့် အခွင့်အရေးကို မမျှော်ကိုးဘဲ မိမိတို့၏ စာပေရေးသားမှုနှင့် ပြည်သူကို အလုပ်အကျွေး ပြုဖို့သာ အစဉ်တစ်စိုက် ကြိုးပမ်းသွားကြဖို့သာ တိုက်တွန်းကြောင်း တိုတိုတုတ်တုတ် မိန့်ခွန်းခြွေခဲ့သည်။

နောက်ရက်တွင် လေ့လာရေးခရီး။ ထိုအစီအစဉ်တွင်လည်း ဆရာ့အနီးမှာ ကျွန်တော်တို့ နီးကပ်စွာ ရှိနေခဲ့သည်။

ဆရာသည် နိုင်ငံအတွင်းရှိ မြို့ရွာများတွင် စာပေနှင့် စာနယ်ဇင်း ဖွဲ့စည်းရေး၊ စာပေဟောပြောပွဲ၊ စာပေစည်းရုံးရေး ခရီးစဉ်ပေါင်းများစွာ ကို ဦးဆောင်၍ သွားရောက်ရင်း တစ်ဖက်မှ စာအုပ်စာတမ်းများ အမြဲတစေ ရေးဖွဲ့လေ့ရှိသည်။ ထိုနောက်ပိုင်း ရက်များတွင် စာဆိုတော် နေ့၊ သက်ကြီးပညာရှင်ကြီးများ ကန်တော့ပွဲများ၌ ဆရာသည် တက် တက်ကြွကြွ ဥက္ကဋ္ဌတာဝန် ကျေပွန်စွာဖြင့်။

နောက်ဆုံးတစ်ကြိမ် အမှတ်တရဖြစ်စရာကား ကျွန်တော်တို့ ကိစ္စတစ်ခုဖြင့် မကွေးမြို့သို့ ရောက်ရှိချိန်။ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဆရာချစ်နိုင်(စိတ်ပညာ)တို့ အထက်အညာဒေသများရှိ ပြန်ဆက်ရုံးများကို ဝင်ရောက်စစ်ဆေးရင်း စာပေဟောပြောပွဲများကို ကျင်းပခဲ့ကြောင်း၊ ယခုည မကွေးမြို့တွင် ဟောပြောမည်ဖြစ်ကြောင်း ကျွန်တော်တို့ မိတ်ဆွေများက ပြောကြား ခဲ့သဖြင့် ကျင်းပမည့်နေရာခန်းမသို့ သွားရောက်ခဲ့ကြသည်။ သို့သော် မကျင်းပဖြစ်။ ခရီးပန်းသဖြင့် ဆရာတို့ နားနေကြကြောင်းကို ဆရာ ချစ်နိုင်(စိတ်ပညာ)က ပြောပြီး မနက်ဖြန် ရန်ကုန်ပြန်မည်ဆိုလျှင် သူတို့နှင့် ပြန်လိုက်နိုင်ကြောင်း ပြောသည်။ နောက်တစ်နေ့ မနက် စောစောချိန်းဆိုထားရာ တပ်ခန်းမသို့ ကျွန်တော်တို့ ရောက်သွားသည်။ ဆရာက ကျွန်တော်တို့ကို တွေ့ရလျှင် အံ့အားသင့်ပြီး နှုတ်ဆက်ပါ သည်။ မကြာခင် စားသောက်ပြီးစီး၍ ရန်ကုန်သို့ ပြန်ခဲ့ကြသည်။ မှတ်မှတ်ရရ နေ့ရက်များ။

ထိုနောက်ပိုင်းရက်များတွင် ဆရာနှင့် ကျွန်တော်တို့ မဆုံဖြစ် ကြတော့။ ဆရာ ဟောပြောပွဲတွေ၊ နိုင်ငံခြားခရီးစဉ်တွေ၊ လေ့လာရေး ခရီးစဉ်တွေမှာ ပင်ပန်းပြီး အနားယူနေကြောင်း စသည်…စသည် သတင်းများ ကြားရသည်။

မကြာမီ ဆရာ ရုတ်တရက် ကွယ်လွန်သည့်သတင်းကို ကျွန်တော်တို့ ကြားခဲ့ရသည်။ ဆရာကွယ်လွန်ချိန်တွင် ကျွန်တော်တို့

ဘဝမှာလည်း သောကတွေဝေလျက်။ ထို့ကြောင့် ဆရာ့ရှာပနကို မသွားဖြစ်ခဲ့။ မရောက်ဖြစ်ခဲ့။ တာဝန်မကျေခဲ့။

ကျွန်တော်တို့ မြန်မာစာပေနယ်တွင် အစားထိုး၍မရနိုင်သော ဆရာတွေ ရုတ်တရက် တစ်ဖြုတ်ဖြုတ်ကြွေ။ ဥပမာ-ဆရာ မြသန်းတင့်၊ ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ဆရာလင်းယုန်မောင်မောင်နှင့် အခြားဆရာကြီးငယ်များစွာ။

စာပေအနုပညာ ရေစီးထဲမှာ ဆရာတို့ အင်အားနှင့် အဟုန်ပြင်းပြင်းနှင့် ရင်ဆိုင်ခဲ့ကြရသည်မှာ ကျွန်တော်တို့ အားကျစရာ၊ အတုယူစရာ၊ လေးစားစရာ၊ မြတ်နိုးစရာ။

ကျွန်တော်တို့ အညာကျေးလက်ဒေသတွေကို ရောက်တိုင်းလည်း ဆရာ့ နှလုံးလှဆရာဝန် စာအုပ်ထဲမှ ဇာတ်ဆောင် နော်မန်ဗက်သွန်းလို ဒေါက်တာမျိုးတွေကို တမ်းတမ်းတတ မှန်းမျှော်မိဆဲ။ အဲဒီလို စာအုပ်မျိုးတွေကို ဘာသာပြန်မည့် ဆရာကောင်းကောင်းတွေကို မျှော်လင့်ဆဲ၊ တမ်းတဆဲ။

ကျွန်တော်တို့ လွမ်းရစ်ဆဲ။

ဆရာ ကောင်းမြတ်တဲ့ဘဝကို ရောက်ပါစေလို့ ဆန္ဒပြုရင်း။

ငွေတာရီ မဂ္ဂဇင်း၊ ၂၀၀၃။

❒



## မွှေးမြနေဆဲမှာပဲ ကြွေ...

## (ဆရာမကြီး ဒေါ်ခင်နှင်းယု)

ထိုနေ့က ကျွန်တော်တို့ ယုဇနဥယျာဉ်မြို့တော်၏ ကုံကော်လမ်းမ ကြီးပေါ်မှာ။ ဆရာမ မသက်ဆွေက ဆရာမကြီးဒေါ်ခင်နှင်းယု ဆုံးပြီ ဆိုသောသတင်းကို ပေးသည်။ 'ဟာ' ဟူသော ကျွန်တော့်အသံသည် ပတ်ဝန်းကျင်မှ လူများကို အံ့အားတသင့် ဖြစ်သွားစေသည်။ မတတ်နိုင် ပါ။ စိတ်မကောင်းပါ။

ဆရာမကြီး ကျန်းမာရေးအခြေအနေ မကောင်းတော့ပါဟူသော သတင်းစကားများက စာပေမိတ်ဆွေများဆီမှ နေ့စဉ် ကြားသိနေရသည် မှာ ကြာပြီ။ ယခုတော့ ကွယ်လွန်ရှာပြီတဲ့။ ယခုရက်ပိုင်း၊ နှစ်ပိုင်း အတွင်း ကျွန်တော်တို့ မြတ်နိုးမိ၊ စွဲလမ်းမိ၊ တမ်းတမိ၊ ရင်းနှီးသိကျွမ်း လေးစားခဲ့ရသော စာရေးဆရာကြီး၊ ဆရာမကြီးများ တဖြုတ်ဖြုတ် ကြွေ…။ ဆရာကြီးလင်းယုန်မောင်မောင်၊ ဆရာပန်းချီစံတိုး၊ ဆရာ ဦးဆန်းလွင်၊ ယခု ဆရာမကြီးဒေါ်ခင်နှင်းယု။



ဆရာမကြီး ဒေါ်ခင်နှင်းယုနှင့် ဆရာမောင်သွေးသစ်။

သင်္ချိုင်းရဆိုသည်မှာ ကျွန်တော်တို့ လူသားများအတွက် လွန်ဆန်၍ ရကောင်းသောအရာ မဟုတ်။ သို့သော် တိုင်းပြည်အတွက်၊ လူမျိုးအတွက်၊ ဘာသာ သာသနာအတွက် အဘက်ဘက်မှ ထူးချွန်သော ပုဂ္ဂိုလ်ကြီးငယ်များအတွက် ခြွင်းချက်ကလေး ထားပေးပါဟု ပြောလို့ ရလျှင် ကောင်းလေစွ။

ကျွန်တော်တို့ စာပေအနုပညာနယ်တွင် ဇနီးမောင်နှံအတွဲညီ၍ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းကြ၍ အောင်မြင်မှု ရရှိကြသည့် ဆရာကြီး၊ ဆရာမကြီးကား နည်းလှပါသည်။ ထိုပုဂ္ဂိုလ်များထဲတွင် အမှတ်တရ အဖြစ်ဆုံး ဇနီးမောင်နှံများကား ဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ဆရာမကြီး ဂျာနယ်ကျော် မမလေး၊ ဆရာကြီး မိုးကြိုးဦးအုန်းခင်နှင့် ဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး၊ ဆရာကြီးဇော်ဂျီနှင့် ဆရာမကြီး ဒေါ်စောရင်၊ ဆရာကြီး ဦးတက်တိုးနှင့် ဆရာမကြီး ဒေါ်နုယဉ်၊ ဆရာကြီး ဦးခင်မောင်လတ်နှင့် ဆရာမကြီးဒေါ်ခင်မျိုးချစ်၊ ဆရာကြီး ဦးတိုက်စိုးနှင့် ဆရာမကြီး တက္ကသိုလ်ဒေါ်မြစိမ်း၊ ဆရာကြီး မင်းယုဝေနှင့် ဆရာမကြီး ငွေတာရီ၊ ဒုတိယမိုလ်မှူးကြီး ကျော်သောင်း

နှင့် ဆရာမကြီး ဒေါ်ခင်နှင်းယုတို့သည် ထင်ရှားကြသည့် ပုဂ္ဂိုလ်များ။

ထိုဆရာကြီး၊ ဆရာမကြီးများ၏ စွမ်းဆောင်ခဲ့သော အနုပညာလက်ရာများကား ကျွန်တော်တို့တိုင်းပြည်အတွက် အဖိုးမဖြတ်နိုင်သော ရတနာများ။

ကျွန်တော်တို့နှင့် ဆရာမကြီးများ အနီးကပ်ဆုံး ရင်းနှီးခဲ့ရသော ရက်များကား ဆရာမကြီး၏ မွေးနေ့ပွဲများ၊ ကျန်းမာရေးချို့တဲ့သော စာရေးဆရာ၊ ဆရာမများကို ငွေလှူဒါန်းသော အခမ်းအနားများ၌သာ ဖြစ်သည်။

ကျွန်တော်တို့ စာပေဝန်းကျင်၌ လှုပ်လှုပ်ရှားရှား သွားလာ နေချိန်တွင် ဆရာမကြီးက ချမ်းမြေ့ရိပ်သာ တရားစခန်းမှာ၊ နိုင်ငံခြားမှာ၊ ဆေးရုံပေါ်မှာ။ ထို့ကြောင့် ဆရာမကြီးနှင့် ကျွန်တော်တို့သည် လူချင်းသိရုံသာသာနှင့် တယ်လီဖုန်းဆက် စကားပြောဖြစ်ရုံသာ ဆုံဖြစ်ခဲ့ကြသည်။

ယခင် ဆုံဖြစ်၊ စကားပြောဖြစ်ကြသည်မှာလည်း မိမိအပေါ် နားလည်မှုရှိသော စာရေးဆရာကြီးများငယ်များကြောင့်သာ တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

ယခင်နှစ်ပိုင်းများတွင် ဆရာမကြီး၏စာအုပ်များ တစ်အုပ်ပြီးတစ်အုပ် ပြန်လည်ထုတ်ဝေခဲ့ကြသည်။ **ဥပမာ**-မွေး၊ ထိပ်စုဖုရားမဖျိုင်း၊ လမင်းကြီးသာစမ်းပါ၊ ပန်းပန်လျက်ပါ၊ သခွတ်ပန်း၊ အောင်မြင်သောနေ့၊ ရေချိုတွင်း၊ ဖေဖေ။ ထို့နောက် လုံးချင်းဝတ္ထုသစ်များဖြင့် မြကြာဖြူ၊ ဥသြတွန်တဲ့ လရာသီ စာအုပ်များ။

ယခုပိုင်းများအတွင်းမှာပင် ချယ်ရီမဂ္ဂဇင်း၌ ဆရာမကြီး လစဉ်အခန်းဆက် ရေးသားနေသော မုဆိုးမပုံပြင်ကို ဖတ်ကြည့်မိသေးသည်။ ဆရာမကြီး၏ မပြီးဆုံးခဲ့သော စာပေပန်းချီကား။

ဆရာမကြီး၏ စာပေရေးဖွဲ့နိုင်မှုစွမ်းအားကို ကျွန်တော်တို့ အမြဲတစေ လေးစားခဲ့ရသည်။ ကျွန်တော်တို့ အမြတ်နိုးဆုံး၊ တန်ဖိုးအထား

ဆုံး စာရေးဆရာမကြီး နှစ်ဦးရှိပါသည်။ တစ်ဦးမှာ ဆရာမကြီးဂျာနယ်ကျော်မမလေး၊ တစ်ဦးမှာ ဆရာမကြီးဒေါ်ခင်နှင်းယု။ ဆရာမကြီးနှစ်ဦး၏ ရေးဖွဲ့ခဲ့သော ရသဝတ္ထုများ၊ ဆောင်းပါး၊ နိုင်ငံရေး၊ ဘာသာရေးအမြင်များသည် မည်သူနှင့်မျှ မတူဘဲ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အရေးများဖြင့် အမြဲတစေ ကြိုက်နှစ်သက်ခဲ့ရသည်။ စာအုပ်ပေါင်းများစွာကို ရေးဖွဲ့ခဲ့ကြသော်လည်း တစ်အုပ်နှင့်တစ်အုပ် မတူအောင်၊ မထပ်အောင် ဇာတ်အိမ်ဆင်၍ ရေးသားဖွဲ့နွဲ့ကြသည်မှာ ကျွန်တော်တို့အားလုံး အတုယူစရာ၊ အားကျစရာ။

ဆရာမကြီးဒေါ်ခင်နှင်းယု၏ စာအုပ်များတွင် ကျွန်တော်တို့အကြိုက်ဆုံးစာအုပ်ကား ဖေဖေ။ ကျွန်းမာရေးချို့တဲ့ရှာသော ဖခင်အိုကြီးကို နိုင်ငံအတွက်၊ စာပေအတွက် အားကြိုးမာန်တက်၊ လုပ်ကိုင်နေရင်းမှ နာရီမလပ်၊ နေ့ရက်မခြား၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ အနွံတာခံခဲ့၊ သည်းညည်းခံခဲ့၍ တစ်ဖက်မှလည်း လင့်ဝတ္တရားကို ကျေပွန် အောင် ဆောင်ရွက်ခဲ့သော အမျိုးသမီးတစ်ဦး၏ အားမာန်၊ ခံစားမှု၊ ဖြတ်သန်းမှုမျိုးစုံနှင့် သူ့ဘဝ တစ်စိတ်တစ်ဒေသ ပါဝင်သည့် အတ္ထုပ္ပတ္တိ ဝတ္ထုစာအုပ်ကိုသာပင်။

မြန်မာ့သမိုင်း နိုင်ငံရေးနှင့်ပတ်သက်၍ ဆရာမကြီးကား ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်ခဲ့ရသည့် ပုဂ္ဂိုလ်ဖြစ်သဖြင့် ထက်မြက်သော နိုင်ငံရေးအယူအဆများ၊ မိမိလက်လှမ်းမီရာဘဝ၊ ကြီးပြင်းခဲ့ရာဒေသ၊ ဖတ်မှတ်ခဲ့သော နိုင်ငံတကာစာပေများကို အခြေခံ၍ ပြန်လည်ခံစား ရေးသားတင်ပြတတ်သည့် အဖွဲ့အနွဲ့များ၊ ကဗျာကောင်းများ၊ မိမိကျင်လည်ရာ ဝန်းကျင်တွင် ထူးချွန်သည့် အမျိုးသမီးအဖြစ် အားလုံးက လက်ခံခဲ့ရသည့် ဆရာမကြီးလို ပုဂ္ဂိုလ်မျိုးကား ရှားပါးလှစွာ။

ဆရာမကြီး၏ စာပေခံယူချက် သဘောတရားနှင့်ပတ်သက်၍ ရှုမဝမဂ္ဂဇင်း၊ အတွဲ-၁၈၊ အမှတ်-၂၀၆၊ ဇူလိုင်လ၊ ၁၉၆၄၊ စာမျက်နှာ

၂၂၂-၂၂၈ ပါ **ဇီဝဇိုး**ဆိုသော ဆောင်းပါးမှ ကောက်နှုတ်ချက်ကို အနည်း ငယ် ဖော်ပြချင်ပါသည်။

'စင်စစ်မတော့ စာရေးဆရာဆိုသည်မှာ ဇီဝဇိုးငှက်ပါပင်တည်း။ ဇီဝဇိုးငှက်သည် ပျံလွှားငှက်မျိုးတွင် ပါဝင်၏။ သူသည် ပင်လယ် အဏ္ဏဝါအနှံ့၊ တောတောင်အနှံ့ ပျံသန်းကာ သူနားရာ ကျောက်ဆောင် သို့ ပျံလာ၏။ သူ၏ အသိုက်အား သူတစ်ပါးတို့ကဲ့သို့ သစ်ကိုင်း၊ သစ်ရွက်တို့နှင့် မလုပ်၊ အာခေါင်၌ဖြစ်သော အာစေးကို အန်ထုတ်၍ အသိုက်ပြု၏။ တစ်ခါတစ်ရံ အန်ရလွန်း၍ ထိုအာစေးတွင် ရင်မှသွေး များပင်ပါ၍ လာတတ်သည်။

သို့သော် ထိုငှက်သိုက်ကို စားသုံးရသူ လူသားတို့အဖို့ အင်အား ပြည့်စုံ ကာ ရသာထူးနှင့် ပြည့်စုံလှ၏။

ကျွန်မတို့သည်လည်း လူ့လောက ဗွေအဏ္ဏဝါတွင် ပျံသန်းလေ့ လာရင်းမှ ကျွန်မတို့ရင်၌ဖြစ်သော စာပေကို အန်ထုတ်ကာ အသိုက် ပြု၍ လောကသားတို့အား ပေးအပ်ပါတည်း။ တစ်ခါတစ်ရံ ရင်မှသွေး သည်လည်း ငှက်သိုက်တွင် လိမ်းကျံလျက် ပါလာခဲ့၏။ သို့သော် စားသုံးသူ လူသားတို့၌ ခွန်အားဗလပြည့်စုံသည် ဆိုငြားအံ့။ ဤရင်မှ သွေးချောင်းပင်စီးပါစေ၊ သေသည်အထိ မပြတ် အန်ထုတ်သွားကြမည် ဖြစ်၏။ ဤစေတနာသည်သာလျှင် ကျွန်မတို့ စာရေးဆရာမတို့၏ ကုသိုလ်ပင်တည်း'။

ဤစာပေမှတ်စုတိုကလေးသည် ကျွန်တော်တို့ စာပေအနုပညာ နယ်မှ ရည်ညွှန်းနေသလို စာဖတ်ပရိသတ်နှင့် အကျုံးဝင်ပတ်သက် သည်ဟု ဆိုပါရစေ။ အနုပညာနယ်တွင် ထွန်းပေါက်ကျော်ကြားသူတိုင်း သည် ယခုလို ခံယူချက်မျိုး ရှိကြစမြဲ။ ရှိနိုင်အောင်လည်း ကြိုးစား သင့်ကြစမြဲ။

ယခု ဆရာမကြီး ကွယ်လွန်ခြင်းသည် ကျွန်တော်တို့ မြန်မာ့ စာပေနယ်အတွက် ကြီးမားသော ဆုံးရှုံးမှုကြီးတစ်ခုပင်။ အစားထိုးရန် ခက်ခဲသော ကွက်လပ်တစ်ခုဟု ယုံကြည်မိသည်။

ဆရာမကြီးခင်ဗျား…

ဆရာမကြီး ရေးသားထုတ်ဝေခဲ့သော 'ပွဲတွေ့အမြွတ်တရား' ဘာသာရေးစာအုပ်ပါ တရားထူး၊ တရားမြွတ်၊ အတွေးသစ်၊ အမြင်သစ်များကို ကျွန်တော်တို့ ဖတ်ရှုခံစားနှစ်သက်မိသလို ဆရာမကြီးကိုယ်တိုင်လည်း ကောင်းမွန်ရာ၊ ငြိမ်းချမ်းရာမှာ ကြည်နူးစွာ ရှိနေပါစေလို့ ဆုတောင်းရင်း……

ကျမ်းကိုး ။ ။ ဆရာမကြီး၏ ရှာပနနေ့တွင် ဝေငှခဲ့သော အတ္ထုပ္ပတ္တိ စာတမ်း။

ငွေတာရီမဂ္ဂဇင်း -၂၀၀၃-

## မေ့မရနိုင်သော ဦးစံတိုး

ထိုနေ့က ဆရာဦးစံတိုး ဆုံးပြီဆိုသောသတင်းကို ကျွန်တော်တို့ သိရတော့ မြမြင်းမိုရ် စခန်းသွင်းလေ့ကျင့်ဘော်ဒါ၏ ရုံးခန်းမှာ။ ကျွန်တော်တို့ ဆရာဦးထူးအောင်ကို ခွင့်တောင်းလျက် ဆရာဦးစံတိုး နေအိမ်ရှိရာသို့ သွားဖြစ်ခဲ့ကြသည်။

ယခုရက်ပိုင်းများသည် ကျွန်တော်တို့ ဆရာဦးထူးအောင်နှင့် တိုင်ပင်လျက် ကိုထူးအောင်၊ မခင်စော စာအုပ်တိုက်ကို တည်ထောင်ပြီး မြန်မာ့စာပေနယ်၏ ဂန္ထဝင် စာအုပ်ကောင်းများကို ဝယ်ယူရိုက်နှိပ် ဖြန့်ချိရန် ကြိုးပမ်းဆဲကာလများ။

ဆရာကြီးပါရဂူ၏ အမေ့ခံခရီးသည် ဝတ္ထုကြီးသည် သမိုင်း နောက်ခံ ဝတ္ထုရှည်ကြီးများကို ရေးသားလေ့ရှိသည့် ကမ္ဘာကျော် သုတေသီပညာရှင်၊ အတွေးအခေါ်ပညာရှင်၊ ဝတ္ထုရေးဆရာ၊ မဟာ ခရီးသည်၊ သမိုင်းဆရာ တစ်ဦးဖြစ်သော အိန္ဒိယနိုင်ငံမှ ရာဟုလာ သံကိစ္စည်း၏ 'ဝိဆမရိတယာတြီ' ဆိုသော ဝတ္ထုကြီးကို ဘာသာပြန်ဆို ထားခြင်း ဖြစ်သည်။

၁၉၉၇ ခုနှစ် ဩဂုတ်လတွင် နှလုံးလှ စာပေထုတ်ဝေဖြန့်ချိရေး မှ (ပထမအကြိမ်) ထုတ်ဝေခဲ့ခြင်း ဖြစ်ပြီး ၄င်းစာအုပ်မျက်နှာဖုံး သရုပ်ဖော်ကို ဆရာဦးစံတိုးမှ ရေးဆွဲပေးခဲ့ခြင်း ဖြစ်သည်။

ယခု ဒုတိယအကြိမ်အဖြစ် ပြန်လည်ရိုက်နှိပ်ရန် စီစဉ်ဆောင် ရွက်နေစဉ်၊ ဆရာ့ပန်းချီလက်ရာကို အသုံးပြုရန် တိုင်ပင်နေစဉ် ဆရာ



ဆရာ ပန်းချီ ဦးစံတိုးနှင့် သူ၏မိတ်ဆွေများ။

ကွယ်လွန်ခဲ့ခြင်းသည် ကျွန်တော်တို့အတွက် ကြီးမားသော ဆုံးရှုံးမှုကြီး တစ်ခု။

ဖျားသည်၊ နာသည် ကြိုတင်မသိရဘဲ ရုတ်တရက် ကွယ်လွန်ခြင်းသည် ဆရာမြသန်းတင့်၊ ဆရာကျော်အောင်၊ ဆရာစံတိုးတို့လည်း အမှတ်တရပုဂ္ဂိုလ်များ။

ဆရာနှင့် ကျွန်တော်တို့ တွေ့ထိဆက်ဆံခဲ့ခြင်းမှာ ယခုဆိုလျှင် ၁၇-နှစ်ကျော်။ ဘဝတက္ကသိုလ်စာပေတိုက်၏ ဝန်ထမ်းဘဝ ရှိချိန်များ ကတည်းက။

၁၉၈၄-၈၅ ခုနှစ်များက ဘဝတက္ကသိုလ်စာပေထုတ်ဝေရေး လုပ်ငန်းများ အောင်မြင်ခဲ့သည်ဖြစ်၍ တိုက်သို့ ဝင်ထွက်သွားလာခဲ့သူ များတွင် ဆရာသည် ပင်တိုင်ပုဂ္ဂိုလ်တစ်ဦး။

ဟိုတစ်ချိန်က ထိုဝန်းကျင်တွင် ဆရာမြသန်းတင့်၊ ဆရာ မင်းကျော်၊ ဆရာမောင်နေဝင်း၊ ဆရာဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာ နတ်နွယ်၊ ဆရာဦးဆန်းလွင်၊ ဆရာမောင်ထွန်းသူ၊ ဆရာမောင်ပေါ်ထွန်း၊ ဆရာမောင်သွေးသစ်၊ ဆရာစံတိုး၊ ဆရာတင်မောင်မျင့်၊ ဆရာဝသုန်၊ ဆရာကျော်သောင်း၊ ဆရာမောင်မောင်သိုက်တို့ အမြဲပင် တပူးတွဲတွဲ

နှင့် သက်ဝင်လှုပ်ရှားခဲ့ကြသည်ကို နံဘေးမှ ကြည်နူးစွာ တွေ့ခဲ့ရသည်။ ကြုံခဲ့ရသည်။

ဆရာနှင့် ပတ်သက်လျှင် စာပေပန်းချီနယ်တွင် စာဖတ်နာသည်။ စာအုပ်စုဆောင်းသည်ဟု ဆိုစမှတ်ပြုကြသည်။ မှန်ပါသည်။ ဆရာ စာအလွန်ဖတ်ပါသည်။ မှတ်လည်းမှတ်ပါသည်။ ထို့ကြောင့် ထင်သည်။ ဆရာ့ပန်းချီတို့ အမြဲ ဆန်းသစ် သက်ဝင်လှုပ်ရှားလျက်၊ လှပလျက်၊ ခေတ်မီလျက် ရှိသည်။ ဆရာ့တွေးပုံ၊ ရေးပုံ၊ ယူဆပုံများကို ကျန်သော ပန်းချီဆရာကြီးငယ်များကို လမ်းညွှန်နေသလိုလို။

ကမ္ဘာသိ၊ နိုင်ငံသိ၊ တိုင်းပြည်သိ ပန်းချီဆရာ အလွန်ရှားသေးသော ကျွန်တော်တို့ တိုင်းပြည်တွင် စာဖတ်၍ တန်ဖိုးထားဖြစ်သော ပန်းချီပုဂ္ဂိုလ်ကြီးများမှာ ဦးဘညာဏ်၊ ဦးငွေကိုင်၊ ဦးဘကြည်၊ ဦးပေါ်ဦးသက် တို့ပင်ဖြစ်ပြီး ဘဝတွင် အဝေးအမြင်။ ယခု ဦးစံတိုးနှင့် ပတ်သက်လျှင်တော့ လူရော၊ စာရော၊ ပန်းချီရော အနီးမြင်။

ဆရာတို့ ဦးဆောင်ခဲ့သော စာနယ်ဇင်းသရုပ်ဖော် ပန်းချီဆရာကြီးများ ကန်တော့ပွဲများသို့ ကျွန်တော်တို့ တတ်အားသမျှ ငွေနှင့် လူကိုယ်တိုင် အကြိမ်ကြိမ် တက်ရောက်ဖူးပါသည်။ ဆရာ၏ နွေးထွေးသော အပြုံးကြောင့်လည်းကောင်း၊ ရင်းနှီးခင်မင်လွယ်သော စိတ်ထားကြောင့်လည်းကောင်း၊ ဆရာ့အနီးတွင် လူကြီး လူငယ် ပရိသတ် အမြဲရှိလျက်၊ ဝေစည်လျက်။ ဆရာသည် မိမိထက် အသက်၊ ပညာကြီးသူများရှေ့တွင် အမြဲကျိုးနွံလျက်၊ ပျော့ပျောင်းလျက်။

စာပေနယ် မဂ္ဂဇင်းတိုက်ဖွင့်ပွဲ၊ ဂျာနယ်တိုက်ဖွင့်ပွဲ၊ သာရေးနာရေးပွဲများတွင် ဆရာသည် တက်တက်ကြွကြွ ရောက်လာမြဲ။ နွေးနွေးထွေးထွေး ဆက်ဆံမြဲ။ ဆရာနှင့် နှစ်ပေါင်းများစွာ တွေ့ဆုံကြုံတွေ့ခဲ့ရသော်လည်း ဆရာ့တွင် ဒေါသထွက်၊ ရန်ဖြစ်စကားများ တာမျိုး မကြုံခဲ့ရဖူးပါ၊ အမြဲပင်နူးညံ့၍ ပြုံးပြုံးလေး။ အောင်မြင်ကျော်ကြားနေသောပုဂ္ဂိုလ် ဖြစ်သော်လည်း မပြောင်းလဲသော စိတ်

သဘောထားကို အမြဲ တွေ့နေရသည်။ ဆရာ့အတွက် ဝမ်းမြောက်ကြည်နူးရသည်။

ယခုအချိန်တွင် ဆရာနှင့် တပူးတွဲတွဲ လှုပ်ရှားသွားလာခဲ့ကြသော စာရေးဆရာကြီးများ၊ သတင်းစာဆရာကြီးများ၊ ပန်းချီဆရာကြီးများလည်း သင်္ခါရလေအဝှေ့မှာ တဖြုတ်ဖြုတ်ကြွေ၊ ဝေနေဆဲပုဂ္ဂိုလ်များမှာလည်း အရွယ်တွေ ကြီးမြင့်လာကြ၊ နာမကျန်းတွေ ဖြစ်လာကြ၊ နေ့စဉ် တွေ့ဆုံရင်းနှီးမှုတွေ ဝေးကွာလာကြ၊ အကြောင်းကြောင်းကြောင့် လမ်းခွဲသူတွေ များခဲ့ကြ။

ထိုအထဲမှ ယခု ဆရာလည်း ဝေဆဲ၊ နေဆဲ၊ လှဆဲ၊ မွေးမြဲဆဲမှာ ကြွေလဲခဲ့ပြန်ပြီပေါ့။

ပန်းချီ၊ စာပေ၊ ဂီတ စသည့် အနုပညာအသီးသီးမှာ မေ့မရနိုင်သော၊ မေ့မပစ်ထိုက်သော၊ အမြဲမမေ့အပ်သော ပုဂ္ဂိုလ်ဆိုသည်မှာ ရှားမှရှားပါ။ ဘဝသံသရာခရီးမှာ အမေ့ခံရသောပုဂ္ဂိုလ်တွေ များလှစွာပင်။ ထိုအထဲမှာ ဆရာမပါဟု ကျွန်တော်တို့ ယုံကြည်ပါတယ်ဆရာ။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတစ်ယောက်ပီပီ ကံကို ယုံသလို သံသရာကိုလည်း ယုံပါတယ် ဆရာ။ ဒီလို ခွဲခွာခြင်းတွေရဲ့ အခြားတစ်နေရာမှာ၊ တစ်ချိန်ချိန်မှာ၊ တစ်ကွေ့ကွေ့မှာ ကျွန်တော်တို့နဲ့ ဆရာ ပြန်လည်ဆုံစည်းကြလိမ့်ဦးမယ်လို့ ယုံကြည်ပါတယ် ဆရာ။

ဆရာကို ချစ်ခင်မြတ်နိုးလေးစားရင်း၊ ယုံကြည်ခြင်း၊ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ ကန်တော့ခြင်း လက်ဆောင်နဲ့ နှုတ်ဆက်လိုက်ပါတယ် ဆရာ…။

အမေ့ခံခရီးသည် မဟုတ်သော…

အမေ့မခံရသော…

မေ့ပစ်၍ မရသော (ဦးစံတိုး)ရယ်…။

(လွမ်းဖွယ့်စံတိုး စာအုပ်ပါဆောင်းပါး၊
၂၀၀၃-ခုနှစ်၊ ဒီဇင်ဘာလထုတ်)

❐

# မြန်မာပြည်၏ နောက်ဆုံး လင်းယုန်

## (ဆရာလင်းယုန်မောင်မောင်)

ကျွန်တော်တို့ မြန်မာပြည်၏ စာပေ၊ ပန်းချီ၊ နိုင်ငံရေး အနုပညာ ရေစီးကြောင်းကြီးထဲတွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို အစွဲပြု၍၊ မိမိတို့ တည်ထောင်သော၊ စွဲလမ်းသော နာမည်ကို ကိုယ်စား ပြု၍ စာရေးဆရာကလောင် အမည်အဖြစ် ရေးဖွဲ့ခဲ့ပါသည်။ စာရေး ဆရာ ကလောင် တပ်ယူရလောက်အောင် ဩဇာကြီးမားခဲ့သော စောင်ရေ၊ ဂုဏ်သိက္ခာ၊ ရည်မှန်းချက် ကြီးကြီးမားမားနှင့်။

**ဥပမာ**-မြန်မာ့အလင်းသတင်းစာ၊ သူရိယသတင်းစာ၊ ကြေးမုံ သတင်းစာ၊ ဗမာ့ခေတ်သတင်းစာ၊ ထွန်းနေ့စဉ်၊ ယုဝတီဂျာနယ်၊ တိုင်းရင်းမေဂျာနယ်၊ ဂျာနယ်ကျော်၊ လင်းယုန်ဂျာနယ်၊ ဒဂုန်မဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်း စသည်များ။

ဆရာ ဗန်းမော်တင်အောင် ဦးစီး၍ ထုတ်ဝေဖြန့်ချိခဲ့သော လင်းယုန်ဂျာနယ်ဆိုသည်ကို ကျွန်တော်တို့အားလုံး အသိပင် ဖြစ်သည်။ ထိုလင်းယုန်ဂျာနယ်မှ လင်းယုန်ဘဝင်း၊ လင်းယုန်တင့်ဆွေ၊ လင်းယုန် သစ်လွင်နှင့် လင်းယုန်မောင်မောင် ဟူသည့် ထင်ပေါ်ကျော်ကြားခဲ့



ဆရာကြီးဒေါက်တာသန်းထွန်းနှင့် ဆရာကြီးလင်းယုန်မောင်မောင်။

သော လင်းယုန်အမည်ခံ စာရေးဆရာများ ထွက်ပေါ်ခဲ့သည်။ ဇရာဆိုသည့်၊ အနိစ္စဆိုသည့်၊ သံသရာဆိုသည့် စကားလုံးများ၊ အချိန်များထဲတွင် ယခု သူတို့အားလုံး ကမ္ဘာမြေပေါ်မှ၊ သက်ရှိလူသားအဖြစ်မှ ပျောက်ကွယ်ခဲ့ပြီ။ ကွယ်လွန်ခဲ့ကြပြီ။

ယခု နောက်ဆုံး ကွယ်လွန်ခဲ့သည်မှာ ဆရာလင်းယုန်မောင်မောင်။

စာပေနယ်မှ တချို့သော လင်းယုန်များမှာ လင်းယုန်ဂျာနယ်နှင့် မပတ်သက်။ သို့သော် လင်းယုန်နာမည်ကို ခံယူခဲ့၍ ကျော်ကြားခဲ့ကြသည်မှာလည်း မှတ်မှတ်ရရများ။

ဆရာနှင့် ကျွန်တော်တို့ သိကျွမ်းခင်မင်ခဲ့ရ၊ အလုပ်တွေ၊ အသင်းအဖွဲ့တွေမှာ ကြုံဆုံခဲ့ရတာ ခဏခဏ။ ကျွန်တော်တို့ စာပေနယ်၏ သာရေးနာရေးများတွင် မဖြစ်မနေရောက်လာကြပြီး တတ်စွမ်းသမျှကူညီကြသည့် ပုဂ္ဂိုလ်များမှာ ဆရာလင်းယုန်မောင်မောင်၊ ဆရာထီလာစစ်သူ၊ ဆရာဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာဦးမြတ်ဆွေ၊ ဆရာမြေနီသစ္စာ၊ ဆရာချစ်စံဝင်း၊ ဆရာပန်းချီစံတိုး၊ ဆရာကာတွန်းမြေဇာ၊ ဆရာ

မောင်သွေးသစ်၊ ဆရာမောင်ခေတ်ထွန်း၊ ဆရာသူရဇော်၊ ဆရာမ ဒေါ်ခင်ဆွေဦး၊ ဆရာမ သန်းမြင့်အောင်။

မည်သည့်ပွဲမဆို အထက်ပါဆရာများကို တစ်ဦးမဟုတ်တစ်ဦး၊ သို့မဟုတ် အားလုံးနီးပါးမျှ ကျွန်တော်တို့ကြုံဆုံခဲ့ရသည်မှာ အမှတ်တရ။

သာရေး၊ နာရေး၊ လူမှုရေး အသင်းအဖွဲ့များတွင် ဦးဆောင် ဦးရွက် ပြုလွန်းသောကြောင့် ဆရာ့ကို ကျွန်တော်တို့စာပေနယ်မှ ချစ်စနိုး နှင့် ဥက္ကဋ္ဌကြီးဟု ခေါ်ကြသည်။ ဆရာသည် နီးနီးဝေးဝေး စာပေအနုပညာ ဗဟုသုတရှာရင်း ခရီးများစွာ ထွက်လေ့ရှိသည်။ ထို့ကြောင့် ဆရာသည် စာဖွဲ့၍ ရေးရလောက်အောင် (ပမာဆိုရသော်-ကျွန်တော် မပို့ဖြစ်ခဲ့သော ဈာပနများ) ခရီးသွားသည်။ရှာဖွေစုဆောင်း လေ့လာခဲ့သည်။ မှတ်လည်း မှတ်မိသည်။ ပြန်လည်ရေးနိုင်လွန်းသည်။

ကျွန်ုပ်တို့ မြန်မာ့စာပေနယ်တွင် အတ္ထုပ္ပတ္တိရေးသားမှုနှင့် ပတ်သက်၍ အချိန်ကုန်ခံကာ၊အပင်ပန်းခံကာ ရှာဖွေဖတ်မှတ် စုဆောင်း လေ့လာရေးသားခဲ့ရာတွင် မှတ်တမ်းတင်ထားကြရသည့် ပုဂ္ဂိုလ်ထူး နှစ်ဦး ရှိသည်။ တစ်ဦးမှာ မြန်မာ့သမိုင်းနှင့် အတ္ထုပ္ပတ္တိရေးသားပြုစုသူ၊ ပြုစုဆဲ ဆရာတက္ကသိုလ်စိန်တင်။ တစ်ဦးက ဘာသာပြန်ဆရာ ဆရာ လင်းယုန်မောင်မောင်။ သူတို့နှစ်ဦး၏ အတ္ထုပ္ပတ္တိစာအုပ်ကြီးများကား ကျွန်ုပ်တို့အားလုံးအတွက် အတုယူစရာ၊ အားကျစရာကောင်းသည်ဟု တညီတညွတ်တည်း သတ်မှတ်ကြသည်။

ဆရာလင်းယုန်မောင်မောင်၏ ဘာသာပြန်အတ္ထုပ္ပတ္တိ စာအုပ်များအနက် **ဥပမာ**- ဟစ်တလာ၊ ချီဌေဗားရား၊ ကတ်စထရို၊ မာသာ ထရီဇာ၊ ဒိုင်ယာနာ စာအုပ်များသည် စာဖတ်ပရိတ်များ စိတ်တိုင်းကျပြီး ဈေးကွက်ဝင်၍ ပြန်လည် ရိုက်နှိပ်ရသည်မှာလည်း အကြိမ်ကြိမ်။

ဆရာလင်းယုန်မောင်မောင် ပြုစုရေးသားခဲ့သော ဘာသာပြန် စာအုပ်များတွင် ကျွန်ုပ်တို့အကြိုက်ဆုံး စာအုပ်ကား 'သွေးစွန်းသောနေ့ ရက်များ'၊ ကမ္ဘာနှင့် မြန်မာတို့၏ နိုင်ငံရေးခေါင်းဆောင်ကြီးများ၏




**စာရေးသူ၊ ကာတွန်းဆရာမြေဇာ၊ ကာတွန်းဆရာကြီးဦးဘကွေး၏ သမီးငယ်၊ ဆရာကြီးလင်းယုန်မောင်မောင်၊ ဆရာပန်းချီဝသုန်၊ ဆရာပန်းချီမြတ်အောင်။**

ကြိုးစားမှု၊ အပင်ပန်းခံမှု၊ အမြော်အမြင်ကြီးမှု၊ အံ့သြဖွယ်ကောင်းလောက်အောင် ရက်ရက်စက်စက် လုပ်ကြံခံရမှုများကို စေ့စေ့စပ်စပ် ရှာဖွေ မှတ်တမ်းတင် ဖော်ထုတ် စုဆောင်း ရေးသားထားခြင်း ဖြစ်သဖြင့် ကြိုက်သည်။

ဆရာမကွယ်လွန်မီ ရက်များအတွင်း၊ ကျန်းမာရေးမကောင်းစဉ် ရက်များအတွင်းမှာပင် ဆရာသည် ရန်ကုန်မြို့တွင်း၊ မြို့ပြင် နေရာဌာနများစွာကို လှုပ်လှုပ်လှုပ်လှုပ်နှင့် သွားလာနေပုံကို ကျွန်ုပ်တို့မျက်စိထဲက မထွက်။ 'ဆရာရယ် အိမ်မှာပဲ အနားယူရင်းနေပါ၊ စာမူကိစ္စ ကျွန်ုပ်တို့လူငယ်တွေကို လွှဲထားပေါ့၊ မိသားစုကို လွှဲထားပေါ့'ဟု ပြောသော် ဆရာမှ ရယ်မောလျက် ငါကိုယ်တိုင်က သွားချင်လာချင် စိတ် မကုန်သေးဘူးကွဟု ဆိုပါသည်။ မှန်ပါသည်။ သို့သော် ဆရာ အိုပြီ မဟုတ်ပါလား။

ဆရာနှင့် ကျွန်တော်တို့ အမှတ်တရ နောက်ဆုံးစာအုပ် ထုတ်ဝေရေး လုပ်ဖြစ်သည်မှာ 'ကေသုံးလုံး'။ ကျွန်တော်၏ မိတ်ဆွေ ထုတ်ဝေ

သူများမှ ဆရာ့စာမူ ထုတ်ဝေချင်သည် ပြော၍ လိုက်လံ တွေ့ဆုံ မိတ်ဆက်ပေးပြီး စာအုပ်ထုတ်ဝေခဲ့ခြင်းပင်။

ဆရာနှင့် ကျွန်တော်တို့ ပွဲပေါင်းများစွာတွင် အနီးကပ်ဆုံး အတူ လက်တွဲ လှုပ်ရှားခဲ့ရသော ပွဲများမှာ ဥပမာ–ဆရာလင်းယုန်သစ်လွင်၏ ဂါရဝပြုပွဲနှင့် ဈာပနပွဲ၊ ဆရာကာတွန်း ဦးဘထွေး၏ ဈာပနပွဲနှင့် အမှတ်တရ ကာတွန်းမီးထွန်းပွဲ၊ ဆရာဦးရန်အောင်၏ အလှူပွဲများနှင့် ဈာပနပွဲများတွင်ဖြစ်သည်။

ဆရာနှင့် ကျွန်တော်တို့ အသက်ကွာ အများကြီးကွာသည်။ သို့သော် ဆရာမှ 'ခင်ဗျား''ကျွန်တော်' နှင့်သာ စကားပြောသည်။ ဤသို့ စကားပြောရာတွင် နာမည်ကြီး၊ အသက်ကြီး၍ ကျော်ကြား ကြသော်လည်း ယဉ်ကျေးသိမ်မွေ့မှုများတွင် မှတ်မှတ်ရရများကား ဆရာလင်းယုန်သစ်လွင်၊ ဆရာမြသန်းတင့်၊ ဆရာမောင်နေဝင်း၊ ဆရာ ပါရဂူ၊ ဆရာလင်းယုန်မောင်မောင် တို့သည် လေးလေးနက်နက် သတိရဖွယ် အမှတ်တရများ။

ဆရာမှ ဘာသာပြန် စာအုပ်ပေါင်းများစွာကို ရေးဖွဲ့ခဲ့သော်လည်း မြန်မာမှု မြန်မာ့ငွေ့ကို မမေ့ခဲ့။ မတော်လှန်ခဲ့။ အချိန်ရလျှင်ရသလို မြန်မာမှုဆောင်းပါး၊ ကဗျာလေးများကို စုဆောင်းရှာဖွေတင်ပြခဲ့သည်။ ပန်းချီ၊ ကာတွန်း၊ စာရေးဆရာ၊ ကဗျာဆရာ၊ နိုင်ငံရေး စသည့် ထောင့်ပေါင်းစုံ၊ နေရာပေါင်းစုံတွင် ဆရာ့ အသိမိတ်ဆွေ၊ အပေါင်း အသင်း ပေါများလှသည်။ ဆရာနှင့် ခရီးလမ်းပန်းသွားလျှင် နှုတ်ဆက် သူတွေ ပေါများလှသည်။ ဆရာကူညီ၍၊ လက်တွဲ၍၊ ဖေးမ၍ အနု ပညာစင်ပေါ်တွင် ကျော်ကြားထွန်းတောက်နေသော ပုဂ္ဂိုလ်ကြီးငယ်များ အစီအရီ။

ဆရာမှ ဆန္ဒများစွာ ပြင်းပြလျက် ထုတ်ဝေချင်သော ကမ္ဘာ၊ မြန်မာခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိများကို ယခုအချိန်အထိ လက်

လှမ်းမီသမျှ စုဆောင်းဆဲ။ ဓာတ်ပုံများ၊ သမိုင်းနောက်ခံများ၊ စာရွက်စာတမ်းများ၊ စာအုပ်များကို ဖတ်မှတ်နေဆဲ။ ကျွန်တော်တို့နှင့် စကားလက်ဆုံကျလျှင် သူ ယခုဘာတွေလုပ်နေသည်ကို တိုးတိုးတိတ်တိတ်ပြောပြလေ့ရှိသည်။

အမိမြေမဟီမှာ…

ယခု ဆရာ မရှိတော့ပါ။

ယခု ဆရာ မသိနိုင်တော့ပါ။

ဗုဒ္ဓဘာသာပီပီ ကံနဲ့ သံသရာကို ကျွန်တော်တို့ ယုံကြည်ပါတယ်ဆရာ။(ဆရာများစွာ ကွယ်လွန်ခဲ့တိုင်း ကျွန်တော်တို့ သုံးစွဲမိတဲ့ စကားလေးပါ။ ဒါ့ကြောင့် တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာမှာ ကျွန်တော်တို့ ပြန်လည် ဆုံစည်းကြလိမ့်ဦးမယ်လို့ ယုံကြည်ရင်း) ဆရာ ကောင်းရာမွန်ရာဒေသ ဘုံဘဝတစ်ခုမှာ ချမ်းမြေ့သာယာစွာရှိပါစေလို့ ဆုတောင်းရင်း…။

(မြဝတီမဂ္ဂဇင်း-၂၀၀၃-စက်တင်ဘာလ။)

□

## မွေ့နှင့် အမွေ့ကို ခွဲခြားပေးခဲ့သူ
## (သို့မဟုတ်)
## ဆရာကြီးမွှောစရိယ ဦးဒွေးလှိုင်

ကျွန်တော်တို့ဇာတိဖြစ်သော အောင်လံမြို့နယ်၊ ရွှေပန်းတော ကျေးရွာသည် ရန်ကုန်မြို့နှင့် မိုင်ပေါင်း ၂၀၀-ကျော်ဝေး၍ ပဲခူးရိုးမ တောင်တန်းကြီး၏ အနောက်ဖက်ခြမ်းတွင် တည်ရှိပြီး ဝေးလံခေါင်သီ လှသည့် ဒေသ၊ တောင်တန်းအနိမ့်တွေ၊ ချောက်ကမ်းပါး၊ ချောင်း ကမ်းပါးကြီးတွေ၊ သဲသောင်တွေ၊ အင်းအိုင်တွေ၊ ဝါးတောကြီးတွေ၊ သစ်တောကြီးတွေ၊ မိုးတွင်းဆို ရွှံ့ဗွက်တွေ၊ နွေဆို ဖုန်တထောင်းထောင်း ထနေသော ကျောက်ခင်း ကားလမ်းဆုံးရွာဇာတိ၊ ရွာမဟုတ် မြို့မဟုတ် စကောစကရွာ။ ထိုရွာ၏ တွဲဘက်အလယ်တန်း ကျောင်းသား ကျွန်တော်။ အတန်းပညာ မစုံမလင်နှင့် နွားကျောင်း၊ လယ်ထွန်၊ ပျိုးနုတ်၊ ကောက်စိုက်၊ တောင်ယာခုတ် မီးရှို့စသည့် စသည့် အလုပ်ကြမ်းပေါင်းများစွာ လုပ်နေ ရသည့် အလယ်တန်းကျောင်းသား ဘဝ။ ထိုဘဝ၏ ရက်ပိုင်းများ အတွင်း မတန်မရာတွေ ဖတ်နေသည်ဟု ပတ်ဝန်းကျင် လူကြီးများမှ မှတ်ချက်ပေးခဲ့သောရက်များ။ အားလပ်သည့် အချိန်ပိုင်း နေ့လယ်ခင်း များ၊ ညများတွင် ဖယောင်းတိုင်မီး၊ မှန်မီးအိမ်များဖြင့် မြတ်မြတ်နိုးနိုး ဖတ်ရှုခဲ့ရသော

စာအုပ်များ။ ထိုအထဲမှ မှတ်မှတ်ရရ ဆိုလျှင် ဆရာကြီး လယ်တီပဏ္ဍိတဦးမောင်ကြီး (မန္တလေး မောင် ခင်မောင်)၏ ခင်မြင့်ကြီး ဝတ္ထုတွဲများ၊ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ သူငယ်ချင်းလိုပဲဆက်၍ ခေါ်မည်ခိုင်၊ ဆရာမကြီး ဂျာနယ်ကျော် မမလေး၏ ရင်နှင့်အောင်မွေး၊ ဆရာကြီးဓမ္မာစရိယဦးဌေးလှိုင်၏ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ စသည်… စသည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်ရှိ လူကြီးတွေပြောကြသည်မှာ မမှား ပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်အသက်က ထိုအချိန်တွင် (၁၃-၁၄-၁၅)နှစ်မျှသာ ရှိသေးသည်။ ပြီးတော့ ပညာက မစုံ။

ထိုအချိန်ကတည်းက ၄င်းစာအုပ်များကို နှစ်သက်မြတ်နိုးခဲ့ သည်။ စွဲလမ်းခဲ့သည်။ ရန်ကုန်မြို့တော်ကြီးကိုသွား၊ စာပေအနုပညာ နယ်သို့ ဝင်ရောက် စမ်းသပ်ချင်စိတ်တွေက တဖွားဖွားဖြစ်စေခဲ့သော ရက်များ။

ထိုရက်များ၊ နှစ်များကတည်းက ဆရာကြီးဓမ္မာစရိယ ဦးဌေးလှိုင်ကို မြင်ဖူးချင်၊ ကြုံဖူးချင်၊ ချစ်ကျွမ်းဝင်ချင်ခဲ့သည်မှာ ယခုအချိန်အထိ။

စာအုပ်စာပေ မြတ်နိုးနှစ်သက်သူတိုင်းကို မိမိတို့ပတ်ဝန်းကျင်ရှိ ဆရာတော်များ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၊ အဖေ၊ အမေနှင့် ဆွေမျိုးမိတ်ဆွေများက စောင့်ကြည့်လေ့လာကြလျက်၊ သတိပေးကြ လျက်၊ ကန့်ကွက်ကြလျက် ရှိကြသည်မှာ ဓမ္မတာ။ စာသည် အကောင်း ကို ဖြစ်စေပြီး အဆိုးကိုလည်းဖြစ်စေသည်။ ဓမ္မကိုဖြစ်စေပြီး အဓမ္မကိုလည်း ဖြစ်စေသည်။ ရဲဝံ့မှုကိုလည်းဖြစ်စေပြီး ကြောက် လန့်မှုကိုလည်း ဖြစ်စေသည်။ မြတ်နိုးချစ်ခင်စိတ်ကိုလည်း ဖြစ်ပေါ် စေပြီး ရက်စက်မှုကိုလည်း ဖြစ်ပေါ်စေမှန်း၊ ဖြစ်တတ်မှန်းကို အားလုံး က သိရှိနားလည်ထားကြသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် ဘာစာကို ဖတ်သင့်သည်၊ ဘာစာကို လေ့လာသင့်သည်ဟု ဆိုဆုံးမကြ

သည်မှာ မဆန်းပါ။ မမှားပါ။ ဓမ္မတာပင် မဟုတ်ပါလား။

ထိုစာအုပ်များထဲမှ အကောင်းအဆိုး အကျိုးအပြစ်ကို ရွေးချယ်ဖတ်ရှုလေ့လာ မှတ်သားပြီး၊ ခွဲခြမ်းစိတ်ဖြာပြီး၊ မိမိဘဝ တိုးတက်အောင်မြင်မှုကို ရှာဖွေတည်ဆောက်နိုင်သူသည် လူတော်လူကောင်း။

ထိုသို့ သတ်မှတ်ထားသော လူတော်လူကောင်း ဖြစ်မသွားဘဲ လူညံ့၊ လူရှော်၊ စာအုပ်ကြီးသမား၊ တရားသေဝါဒသမား၊ စိတ်ကူးယဉ်သမား၊ တွေဝေချင့်ချိန်လွန်းသူများ၊ အစွန်းရောက်သူများ ဖြစ်သွားကြသည်မှာက ဒုနှင့်ဒေး။

ကျွန်တော်တို့ကိုယ်တိုင် ယနေ့အချိန်အထိ၊ ယခုအသက်အရွယ်အထိ၊ မိဘနှစ်ပါး၊ ညီအစ်ကို မောင်နှမ၊ ဆရာသမား၊ ဆရာတော်သံဃာတော်များ၊ မိတ်ဆွေသင်္ဂဟများကြားတွင် လူတော်လူကောင်းအဖြစ် သတ်မှတ်ဆုံးဖြတ်ခံနိုင်ရန် အပြင်းအထန် ကြိုးစားရုန်းကန်နေရဆဲ၊ သီလ တရားမပျက်အောင် ကြိုးစားနေဆဲ၊ လမ်းမှား၊ အတွေးမှား၊ အသိမှားသူ မဖြစ်အောင် ကြိုးစားကျော်ဖြတ်နေရဆဲ။

ယခင် ကုန်လွန်ခဲ့သော အချိန်ကာလများနှင့် ယနေ့အချိန်အထိ ဆရာကြီး၏ ရပ္ပာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်ကြီးသည် ကျွန်တော့်ဘဝအတွက် အလင်းရောင်၊ အမှောင်ခွင်းပေးခဲ့သည်။ ထို့ကြောင့် ဆရာကြီးကို တွေ့ချင်၊ ကြုံချင်၊ ရင်းနှီးချစ်ခင်ခြင်း ဖြစ်ပါသည်။

ဆရာကြီးလိုပင် ရေးသားပြုစုခဲ့သော စာအုပ်ကြီးများကြောင့် တန်ဖိုးထားမိသော စာအုပ်နှင့် ဆရာကြီးများမှာ ဆရာကြီး ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ဆရာကြီးရွှေဥဒေါင်း၏ ဘဝတစ်သက်တာ အတွေးအခေါ်မှတ်တမ်း၊ ဆရာကြီးဦးဆန်းလွင်၏ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ် ကိုးကွယ်လာသူ တစ်ယောက်အကြောင်း စသည့် စသည့် စာအုပ်များသည် ကျွန်တော်တို့ဘဝအတွက် အလင်းရောင် (သို့မဟုတ်) မီးရှူးတန်ဆောင်များ။ ကျန်သော ရေးခဲ့သော စာအုပ်များကိုပင် ရည်ညွှန်းရန်မလိုဘဲ ထိုစာအုပ်ကြီးတစ်အုပ်စီနှင့်ပင် အလေးဂရုပြုကာ ချစ်ခင်မြတ်နိုးကြသည်မှာ ကျွန်တော်တို့

အားလုံးပင် မဟုတ်ပါလား။

ဆရာကြီးနှင့် ကျွန်တော်တို့ မရင်းနှီး မကျွမ်းဝင်ခဲ့ပါ။ ဆရာကြီးမှ ကျွန်တော်တို့ကို နာမည်နှင့်လူ တွဲ၍ သိမသွားပါ။ အကြိမ်ပေါင်းများစွာ ဆုံကြုံခဲ့ရသော်လည်း နှုတ်ဆက်ရသည့် အဆင့်ထက်မပိုခဲ့ရ။ ဥပမာ- ချမ်းအေးဆရာတော်မှ နှစ်စဉ် ကြီးမှူးကျင်းပသော ဓမ္မစာပေ ပညာရှင်ကြီးများ ကန်တော့ပွဲများ၊ ဆရာတော်ကြီးများ၏ ပူဇော်ပွဲများနှင့် ဈာပနပွဲများ ဖြစ်ပါသည်။ ထို့ကြောင့် နီးမလိုနဲ့ဝေး၍ ဆုံဆည်းခဲ့ကြသော်လည်း မရင်းနှီးခဲ့ကြပါ။ ယခုနှစ်ပိုင်းများတွင်လည်း ဆရာကြီး၏ ကျန်းမာရေး၊ တရားအားထုတ်မှုများ၊ စာပေရေးသားပြုစုနေမှုများ စဉ်ဆက်မပြတ် ကြားသိနေရပြီး မဆုံဖြစ် မကြုံဖြစ်ခဲ့ရပါ။

ယခု ဆရာကြီးကွယ်လွန်သွားခဲ့ပါပြီ။

ဆရာကြီးကွယ်လွန်သွားသည့် ဈာပန သင်္ဂြိုဟ်မည့်နေ့က ကျွန်တော်တို့ လုပ်ငန်းတွေက ထုံးစံအတိုင်း လုံးလည်ချာလည်ပြား လိုက်နေသည်။

ဆရာကြီး၏ နောက်ဆုံးခရီးကို ကျွန်တော်တို့ လိုက်ပို့ချင်နေသည့် ဆန္ဒမှာ အလွန်အမင်း ဖြစ်နေသည်။ ထို့ကြောင့် သူငယ်ချင်းကားဆရာ ကိုခင်အောင်ကို အကူအညီတောင်းကြည့်ပါသည်။ ယခု ဆူးလေမှ မြောက်ဥက္ကလာရေဝေးသို့ အသွားအပြန် ကားငှါးလျှင် ဘယ်လောက်လဲဟု မေးမိသည်။ သူက မိတ်ဆွေချင်းမို့ ငါးထောင် တော့ပေးပါဟု ပြောသည်။ မိမိက ယခုလောလောဆယ် အိတ်ကပ်ထဲတွင် တစ်ထောင်ပါသည်။ နောက်တစ်ပတ်လောက်စောင့်လျှင် ကျန်သည့် လေးထောင်ပေးလျှင် ရမည်လားဟု မေးမိသည်။ သူက ခဏတွေဝေသွားပြီး စဉ်းစား၏။ နောက် ခဏအကြာ ရသည်၊ သွားမည်ဟု ပြောသဖြင့် ဈာပနကို လိုက်ပို့ဖြစ်ခဲ့သည်။ ကန်တော့ဖြစ်ခဲ့သည်။

ဆရာကြီးဈာပနတွင် ဆရာဦးသန်းဝင်း (ညောင်ဦး)၊ ဆရာကျော်နန္ဒအောင်၊ စာရေးဆရာ၊ ဆရာတော်များစွာနှင့် ညောင်ကန်အေး ဆရာတော်ကြီးကို ဆုံကြုံခဲ့ရသည်။ အမှတ်တရ နေ့ရက်များ။ ဆရာ့

ဈာပနတွင် ဆရာကြီးရေးသားခဲ့သော ဘဝနိဂုံး စာအုပ်ကို ဝေငှသည်။ အတ္တုပ္ပတ္တိစာစောင်လေး ဝေငှသည်။ လွမ်းဖွယ်ကောင်းသော နေ့ရက်များ။

ကျွန်ုပ်တို့ ဆင်းရဲသည်။ သို့သော် ကြိုးစားလျှင် သူဌေးဖြစ်နိုင်သည်။ ကျွန်ုပ်တို့ အတန်းပညာမတတ်။ သို့သော်ကြိုးစားလျှင် ပညာရှင်ဖြစ်နိုင်သည်။ ထို့ကြောင့် ကျွန်တော်တို့ ကြိုးစားသည်။ ဇွဲနှင့်မာနကို အားကိုးသည်။ ကျွန်ုပ်တို့တွင် မဟုတ်၊ မည်သူမဆို ကြိုးစားလျှင် ရနိုင်သည်။

မရနိုင်သောအရာကား အသက်ရှင်ခြင်း။

စေတနာ၊ မေတ္တာ၊ ကရုဏာ၊သူအတွေး၊သူအမြင်၊သူကျင့်သီလတရားများသည် သူနှင့်သာဆိုင်သည်။ သူမရှိလျှင်ပျက်၊ ပျက်ယွင်းကြစမြဲ။

ထို့ကြောင့် ဆရာကြီး ကွယ်လွန်သွားခြင်းကို နှမြောတသကြီးစွာဖြင့် ကျွန်တော်တို့ ရင်ဆိုင်ကြရသည်။ 'ခေတ်သစ် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ' စာအုပ်ကို ရေးစေချင်သော်လည်း မရေးဖြစ်ခဲ့။ မထုတ်ဝေဖြစ်ခဲ့။ ဆရာကြီး၏ စာပေလက်ရာ၊ တရားထူး၊ အသိထူး၊ လက်ရာများကို မြင်တွေ့ချင်သော်လည်း မတွေ့ကြရတော့။

ကျန်သော ပုဂ္ဂိုလ် ကြီးငယ်များ ရေးသား ထုတ်ဝေကြမည်ဖြစ်သော်လည်း ဆရာကြီးလက်ရာ မဟုတ်တော့။

ကျွန်တော်တို့ ကမ္ဘာလောက၊ လူလောကကြီးတွင် ကျန်သောအရာများကို အစားထိုး လေ့လာဖတ်ရှု ပြုပြင်တည်ဆောက် ဖန်တီးနိုင်ကြပါသည်။ သို့သော် သူ့အသက် ရှင်သန်ခြင်းကို မည်သူကမျှ အစားမထိုးနိုင်သည်မှာ အားလုံးအသိ။

ထို့ကြောင့် အစားထိုး၍ မရနိုင်သော ဆရာကြီး။

တန်ဖိုးထားမြတ်နိုးခဲ့ရသောဆရာကြီး၊ စွဲလမ်းနှစ်သက် ချစ်ခင်ခဲ့ရသော ဆရာကြီး။

ဆရာကြီးနှင့်ကျွန်တော်တို့ ဆုံကြုံမိခိုက် ကာလများမှာ ကျွန်တော်တို့ဘက်မှ လွန်မှားကျူးလွန်မိတာ ရှိပါလျှင် ရောက်ရာဘုံဘဝမှ ခွင့်လွှတ်ခြင်းကို ပေးသနားပါခင်ဗျား။

ရောက်ရာဘုံဘဝမှ ကျွန်တော်တို့ကို ကူညီစောင့်ရှောက်တော်မူပါ ဆရာကြီးခင်ဗျာ။

ဗုဒ္ဓဘာသာဝင်များပီပီ သံသရာမှာ ကျင်လည်နေကြ သူချင်းအတူတူ ဆရာကြီးနှင့်ကျွန်တော်တို့တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာမှာ ပြန်လည်ဆုံတွေ့ကြလိမ့်ဦးမည်ဟု ယုံကြည်ရင်း ဆရာကြီးကို ရှိခိုးဦးတိုက် ကန်တော့လိုက်ပါသည် ဆရာကြီးခင်ဗျား၊

**မနုစာရီမဂ္ဂဇင်း၊ ၂၀၀၆၊ ဇွန်လ။**

❒

## ကဗျာလမ်းပေါ်မှလူ
## (သို့မဟုတ်)
## ဆရာမုံရွာဝင်းဖေ

စာပေအနုပညာနယ်၏ ဝန်းကျင်တွင် ကျွန်တော်တို့ရောက်ရှိကျွမ်းနေခဲ့သည်မှာ နှစ်ပေါင်း(၂၀)။ ကြွေဆဲ၊ ဝေဆဲ၊ မွေးမြဲဆဲမှာ တဖြုတ်ဖြုတ်ကြွေနေသော စာပေအနုပညာရှင် ကြီးငယ်တို့ကိုကြည့်၍ သတိသံဝေဂတွေ ပိုမိုရလာသည်မှာ ကြာပြီ။ ဝေဆဲ၊မွေးဆဲ၊ လန်းဆန်း နုပျိုနေသူတွေ ကလည်း တစ်ပုံတစ်ပင်။ အားယူ၍ သွေးသစ်လောင်း ရောက်ရှိလာသူတွေကလည်း ကျွန်တော်တို့ပင်လျှင် တော်တော် များများကို မသိ။ မရင်းနှီး။ ရင်းနှီးကျွမ်းဝင်ခဲ့သူတွေ၊ ဝေးကွာသွားခဲ့ သူတွေအတွက်လည်း အမြဲတမ်းသတိရလျက်၊ တမ်းတလျက်၊ မှန်းဆ လျက်။

အရွယ်မရင့်ခင်၊ အချိန်မတိုင်ခင်၊ ဘဝခရီးကြမ်းမှန်တိုင်း ရိုက် ခတ်မှုဒဏ်ကို ခံစားရင်း ကွယ်ပျောက် ပျက်စီးသွားသူတွေ အနန္တ။ မည်သို့သောပုဂ္ဂိုလ်ဖြစ်စေ သူတို့နှင့် ကျွန်တော်တို့ ဆုံခဲ့ကြရသော၊ အမှတ်မထင် သိကျွမ်းခဲ့ရသော၊ မှတ်မှတ်ရရရှိခဲ့ရသော၊ နေရာဌာန များကို မြင်တိုင်း၊ ရောက်တိုင်း ဒီနေရာလေးမှာ၊ ဒီလမ်းလေးမှာ၊

ဒီလမ်းထဲမှာ၊ ဒီလက်ဖက်ရည်ဆိုင်မှာ၊ ဒီအခမ်းအနားမှာ စသည်ဖြင့်… စသည်ဖြင့်…။

ယခုအချိန်များမှာပင် သတိရလာသူတစ်ဦးကား ဆရာ မုံရွာဝင်းဖေ။

ဆရာမုံရွာဝင်းဖေနှင့် ကျွန်တော်တို့ အသက်(၈၀)ပြည့် စာရေးဆရာကြီးများ သက်ကြီးပူဇော်ကန်တော့ပွဲ ၁၉၉၃-ခုနှစ်မှ စတင်၍ ရင်းနှီးကျွမ်းဝင်ခဲ့ရသည်။

ထိုအချိန်မတိုင်ခင်က ဆရာ့ဘဝနှင့် ဆရာ့စာများကို အဝေးမြင်။ ကျွန်တော်တို့ စာပေအနုပညာကို ဝါသနာပါပြီး လေ့လာလိုက်စားစဉ်ကတည်းက မြန်မာ့ရန့်နှင့် မကင်းသည့်၊ တီထွင်ဖန်တီးထားသည့် စာပေ၊ ပန်းချီ၊ ပန်းပုများကို ပိုမို၍ တန်ဖိုးထား ဖတ်မှတ် လေ့လာလေ့ရှိပါသည်။ ထိုအထဲမှ ကဗျာ၊ ကဗျာဆရာများနှင့် ပတ်သက်လျှင် ကျွန်တော်တို့အကြိုက်ဆုံး၊ အနှစ်သက်ဆုံး ပုဂ္ဂိုလ်များတွင် ဆရာအပါအဝင်။ ဥပမာ-ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာကြီးမင်းသုဝဏ်၊ ဆရာကြီးဒဂုန်တာရာ၊ ဆရာဒေါင်းနွယ်ဆွေ၊ ဆရာထီလာစစ်သူ၊ ဆရာနောင်၊ ဆရာတက္ကသိုလ်မင်းမော်၊ ဆရာမောင်ခိုင်မာ။

ထိုဆရာများကို ကျွန်တော်တို့ ကြိုက်သည်။ ထို့ကြောင့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ထိုဆရာများ၏ကဗျာများကို ဖတ်ပြီးမှ ကျန်သောကဗျာဆရာများ၏ ကဗျာများကို ဖတ်ဖြစ်သည်အထိ စွဲလမ်းခဲ့သည်။ နှစ်သက်ခဲ့သည်။

ထိုသက်ကြီးပူဇော်ပွဲမှစ၍ စာပေ စာနယ်ဇင်းညီလာခံပွဲများ၊ စာပေ စာနယ်ဇင်း ဗဟိုဦးစီးအဖွဲ့ စည်းဝေးပွဲများ၊ ကန်တော့ပွဲများ၊ နှစ်ပတ်လည်ပွဲများ၊ ပခုက္ကူဦးအုံးဖေ စာပေဆုပေးပွဲ (ပခုက္ကူ၊ ရန်ကုန်) များတွင် ဆရာနှင့် တရင်းတနှီး ပူးတွဲလှုပ်ရှားခဲ့ကြရသည်။ နေထိုင်ခဲ့ကြရသည်။

၁၉၉၇-ခုနှစ်မှ ၂၀၀၀-ပြည့်နှစ်များတွင် ကျွန်တော်တို့ မိသားစုကိစ္စများကြောင့်၊ ငွေရေးကြေးရေးကိစ္စများကြောင့် စာပေအနုပညာနယ်မှ အချိန်အနည်းငယ် ခွန့်ခွာခဲ့ရသည်။ မိသားစုများနှင့် တည်ထောင်ခဲ့

သော ကျွန်တော်တို့ စာပေလုပ်ငန်းများ ပြိုကွဲခဲ့ရပြီး ယုဇနဥယျာဉ်မြို့တော်သို့ ပြောင်းရွှေ့ရသည်။ နေရစ်တော့ သာကေတ။ နှုတ်ဆက်ပါတယ် ရန်ကုန်မြို့ကြီးရယ်။

ကျွန်တော်တို့ ရောက်၍ မကြာလှသောအချိန်မှာပင် ဆရာမှုံရွာဝင်းဖေ မိသားစု ပြောင်းရွှေ့လာသည်ဟု သတင်းရသည်။ ဆရာ့ဘဝမှာ ဘယ်လိုအခက်အခဲတွေ ဖြစ်ခဲ့ပါလိမ့်ဟု စဉ်းစားမိကြရင်းစိတ်မကောင်းဖြစ်ခဲ့ကြသည်။ ဆရာ့ဆီသို့ ဝမ်းနည်းသော၊ ကြေကွဲသော စိတ်များကြောင့် ရုတ်တရက် မသွားဖြစ်ခဲ့။ သို့သော် ကျွန်တော်တို့ မြို့ကလေးက ကျဉ်းကျဉ်းဆိုတော့ကာ ကားမှတ်တိုင်၊ ကားပေါ်မှာ ဆုံခဲ့ကြတော့သည်။ ဆရာပိန်သွားသည်။ ကျန်းမာရေးက ကောင်းပုံမပေါ်။ လုပ်ငန်းအကြောင်း၊ စီးပွားရေးအကြောင်း မမေးဖြစ်။ မမေးရဲခဲ့။ ဆရာ့အရှိန်၊ ဆရာ့အသက်အရွယ်၊ ဆရာ့အနေအထိုင် တည်တံ့မှုတို့ကြောင့် ဖြစ်သည်။ ဆရာရေးသားထားသော ဟာသဂျာနယ်မှ ဟာသလေးများကို ထုတ်ဝေသူတစ်ဦးနှင့် မိတ်ဆက်ပေးခဲ့ပြီး လုံးချင်းဟာသစာအုပ်ကလေးဖြစ်အောင် ကျွန်တော်တို့ အကောင်အထည်ဖော်ပေးခဲ့သည်။ ထို့ကြောင့် ဆရာက ကျွန်တော်တို့အတွက် ကချင်ပုဆိုးအသစ်တစ်ထည်ကို လက်ဆောင်ပေးခဲ့သည်။ အမှတ်တရပါပဲ ဆရာရယ်။

မကြာခင် ရက်ပိုင်းအတွင်း ဆရာဆုံးပြီဆိုသော သတင်းကိုကြားရသည်။ ဆရာကောက်နွယ် ကနောင်၊ ဆရာယောဂီ စောလွင်၊ ဆရာရွှေလူ(မအူပင်)၊ မောင်ညိုအေး(ပန်းတော)၊ မြတ်သူစံ(ဝါးခယ်မ)၊ ပန်းချီလင်းဝဏ္ဏနှင့် ကျွန်တော်တို့ ဆရာ့အိမ်သို့ ညတွင်းချင်း သွားရောက်၍ အတ္ထုပ္ပတ္တိစာစောင်လေး အမြန် လုပ်ပေးဖြစ်ခဲ့ကြသည်။ ဆရာ့မိသားစုသို့ တတ်နိုင်သလောက် ပိုင်းဝန်းကူညီခဲ့ကြသည်။

နောက်တစ်နေ့ ဆရာ့ဈာပနတွင် ဆရာဝင်းဝေနောင်၊ ဆရာမချိုမြနွယ်တို့မှလည်း သူတို့ဖန်တီးခဲ့သော လက်ကမ်းကဗျာစာစောင်လေး ဝေငှခဲ့သေးသည်။ အမှတ်တရ တိုက်ဆိုင်မှုလေးတစ်ခု။ ဆရာ့ကို

ချစ်မြတ်နိုး လေးစားကြသည်မှာ ကျွန်တော်တို့သာမဟုတ်၊ အားလုံးပင် ဆိုသော အသိကလေး ရင်ဝယ်ကြည်နူးစွာ ခိုငြိခဲ့ရသည်။

ထို့နောက် ရက်ပိုင်းတွင် ဆရာ့ ရက်လည်ဆွမ်းကျွေး။ ထိုနေ့တွင် ဆရာမောင်ဆုရှင်၊ ဆရာမချိုမြနွယ်၊ ဆရာဦးမျိုးညွန့်(မောင်ဒီ)၊ ဆရာနွမ်ဂျာသိုင်းတို့နှင့် ကျွန်တော်တို့ ဝိုင်းကူ၍ ဧည့်ခံခဲ့ကြ၊ နှုတ်ဆက်ခဲ့ကြ၊ လမ်းခွဲခဲ့ကြ။ လွှမ်းမောတမ်းတစရာ မိုးကြို ရက်များ မှာပေါ့။

ဆရာ့ဘဝ၊ ဆရာ့အရွယ်နှင့် ဆိုလျှင် စာပေအနုညာနယ်တွင် အများကြီး လှုပ်ရှားနိုင်သေးသောအရွယ်၊ အချိန်ကာလ။ ထို့ကြောင့် ဆရာ့ကို နှမြောမိသည်။ သို့သော် ဆရာမရှိတော့။ ဆရာမရှိတော့သော်လည်း ဆရာ့စာ၊ ဆရာ့ကဗျာများသည် ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာ ရှင်သန်နေဆဲ၊ ဖူးပွင့်နေဆဲ၊ မွှေးမြနေဆဲရှိနေမည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည် ဆရာ။

ဥပမာ- ကျွန်တော်တို့ နေထိုင်သော ယုဇနဥယျာဉ်မြို့တော်နှင့် ပတ်သက်၍ ဆရာဖွဲ့နွဲ့ရေးသားခဲ့သော မဂ္ဂဇင်းတစ်အုပ်ပါ ကဗျာဖြစ်သည့် 'အငယ်လေးတို့ရွာ' ကဗျာလေးသည်၊ စကားလုံးလေးသည် မြို့သူ မြို့သားတိုင်းအတွက် အသိအမှတ်ပြု ပြောစရာ၊ တမ်းတစရာ၊ လွှမ်းစရာဖြစ်နေဆဲမို့ပင်။

ဆရာ့ ကဗျာဆရာဘဝသည် နုပျိုစဉ် ငယ်ငယ်ရွယ်ရွယ်နှင့် အောင်မြင်ခဲ့သောကြောင့် အသက်အလွန်ကြီးပြီဟု ထင်သော ပုဂ္ဂိုလ်များကို ကျွန်တော်တို့ကိုယ်တိုင် ကြုံဆုံခဲ့ရဖူးသည်များမှာလည်း ထူးခြားအံ့ဖွယ်။

ဆရာနှင့် ကျွန်တော်တို့ ကြုံဆုံရသည့်အချိန်က နည်းလွန်းသည်။ တိုလွန်းသည်ဟု ထင်မိသည်။ ကြုံခိုက်၊ ဆုံခိုက်မှာ မကန်တော့လိုက်ရသော်လည်း ဤစာစုငယ်ဖြင့် သတိတရ ကန်တော့လိုက်ပါတယ် ဆရာရယ်။

ဆရာကောင်းမွန်မြတ်နိုးဖွယ်ရာ ဘုံဌာနမှာ ရှိနေပါစေလို့၊ ရှိနေပါသည်ဟု ယုံကြည်ရင်း…။

ငွေတာရီမဂ္ဂဇင်း၊ ၂၀၀၅-ခုနှစ်၊ ဇန်နဝါရီလ။

❐

# ကာတွန်းများနှင့်မျက်ရည်စ
# (သို့မဟုတ်)
# ကာတွန်းသော်က

ဇာတိနှင့် မရဏ၊ မွေးဖွားခြင်းနှင့် ရှင်သန်ခြင်း၊ သေခြင်း၊ အချစ်နှင့်အမုန်း၊ အစနှင့်နိဂုံး၊ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ၊ အတ္တနှင့် အနတ္တ စသည့်… စသည့် မမြဲသော သင်္ခါရဆိုသည်ကို ကျွန်တော်တို့ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များပီပီ သိကြပါသည်။ သတိတရား လက်ကိုင်ထားနိုင်ကြပါသည်။ သို့သော် ယခုရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်း များအတွင်း တဖြုတ်ဖြုတ်ကြွေ၊ တဖြည်းဖြည်းကြွေ၊ တတိတိကြွေနေသော ကျွန်တော်တို့ချစ်သော အနုပညာနယ်မှ စာရေးဆရာများ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ… များလှစွာ။

ထိုအထဲမှ ကာတွန်းဆရာများ၊ ဥပမာ- ဆရာသော်က၊ဆရာမောင်ဝဏ္ဏ၊ ဆရာဆွေမင်း(ခနဖြူ)တို့။ သူတို့နှင့် ကျွန်တော်တို့ လက်ပွန်းတတီး ပတ်သက်ခင်မင်ခဲ့ရသော နေ့ရက်များ၊ ပျော်ရွှင်ရယ်မောခဲ့ရသော နေ့ရက်များကို တမ်းတရီဝေစွာ ပြန်လည်ခံစားရင်း သူတို့၏ အသုဘစျာပနများကို လိုက်ပို့ဖြစ်ခဲ့ရသည်။ သူတို့၏ နောက်ဆုံးနေ့ရက်ခရီးများကို ရှင်သန်လျက်နှင့် သေသူနှင့်မခြား ခံစားနေရသူများနှင့်

အတူ လက်တွဲပို့ဆောင်ခဲ့ရသည်။ မှတ်မှတ်ရရ နေ့ရက်များ။ ထိုရက်များတွင်မှ အခါလွန်မိုးက အညှိုးကြီးစွာ ရွာခဲ့သေးသည်မှာလည်း အားလုံး အမှတ်တရပင် မဟုတ်ပါလား၊ နှမြောတမ်းတ မှန်းဆရင်း၊ လွမ်းရရင်း ကန်တော့ခြင်းများစွာနှင့် နှုတ်ဆက်ပါတယ် ဆရာတို့ခင်ဗျား။

ကျွန်တော်တို့ စာပေအနုပညာကို ဝါသနာပါ၍ ခုံမင်ခဲ့သော မူလတန်းကျောင်းသား အရွယ်ကတည်းက ပုံပြင်နှင့် ကာတွန်းသည် မူလပထမ။ နောက်မှ တစ်ဆင့်တက်ကာ ဝတ္ထုနှင့်ဆောင်းပါး၊ ထို့နောက်မှ စာအုပ်ကောင်းကြီးများ။ ဒါကလည်း ကျွန်တော်တို့တင် မဟုတ်။ အားလုံးပင် မဟုတ်ပါလား။

ကလေးဘဝကတည်းက ကျွန်တော်တို့ရင်ထဲတွင် ယနေ့အထိ မှတ်မှတ်ရရရှိနေသည်မှာ ဆရာကြီးဦးဘကြည်၏ ဇာတ်ကြီးဆယ်ဘွဲ့ ကာတွန်းများ၊ ဆရာကြီးလူထုဦးလှ၏ ပုံပြင်များ၊ ဆရာကြီးဦးဖေသိန်း၏ ကာတွန်းများ၊ တေဇ၊ ရွှေသွေး စသည်··· စသည်များ။

ကာတွန်းများကို ကာတွန်းဆရာနှင့် ဇာတ်ကောင်ခွဲခြား၍ မသိခင်၊ မတတ်ခင်ကတည်းက စွဲလမ်းခဲ့ရသည်။ ဖတ်ချင်၊ သိချင်စိတ်များစွာနှင့်။ ဥပမာ- ကာတွန်းဦးဖေသိန်း၏ ပုံပမာ၊ စန္ဒာမဂ္ဂဇင်းထဲမှ ဆရာမောင်မောင်၏ ကိုတိုး၊ ကာတွန်းမြင့်သိန်း၏ စံရွှေမြင့်၊ ကာတွန်းဝင်းမောင်၏ မိမော်မေမ၊ ကာတွန်းအောင်ရှိန်၏ ဦးစံရှား၊ ကာတွန်းသန်းကြွယ်၏ ဖိုးဝ၊ အင်္ဂါဂြိုဟ်၊ ကာတွန်းကျော်ဆန်း၏ ရွှေကြာ၊ ကာတွန်းစိန်ကြီး၏ ရွှေရုပ်လွှာ၊ တေက်ပြား၊ ကာတွန်းသော်က၏ ဇာတ်လမ်းများ၊ ကာတွန်းအောင်အောင်၏ ရွှေဂေါင်းပြောင်၊ ကာတွန်းသန်းထွန်း၏ ထွန်းမင်းလတ်၊ အပါလွင်၊ ကာတွန်းအောင်မြင့်၏ ကြံ့ဗဟုံး၊ ကာတွန်းသိန်းလွင်၏ စနေမ၊ ကံကောင်း စသည့် ကာတွန်းဆရာများနှင့် ဇာတ်ကောင်များ···။

သရုပ်ပြကာတွန်းများ၊ လုံးချင်းများဆိုလျှင် ရွှေစွန်ညို၊ ဝက်ထီးကန်တိုက်ပွဲ၊ ကိုးသန်းရှိုင်းသံဓား၊ လက်ာဒီပချစ်သူ၊ မကွေရာဓား၊

ရွှေရုပ်လွှာ၊ လစဉ်ထုတ်တွေလား၊ ရုပ်ပြစာအုပ်တွေလား၊ အပတ်စဉ်ထုတ်တွေလား ကွဲကွဲပြားပြား မသိခင်ကတည်းက အရောင်လေးစိုစို၊ ပုံလေးလှလှ၊ ဇာတ်လမ်းလေး ကောင်းကောင်းဆိုလျှင် ကျွန်တော်တို့ အကြိုက်ဆုံး၊ အသည်းစွဲ ဖြစ်ကုန်တော့သည်။ ထို့နောက် အကြောင်းကြောင်းကြောင့် ရုပ်ပြကာတွန်းများ မထွက်သတော့ဖြင့် မဖတ်ရသလို၊ ဈေးကွက်ဝင် ရုပ်ပြဇာတ်လမ်းများ ဝင်ရောက်လာသည်ကို ကျွန်တော်တို့ ဖြတ်သန်းခဲ့၊ တွေ့ကြုံခဲ့ရသည်။ မဂ္ဂဇင်းတစ်မျက်နှာပါ၊ နှစ်မျက်နှာပါ ကာတွန်းများကိုသာ အဖတ်များ အတွေ့များခဲ့ရသည်။

ကျွန်တော်တို့ကိုယ်တိုင်လည်း တောရွာဇနပုဒ်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး စာပေနယ်သို့ ပုံစံမျိုးစုံနှင့် ရောက်ရှိခဲ့ရာ ထိုဆရာများစွာနှင့် ပို၍ နီးစပ်ထိတွေ့ ဆက်ဆံမှုများ စတင်ချိန်တွင် ငတ်တစ်လှည့်၊ ပြတ်တစ်လှည့်နှင့် စာပေအနုပညာနယ်ပယ်၏ အတွေ့အကြုံများကြား၌ ကျင်လည်ဖြတ်သန်းခဲ့ရသည်။ ထိုသို့ဖြတ်သန်းစဉ် ကာတွန်းဆရာကြီးငယ်များစွာတို့၏ဘဝကို စာနာမှုများစွာဖြင့် ကြုံတွေ့ခဲ့ရသည်။ ထို့အချိန်ကာလများတည်းက ဆရာကြီးဦးဘထွေး၊ ဆရာကြီးဦးမောင်စိန်၊ ဆရာကြီးဦးဖေသိန်း၊ ဆရာကြီးဦးအောင်ရှိန်၊ ဆရာသော်က၊ ဆရာရွှေမင်းသား၊ ဆရာငွေကြည်၊ ဆရာမောင်ဝဏ္ဏ၊ ဆရာမြေဇာ၊ ဆရာမောင်မောင်၊ ဆရာသစ်ထွဏ်း၊ ဆရာမောင်မောင်အောင်၊ ဆရာအောင်အောင်၊ ဆရာကာတွန်းလှဖေ၊ ဆရာမြင့်စိုးလေး၊ ဆရာတင်အောင်နီ၊ ဆရာဖေစန်း၊ ဆရာမောင်မောင်လေး၊ ဆရာ ဆွေမင်း(ခနဖြူ)၊ ဆရာကိုရွှေထူး (ပြည်)တို့ အပါအဝင် ကာတွန်း ဆရာပေါင်းများစွာတို့ကို ကြုံဆုံ ဆက်ဆံခဲ့ရသည်။ နွေးထွေးသော ကာတွန်းဆရာ၊ သွေးကြီးသော ကာတွန်းဆရာ၊ မူးယစ်ရီဝေသော ကာတွန်း ဆရာ၊ ထူးသစ်ဝေဆာသော ဘဝများကို ပိုင်ဆိုင်နေသော ကာတွန်းဆရာပေါင်း များစွာကို ကာတွန်း ဆရာကြီး ဦးဘဂျမ်းလမ်း အမှတ်တရ မီးထွန်းပွဲများ၊ ဆရာကြီးဦးဘထွေး

အမှတ်တရပွဲများ၊ ကန်တော့ပွဲပေါင်း များစွာ၊ စာပေအခမ်းအနားပေါင်းများစွာ။ ဈာပန ပွဲများတွင် ဝိုင်းကူ၊ ဝိုင်းပို့၊ ဝိုင်းလုပ်ရင်း ဆုံကြုံခဲ့ရသည်မှာ မကြာခဏ၊ ခဏခဏ။

ဆရာသော်ကကို စတင်ဆုံကြုံခဲ့ရသည်မှာ ၁၉၈၅- ခုနှစ်မှ စတင်သိကျွမ်းခဲ့ရသည်။ အရိုင်းဇာတ်ကောင်နှင့် ဇာတ်လမ်းများက အောင်မြင်နေသည့် အချိန်ကာလ။ ဆရာက အမြဲတမ်း စကားများများ ပြောနိုင်သည်။ မှတ်ဉာဏ်ကောင်းသည်။ နှုတ်ချိုသည်။ လူကြီးလူငယ် ပေါင်းများစွာကို ရိုရိုသေသေ၊ လေးလေးစားစား နှုတ်ဆက်လေ့ရှိသည်မှာ ဆရာ့မူ။ သို့သော် ဆရာက အမြဲတမ်း မူးယစ်ရီဝေနေတတ်သည်မှာလည်း အကြိမ်ပေါင်းများစွာ။

ဆရာ့ကာတွန်းဇာတ်လမ်းများစွာသည် စာပေအနုပညာနယ်နှင့် တိုင်းပြည်ပေါ်တွင် စေတနာပါသည်။ မျိုးချစ်စိတ် ထက်သန်သည်။ အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးသည်ဆိုသည့် ဝိသေသကို ကျွန်တော်တို့အားလုံး အသိအမှတ်ပြုကြရသည်။ မေတ္တာတရားကို တန်ဖိုးထားသည်ဆိုသည်ကို ကျွန်တော်တို့အားလုံး အသိ၊ အမြင်၊ အကြား ဖြစ်သည်။ ဆရာသည် ကျော်ကြားသော်လည်း စာပေအနုပညာရှင်ပီပီ အစဉ်သဖြင့် ရုန်းကန်လှုပ်ရှားနေသည်မှာ ကိုယ်တွေ့ မျက်မြင်။ ဆရာ၏ တစ်မျက်နှာကာတွန်းများ၊ ဇာတ်လမ်းတွဲများ၊ အရိုင်းဇာတ်ကောင်ပါဝင်သော ရုပ်ပြစာအုပ်များကို စုစုစည်းစည်း အတွဲလိုက်၊ အတွဲလိုက် စာအုပ်များ ဖြစ်စေချင်သည်ဟု ကျွန်တော်တို့ စိတ်ကူးယဉ်ဖြစ်သည်။ ထုတ်ဝေသူ အငယ်စားလေးများနှင့် တိုင်ပင်မိသည်။ ယခုအချိန်အထိတော့ အကောင်အထည် မဖော်ဖြစ်သေး။ ဈေးကွက်ဝင်မည်ဟု သေချာပေါက် ထင်ထားကြသော်လည်း ထင်သလောက် နှုတ်မရဲ၊ လက်မရဲ၊ ငွေမရဲ။

ကျွန်တော်တို့ မဝံ့မရဲ၊ တုံ့ဆိုင်းဆဲ ဖြစ်နေချိန်မှာ ဆရာက ကျန်းမာရေးမကောင်းတော့ လူက ပိန်သွားသည်။ သွားတွေကျိုးကုန်ပြီ၊ ဆီးတွေ

မထိန်းနိုင်တော့ စသည့် စသည့် ကျန်းမာရေးမကောင်းသည့် ကိစ္စများ။ လူမှုရေးတွေ ပျက်ကွက်လာသည်။ ကာတွန်းသရုပ်ဖော်ပုံတွေ မဆွဲနိုင် စသည့် သတင်းများစွာ ကြားခဲ့ရသည်။ ခုတော့ ဆရာ ကျွန်တော်တို့ကို ထာဝရခွဲသွားလေပြီ။

နှစ်ပေါင်းများစွာ သူမြတ်နိုးခဲ့သော သူဖန်တီးခဲ့သော ဇာတ်ကောင်များ၊ လက်ရာများ၊ ရေးဖော်ရေးဖက် မိတ်ဆွေများ၊ ဆရာများ၊ တပည့်များနှင့်အတူ သူချစ်သော သားသမီးများနှင့် ဇနီးကို ထားရစ်ခဲ့ပြီ။

ဆရာမရှိမှ ဆရာ့တန်ဖိုးကို သိသူတွေ ပေါများလာသည်ကို တွေ့နေရသည်။ ဆရာ့အကြောင်းကို ပြောဖြစ်နေကြသည်။ ဆရာသည် တိုင်းပြည်နှင့် လူမျိုးကို ချစ်သည့် သက်သေသာဓကနှင့် ထူးခြားတိုက်ဆိုင်မှုကား ဆရာ့ ရက်လည်သည့်နေ့ ၂၅-၁၁-၂၀၀၅ (သောကြာနေ့) သည် အမျိုးသားနေ့နှင့် တိုက်တိုက်ဆိုင်ဆိုင်။

အမျိုးဘာသာ၊ သာသနာနှင့် ကာတွန်း၊ ပန်းချီ၊ စာပေ၊ အနုပညာကိုချစ်သော ဆရာတစ်ယောက် ကောင်းရာသုဂတိ ရောက်ပါစေလို့ ဆန္ဒပြုပါတယ် ဆရာဦးသော်က ခင်ဗျား။ ။

ငွေတာရီမဂ္ဂဇင်း၊ ၂၀၀၆၊ ဇွန်လ။

❐

## တာလီပ်ပြာရှင်
## (သို့မဟုတ်)
## ဆရာမြင့်မောင်မောင်



ဆရာမြင့်မောင်မောင်ဆုံးပြီဆိုသောရက်က ကျွန်တော်တို့ ရန်ကုန်မြေမှာ မရှိ။ ဝါးခယ်မမြို့နယ်၊ ကြီးနီစုကျေးရွာသို့ ရောက်နေသည်။ ဆရာချစ်နိုင်(စိတ်ပညာ)၊ ဆရာဦးသင်းအောင် ယခု(ဝယ်သူ စိတ်ကြိုက်

ဂျာနယ်တာဝန်ခံအယ်ဒီတာ)၊ မြတ်သူစံ(ဝါးခယ်မ)၊ ကျွန်တော်တို့ လေ့လာရေးနှင့် စာပေဟောပြောပွဲကိစ္စ။ ထို့ကြောင့် မရှိခြင်းဖြစ်သည်။

ဆရာမြင့်မောင်မောင်နှင့် ကျွန်တော်တို့ နှစ်ပေါင်းများစွာ၊ အသင်းအဖွဲ့ပေါင်းများစွာ၊ သာသနာရေးပေါင်းများစွာတွင် ဆုံကြုံခဲ့ကြရသည်။ **ဥပမာ**-ဆရာကြီးလင်းယုန်သစ်လွင်၏ ဂါရဝပြုပွဲနှင့် ဈာပနပွဲ၊ ဆရာကြီးကာတွန်းဦးဘထွေး၏ ဂါရဝပွဲနှင့်ဈာပနပွဲ၊ ကာတွန်းဆရာကြီးဦးဘထွေး နေထိုင်ခဲ့ရာ တောင်ဥက္ကလာပ၊ မာဃလမ်း၊ ကာတွန်းမီးထွန်းပြပွဲများ၊ ဆရာကြီးလင်းယုန်သစ်လွင် အမှတ်တရ စာအုပ်ထုတ်ဝေရေး၊ ဖြန့်ချိရေးစာအုပ်ပြပွဲ၊ ဟောပြောပွဲများတွင် ဆရာနှင့် ကျွန်တော်တို့ အတူတူ။

စာပေဟောပြောပွဲ ခရီးစဉ်တစ်ခုဖြစ်သော ပုံတောင်ပုံညာ၊ ဂန့်ဂေါ၊ ကလေးပွဲတွင် ဆရာတို့နှင့်အတူ ကျွန်တော်တို့ ဟောပြောခဲ့ဖူးသည်။ အနီးကပ်ဆုံး တပူးတွဲတွဲ နေထိုင်ခဲ့ရသော နေ့ရက်များ။

ထိုပွဲများတွင် ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာမြေနီသစ္စာ၊ ဆရာမြင့်မောင်မောင်၊ ကဗျာဆရာ နောင်ဝင်းထွန်းနှင့် ကျွန်တော်တို့။

ကျွန်တော်တို့အားလုံး ရန်ကုန်မှ မီးရထားဖြင့် ခရီးအတူထွက်ခဲ့ကြရပြီး မန္တလေးရောက်မှ တိပိဋကဆရာတော်ကြီး ယောဆရာတော်ကို ဝင်ရောက်ပင့်ဆောင်၍ ဂန့်ဂေါမြို့နယ်၊ မင်းရွာ အလယ်တန်းကျောင်းဖွင့်ပွဲနှင့် အလှူရေစက်ချပွဲ တစ်ပြိုင်နက်တည်း ကျင်းပပြုလုပ်ခြင်းပွဲသို့ ဖြစ်သည်။

ထိုမင်းရွာသည် ယောစာအုပ်ဖြင့် အမျိုးသားစာပေဆုရရှိသူ ဆရာကြီးဦးကြာညွန့် မွေးဖွားနေထိုင်ခဲ့ရာ ဇာတိဖြစ်သည်။

ကျွန်တော်တို့ မင်းရွာတွင် နေ့ပွဲဟောပြောခဲ့ကြပြီး နောက်တစ်နေ့ နေ့လယ်တွင် ရှုံးရှီရွာတွင် ထပ်မံဟောပြောခဲ့ကြသည်။ ဂန့်ဂေါမြို့ပေါ်တွင် ညပွဲဟောပြောခဲ့ကြရသည်။ ၃-ပွဲတိတိ။

နောက်ရက်တွင် ကလေးမြို့သို့ ရထားဖြင့် ပို့ပေးကြသည်။ ထို့နောက် ကလေး၊ မန္တလေး၊ ရန်ကုန်လေယာဉ်ဖြင့် ရန်ကုန်အရောက် ပြန်ပို့ပေးခဲ့သည်။ (ကူညီစောင့်ရှောက်ခဲ့သူ အားလုံးကို ဤစာစုမှနေ၍ မှတ်မှတ်ရရ ကျေးဇူးတင်ပါ၏။)

ထိုဟောပြောပွဲများတွင် ဆရာမြင့်မောင်မောင်၏ ပရိသတ်ကို ချူယူခဲ့သော သူ့ဒဿန၊ ရယ်စရာအပြောလေးကို ကျွန်တော်တို့ အမြဲသတိရ စွဲလမ်းခဲ့ရသည်။ ဆရာက ဟောပြောပွဲစင်ပေါ် တက်တက်ချင်း ပရိသတ်ကို အစပျိုးချိန်တွင် "ကျွန်တော်တို့ရဲ့စာတွေ လှတော့၊ စာတွေ နတော့ ပရိသတ်က သဘောကျကြမှာပါ၊ ဒါပေမဲ့ စာရေးဆရာဆိုတဲ့ ကျွန်တော့်ကို ခင်ဗျားတို့ မြင်လိုက်ရချိန်မှာ ကြောက်လန့်မသွားကြဘူးလား၊ ကျွန်တော့်ရုပ်က ကျက်သရေမရှိတာ ခင်ဗျားတို့မြင်တဲ့ အတိုင်းပဲ၊ အဲ-ဒါပေမဲ့ ကျွန်တော့်မိတ်ဆွေများကတော့ ကျွန်တော့်ကို ခုလိုထောပနာပြုထားကြပါတယ်၊ အဲဒါကတော့ 'စာလိပ်ပြာလူပြိတ္တာ' တဲ့လေ" ဟူသော ပြောသံ။ ထိုအသံဆုံးလျှင် ပရိသတ်ကလည်း တအုန်းအုန်းနှင့် ပျော်မြူးနေသည်။ ဆရာနှင့် ပရိသတ် ဟပ်မိလျှင် မြူးကြွနေအောင် ဟောပြောတတ်သူ ဆရာတစ်ဦးအဖြစ် အသိအမှတ် ပြုကြရသည်။

ထို့နောက်ပိုင်းရက်များတွင် ဆရာနှင့် ကျွန်တော်တို့ မိသားစုချင်းပါ ထဲထဲဝင်ဝင် ခင်မင်စွာ လက်တွဲမိခဲ့ကြသည်။ ကျွန်တော်တို့ဘဝ၏ တစ်ဆစ်ချိုး ကံကောင်းသောနေ့ရက်များတွင် ဆရာသည် ငွေကြေးအကူအညီ၊ လူမှုရေးအကူအညီ၊ စာပေရေးရာ အကူအညီများ ပေးခဲ့သည်။ အမြဲအမှတ်တရ ရှိနေဦးမည့် အချိုးအကွေ့များ။

ဆရာနောက်ဆုံးတာဝန်ယူခဲ့သော စိမ်းရောင်လွှင်မဂ္ဂဇင်းတွင် တစ်နိုင်တစ်ပိုင် အကူအညီပေးရင်း ဆုံခဲ့၊ တွေ့ခဲ့၊ ဝိုင်းဖွဲ့ခဲ့ကြသေးသည်။ စကားတွေပြောဖြစ်ကြသေးသည်။ ဆရာကြီးလင်းယုန်သစ်လွင် အမှတ်တရ နှစ်လည်ပွဲများကို ကျွန်တော်တို့မသွား၊ မလာခဲ့သဖြင့်

အပြစ်တင်သည်။ သို့သော် ခွင့်လွှတ်မှုများစွာနှင့် ဦးလေးဆရာ တစ်ယောက်လိုမျိုး ဆက်ဆံခဲ့ခြင်း ဖြစ်သည်။

ဆရာတို့ အောင်မြင်ချိန်က၊ ပရိသတ်ဝိုင်းဝိုင်းလည်နေချိန်က ဆရာနှင့်တွေ့တိုင်း၊ စာပေသမား မိတ်ဆွေများနှင့် တွေ့တိုင်း၊ စာပေသမား မိတ်ဆွေများနှင့် ကျွန်တော်တို့ သောကမြူမှု မရှိစေရ။ အပေါင်း အသင်း များစွာအတွက် အကုန်အကျခံကာ၊ အနစ်နာခံကာ ကူညီခဲ့ သည်မှာ အားလုံးအသိ။

သာကေတမြို့နယ် စာပေ စာနယ်ဇင်း အတွင်းရေးမှူးဘဝတွင် လည်း စည်းဝေးပွဲများ၊ ချိန်းဆိုမှုများတွင် ဆရာက အိတ်စိုက်၊ အိမ်စိုက်၊ ငွေစိုက်၊ လူစိုက်။ ဆရာ၏ အားနာမှု၊ သနားလွယ်မှု၊ အလိုက်သိမှု တို့ကို အခွင့်ကောင်းယူသူများကလည်း ဒုနဲ့ဒေး။ စာပေအယူအဆနှင့် အပေါင်းအသင်းကဏ္ဍများတွင် ဆရာ့ဆုံးဖြတ်ချက် အတည်ဖြစ်အောင်၊ လိုရင်း ဆုံးဖြတ်ဖြစ်အောင် ညှိညှိနှိုင်းနှိုင်း ပြောတတ်ဆိုတတ်သည်။

ဆရာက အနုပညာနှင့် ပတ်သက်လျှင် တော်တော်များများ စိတ်ဝင်စားသည်။ ထိုစိတ်ဝင်စားသည့် ကိစ္စများထဲမှ ဂီတ။ ဂီတနှင့် ပတ်သက်လျှင် သီချင်းသီဆိုခြင်း။ ဆရာနှင့်ကျွန်တော်တို့ ဆရာ့အိမ် တွင် အလှူအတန်း၊ နှစ်ပတ်လည်များရှိပါက သူ့မိတ်ဆွေဂီတ သူငယ်ချင်းများကို ဖိတ်ခေါ်ထားပြီး မိတ်ဆက်ဆိုလေ့၊ တီးလေ့ရှိကြ သည်မှာ ခဏခဏ။

ဆရာက ဂီတနက်သန်ကိုစောညိန်းရေးသား၍ မောင်မောင်ညွှန့် သီဆိုခဲ့သော ဆည်းဆာသီချင်းကို ပိုင်ပိုင်နိုင်နိုင် သီဆိုလေ့ရှိသည်။ အသံကလည်းမဆိုး။ ထိုသီချင်းကို ဆရာ တော်တော်ကြိုက်ပုံရသည်။ ခဏခဏသီဆိုသည်ကို သတိထားမိခဲ့သည်။

ခုတော့ ဆရာမရှိတော့ပြီ။

ခုတော့ ဆရာ ကျွန်တော်တို့ကို ထားရစ်ခဲ့ပြီ။

ခုတော့ ဆရာ ကျွန်တော်တို့ကို လွမ်းရစ်အောင် ခွဲခွာသွားခဲ့ပြီ။

ဆရာနှင့်ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်ပီပီ ကံနှင့်သံသရာကို ယုံကြည် ကြတဲ့အတွက် ပြန်လည်ဆုံစည်းကြဦးမှာပါ။ ပြန်လည် ကြုံတွေ့ကြရ ဦးမှာပါလို့ ယုံကြည်ပါတယ်ဆရာ။

ကျွန်တော်တို့နဲ့ ဆရာ့ကြားမှာရှိတဲ့ သံယောဇဉ်များကို ထောက် ထားပြီး ရောက်ရာဘုံဘဝမှ ကျွန်တော်တို့ရဲ့ တာဝန်မကျေမှုများကို ခွင့်လွှတ်ပေးပါခင်ဗျား။ တာဝန်ကျေသိတတ်တဲ့ မိတ်ဆွေကောင်း၊ တပည့်ကောင်းဖြစ်အောင် ဆက်လက်ကြိုးပမ်းနေပြီး ဒီစာစုနဲ့ ဆရာ့ကို ကန်တော့လိုက်ပါတယ် ဆရာရယ်။

မေ့ပစ်၍မရသော
မေ့မရနိုင်သော
ဘယ်တော့မှ မမေ့သော...။

ငွေတာရီမဂ္ဂဇင်း၊ ၂၀၀၄-နိုဝင်ဘာလ။

❐

## ဆရာ (မာန်) ဇမိုး

ယခုရက်ပိုင်းများတွင် ကျွန်တော်တို့ ချစ်ခဲ့၊ မြတ်နိုးခဲ့၊ တွယ်တာခဲ့၊ ခင်မင်ခဲ့၊ လေးစားခဲ့ကြရသော စာရေးဆရာကြီးတို့ ကွယ်လွန်နေသည့် သတင်းတွေ ကြားနေရသည်၊ သိနေရသည်။ စိတ်မကောင်းနိုင်။

သို့သော် ဘာမှ မတတ်နိုင်ပါ။

ဆရာမောင်သိန်းဆိုင်၊ ဆရာဇမိုး၊ ဆရာမောင်ထွန်းသူ၊ ဆရာဦးလှမြင့် (ရှေ့သို့)···

ဆရာတို့၏ စာပေအနုပညာလက်ရာများသည် ကျွန်တော်တို့ဘဝများအတွက် မီးရှူးတန်ဆောင်၊ အားကျစရာ၊ လွမ်းမောစရာ၊ တသစ္စဲလမ်းစရာများ။

ကျွန်တော်တို့ကိုယ်တိုင် ဤရက်ပိုင်း ဖတ်ရှုခဲ့ရသော ညောင်ပင်သာ ဦးပုည၏ သုတရသရတနာဆုံးမစာတွင်···

နွားထက်ပညာ၊
လူကသာ၊ မှတ်ပါ ပုံတင်ပြ။
ပညာမဲ့က၊ လူ့ဗာလ၊
တမျှ နွားအသွင်။
ပညာရှိမှ၊ ပဏ္ဍိတ၊
နာမကျော်ထင်ရှား။

ပညာရှိမှာ၊ လက္ခဏာ၊
အင်္ဂါကြောင်း သုံးပါး။
ကိုယ်နှုတ်နှလုံး၊ စောင့်စည်းသုံး၊
ကျင့်သုံးမတိမ်းပါး...
ဟု ရေးသားဖော်ပြခဲ့သည်။

(ညောင်တုန်းမြို့ ရွှေဟင်္သာတောရ စံကျောင်းဆရာတော်၏ ဂိဟိနယစာတမ်း လူ့ကျင့်ဝတ်၊ ဟံသာဝတီထုတ် စာအုပ်မှ ကောက်နုတ်ချက်။)

တိရစ္ဆာန်လူသား၊ ကွာဟချက်။ တိရစ္ဆာန်ထက် လူက သာသည့် အချက်မှာ ဉာဏ်ပညာနှင့် ကိုယ်ကျင့်။ ကိုယ်ကျင့်ကောင်း ရုံမက အများကို၊ လူသားတိုင်းကို ပြည်သူပြည်သားတိုင်းကို သိစေချင်၊ တတ်စေချင်၊ တော်စေချင်၊ ကောင်းစေချင်၊ ကျင့်စေချင်သည့် စေတနာဖြင့် အလုပ်ဟု သဘောထားကာ စာပေနှင့်၊ စာပေရေးသားခြင်းနှင့်၊ အသက်မွေးဝမ်းကျောင်းကာ အများအကျိုးအတွက် အနစ်နာခံသူ၊ စာရေးသူ (ဝါ) စာရေးဆရာဆိုသော ပုဂ္ဂိုလ်ကြီးငယ်များကို ကျွန်တော်တို့ အစဉ်ထာဝရ လေးစားနေမည်သာ၊ ကြိုးစားနေမည်သာ၊ တိုက်တွန်းနေမည်သာ။

ထိုသို့သော အကြောင်းတရားများကို အခြေခံ၍ ကျွန်တော်နှင့် ဆရာဦးဗမိုးတို့ နီးနီးကပ်ကပ် တွေ့ခဲ့ ကြုံခဲ့ ဆုံခဲ့ကြရသည်မှာ (၅)နှစ်တာ။ ထို (၅) နှစ် မတိုင်ခင်က ခင်မင်ရင်းနှီးကျွမ်းဝင်ရုံ နှစ်ပေါင်း (၂၀) ကျော်။

ကျွန်တော်တို့ ယုဇနမြို့တော် ပြောင်းလာချိန်မှာ ဆရာနှင့် နီးနီးကပ်ကပ် နေထိုင်ခွင့်၊ နေထိုင်ခဲ့ရခြင်း။

လွန်ခဲ့သော(၇)နှစ်ခန့်က ကျွန်တော်တို့ ယုဇနဥယျာဉ်မြို့တော်သို့ ပြောင်းရွှေ့ရဖို့ အကြောင်းတွေ ဆုံကြုံခဲ့ရသည်။ ထို့နောက် ပြောင်းရွှေ့ခဲ့သည်။ ကျွန်တော်တို့နှင့် မရှေးမနှောင်းမှာပင် ဆရာကောင်းသာ၊ ဆရာကိုလေးမြတ်၊ ဆရာမုံရွာဝင်းဖေ၊ ဆရာတင်ဝင်းမောင် (ဆကာ

ကြီး)၊ ဆရာအောင်သာမိုး၊ ဆရာစိုးမြင့်လတ်၊ ဆရာမောင်ညိုအေး (ပန်းတော)၊ ဆရာကောက်နွယ်(ကနောင်)၊ ဆရာကာတွန်းဝင်းအောင်၊ ဆရာမချစ်ချစ်ချိုင်း၊ ဆရာမ မသက်ဆွေ၊ ဆရာမြတ်သူစံ(ဝါးခယ်မ) စသည်… စသည်ပေါင်းများစွာ ပြောင်းလာခဲ့ကြ၊ ပေါင်းစည်း ခင်မင်ခဲ့ကြ၊ လမ်းခွဲခဲ့ကြ၊ ကွယ်လွန်ခဲ့ကြ၊ ပြန်လည်ပြောင်းရွှေ့ သွားခဲ့ကြသည့် ကာလကြီးထဲတွင် ဆရာဦးဗမိုးသည်လည်း မြောက်ဥက္ကလာမှ ပြောင်းရွှေ့လာသည်ဟု သတင်းရသည်။ သတင်းရလျှင်ရချင်း ကျွန်တော်တို့ သွားရောက် နှုတ်ဆက်စကားပြောခဲ့ကြသည်။ ဆရာမှ တွေ့လျှင် တွေ့ချင်း…

"အေး- ငါပြောင်းလာပြီ၊ ဒါပေမယ့် အကြောင်းမရှိရင် ငါ့ဆီ မလာနဲ့ကွ"ဟု ပြောလိုက်သည်။

ထိုနောက်ပိုင်းရက်များတွင် ဘယ်သူနှင့် တွေ့သည်၊ ဘယ်လို ပြောလွှတ်သည်၊ မည်သူနှင့်ဆုံသည်၊ မည်သို့ဆက်ဆံသည်၊ မည်သူနှင့် စကားပြောသည်၊ အပေါက်အလမ်းမတည့် စသည်… စသည် အဆီအငေါ် အကျိုးအကြောင်းမတည့်သည့် ပုံစံနှင့် ဟာသများသာ ကြားနေရသည်။ ကျွန်တော်တို့နှင့် နီးစပ်နွေးထွေးမှု မရှိသေး။

မကြာခင် ရက်ပိုင်းများအတွင်းမှာပင် ရွှေပဒေသာစာပေကိုအေးလွင်နှင့် ဆုံတွေ့ခိုက် ဆရာ၏စာမူများနှင့် ပတ်သက်ပြီး စိတ်ဝင်စားမှု၊ စာအုပ်စာမူ ဝယ်ယူချင်မှုများ ကြားသိခဲ့ရပြီး ပထမဦးဆုံးအနေနှင့် စာအုပ်စာမူနှင့် စာမူခ စကားပြောဖြစ်ခဲ့ကြသည်။

ထိုအခါ ဆရာက…

"ဟေ့- ဇင်ယော်ကြီး၊ ငါက တိကျမှ ကြိုက်တယ်၊ မင်းထုတ်ဝေသူကို သေသေချာချာချိန်းထား၊ ပျက်ကွက်ရင် ငါ့အဆိုး မဆိုနဲ့" ဟူ၍။

ထိုနေ့မှစ၍ ဆရာနှင့်ရွှေပဒေသာ၊ ဆရာနှင့်မြမြင်းမိုရ်၊ ဆရာနှင့်မော်လမြိုင် ကျော်ကျော်စာပေ၊ ဆရာနှင့်မိတ်ဆွေစာပေ စသည်… စသည် ပေါင်းများစွာ ဆုံတွေ့ပေးမှုများနှင့် စာအုပ်စာမူများ ဖြစ်ခဲ့

ကြသည်။ ငွေပေးငွေယူ အဆင်ပြေခဲ့ကြသည်။

ကျွန်တော်တို့ စာရေးဖို့ကိုလည်း တဖွဖွ သတိပေးတတ်သည်။ စာမရေးဟု ထင်နေသလား မသိ။ ကျွန်တော်တို့ကလည်း စာရေးက ခပ်နည်းနည်း၊ ခပ်ပျင်းပျင်း။

တစ်နေ့ ကျွန်တော်တို့အိမ်သို့လာခိုက် ကျွန်တော်တို့ရေးသား၍ ငွေတာရီမဂ္ဂဇင်းတွင် ထည့်သွင်း ဖော်ပြခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ အကြောင်းကို ဆရာ့အား ပြ၍ စာအုပ်ငှားလိုက်သည်။ ဆရာ နောက်တစ်နေ့မနက် အစောကြီး ရောက်လာပြီး…

"ဟေ့- ဇင်ယော်ကြီး၊ မင်း ငါ့ကို ခွင့်လွှတ်ပါ၊ ဒီငွေတာရီထဲက ဆောင်းပါးကို ဖတ်ပြီးမှ မင်းကို အထင်လွဲနေတာတွေ၊ စာရေးဆရာ ဖြစ်အောင် ကြိုးစားပါတွေ မပြောတော့ပါဘူး။ ဒီဆောင်းပါး တစ်ပုဒ်တည်းနဲ့ မင်းကို ငါ စာရေးဆရာအဖြစ် အသိအမှတ် ပြုပါတယ်၊ တစ်ခုပဲ ပြောချင်တယ်၊ မင်း ငါသေရင်လည်း အခုလို ကောင်းကောင်းလေး ရေးပေးပါကွာ"ဟူ၏။

ယခု ဆရာ ကွယ်လွန်သွားခဲ့ပါပြီ။

ယခု ဆရာ မရှိတော့ပါ။

သို့သော် ကျွန်တော်တို့ ကမ္ဘာမြေမှာ ဆရာ့စာတွေ အမြဲ ရှင်သန်နေမှာပါ။

ဆရာချစ်၊ အိမ်အပြန်၊ မိတ္တဗလ ဘဝတက်လမ်း စသည်… စသည်…။

ကျွန်တော်တို့ အမြဲကြားယောင်နေသော ဆရာ့စကားလေး ရှိသည်။

"ဟေ့-ဇင်ယော်ကြီး၊ စာရေးဆရာဆိုတာ စိတ်ကူးယဉ်သမားတွေကွ၊ ဖြစ်မှဖြစ်ပါ့မလား၊ ဟုတ်မှဟုတ်ပါ့မလား၊ သေချာရေရာတဲ့ အလုပ်၊ လုပ်ငန်း မဟုတ်ပါဘူးလို့ ထင်နေတဲ့လူတွေကြားမှာ သေချာရေရာတဲ့လူတစ်ယောက်ဖြစ်အောင် ရပ်တည်နိုင်တယ်ဆိုတာ၊ ရပ်တည်နေတယ်ဆိုတာက မာန်နဲ့မာန ဖြစ်စရာကွ"ဟူ၍…။ ဟုတ်ပါ

သည်။ မှန်ပါသည်။

မည်သည့်အနုပညာခံစားမှု ပညာရပ်တိုင်းတွင်မဆို ဖွဲ့၊ လှုံ့လ၊ ဝီရိယ အပြင် တွေးခေါ်မြော်မြင်မှု၊ ဖန်တီးနိုင်မှု၊ ရပ်တည်နိုင်မှု၊ ထွန်းတောက် ကျော်ကြားအောင် လုပ်နိုင်မှုဆိုသည်မှာ မလွယ်သော၊ ခက်ခဲသော၊ ပင်ပန်းသော၊ မယုံကြည်နိုင်ကြသောကိစ္စ။ ထိုကိစ္စကို စိတ်ချလက်ချ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပြီး အနိုင်ယူခဲ့သည်၊ ရပ်တည်နိုင်ခဲ့သည် ဆိုသည်မှာ အံ့ဖွယ်သရဲပင် မဟုတ်ပါလား။ ဂုဏ်ယူစရာပင် မဟုတ်ပါလား။

သို့သော် ဆရာက သူ့စေတနာ ဘယ်လောက်ပင်ကောင်းကောင်း၊ သူ့မေတ္တာ ဘယ်လောက်ပင်ထားထား၊ ကရုဏာ ဘယ်လောက်ပင်ရှိရှိ သူ့နှုတ်ထွက်စကားများက မာန်ပါသည်။ ဆရာ့ဘဝ၊ ဆရာ့ဖြတ်သန်းမှု၊ ဆရာ့ရင်တွင်းခံစားမှုသည် ဘာလဲ၊ ဘယ်လဲ။

ဆရာ နာမကျန်း ဖြစ်နေခဲ့ချိန်တွင်၊ ကွယ်လွန်ခဲ့ချိန်တွင် ကျွန်တော်တို့ အနီးကပ် ရှိနေခဲ့ရသည်။ တတ်စွမ်းနိုင်သလောက် ကူညီခဲ့ရသည်။ သည်မျှနှင့်ပင် ကျေနပ်နှစ်သိမ့် နေခဲ့ရသည်။

ဆရာ ဦးဗမိုး ခင်ဗျား···

ဆရာနှင့်ကျွန်တော်တို့ကြား ပြောမှား၊ ဆိုမှား၊ သိမှား၊ ကြားမှား အမှား များစွာ ရှိနေခဲ့ပါက ရောက်ရာဘုံဘဝမှာ ဆရာ ခွင့်လွှတ်ပါ ခင်ဗျား။

ဆရာမျှော်လင့်ထားခဲ့သော၊ ဆရာရေးသားထားခဲ့သော၊ ဆရာ ပြုစုယုယထားခဲ့သော စာအုပ်စာတမ်း စာမူများ အသက်ဝင်လှုပ်ရှား ပြန့်ပွားနိုင်ရန်အတွက် ကျွန်တော်တို့ ဆက်လက်ကူညီ ဆောင်ရွက်ပေးပါ့ မယ်လို့ ကတိပြုပါတယ် ဆရာခင်ဗျား။

ဆရာ ကောင်းရာသုဂတိ ရောက်ပါစေ။


**မဟောသဓာမဂ္ဂဇင်း၊ ၂၀၀၇-ဇူလိုင်လ။**

□

# ရွှေမြန်မာတို့ရဲ့ အမေ

# (သို့မဟုတ်)

# လူထုဒေါ်အမာ



အမေလူထုဒေါ်အမာ နှင့် ဆရာဦးမြင့်ကြိုင် (အမျိုးသားစာကြည့်တိုက်)။

အမေ...

ကျွန်တော်တို့ အားလုံးရဲ့အမေ...

တုနှိုင်းစံမမှီအမေ...

အနှိုင်းမဲ့အမေ...

ရွှေမြန်မာတို့ရဲ့ ရွှေအမေ...

ကျွန်တော်တို့မြန်မာစာပေနှင့် နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု စသည်…စသည် နယ်ပယ်အသီးသီးတွင် ထင်ရှားကျော်ကြားခဲ့သော အမေဟု အားလုံးက စံထားကြရသည့် အမေ… တကယ်ဆိုလျှင် ကျွန်တော်တို့ အသက်အရွယ်နှင့်ဆိုသော် အမေဒေါ်အမာ မဟုတ်တော့။ အဘယ့်ကြောင့် ထိုသို့ဆိုရသနည်းဟု မေးလာပါက ကျွန်တော်တို့၏ မွေးမိခင်၏ အမေ (သို့မဟုတ်) အဘွားသည် ယခုမှ အသက် ၈၈-နှစ် အရွယ်ရှိသေးသောကြောင့်။ ထို့ကြောင့် အဘွားအရွယ်ဒေါ်အမာ။

ဟိုယခင် ကျွန်တော်တို့နှင့် ဆုံတွေ့ကြစဉ်က အဘွားဟု ခေါ်ချင်သည်၊ ခေါ်ခဲ့သည်။ အဘွားဟု ခေါ်သာ ခေါ်ရသည် လျှာနှင့်အာက သိပ်မတွေ့။ အမေဟု ခေါ်လိုက်ရမှ ထိထိရှရှ ပိုခံစားရသလို ရှိသည်၊ ရှိ၏။ အမေ… အမေ…

မိခင်ရင်းအမေနှင့် အမေအရွယ် အမေများ… များလှစွာပင် ကျွန်တော်တို့ ဆုံကြရသည်မှာ ဓမ္မတာ။

သို့သော် မိခင်တိုင်းကို ကိုယ်စားပြု၊ စာပေသမားတိုင်းကို ကိုယ်စားပြု အမေဆိုတာက ရှားမှရှား။ ထိုရှားပါးသော အမေထဲတွင် အမေလူထုဒေါ်အမာက စံ။

စံပြုထိုက်သော ပုဂ္ဂိုလ်၊ ကြည်ညိုထိုက်သော ပုဂ္ဂိုလ်၊ လေးစားထိုက်သော ပုဂ္ဂိုလ်၊ စာဖွဲ့၍ မကုန်နိုင်သော ပုဂ္ဂိုလ်ပါတကား။

ယခုတော့ သင်္ခါရသဘောတရားနှင့် ကွယ်လွန်သွားခဲ့ရှာပါပြီ။ အမေကွယ်လွန်သည့် သတင်းကို စပေးသူက ဓူဝံစာပေတိုက်ပိုင်ရှင် ကိုဝင်းချို။ အမေနှင့် ကျွန်တော်တို့ ခင်ခဲ့၊ သိခဲ့၊ မြင်ခဲ့၊ ကြားခဲ့ရသည်မှာ လွန်ခဲ့သော ၁၅-နှစ်ကျော်က။

မျိုးမြန်မာ စာပေတိုက်ပိုင်ရှင် ကိုဇော်ဝင်းနိုင်မှ မိမိတို့နှစ်ဦး စီစဉ်ထုတ်ဝေ ဖြန့်ချိခဲ့ကြသော စာအုပ်များအတွက် မန္တလေးတွင် အဆက်အသွယ်နှင့် လုပ်ငန်းအတွေ့အကြုံ ရရှိစေရန် စေလွှတ်ခဲ့ခြင်းက စတင်ခဲ့ပါသည်။

ထိုရက်ပိုင်းများမှ စတင်၍ အမေလူထုဒေါ်အမာ၊ ဆရာတော် ဦးပညာ (အမရပူရ)၊ ဆရာနီမောင် (အင်းဝ)၊ နဂါးစာပေ ကိုထွန်းဦး၊ ကဗျာဆရာ ကိုခက်မောင်၊ ဆရာသိုက်ထွန်းသက်၊ ဆရာမောင်ဖူလုံ (ပုသိမ်ကြီး) စသည်… စသည် မန္တလေးသား စာအေနပညာရှင်များနှင့် ဆုံဆည်းသိရှိ ကျွမ်းဝင်ခဲ့ကြခြင်း။

ထိုအချိန်မှစ၍ မန္တလေးသို့ အကြိမ်ကြိမ်ရောက်တိုင်း အမေ့ဆီရောက်ဖြစ်ခဲ့သည်၊ ဝင်ဖြစ်ခဲ့ကြသည်၊ စကားတွေ အများကြီး ပြောဖြစ်ခဲ့ကြသည်။ အမေ့အနီးတွင် ရှိနေကြသော ဆရာကျော်ရင်မြင့်၊ ဆရာကျော်စိုးဝင်း၊ ဆရာဆူးငှက်တို့နှင့် ထပ်မံ ဆုံတွေ့၊ ရင်းနှီး၊ ကျွမ်းဝင်…

ကျွန်တော်တို့ ဇနီးမောင်နှံ အိမ်ထောင်ဦးစီး ခရီးစဉ်မှာလည်း မေမြို့၊ မန္တလေး ဖြစ်သဖြင့် အမေ့ကို ဝင်တွေ့ဖြစ်ခဲ့ကြသည်။ မိုးဂျာနယ်တိုက်ပိုင်ရှင် သခင်အောင်ဖေ၏ သမီး ကျွန်တော့်ဇနီး မနီလာဖြစ်သည့်အတွက် အမေမှ မှတ်မှတ်ရရ ညနေစာကို ကျွေးခဲ့သေးသည်။ အမေနှင့်အတူ အမေ့အိမ်မှာ ပထမဆုံးနှင့် နောက်ဆုံး ထမင်း တစ်စားပွဲတည်းစားပွဲ။ အမှတ်တရပါပဲ အမေရယ်။

ကျွန်တော်တို့ မြန်မာစာပေခရီးတွင် အတွဲညီညီနှင့် ဇနီးမောင်နှံတူစုံ အောင်မြင်ထင်ရှားဖို့ဆိုတာ မလွယ်ပါ။ အလွန်ရှားပါးသောကိစ္စဖြစ်ခဲသည့်အရာ၊ ထိုရှားရှားပါးပါး ဇနီးမောင်နှံများကား ဥပမာ-ဆရာကြီးဂျာနယ်ကျော် ဦးချစ်မောင်- ဆရာမကြီးဂျာနယ်ကျော် မမလေး၊ ဆရာကြီးဦးတက်တိုး၊ ဆရာမကြီးဒေါ်နုယဉ်၊ ဆရာကြီး လူထုဦးလှနှင့် ဆရာမကြီး လူထုဒေါ်အမာ… စသည်… စသည်တို့မှာ ထင်ရှားကျော် ကြားသော ပုဂ္ဂိုလ်များဆိုတာ အားလုံး အသိ၊ အမြင်၊ အကြားပင် မဟုတ်ပါလား။

အသက်အရွယ် ကြီးရင့်လာသော်လည်း အမေ၏ စာပေအတွေး အရေးနှင့် စေတနာတို့မှာ လစဉ်ထုတ်မဂ္ဂဇင်း၊ ဂျာနယ်များတွင်

အကြောင်းအရာ မထပ်အောင် တင်ပြရေးသားနိုင်ပုံမှာ အားလုံး အတု ယူစရာ၊ အားကျစရာ။

အမေ၏ နိုင်ငံ့အပေါ်ထားရှိမှု စေတနာကို ကျွန်တော်တို့ ငယ်စဉ် ကတည်းကပင် သတိထားမိခဲ့ပါသည်။ ခေတ်ဟောင်းမှစ၍ ယနေ့ ခေတ်သစ်အထိ နိုင်ငံရေး၊ လူမှုရေး၊ စာပေရေးရာများကို ဝတ္ထုသဖွယ်၊ ဆောင်းပါးသဖွယ်များ ရေးသား၍၊ ခရီးသွားဆောင်းပါး စာအုပ်ထူကြီး များ အဖြစ်ရေးသား၍၊ အငြိမ့်၊ ဇာတ်သဘင်နှင့် ယဉ်ကျေးမှုများ ပေါ်တွင် ထားရှိသော သဘောထား၊ အတ္တုပ္ပတ္တိစာအုပ်ကြီးများ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ သတင်းစာဆရာများ၊ သဘောတရားဆိုင်ရာ ဆွေးနွေးပွဲများ၊ စာတမ်းများ၊ စာအုပ်များ၊ ဘာသာတရားနှင့် ဆရာတော်ကြီးများ အကြောင်း တစေ့တစောင်း… စသည့်… စသည့်… ဘက်စုံထောင့်စုံ အကြောင်းအရာ ပေါင်းစုံကို ပြုစုရေးသားနိုင်စွမ်းရှိသော အမေ၊ ကိုယ်ကျင့်သီလ၊ သိက္ခာ၊ ကျန်းမာရေး၊ လူမှုရေး… ရေးပေါင်းများစွာကို ဆေးစက်ကျရာ အရုပ် ထင်အောင် ရေးနိုင်စွမ်းရှိသူ အဖြစ်တန်ဖိုးထား မှတ်တမ်းတင် ဦး ညွှတ်ကြရသည်မှာ အခါခါ။

ခေတ်စနစ် အမျိုးမျိုးအပြောင်းတွင် ကလောင်လက်နက်ကိုင်စွဲပြီး ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်သူ၊ ရင်ဆိုင်ခဲ့သူ၊ လူ့ဘဝ လောကဓံတရားများကို၊ သောကမီးများကို၊ လင်ကောင်းအပေါ်ကို ဇနီးကောင်းအဖြစ်၊ သားသမီး များအပေါ် မိခင်ကောင်းအဖြစ်၊ ကောင်းကျိုးဆိုးကျိုး အမျိုးမျိုးပေးသော မိတ်ဆွေများကို သူငယ်ချင်းကောင်းအဖြစ် မညည်းမညူ လက်ခံထား နိုင်ခဲ့သူ။ သားသမီးများစွာ မွေးဖွားခဲ့၍ မည်သည့်ကိစ္စကြီးငယ် မဆို အပြုံးမပျက် ရင်ဆိုင်၍၊ တရားသဘော နှလုံးသွင်း၍၊ ကျန်းမာရေးကို ဂရုစိုက်၍ လူတလုံးသူတလုံးဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူ… သူ ဆိုမှသူ…

ကိုလိုနီစစ်ကြိုခေတ်၊ စစ်အတွင်းဂျပန်ခေတ်၊ စစ်ပြီးခေတ်၊ ဖဆပလခေတ်၊ ရောင်စုံသူပုန်ခေတ်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်

ပါတီခေတ်၊ နဝတခေတ်၊ ခေတ်တွေဘယ်လိုပြောင်းပြောင်း၊ စနစ်တွေ ဘယ်လိုပြောင်းပြောင်း၊ လူမသေ အရင်းကျန်ဆိုသော မြန်မာ့ဓလေ့ ဆိုရိုးစကားနှင့်အညီ မသေအောင်၊ မနာအောင်၊ ကျန်းမာရေးလိုက်စားပြီး ကြုံရသည့်၊ တွေ့ရသည့်ခေတ်တိုင်းကို ရင်ဆိုင်ခဲ့သူ၊ စာအစွန်း မရောက်၊ မသွေမဖောက် ရင်ဆိုင်ခဲ့သူ၊ မြန်မာ့ဓလေ့နှင့် ဘာသာတရား ကို တန်ဖိုးထားပြီး စံပြဖြစ်အောင် နေထိုင်သွားသူ၊ မည်သည့်လောက ဌာနက အနုပညာရှင်လူငယ်တိုင်း၊ မိတ်ဆွေတိုင်းကို မြေတောင်မြှောက် လက်တွဲခေါ်ခဲ့သူ၊ အကျိုးအပြစ်ဝေဖန်ပေးခဲ့သူ၊ မိတ်ဆွေရင်းများကို ချီးမြှောက်သင့်သူကို ချီးမြှောက်ခြင်း၊ ပူဇော်သင့်သူကို ပူဇော်ခြင်း ဆိုသော သဘောတရားများ လက်ကိုင်ထားသူ၊ မန္တလေးနှင့် ကျွန်တော် တို့ တိုင်းပြည်ဂုဏ်ကို ဆောင်ခဲ့သူ၊ သူဆိုမှသူ…

ကျွန်တော်တို့ တိုင်းပြည်၏ စစ်ရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ စာပေအနုပညာ၊ ပန်းချီ…စသည့် ကဏ္ဍအသီးသီး၏၊ ဌာနအသီးသီး၏ ဦးဆောင်နေကြသော၊ ဦးဆောင်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများကပင် တန်ဖိုးထားရသော အမေ၊ ရင်းနှီးကျွမ်းဝင်ခဲ့ရသော၊ လက်တွဲလုပ်ကိုင်ခဲ့ သော အမေ…

မြန်မာ့စာပေ၏ ခေတ်စမ်းစာပေသစ် ပေါ်ပေါက်လာရေး အတွက် အဓိကကျသောခေတ်၏ လူငယ်စာရေးဆရာများတွင် ပါဝင် ခဲ့သူ၊ မြန်မာပြည်၏ ဆွေးနွေးပွဲများတွင် အဓိကကျသော နေရာများမှ ပါဝင်ခဲ့သူ၊ ကိုယ်ပိုင်သတင်းစာဂျာနယ် ထုတ်ဝေ၍ သတင်းစာဆရာ များ၊ စာရေးဆရာများ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၏ ဘဝ ရပ်တည်ရေးနှင့် စာအုပ်ထုတ်ဝေမှုများတွင် စွမ်းစွမ်းတမံ လုပ်ဆောင် ခဲ့သူ၊ ဦးဆောင်ခဲ့သူ၊ အမျိုးဘာသာ သာသနာကို စာအား၊ ငွေအား၊ လုပ်အားများ တတ်စွမ်းသမျှ စောင့်ရှောက်ခဲ့သူ၊ ရာထူးအာဏာ မမက် မောဘဲ လုပ်သင့်လုပ်ထိုက်သော နေရာဌာန အသီးသီးတွင် တက်ကြွ စွာ စောင့်ရှောက်ခဲ့သူ…

အမေရေးခဲ့သော စာများကို စုပေါင်း၍ စာပေါင်းစုစာအုပ်ကြီးများ ထုတ်ရလျှင် အကြီးကြီး၊ အတွဲများများ ခွဲဝေထုတ်ရပေလိမ့်မည်။ စာရေးအများဆုံးသော ပုဂ္ဂိုလ်ကြီး ၁၀–ဦး ရွေးလျှင်ပင် အမေပါသည်ဟု ခန့်မှန်းမိကြသည်။ ဖြစ်နိုင်လျှင် တတ်နိုင်လျှင် ထုတ်ဝေကြပါဟု တိုက်တွန်းလိုက်ပါသည်။

အမေသည် အမျိုးသမီးတစ်ယောက်ဆိုသော်လည်း ဗုဒ္ဓဘာသာ ဝင်ပီပီ လောကခံလှိုင်းအမျိုးမျိုးကို တရားသဘောနှင့်ယှဉ်၍ ရင်ဆိုင်ခဲ့သည်လားမသိ၊ မည်သည့် အကြောင်းအရာမျိုးစုံကိုမဆို ရင်ဆိုင်နိုင်ခဲ့သည့် စွမ်းရည်မှာ အားလုံး အသိအမြင် အကြားပင် မဟုတ်ပါလား။

အမေ့အတွက် မွေးနေ့ပွဲတွေ၊ အမှတ်တရပွဲတွေမျိုးစုံ လုပ်ပေးကြသည်၊ လုပ်ခဲ့ကြသည်ကို ကြားရ မြင်ရသည်မှာ ကျွန်တော်တို့ ပီတိဖြစ်ရသည်မှာ အခါခါ။

လူ့ဘဝမှာ ပေးသူနှင့် ယူသူ ဟူ၍ နှစ်မျိုးရှိသည်ဟု သတ်မှတ်ထားကြသည်။ အမေကား ပေးသွားသူ၊ လှူသွားသူဟု ကျွန်တော်တို့ ယုံကြည်ကြပါသည် ခင်ဗျား။

အမေက အသက်ရှည်ရှည် နေထိုင်သွားပြီး အသက်ကြီးသွားသော်လည်း စာမထပ်၊ မလေး။ သတိလည်းမ ချွတ်ယွင်းသဖြင့် ခေတ်အမြင်၊ ခေတ်အတွေး၊ ခေတ်မီမီ ကြည့်မြင်တတ်သည်။ အကြောင်းအရာမထပ်၊ ရေးစပ်စရာ ပြောစရာတွေ တပုံတပင်၊ မြင်လည်းမြင်တတ်သည်၊ သင်လည်း သင်တတ်သည်၊ သတင်းစာဆရာမကြီး၊ ဂျာနယ်ဆရာမကြီး ပီသပါပေသည်ဟု လက်များတခါခါနှင့် အံ့သြယူရသည်။

စာကို လူတိုင်းနားလည်အောင် စကားပြောသလို ရေးမည်ဟု ကြွေးကြော်ခဲ့သလို တည်ထွင်ခဲ့ကြသည်၊ ကြိုးပမ်းခဲ့ကြသည်။ ထိုအယူအဆကို ကန့်ကွက်ခဲ့သူတွေ ရှိခဲ့ကြသလို၊ ထောက်ခံခဲ့သည့်လူတွေကလည်း အများအပြား။ သို့သော် အမေက မကြောက်၊ မဖြောက်၊

မတုန်လှုပ်၊ ကျောက်ရုပ်နှလုံးသားနှင့်ဟုပင် ထင်ရသည်။ ယုံကြည်တာကို၊ မှန်တယ်ထင်တာကို ရဲရဲဝံ့ဝံ့ရင်ဆိုင်၍ စဉ်ဆက်မပြတ်လုပ်ကိုင်ခဲ့သူ၊ စာပေဆောင်းပါးရေးရေး၊ ခရီးသွားဆောင်းပါးရေးရေး၊ ဘယ်အချိန်ဖတ်ဖတ် စာဖတ်သူများ စိတ်ဝင်စားဖြစ်အောင်၊ ပရိသတ်နှစ်ခြိုက်အောင် ရေးသားနိုင်မှုမှာ အံ့မခန်း။

ဤလိုရေးသားနိုင်စွမ်းရှိသူများမှာ ကျွန်တော်တို့စာပေနယ်တွင် ဥပမာ- ဆရာကြီးသိန်းဖေမြင့်၊ ဆရာကြီးဦးသုခ၊ ဆရာကြီးသခင်အောင်ဖေ၊ ဆရာကြီးသုခမိန်နှင့် ဆရာမကြီး အမေဒေါ်အမာတို့ဟု အသိအမှတ်ပြုကြရသည်မှာ လွန်အံ့မထင်။

အမေမှ စာပေဂျာနယ် အတွဲ ၂- အမှတ် ၂- ၁၉၉၄-အောက်တိုဘာလထုတ်တွင် စာပေဝေဖန်ရေး အမည်ခံ၍ ပုဂ္ဂိုလ်ရေးစော်ကားမော်ကား ရေးသားနေသူများကို ရည်ညွှန်းကာ "**စာရေးကြတယ်ဆိုတာ**" ခေါင်းစီးဖြင့် ဆောင်းပါးတစ်ပုဒ်ရေး၍ လမ်းညွှန်ခဲ့သည်။ ထိုဆောင်းပါးတွင် အမေက...

"ကျွန်မတို့တစ်တွေ စာရေးကြတယ်ဆိုတာ အဖြူပေါ် အမည်းတင်ပြီး စောင်ရေတွေ အများကြီး ရိုက်နှိပ်ဖြန့်ဖြူးတဲ့ခေတ်မှာ စာရေးကြတာမို့ ကျွန်မတို့တစ်တွေ ရေးခဲ့တဲ့စာတွေဟာ ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ် တော်တော်နဲ့ မပျောက်ပျက်ဘူး၊ စာရေးတဲ့သူသေသွားပြီးတဲ့ နောက်တောင်မှ စာတွေဟာ ကျန်ရစ်နိုင်သေးတယ်...

ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် စိတ်အခန့်မသင့်လို့ ဆဲတာ ရေးတာဟာ ဘယ်လောက် ရန့်ရင်းကြမ်းတမ်းစွာ ဆဲရေးမိစေဦး လေထဲမှာ ပျောက်ကွယ်သွားတာမို့ ကြားရတဲ့လူ အနည်းအပါးကသာ သိလိုက်တယ်၊ အမှတ်ထင်ထင် ကျန်ရစ်တယ်ဆိုတာ မရှိပါဘူး၊ ရေးတာ သားတာကတော့ ဒီလိုမှ မဟုတ်ပါဘဲ...

ဒါကြောင့် ဒီခေတ် စာရေးနေကြတဲ့ လူငယ်တချို့စာရေးတယ်ဆိုတာ တော်တော်နဲ့ ပျောက်ပျက်တာမျိုးမဟုတ်ဘူး၊ သတိရှိကြဖို့ကောင်းတယ်လို့ သတိပေးချင်ပါတယ်ဟု သတိပေးဆောင်းပါး

ရေးသားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် စာအုပ်ဝေဖန်ရေး၊ စာပေဝေဖန်ရေး၊ အနုပညာသန့်စင်အောင် ဝေဖန်ရေးဟု အကြောင်းပြပြီး ကိုယ်ရေးချင်ရာ ပုဂ္ဂိုလ်ရေး အကြောင်းအရာများကို ရေးသားနေကြသော ပုဂ္ဂိုလ်များ၊ ထည့်သွင်းဖော်ပြနေသော အယ်ဒီတာနှင့်ထုတ်ဝေသူများကို စေတနာ ကရုဏာဖြင့် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ထိုသို့သဘောဆန်သည့် ခေတ်ပြင် ဆောင်းပါးများစွာ အမြင်မတော်သည့်ကိစ္စ၊ အကြားမတော်သည့်ကိစ္စများတွင် ဆရာမကြီးဘယ်တော့မှ ကလောင်လက်မနှေး၊ ရေးပစ်လိုက်သည်သာ။ သို့သော် စေတနာပါသဖြင့် စာကောင်းသည်။ ဂရုဏာပါသဖြင့် စာသွက်သည်၊ မေတ္တာပါသဖြင့် စာလှသည်၊ အခံရသက်သာသည်၊ ကတ္တီပါလက်အိတ်စွပ်ထားသော သံလက်သီး၊ နာလို့နာမှန်းပင်မသိလိုက်ရ၊ ဖွဖွရွရွ။

အမေခင်ဗျား...

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်ပီပီ ကံနှင့်သံသရာကို ယုံကြည်ပါတယ်၊ တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာမှာ အမေနှင့်ကျွန်တော်တို့ ပြန်လည်ဆုံစည်းကြမယ်ဆိုတာကို အမှန်ယုံကြည်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ဘဝ ယခုထက်ပို၍ အောင်မြင်ပြီး အသိဉာဏ်ပညာတစ်ဆင့်ထက်တဆင့် မြင့်တက်သောဘဝများကို လမ်းညွှန်ပြသနိုင်သော ပုဂ္ဂိုလ်ထူးများအဖြစ် အမေ့ကို မြင်တွေ့၊ ကြုံတွေ့ရပါလို၏။ အမေနှင့်တကွ ရှေ့မှ သွားနှင့်ကြသော ဆရာသခင်အပေါင်းက ကျွန်တော်တို့ကို တပည့်ကောင်းဟု သတ်မှတ်ထားခဲ့လျှင် လူ့ပြည်လူ့ရွာ လူ့လောကမှာ ကျန်ရစ်ခဲ့ရကျိုးနပ်ပါပြီဟု ယူဆရင်း နှုတ်ဆက်ကန်တော့လိုက်ရင်း......

❑

# သပြေညိုသို့ ဦးခိုက်ခြင်း
# (ဆရာကြီးမင်းသုဝဏ်)



ဆရာမင်းသုဝဏ်နှင့် စာရေးသူတို့ဇနီးမောင်နှံ။

ကျွန်တော်တို့ မြတ်နိုးကျင်လည်ရာ စာပေအနုပညာနယ်တွင် ကွယ်လွန်အနိစ္စရောက်နေကြသည်ကို မတွေ့ချင်၊ မကြုံချင်သော်လည်း

ဆုံကြုံရသည်မှာ ခဏခဏ။ ယခုကွယ်လွန်ခဲ့သည်က ဆရာကြီး မင်းသုဝဏ်။

ကျွန်တော်တို့ မြန်မာ့စာပေနယ်၏ ခေတ်စမ်းစာပေကို ထူထောင်၍ အောင်လံတံခွန် လွှင့်ထူခဲ့ကြသူများ ဖြစ်ကြသော ဆရာကြီး ဦးဖေမောင်တင်၊ ဆရာကြီးသိပ္ပံမောင်ဝ၊ ဆရာကြီးဇော်ဂျီ၊ ဆရာကြီး မင်းသုဝဏ်။

ခေတ်စမ်းစာပေခေတ်၏ နောက်ဆုံးလက်ကျန် သက်ရှိထင်ရှား သမိုင်းဝင်အမာခံတစ်ဦး ကွယ်လွန်ပျောက်ဆုံးသွားခြင်း။ အစားထိုး၍ မရနိုင်သော စာပေနယ်၏ ကြီးစွာသော ဆုံးရှုံးမှုကြီးတစ်ခု။

ဆရာကြီးမင်းသုဝဏ်နှင့် ကျွန်တော်တို့ ဆုံကြုံခဲ့ရသည်မှုများမှာ လွန်ခဲ့သော ၁၀-နှစ်ကျော်ကတည်းက။ ဆရာကြီး ဦးစီး၍ လှူဒါန်း ကျွေးမွေးခဲ့သော ထမနဲပွဲများ။ ထိုထမနဲပွဲများကို ထူးခြားအံ့သြဖွယ် ကောင်းလောက်အောင် ဆရာကြီးမင်းသုဝဏ်နှင့် ဆရာကြီး ဦးခင်မောင်လတ်၊ ဆရာမကြီးဒေါ်ခင်မျိုးချစ်တို့၏ ခြံများတွင် နှစ်စဉ် ပြုလုပ်ခဲ့ကြသည်။

ကျွန်တော်တို့ နှစ်တိုင်းနီးပါး ရောက်ဖြစ်ခဲ့သည်။ သို့သော် ဆရာကြီးများက ကျွန်တော်တို့ကို မှတ်မိနိုင်စရာမရှိ။ အဘယ့်ကြောင့် ဆိုသော် ဆရာကြီး၊ ဆရာမကြီးတို့၏ အရွယ်၊ ဝါ၊ ကျော်ကြားမှုနှင့် ပရိသတ်များပြားစွာ ရှိနေသောကြောင့်၄င်း၊ ကျွန်တော်တို့နှင့် ဆရာကြီး၊ ဆရာမကြီးများနှင့် အသက်အရွယ် အလွန်ကွာလွန်းသောကြောင့်၄င်း ဖြစ်ပါသည်။ ဥပမာအားဖြင့်ဆိုသော် ကျွန်တော်တို့ မိဘနှစ်ပါးတွင်မှ မဟုတ် ကျွန်တော်တို့အဘွားပင်လျှင် ယခုမှ အသက် ၈၅-နှစ်သာ ရှိသေးသည်။

ထို့ကြောင့် မသိနိုင်။

ဆရာကြီး၊ ဆရာမကြီးများ နှစ်စဉ်နှစ်တိုင်းကျင်းပသော ထမနဲပွဲ

များမှတစ်ပါး ကျန်သော စာပေအနုပညာနယ်မှ ပုဂ္ဂိုလ်ကြီးငယ်များ၏ ထမနဲပွဲများကို ဟုတ်တိပတ်တိ မတွေ့ခဲ့ရ၊ မကြုံခဲ့ရ။ ကျွန်တော်တို့ ကိုယ်တိုင်လည်း မကျွေးနိုင်၊ အလှူမလုပ်နိုင်။ ထို့ကြောင့် ကျယ်ကျယ် ပြန့်ပြန့် ထပ်မံ တိုးချဲ့လှူဒါန်းပွဲများကို မတွေ့ရသဖြင့် ကျွန်တော်တို့ စိတ်မကောင်း။

ဆရာကြီး၊ ဆရာမကြီးတို့၏ ထမနဲပွဲများကို နှစ်စဉ်ကျင်းပ ပြုလုပ်ခဲ့ခြင်းမှာ ကျွန်တော်တို့ မြန်မာစာပေ အနုပညာနယ်အတွက်သာ မဟုတ်ဘဲ အမျိုးသားယဉ်ကျေးမှု၏ပြယုဂ် ဖြစ်နေသည်။ ကျွန်တော် အတွက်နမူနာ ယူစရာ အကျင့်ကောင်း၊ ဓလေ့ကောင်းတစ်ခုဟု သတ်မှတ်မိပါသည်။

ခင်ဗျားတို့ ကျွန်တော်တို့လို လုပ်ကြ၊ ကျင့်ကြံအားထုတ်ကြ၊ စာပေရေးသားကြ၊ ဖတ်မှတ်လေ့လာကြ၊ ရိုးရာဓလေ့ ယဉ်ကျေးမှုများ ကို ထိန်းသိမ်းကြ၊ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ကြဟု မပြောသော်လည်း၊ မရေးသော်လည်း၊ ရေးသားပြောဟော ပို့ချသွန် သင်နေသလို ခံစားရသည်မှာ မကြာခဏ။ ထို့အတူ ဆရာမြသန်းတင့်၊ ဆရာ ဒဂုန်တာရာ၊ ဆရာပါရဂူ၊ ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ဆရာမကြီး လူထုဒေါ်အမာ၊ ဆရာမကြီးဒေါ်ခင်နှင်းယုတို့မှလည်း ထို့အတူပင်။ ငါတို့လိုနေ၊ ငါတို့လိုရေး၊ ငါတို့လိုပြောဟု တိုက်ရိုက် မသွန်သင်၊ မဆုံးမခဲ့ကြား ကျွန်တော်တို့ လိုက်နာကျင့်သုံးခံယူ လေးစား မြတ်နိုးနေမိ သည်မှာ အကြိမ်ပေါင်းများစွာမှာ၊ နေရာပေါင်းများစွာမှာ၊ စာအုပ်ပေါင်း များစွာမှာ။ အတုယူအားကျသင့်သော၊ မြတ်နိုးသင့်သော၊ လေးစားသင့် သော ပုဂ္ဂိုလ်ကြီးများ။

ဆရာကြီးမင်းသုဝဏ်၏ ကဗျာများဟု မသိခင်ကတည်းက၊ မူလတန်းအရွယ် ကျောင်းနေစဉ်ကတည်းက သပြေသီးကောက်၊ သပြေညို၊ လယ်စောင့်တဲ၊ ပျဉ်းမငုတ်တို တို့ကို သံပြိုင်ရွတ်ဆိုခဲ့ကြရ သည်မှာ ကျွန်တော်တို့ အားလုံးပင် မဟုတ်ပါလား၊ ပျော်ရွှင်ကြည်နူးခဲ့ ကြရသည် မဟုတ်ပါလား။

ဆရာကြီးနှင့် တွေ့ဆုံခဲ့ရသော ရက်များက ကျွန်တော်တို့ ဆရာကြီး အနီးအနားမှာ ရုတ်တရက် မခွာနိုင်ခဲ့။ ငယ်စဉ်က ချောမောလှပခဲ့မည် ဖြစ်သော ရုပ်ရည်၊ ဟန်ပန်အမူအရာ လေသံတို့ကို တွေးကြည့်၍ ရှင်မြူးခဲ့ရသည်။ တမ်းတခဲ့ရသည်။ ဆရာကြီးက ကြွရောက်လာသော ပရိသတ်ကို ကြီးကြီး ငယ်ငယ် ဖော်ရွေစွာနှင့်၊ ပျော်တပြုံးပြုံးနှင့်၊ "နောင်နှစ်လည်း လာအုံးနော်" ဟု လူတိုင်းအား မှာကြားနေဟန်ကို ကျွန်တော်တို့ ယခုထိ မျက်စိထဲကမထွက်။

ကျွန်တော်တို့ တက်ရောက်ကြသူများထဲမှ ဆရာကြီးတပည့်ဆိုသော်လည်း အသက်အရွယ်ကြီးရင့်ပြီး ရာထူးဂုဏ်ရှိန်ကြီးတွေနှင့်၊ နိုင်ငံခြားပြန် ဘွဲ့ဒီကရီကြီးတွေနှင့်၊ တပည့်တပန်းတွေနှင့်၊ကျွန်တော်တို့ ကိုယ်တိုင် အလွန်လေးစားရသော ပုဂ္ဂိုလ်ကြီးငယ်များကလည်း အပြုံးကိုယ်စီ၊ ဂါရဝတရားကိုယ်စီနှင့် ပြန်၍ ငယ်သွားကြသလိုလိုနှင့် ရှင်မြူးနေကြသည်။ နောက်ပြောင်ကျီစယ်နေကြသည်။ လွမ်းနေကြသည်။ တမ်းတနေကြသည်။ ဆိုးနွဲ့ပလီနေကြသည်ကို မြင်ရသဖြင့် သူတို့ကိုယ်စား ကြည်နူးမှုတို့က ကျွန်တော်တို့ရင်ထဲမှာ တဖြတ်ဖြတ် လှုပ်ခါနေသည်။

ထိုခံစားမှုတို့က နှစ်စဉ် နှစ်တိုင်း။

ထိုပျော်ရွှင်ကြည်နူးမှုတို့က နှစ်စဉ် နှစ်တိုင်း။

ခုတော့... ဆရာကြီး... မရှိတော့ပြီ။

ဆရာကြီး ဖန်တီးခဲ့သော ကဗျာများ၊ စာများ၊ စာအုပ်များ၊ စာတန်းများသည် ကျွန်တော်တို့ တိုင်းပြည်အတွက် အဖိုးမဖြတ်နိုင်သော ဂုဏ်သတ္တိများ၊ ရတနာများ။

ကမ္ဘာကျော် တက္ကသိုလ်ကျောင်းထွက်တစ်ဦးပင် ဖြစ်လင့်ကစား မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရေ၊ မြန်မာ့လေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်ဖီလာဖြစ်သော အယူအဆ၊ အနေအထိုင်များကို ငြင်းဆိုပြီး အသက်ထက်ဆုံး မိမိတိုင်းပြည်တွင် နေထိုင်သွားခဲ့သော ဆရာကြီး။

မိမိ မိသားစုနှင့် ပတ်ဝန်းကျင်ကို ခွဲခွာ၍ သွားနိုင်သော၊ ပညာနှင့် ငွေကြေးဥစ္စာရှိပါလျက် စွန့်ခွာမသွားခဲ့သော ဆရာကြီး။ မိမိလူမျိုးနှင့် ပြည်သူတို့ကို တတ်နိုင်သလောက် အလင်းဆောင်ပေးခဲ့သော ပုဂ္ဂိုလ်ကြီး။ ထိုသို့ ပုဂ္ဂိုလ်ကြီး၊ ဆရာကြီးများထဲတွင် ဆရာကြီးမင်းသုဝဏ်လည်း တစ်ယောက်အဖြစ် ပါဝင်သည်ဟု ကျွန်တော်တို့ မြတ်မြတ်နိုးနိုး၊ လေးလေးစားစား ယုံကြည်မိပါသည်။

**ဥပမာ**- ဆရာကြီး ရာဘင်ဒြာနတ်တဂိုး၊ ဆရာကြီးရာဟုလာ သံကိစ္စည်း၊ ဆရာကြီးလူရှွန်း၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့သည် သူတို့တိုင်းပြည်၊ သူတို့ပြည်သူများအတွက် အကျိုးရှိစွာ တန်ဖိုးထားတတ်၊ မြတ်နိုးတတ်အောင် လေ့ကျင့်ပြုစု အားထုတ်ကြိုးပမ်းမှုများမှာ ရေတွက်၍ မကုန်နိုင်ခဲ့။

ထို့ကြောင့် ထိုပုဂ္ဂိုလ်ကြီးများနှင့် တစ်တန်းတည်း ထည့်သွင်းပူဇော်သင့်သော ဆရာကြီးဟု ယုံကြည်မှတ်ထင်မိပါသည်။

ဆရာကြီး၏ အမူအကျင့်၊ အရေးအသား၊ အတွေးအခေါ်၊ အလုပ်အကိုင်၊ အပြောအဆိုတို့သည် ကျွန်တော်တို့နားထဲ၊ နာမ်ထဲ၊ ရုပ်ထဲ၊ အမြင်ထဲမှာ အမြဲရှင်သန်ထက်မြက်၍ စွဲလမ်းနှစ်သက်နေဆဲရှိကြောင်း ဆရာကြီးမင်းသုဝဏ် တမလွန်မှ ကြားပါစေ၊ သိပါစေ၊ မြင်ပါစေဟု ဆန္ဒပြုမိပါသည်။

ဆရာကြီးတို့လို ပုဂ္ဂိုလ်ကြီးများအတွက် ကောင်းမြတ်သော ကြိုဆိုမှုများ၊ သံသရာ၏ နေရာအနှံ့အပြားနှင့် စကြာဝဠာကြီးထဲတွင် အမြဲအဆင်သင့်ရှိနေမည်ဟု ကျွန်တော်တို့ မြတ်မြတ်နိုးနိုး ယုံကြည်ပါသည် ဆရာကြီးခင်ဗျား။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များပီပီ ကံနှင့်သံသရာကို ယုံကြည်ကြသူများ ဖြစ်သည့်အတွက် တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာမှာ ဆရာကြီးနှင့် ကျွန်တော်တို့ ပြန်လည်ဆုံတွေ့ကြလိမ့်ဦးမည်ဟု ယုံကြည်ပါသည် ဆရာကြီးခင်ဗျား။ ထိုအချိန်ကာလများတွင်လည်း ဆရာကြီးမှ

ကျွန်တော်တို့ကို လက်တွဲခေါ်ယူ၊ သင်ကြားပြသ၊ ဆိုဆုံးမပေးပါ ဆရာကြီးခင်ဗျား။ ကျွန်တော်တို့တိုင်းပြည်အတွက်...

မမေ့ထိုက်သော

မေ့ပစ်၍မရသော

အမေ့မခံရသော......

ဆရာကြီးမင်းသုဝဏ်သို့ ဤစာစုဖြင့် ရှိခိုးဦးတိုက် ကန်တော့လိုက်ပါသည် ဆရာကြီးခင်ဗျား။ ။

❐

## တစ်မိုးအောက်တစ်ယောက်
## (သို့မဟုတ်)
## ဆရာမင်းသိခ်



ဆရာကြီးမင်းသိခ်။

ဆရာမင်းသိခ် ဆုံးပြီဆိုသော စကားကို မျက်ပွင့်စာပေမှ ပြောသည်။ ကျွန်တော်တို့ စိတ်မကောင်းခြင်းကြီးစွာဖြင့် ခေတ္တငိုင်တွေလျက်... ။

ထိုနေ့တစ်နေ့လုံး တွေ့သမျှ၊ သိနိုင်သမျှ စာပေမိတ်ဆွေ၊ သူငယ်ချင်းများ၊ ရင်းနှီးကျွမ်းဝင်သူများကို သတင်းဖြန့်ဝေခြင်း၊ နားထောင်ခြင်းများစွာနှင့် အိမ်သို့ပြန်လာခဲ့သည်။ ထိုသတင်းသည် တောမီးပမာလောင်ကျွမ်းလျှက်...။

ကျွန်တော်တို့ စာပေနယ်၊ အနုပညာနယ်သို့ရောက်စ ၁၉၈၂-၈၃-၈၄ ခုနှစ်များတွင် ပုံနှိပ်ပညာသင် အလုပ်သမားဘဝ စာစီဖိုမင်ဘဝမှာပင် ဆရာ့စာမူ၊ ဆရာ့လက်ရေး၊ ဆရာ့နာမည်နှင့် စတင်ကြုံဆုံခဲ့ရသည်။ ထိုစဉ်ကာလက ကျွန်တော်သည် သိုင်းစာရေးဆရာကြီး တက္ကသိုလ်နေလင်းအောင်ပိုင် အရဏ်ဦးပုံနှိပ်တိုက်တွင် စာစီသမား။

မည်သည့်စာအုပ်မဆို အကြိမ်ကြိမ် ရိုက်နှိပ်ရသည်ဆိုသော်လည်း ထိုခေတ်အခြေအနေအရ ခဲစာလုံး ပြန်စီရသည်။ ကော်ပီအတိုင်းဖြစ်အောင် စာစီရသည်။ စာဖောင်ပြန်သွင်းရသည်။ စက်ပြန်ရိုက်၊ စာဖောင်ပြန်ရိုက်၊ စာဖောင်ပြန်ချုပ်ပြီးမှ စာအုပ်ထွက်ရသည့်ခေတ်...။

ယနေ့ခေတ်လို အတွင်းဖလင်၊ အဖုံးဖလင် သိမ်းထားရုံနှင့် လိုသလောက် ပြန်ရိုက်၍မရ။ ထို့ကြောင့် စာရေးဆရာများသည် မိမိစာအုပ် အကြိမ်ကြိမ်ရိုက်နှိပ်ရလျှင် ဂုဏ်ယူမဆုံး။ အဘယ့်ကြောင့်ဆိုသော် ကုန်ကျစရိတ်၊ လုပ်ခနှင့် ပင်ပင်ပန်းပန်း ငွေများများ ရင်းနှီးရသောခေတ်တွင် ကျော်ကြားအောင်မြင်ခဲ့သည် ဟူသော ပီတိ။ ထိုပီတိကို ဆရာမင်းသိန်း ခံစားခဲ့ရသည်မှာ အကြိမ်ကြိမ်ပါ။

ယနေ့ခေတ်တွင်ကား စာအုပ်ကောင်းတစ်အုပ် ရောင်းရသည်၊ ကောင်းလှသည်၊ တော်လှသည်၊ စန်းပွင့်သည်ဆိုသော်ငြား ဘယ်လောက်ရိုက်မှန်း မသိရ၊ ကုန်မှန်း မသိရ၊ အကြိမ်လည်း မသိရ၊ ကောင်းသလိုလိုနှင့် မကောင်း...။

**ဥပမာ** ဟိုယခင်ခေတ်က ဆရာကြီးဦးနု၏ မိတ္တဗလဋ္ဌီကာဆိုပါစို့။ ပထမအကြိမ် ရိုက်နှိပ်ခြင်း ခုနှစ်၊ အကြိမ်ကြိမ်ရိုက်နှိပ်ခြင်းခုနှစ်၊ ရိုက်နှိပ်ခဲ့သည့် အုပ်ရေများ... စသည်များကို ထည့်သွင်းဖော်ပြ

ထားသဖြင့် စာအုပ်မှ အညွှန်းစာများကို ကြည့်ကာ အံ့သြတကြီးဖြစ်၍ လေးစားရသည်မှာ အခါခါ။

ထို ၃၂ လမ်းရှိ ပုံနှိပ်တိုက်သို့ ဆရာ တစ်ခါတစ်လေ လာသည်။ ထုတ်ဝေသူ ဦးဉာဏ်ဝင်း (ဉာဏ်ဝင်းစာပေ) က အမြဲတမ်းလာသည်။ သူလာလျှင် ကျွန်တော်တို့ အမြဲပျော်ရသည်။ ဆရာနှင့် ဦးဉာဏ်ဝင်းတို့ ထုတ်ဝေဖြန့်ချိရေး လုပ်ငန်းအောင်မြင်လာလေလေ ဦးဉာဏ်ဝင်း ငွေရှင် လာလေလေ ဖြစ်သဖြင့် ဘယ်တုန်းကမှ ဘယ်စာရေးဆရာနှင့် ထုတ်ဝေသူဆီကမှ ဟုတ်တိပတ်တိ မရခဲ့သော အခွင့်အရေးကို ကျွန်တော်တို့ အလုပ်သမားများ ရရှိခံစားခဲ့ကြရသည်။ ထိုအရာကား စာဖောင်ဖွင့်၊ စာဖောင်ပိတ်ကို ဦးဉာဏ်ဝင်းက ဒံပေါက်တစ်ယောက် တစ်ထုပ် အမြဲကျွေးမွေးခြင်းပင်။

ကျွန်တော်တို့အားလုံး ဦးဉာဏ်ဝင်းနှင့် ဆရာမင်းသိခ်တို့ အတွဲ ညီစွာ ဆက်လက် အောင်မြင်ကြပါစေဟု ဆုတောင်းကြရင်း စားကြ သောက်ကြ၊ ပျော်ကြပါးကြ၊ တက်ကြွစွာ အလုပ်လုပ်ခဲ့ကြ။

ထိုရက်ပိုင်း၊ နှစ်ပိုင်းများမှစ၍ ဆရာမင်းသိခ်၏ နာမည်ကိုလည်း မြန်မာပြည်တလွှား ပြိုင်စံရှား ရောင်းမလောက်၊ ပြန်ရိုက်၊ ပြန်ထုတ်မှု အကြိမ်ကြိမ်ဟူသော ဂုဏ်ကို ရရှိခဲ့ခြင်းသည် ဆရာ့အတွက်ပီတိ များစွာ ဖြစ်ခဲ့ရပါလိမ့်မည်။

စာရေးခြင်း၊ ဗေဒင်ဟောခြင်း၊ ဗေဒင်ပညာသင်ပေးခြင်း၊ ဆရာများအား ဂါရဝပြုခြင်း စသည့် သတင်းများကိုလည်း အမြဲကြား နေ၊ ကြုံနေ၊ မြင်နေခဲ့ရသည်။

ထို့နောက်ပိုင်းရက်များ၌ ဆရာနှင့်ကျွန်တော်တို့ စိတ်တူကိုယ်တူ ခေါင်းစဉ်တစ်ခုအောက်တွင် ရက်ပေါင်းများစွာ အတူရှိခဲ့ကြဖူးသည်။ ရုပ်ရှင်မင်းသားကြီး ဆရာဦးအောင်လွင်၊ အဆိုတော် စိုင်းထီးဆိုင်၊ ဆရာမင်းသိခ်နှင့် အခြားနာမည်ကြီး ပုဂ္ဂိုလ်ပေါင်းများစွာနှင့်…။ ထိုနှစ် ထိုရက်များ ကျော်လွန်ပြီးနောက် ကျွန်တော်က စာစီဖိုမင်နှင့် ပုံနှိပ်

လောကကို စွန့်ခွာ၍ ပန်းဆိုးတန်းလမ်းမတွင် လမ်းဘေးစာအုပ်ဟောင်းဆိုင်ဖွင့်ကာ ရောင်းချသောဘဝ…။

ထိုကာလများမှ လွန်မြောက်ပြန်သော် ဆရာ့ကို မဂ္ဂဇင်းပေါင်းများစွာကို ဦးစီး၍ နှုတ်ဆက်ပွဲ၊ ဖွင့်ပွဲ၊ အမှတ်တရပွဲများမှာ ဆုံကြုံခဲ့ရသည့် မှတ်မှတ်ရရနေ့ရက်များ…။

ထိုနောက်ပိုင်းနှစ်များတွင် ဆရာသည် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများတွင် ဦးစီးအားထုတ် မလုပ်တော့ဘဲ စာရေးခြင်း၊ မေတ္တာဖြင့် ယတြာပေးခြင်း၊ ဗေဒင်သင်တန်းဖွင့်လျက် ပညာဒါနဖြန့်ဝေခြင်းစသည့် စသည့်သတင်းများကို ကြားသိခဲ့ရပြီး ဆရာရှိရာ သုဝဏ္ဏအိမ်သို့ ဖွင့်ပွဲ၊ နှုတ်ဆက်ပွဲများ ရောက်ရှိခဲ့ဖူးပါသည်။

မျက်လှည့်ဆရာ စက္ကောမ အပါအဝင် မျက်လှည့်ဆရာများ၊ ပွဲကျောင်းသားများ၊ သန္ဓေတည်ရန်အားယူနေသော ဗေဒင်လက္ခဏာဆရာများ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်နှင့် နိုင်ငံရေးလောကမှ ထင်ရှားသူများကို ဆရာ့အနီးတွင် အမြဲတမ်းတွေ့နေရသည်။ ဆရာ စာရေးချိန်မရတော့၊ ဧည့်သည်တွေ များလွန်းလှသည်။ ဆရာ သိပ်ပင်ပန်းနေပြီ။ ဆရာ ခရီးရှည်ထွက်တော့မည့် အသံတွေ၊ သတင်းတွေ ကြားကြားနေရသည်။ ထိုသတင်းများထဲတွင် တစ်ခါတစ်လေ ညှပ်ညှပ်ပါလာသည်က ဆရာ့ကို ဖမ်းသွားပြီဆိုသော သတင်းကလည်း ခဏ ခဏ…။

ထို့နောက် ဆရာ ဂန္ဓာရီခရီးထွက်သည်။ ဒေးစွန်ပါကို သွားသည်။ ရှန်ဂရီလာကို သွားသည်ဆိုသည့် သတင်းတွေကလည်း အစုံစုံ…။

မော်ဘီမြို့မှာ ခြံဝန်းကျယ်ကြီးနှင့် မရမ်းတလင်းဟု နာမည်ပေးတည်ထောင်ပြီး အနယ်နယ် အရပ်ရပ်မှ ဗေဒင်လက္ခဏာ ပညာလိုချင်သူများကို အခမဲ့ပညာတွေ ဖြန့်ဝေပေးနေသည်။ လာသမျှ လူတိုင်းကိုပညာတင်မက နေစရာ၊ စားစရာတွေ ဖန်တီးပေးထားသည်။ လာသမျှပုဂ္ဂိုလ်တိုင်းကို ဧည့်ဝတ်ကျေအောင် ပြုစုသည်။ အမှတ်တရပွဲတွေ၊

မနောမယဂျာနယ်(၇၅)စောင်မြောက် စိန်ရတုပွဲတွင် ဆရာကြီးပါရဂူနှင့် ကျွန်တော် ရောက်ဖူးသည်။ ကျွန်တော် (၂)ကြိမ်သာ ရောက်ဖူးလိုက်ပါသည်။

ဆရာ့ပညာဖြင့် ဆရာ့တပည့်တွေ တိုက်ဆောက်၊ ကားစီး၍ အောင်မြင်ကြီးပွားနေကြသည်။ ဗေဒင်လက္ခဏာဆရာ၊ စာရေးဆရာ၊ ပန်းချီဆရာများအတွက် နားခိုရာနေရာတစ်ခု၊ ခြေကုပ်တစ်ခု ရှိကြသည့်အတွက် ကျွန်တော်တို့ ဝမ်းမြောက်ကြရပါသည် ဆရာ ခင်ဗျား။

စာအုပ်သစ်ထွက်ပွဲတိုင်း ဆရာ ရန်ကုန် လာသည်။ စာအုပ်သစ်အတွက် ကြော်ငြာပုံတွေကလည်း ထူးဆန်း၏။ ဆရာ့မှာ တပည့်တွေပိုများလာသည်။ မိတ်ဆွေနှင့် ရန်သူ ခွဲခြား၍မရနိုင်တော့။

သို့သော် ဆရာ အိုက်ကောင်းလှပါသည်။ ဆရာ့ကြိုးစားမှုများအတိုင်းအတာတစ်ခုမှာ ထိပ်ဆုံးသို့ရောက်ခဲ့သည်မှာ ကျွန်တော်တို့ကိုယ်တွေ့မျက်မြင်၊ ဆရာ့ဘဝကို ဆရာကိုယ်တိုင် ကျေနပ်နှစ်သိမ့်ခဲ့မှာပါ...။

ဆရာ့ ဈာပနကို ကျွန်တော်တို့ လိုက်ပို့ဖြစ်ခဲ့ပါသည်။ ဆရာ့ကိုကြည်ညိုကြသော၊ လေးစားကြသော၊ ခင်မင်ကြသော စာပေ၊ နိုင်ငံရေး၊ ဗေဒင်လက္ခဏာ နယ်အသီးသီးမှ ထူးခြားထူးချွန်သော ပုဂ္ဂိုလ်များလာရောက်ပို့ဆောင်ကြသည်မှာ ကားကြီး ကားငယ် အသွယ်သွယ်နှင့်ဆရာ့ပုံနှင့် အင်္ကျီပိုစတာတွေ၊ ဂျာနယ်တွေကလည်း အများကြီး...။

ထိုရက်ပိုင်းက ဆရာ့နာရေးသည် ဆရာ့ကျော်ကြားမှု ဂုဏ်သတင်းကြောင့် ရွာတိုင်း၊ ရပ်ကွက်တိုင်း၊ မြို့တိုင်းရှိ လူစည်ကားရာဒေသတိုင်းမှာ အသံလှိုင်းက လွှင့်ပျံ့လျက်...။

စာရေးဆရာ၊ ဗေဒင်ဆရာ ရိုးရိုးမဟုတ်ဘဲ အလှူအတန်း အပေးအကမ်းရှိသောဆရာ့ကို ထူးခြားစွာ မြင်တွေ့ဆုံကြုံခဲ့ရသဖြင့် ကျွန်တော်အပါအဝင် ဆရာ့ကိုချစ်ခင်ကြသော မိတ်ဆွေများက လေးစားဂုဏ်ယူလျက်ပါ ဆရာ...။ ထိုစေတနာ၊ ထိုမေတ္တာတရားများက ဆရာ့ကို

ရောင်ပြန်ဟပ်မည်မှာ သေချာပါသည်ဟု ကျွန်တော် ယုံကြည်သည် ဆရာ။

ကျွန်တော်တို့ဘဝမှာ ဒုက္ခရောက်ချိန်တိုင်း၊ သတိရချိန်တိုင်း ဆရာ့လက်ရာများဖြစ်သော ပုဏ္ဏားဘကွန်း၊ ပြည်ကြီးမဏ္ဍိုင်မြကြီး၊ ဖြစ်ချင်တာဖြစ်မောင်ဘချစ်၊ ပျော်ပါတယ် မောင်ပြည်သိမ်း၊ ပုဂံသား မောင်ဘမော်၊ မာလိန်မှူးထူးစိန်၊ ဘာဘာ ဘာမှမသိဘူး၊ သူတော်စင်မလေး ပုဏ္ဏရိကတို့ကို အမိကထား၍ အကြိမ်ကြိမ်အခါခါ ပြန်ဖတ်၍ အားယူရုန်းကန် ရင်ဆိုင်မိသည်မှာ အခါခါ...။

မျိုးဆက်သစ်တိုင်းကို လူတစ်ယောက်၏ ဘဝရပ်တည်နိုင်ရေးအတွက် ဘဝအားမာန်နှင့် ဖြစ်ချင်တာဖြစ် အပြုံးနှင့် ရဲဝံ့စွာ ရင်ဆိုင်စမ်းပါဟု တိုက်တွန်းခဲ့သော စာအုပ်များ...။

ကျွန်တော်တို့အတွက် ဆရာ့စာများသည် အားလုံးကောင်းပါသည် ဆရာ ခင်ဗျား...။ ဆရာနှင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များ ပီပီ ၃၁ ဘုံကျင်လည်ကြသော သံသရာကြီးမှာ ပြန်လည်ဆုံဆည်းကြဦးမည်ဆိုသည်ကိုလည်း ယုံကြည်ရင်း...။

ဆရာ့ကို ရှိခိုးဦးခိုက် ကန်တော့လိုက်ပါသည် ဆရာခင်ဗျား။

(မနောမယဂျာနယ်၊ အမှတ်၊၄၆၉၊ ၄.၈.၂၀၁၀။)

❐

## နွယ်နီမဂ္ဂဇင်း ဖခင်ကြီးသို့ နောက်ဆုံး ဦးညွှတ်ခြင်း

## (ဆရာကြီးနတ်နွယ်)

၁၁-၅-၂၀၁၀။

ထိုနေ့က မေလ၏ နွေရက်တို့သည် ပူပြင်းလျက်။

မျက်စိတဆုံး မြင်ကွင်းတွင် အပူရှိန်တံလျှပ် ရောင်ပြန်များနှင့် ဝေဝေဝါးဝါး ရှိနေခိုက် ဆရာကြီးနာရေးသတင်းကို သိလိုက်ကြရသည်။ ကြွေလွင့်သွားပြန်ပြီပေါ့ သက်ရှိထင်ရှား မြန်မာ့စာပေ အနုပညာနယ်မှ တောက်ပဆဲ ကြယ်ပွင့်ကြီးတစ်ဦး။ (ထိုရက်တွင် ဆရာစိုင်းကျော်သီဟလည်း ကွယ်လွန်ခဲ့သည်)။

ယခုလပိုင်းများမှာပင် ကွယ်လွန်ခဲ့ကြသူများမှာ စာရေးဆရာ၊ အဆိုတော်၊ ရုပ်ရှင် မင်းသားကြီးသုမောင်၊ စာရေးဆရာ၊ ဒါရိုက်တာ မောင်ဝဏ္ဏ၊ စာရေးဆရာ၊ ဒါရိုက်တာ တင်သန်းဦး၊ ဆရာကြီး ပါရဂူ၊ ယခု ဆရာကြီးနတ်နွယ်။

နွယ်နီမဂ္ဂဇင်း၏ ဖခင်ကြီး။ မြန်မာ့စာပေနယ်တွင် ပင်ကိုယ်ရေး သုတရသ စာအုပ်ပေါင်းများစွာ၊ ပင်ကိုယ်ရေးဝတ္ထုပေါင်းများစွာ၊

ဘာသာပြန်စာအုပ်ပေါင်းများစွာ ပြုစုရေးသားခဲ့၍ မဂ္ဂဇင်းပေါင်းများစွာ၏ အယ်ဒီတာအဖြစ် သက်တမ်းအရှည်ဆုံး၊ ဝါအရင့်ဆုံး ကလောင်ခွဲပေါင်းများစွာနှင့် စာအရေးနိုင်ဆုံး စာရင်းဝင် စာရေးဆရာကြီးဟု ကျွန်တော်တို့အားလုံးမှ အသိအမှတ်ပြုခဲ့ကြရသည့် ဆရာကြီး။

ကျွန်တော်တို့နှင့် မဆုံခင်ကတည်းက ဆရာကြီးသည် မြန်မာစာပေနယ်တွင် အလွန်အောင်မြင်ခဲ့သော စာရေးဆရာကြီးတစ်ဦး ဖြစ်သည်။ ဆရာကြီးစာအုပ်တွေ၊ ဇာတ်လမ်းတွေသည် ရုပ်ရှင်တွေ၊ အသံသွင်းပြဇာတ် စကားပြောတိပ်ခွေတွေ၊ ဗီဒီယိုတွေ၊ ဇာတ်ညွှန်းတွေ စသည်ဖြင့် များစွာ အောင်မြင်ခဲ့ပြီးပြီ။ ကျော်ကြားနေဆဲကာလများ။

ရင်းနှီးကျွမ်းဝင်သူ မိတ်ဆွေများ အသိုင်းအဝိုင်းတွင် ဆရာနတ်ဟု ရည်ညွှန်း ခေါ်ဝေါ်ခဲ့ကြသော ဆရာကြီးဦးနတ်နွယ်ကို ကျွန်တော်တို့ လွန်ခဲ့သော ၂၅ နှစ်ကျော်ကတည်းက စတင်ရင်းနှီးခဲ့ရသည်။ ကျွန်တော်တို့ အလုပ်လုပ်ခဲ့သော ဘဝတက္ကသိုလ် စာပေတိုက်တွင်။

ထိုအချိန်များ၌ပင် ဆရာကြီးက စကားအလွန်နည်းသည်။ နားအနည်းငယ် လေးသည်။ အမြဲတမ်း ခပ်တည်တည် ခပ်မှန်မှန်နေ၍ ပြုံးရယ်ခဲသည်။ လူပုံပန်းက ပါးပါးလျပ်လျပ်။ ကျန်းမာရေးပင် ကောင်းသည် မထင်ရ။ စကားပြောလည်း တိုးတိုးကလေး။ သို့သော် ဆရာကြီး မိတ်ဆွေတို့ အတွဲအဖွဲ့တွင်မူ ဆရာကြီး ကွယ်လွန်ခဲ့ခြင်းသည် နောက်ဆုံးလူ။ ဆရာကြီး မိတ်ဆွေများဖြစ်ကြသော ဆရာကြီးမောင်နေဝင်း၊ ဆရာကြီးကျော်အောင်၊ ဆရာကြီးမြသန်းတင့်တို့ ကွယ်လွန်ခဲ့ကြသည်မှာ ကြာခဲ့ပြီ။

ထိုအချိန်တုန်းက နွယ်နီမဂ္ဂဇင်းနှင့် သည်းထိတ်ရင်ဖို ဝတ္ထုတိုပေါင်းချုပ် စာအုပ်များကို ဆရာကြီးမှ အယ်ဒီတာချုပ် တာဝန်ယူ၍ ဘဝတက္ကသိုလ်စာပေမှ ထုတ်ဝေဖြန့်ချိနေသည့်ကာလ။ သည်စဉ်က နွယ်နီမဂ္ဂဇင်းသည် စာပေအနုပညာမဂ္ဂဇင်းသာဖြစ်ပြီး စာပေနိုင်ငံရေးမဂ္ဂဇင်း မဟုတ်သေး။ ဆရာကြီး၏ ဘာသာပြန် (မိုးဇော်ဟိန်း) စာအုပ်

တွေလည်း ကြိုကြားကြိုကြား ထွက်ခဲ့သည့် ကာလများ။ ကျွန်တော်တို့ တစ်တွေမှ စာအုပ်ဖြစ်အောင် လုပ်ပေးခဲ့ရသည်။ (ဒက်ဖယ်လာ၊ စိန်ခေါ်ပွဲ၊ အဖြူရောင်သစ္စာပန်းတစ်ပွင့်) စသည့် စာအုပ်များ။

သည်းထိတ်ရင်ဖို ဝတ္ထုပေါင်းချုပ် စာအုပ်တွဲများမှာ မအောင်မြင်ခဲ့။ ၇ အုပ်လောက်နှင့် ရပ်သွားသည်။ နွယ်နီမဂ္ဂဇင်းကိုလည်း ပုံစံမျိုးစုံ ပြောင်းလဲခဲ့၍ နောက်ဆုံးအောင်မြင်ခဲ့ခြင်း။ ထိုသည်းထိတ်ရင်ဖို ဝတ္ထုတိုစာအုပ်နှင့် စာပေ၊ နွယ်နီမဂ္ဂဇင်းကို အကြောင်းပြု၍ ဘဝ တက္ကသိုလ်စာပေတိုက်သို့ စာရေးဆရာကြီးငယ်များစွာ၊ ပန်းချီဆရာကြီး ငယ်များစွာ ဝင်ထွက်ခဲ့ကြသဖြင့် ဆရာမောင်သွေးသစ်၊ ဆရာ မြေချစ်သူ၊ ဆရာအောင်ခက်၊ ဆရာမောင်အောင်ပွင့်၊ ဆရာပန်းချီ မောင်ကျော်စိုး၊ ဆရာတက္ကသိုလ်ဇော်မင်း၊ ဆရာအောင်သာမိုး၊ ဆရာ လွင်စန်းယဉ်၊ ဆရာမောင်သိန်းဆိုင်၊ ဆရာမြေနီသစ္စာ၊ ဆရာပန်းချီ အောင်နိုင်လတ်၊ ဆရာပန်းချီကိုသန်းထိုက် စသည် … စသည်တို့နှင့် အကြိမ်ပေါင်းများစွာ ဆုံကြုံခဲ့ကြရသည်။ ခင်မင်ရင်းနှီးခဲ့ကြရသည်၊ လွမ်းမောဘွယ်ရာ နေ့ရက်များ။ ဆရာကြီးနှင့် အနီးကပ်။ ၁၉၈၅- ၁၉၉၀ ခုနှစ်များ။

ဆရာကြီးသည် သူ၏ပင်ကိုယ်ဟန် လက်ရေးသေးသေးကလေး များနှင့် အသော့အနင် ရေးထားလေ့ရှိသည့် စာရွက်၊ စာအုပ်၊ စာမူ များနှင့် ပုံမှန်၊ အချိန်မှန် တိုက်ထိုင်အယ်ဒီတာချုပ်ကြီး။ ဆရာကြီး၏ ထိုလက် ရေးကြောင့် စာစီ၊ ဖိုမင်များ အထူးဒုက္ခရောက်ကြသည်မှာ ခဏခဏ။ ဤနေရာတွင် ဆရာကြီးလိုပင် လက်ရေးသေး၍ ဖတ်မရ နိုင်သော လူငယ်တစ်ဦးမှာ ဘာသာပြန်စာရေးဆရာ တင့်ခိုင် (ယခု ကွယ်လွန်)။ ကြေးမုံသတင်းစာ ဘာသာပြန်ဌာနမှဖြစ်ပြီး ကျွန်တော် တို့နှင့်အတူ တစ်တိုက်တည်း စာပြင်ဆရာ အချိန်ပိုင်းလုပ်ခဲ့သူနှင့် ဆရာ အောင်မြတ်ဦး။ ထိုသို့ပင် လက်ရေးကြီးသော်လည်း ဖတ်မရ သည့် စာရေးဆရာများမှာ ဆရာကြီးရွှေဝံ၊ ဆရာတက္ကသိုလ် အောင်တင့်၊ ဆရာနိုင်သစ်တို့ ဖြစ်ကြသည်။

လက်ရေးအလှဆုံး၊ အသေသပ်ဆုံးသူများမှာ ဆရာကြီး ဆင်ဖြူကျွန်း အောင်သိန်း၊ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၊ ဆရာ မောင်ထွန်းသူ၊ ဆရာငြိမ်းကျော်တို့ဟု ကျွန်တော်တို့ မှတ်တမ်းတင်ရပါသည်။

ထိုသို့ သူ၏လက်ရေးသေးသေးနှင့် ရေးသားမှုကို၊ စာမူကို ဖတ်ရှုနိုင်သော ကျွန်တော်တို့ကို နောက်ကွယ်တွင် ချီးမွမ်းသည်ဟု ဆရာဦးမြတ်ဆွေမှ ခဏခဏ ပြောသည်။ ဂုဏ်ယူပါတယ် ဆရာကြီး ခင်ဗျား။

၁၉၉၀ ပြည့်နှစ်တွင် ကျွန်တော်တို့ ဘဝတက္ကသိုလ်စာပေတွင် မရှိတော့။

ဆရာကြီးနှင့် နွယ်နီမဂ္ဂဇင်းကို ဘဝတက္ကသိုလ်စာပေမှ မထုတ်ဝေတော့။ အယ်ဒီတာအဖွဲ့နှင့်အတူ နေရီရီစာပေတိုက်သို့ ပြောင်းရွှေ့သွားသည်။ သတင်းတွေသာ ကြားနေရသည်။ နောက်ပိုင်း ဆရာကြီးကိုယ်တိုင်ထုတ်သည်။ ယခုလို အပတ်စဉ်ဂျာနယ်များ မပေါ်ပေါက်သေးခင် ကာလများတွင် နွယ်နီမဂ္ဂဇင်းသည် အထူးအောင်မြင်ထင်ရှားခဲ့သည်။ ဆရာကြီးဘဝတွင် ကိုယ်ပိုင်ရုံးခန်းနှင့်၊ မော်တော်ကားနှင့်၊ အိမ်များနှင့်။ ထိုကာလတွင် အောင်မြင်ခဲ့ကြသော မဂ္ဂဇင်းလိုင်းတူ သုံးမျိုးမှာ နွယ်နီမဂ္ဂဇင်း၊ ရနံ့သစ်မဂ္ဂဇင်း၊ မိုးဂျာနယ်။

ဆရာကြီးဘဝ၏ ဒုတိယအကြိမ် ရွှေရောင်လွှမ်းသောနေ့ရက်များ။

ကျွန်တော်တို့ အဝေးမှနေ၍ ပီတိတွေ ဝေခဲ့ရသည်။

ကျွန်တော်တို့ ငယ်စဉ်ကာလ စာဖတ်စဉ်အရွယ်ကတည်းက ဆရာကြီးစာများကို နှစ်သက်ခဲ့သည်။ စွဲလမ်းခဲ့သည်။ ဥပမာ- မြန်မာပြည်မြောက်ပိုင်း၊ အပြာနှင့်အဝါ၊ တံခွန်တိုင်မောင်နှမများ၊ ရောမကမိန်းမပျက်၊ မြန်မာဝတ္ထုတိုအညွှန်း စသည့် စာအုပ်များ။ နောက်ပိုင်းတွင် တောအကြောင်း တောင်အကြောင်း၊ ကာရာမာဇော့ ညီအစ်ကိုများ၊ မိုဗီဒစ်။ ဆရာကြီးသည် ဘာသာပြန်ဖြစ်ဖြစ်၊ ပင်ကိုယ်ရေးများဖြစ်ဖြစ်၊

စာရေးကောင်းသည်။ စေ့စပ်သည်၊ ဖွဲ့ကြီးသည်။ စကားကို နည်းနည်းပဲ ပြောသည်၊ အလုပ်ကို အလွန်လုပ်ခဲ့သည်ဟု ဆိုကြရသည်။

ဆရာကြီးနှင့် ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်များစွာ ထိုင်ဖူးသည်။ ပွဲပေါင်းများစွာ အတူသွားခဲ့ဖူးသည်။ သာရေးနာရေး၊ လူမှုရေးပွဲများ။ စာအုပ်ပေါင်းများစွာ လက်ဆောင်ပေးခဲ့ဖူးသည်။ သို့သော် သူ့ထုံးစံအတိုင်း မေးတစ်ခွန်း ပြောတစ်ခွန်း၊ အေးတိအေးစက်။

ဆရာကြီး၏ ညနေဝိုင်းများကို ကျွန်တော်တို့ တစ်ခါမှ မကြုံခဲ့။ သူနှင့် ဆုံခဲ့ကြသော ဆရာကြီးများကား တစ်ယောက်မျှ မရှိကြတော့။ နောက်ပိုင်းတွင် ဆရာကြီးသည် ဆရာဦးမြတ်ဆွေ၊ ဆရာမြေနီကုန်းဖိုးလုံး၊ ဆရာတင်စိန်(ပထဝီ)၊ ဆရာပန်းချီမောင်ကျော်စိုးတို့နှင့်အတူ အခြားဆရာများနှင့် တပူးတွဲတွဲ ချီတက်သွားကြသည်ကိုသာ မြင်တွေ့နေရသည်။ အဝေးအမြင်။ ၁၉၉၅-၂၀၀၅ ခုနှစ်များ။

ထိုကာလများမှ နောက်တွင် ကျွန်တော်တို့၏ လူမှုဘဝနှင့် စီးပွားရေးသည် ပြိုကွဲပျက်စီးခဲ့သဖြင့် ဆရာကြီးနှင့်ပို၍ ဝေးခဲ့သည်။ ဆရာကြီး၏ သတင်းများကိုသာနားစွင့်လျက် သိရှိခဲ့ရသည်။ ကျွန်တော်တို့ စာပေအနုပညာတွင်လည်း အပတ်စဉ်ထုတ် ဂျာနယ်များ ထုတ်ဝေခွင့်များ ရရှိခဲ့ကြ၍ ဂျာနယ်တိုက်များ ထွက်ပေါ်လာခဲ့၊ သတင်းထောက်လူငယ်များစွာ ထွက်ပေါ်လာခဲ့၊ လုပ်ငန်းရှင်များစွာ ဝင်ရောက်လာခဲ့သည့်အချိန်တွင် မဂ္ဂဇင်းထုတ်ဝေသူ တိုက်ပိုင်များ၊ အယ်ဒီတာချုပ်များ၊ အယ်ဒီတာများ၊ စာပြင်ဆရာလုပ်ငန်းများ တဖြုတ်ဖြုတ်ကြွေ။ ၂၀၀၀ ခုနှစ် နောက်ပိုင်း။

စက်မှုနည်းပညာ တိုးတက်ခေတ်မီလာသော ကာလကြီးတစ်ခုသို့ရောက်ခဲ့လေပြီ။ ခေတ်ဟောင်းမှ ခဲစာလုံးများ၊ ပုံနှိပ်စက်များ၊ စာစီ၊ ဖိုမင်၊ စက်ဆရာ၊ ဘလောက်ဆရာ၊ ဘလောက်တိုက်၊ ပုံနှိပ်တိုက်၊ ထုတ်ဝေသူများ စသည်တို့ အစုလိုက်၊ အပြုံလိုက် ပြိုကွဲပျက်စီးခဲ့သော ကာလကြီး။ (၁၉၉၀-၂၀၀၀)ခုနှစ်များ။

ကိုယ်ပိုင်အော့ဖ်စက်တွေ၊ ဖလင်တွေ၊ ကွန်ပျူတာ၊ ဂရပ်ဒီဇိုင်း၊ ကာလာကူးလုပ်ငန်းတွေ၊ ဗီနိုင်းတွေ၊ အပတ်စဉ်ဂျာနယ်တွေ ပလူပျံ၍နေသော ဤခေတ်သစ် မီဒီယာကြီးထဲတွင် ဘယ်လိုမှ ပျော်ဝင်၍ မရခဲ့သော၊ မတတ်နိုင်သော၊ မသင်နိုင်သော၊ အသက်၊ အချိန် မမီတော့သော ပုံနှိပ်ဝန်ထမ်းများ၊ စာရေးဆရာများ၊ ထုတ်ဝေသူများ စသည့် လုပ်သားများ၊ ဘဝများကား လောကဓံလှိုင်းတွင် အလူးလူး အလိမ့်လိမ့် သားကောင်များ။ ထိုအထဲတွင် ဆရာကြီးလည်းပါ၊ ကျွန်တော် တို့လည်းပါ၊ မိတ်ဆွေများလည်းပါ။

ထင်ရှားကျော်ကြားခဲ့၍၊ ဝင်ငွေထွက်ငွေထိန်းသိမ်းနိုင်၍၊ ခေတ်မီနည်းပညာများကို လက်ဆင့်ကမ်းနိုင်သူများသာ မိမိတို့ဘဝနေထိုင်မှုကို တည်ငြိမ်အောင်၊ အေးချမ်းအောင် ထိန်းထားနိုင်ခဲ့ကြသည်။ ကျန်သော ပုဂ္ဂိုလ်များ၏ ဘဝများသည် သဗ္ဗေသတ္တာ ကမ္မသကာ။

ထိုသို့နှင့် ကျွန်တော်တို့ဘဝသည်လည်း သာကေတ၊ အိမ်ငှား၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်ငှား၊ မြောက်ဒဂုံမြို့နယ်၊ အိမ်ငှားဘဝနှင့် ရုန်းကန်နေရသောဘဝများ။ ၂၀၀၃- ခုနှစ်မှ ယနေ့အချိန်အထိ။

ထိုနှစ်ပိုင်းများတွင် ဆရာကြီး၏ သတင်းများမှာလည်း မဂ္ဂဇင်းစောင်ရေတွေ ကျလာပြီ။ မိသားစုတွေ ကွယ်လွန်ကုန်ပြီ။ ဆရာကြီးကတော် ကွယ်လွန်သွားပြီ။ ဆရာကြီး ကားရောင်းလိုက်ပြီ။ ဆရာကြီး အိမ်တွေ ရောင်းလိုက်ရပြီ။ ဆရာကြီး အိမ်ငှားဘဝနှင့် နေနေရပြီ။ ကျန်းမာရေးမကောင်းတော့။ နွယ်နီမဂ္ဂဇင်းကို ဦးစီးဆောင်ရွက်ခြင်း မပြုနိုင်တော့ စသည်··· စသည် သတင်းတွေက ပလုံစီလျက်...။

မြောက်ဒဂုံ ၄၁ ရပ်ကွက်တွင် ဆရာကြီး နေစဉ်အခိုက် ကျွန်တော်တို့ ရောက်သွားဖြစ်သည်။ ကျွန်တော်တို့ကိုမြင်လျှင် ဆရာကြီးမှ ဝမ်းသာအားရ နှုတ်ဆက်သည်။ သို့သော် ကျန်းမာရေး မကောင်းတော့။ စာရေးသားခြင်း လုံးဝမရှိတော့။ အိပ်ချိန်စားချိန်တွေ မမှန်တော့။ ပို၍ ပိန်သွားသည်။ ပို၍ အိုစာသွားသည်။ ကျွန်တော်တို့ အနီးနားမှ မိတ်ဆွေများကို သတင်းပို့ဖြစ်သည်။

အားမာန်သစ်စာပေ ဦးညိုမြိုင်းနှင့် ဆက်သွယ်ပေးဖြစ်ခဲ့သည်။ ထို့ကြောင့် ဆရာတက္ကသိုလ်စိန်တင်၊ ဆရာဦးညိုမြိုင်းတို့နှင့်အတူ ထပ်မံရောက်ဖြစ်ခဲ့သည်။ ထို့နောက် မရောက်တော့။

ယခု ဆရာကြီး ကွယ်လွန်ခဲ့လေပြီ။

ဆရာကြီး ပြုစုရေးသားခဲ့သော စာအုပ်ပေါင်းကား မြောက်များစွာ။ ကလောင်ခွဲပေါင်းများစွာ၊ စာပေါင်းများစွာ ရေးသားခဲ့သည်။ မြန်မာပြည်၏ သန်းပေါင်းများစွာသော လူထုကြီးအတွက်။ သို့သော် ဆရာကြီး၏ ကျန်းမာရေးနှင့် နောက်ဆုံးဘဝ ဖြတ်သန်းနေရမှုများကို မြင်ရလျှက် ကျွန်တော်တို့ တာဝန်မကြေခဲ့ကြ။ ကျွန်တော်တို့ ဘာမှမပံ့ပိုးနိုင်ခဲ့။

ဆရာကြီးလိုပင် ကျွန်တော်တို့ မျက်မှောက်မှာပင် ကွယ်လွန်သွားခဲ့ကြသော ဆရာကြီးဦးမင်းအောင် (မိုးအောက်မြေပြင်)၊ ဆရာကြီးဒါရိုက်တာမြင့်မောင်၊ ဆရာကြီးဦးကုမာရ၊ ဆရာကြီးဦးဗမိုးတို့ကို အမြဲတမ်းသတိရလျှက်၊ မြင်ယောင်လျှက်။

ထိုဆရာကြီး၏ ဘဝခရီးအောင်မြင်ခဲ့သည့် အချိန်ပိုင်းများတွင် ကျွန်တော်တို့ မဆုံကြုံခဲ့ရပါ။ သို့သော် ကျွန်တော်တို့မြင်တွေ့နေရသော ဘဝနေဝင်ချိန်နီး ကာလများတွင် ထိုဆရာကြီးများ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ ဤသို့ဖြစ်ထိုက်ပါသလောဟု မကြာခဏ စောကြောဝေဖန်မိသည်။ ထိုဆရာကြီးတို့ ကျေးဇူးပြုခဲ့သူတွေ၊ မိတ်ဆွေတွေ၊ အမျိုးတွေသည် ဝေလေလေတွေလား။ ဘာတွေလဲ?။ ကျွန်တော်တို့မသိနိုင်၊ ဉာဏ်မမီနိုင်။

ယခုအချိန်ကာလမှာပင် နာမကျန်းဖြစ်နေကြသော၊ နွမ်းပါးချို့တဲ့နေကြသော ဆရာကြီးများ၏ ဘဝကို ထပ်မံတွေ့မြင်နေရသည်။ ကျွန်တော်တို့ ဘာများ တတ်နိုင်ပါမည်နည်း။ သတင်းပေးပို့ရုံမျှသာ။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ပြုံးရယ်ကြည်နူး အဖွဲ့လိုက်ရှိနေကြခဲ့သော ဆရာကြီးတို့အုပ်စု စာရေးဆရာကြီးများ ဤလောကမြေမဟီမှာ တစ်ယောက်မှ မရှိကြတော့။ ထိုအချိန်ကာလကြီးကို

ကျွန်တော်တို့ အကြိမ်ကြိမ် ပြန်မြင်ယောင်မိ၊ ကြားယောင်မိ၊ တမ်းတနေမိသည်။

ကျွန်တော်တို့ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင် တစ်ယောက်ပီပီ ကံနှင့်သံသရာကို ယုံကြည်ကြသည်။ ထို့ကြောင့် ထိုဆရာကြီးများနှင့် တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာမှ ပြန်လည်ဆုံဆည်းကြလိမ့်ဦးမည်ဟု အသေအချာ ယုံကြည်ထားမိသည်။ ဆရာကြီးများနှင့် ကျွန်တော်တို့ ပြန်လည်ဆုံတွေ့ရပါလို၏ဟု အကြိမ်ကြိမ်ဆုတောင်းမိပါသည်။

ဆရာကြီးနတ်နွယ်နှင့် ဆရာကြီးတို့ခင်ဗျား...

ဆရာကြီးတို့ ရောက်ရာဘုံဘဝမှ ကျွန်တော်တို့ကို လမ်းညွှန်ပြကြပါဦး။ ဆုံးမသွန်သင်ကြပါဦး။ မှန်ကန်သောလမ်း၊ လျှောက်စေချင်သောလမ်း၊ စမ်းတဝါးဝါးမဖြစ်အောင် အမှောင်ခွင်း၍ အလင်းဆောင်ပေးကြပါဟု ဆုတောင်းရင်း...

ဆရာကြီးနှင့်ကျွန်တော်တို့ကြား သက်ရှိထင်ရှားရှိခိုက် ကျွန်တော်တို့မှ မိုက်မှားခဲ့သည်များ ရှိခဲ့ပါကလည်း ခွင့်လွှတ်ပေးပါ ဆရာကြီးခင်ဗျား...

ကျွန်တော်၏ ဘဝသက်တမ်းတစ်လျှောက်
မေ့ပျောက်၍ မရနိုင်သော ဆရာကြီးကို
ကျွန်တော်တို့မှ ရှိခိုးဦးခိုက် ကန်တော့လိုက်ပါသည် ခင်ဗျား။

□

# ကာရမက်လိုလူ
# (သူ)
# ဆရာမောင်ဆုရှင်



ဆရာကြီးမောင်ဆုရှင်

ထိုနေ့က ကျွန်တော်တို့ ပန်းဆိုးတန်းလမ်းမအနီးရှိ ဇင်မင်းမောင် (လေအန်ကုန်း) လက်ဖက်ရည်ဆိုင်ရှေ့ ရောက်သွားခဲ့သည်။ လက်ဖက်ရည်ဆိုင် အဝထိုင်ခုံတွင် ထိုင်နေကြသော ဆရာနှစ်ယောက်၊ တစ်

ယောက်က ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း၊ တစ်ယောက်က ဆရာမောင်ခေတ်ထွန်း၊ ကျွန်တော်တို့ကို မြင်တော့ ဆရာမောင်ခေတ်ထွန်းမှ……

“ဟော့… မင်း ဆရာမောင်ဆုရှင် ဆုံးတာ သိပြီးပြီလား” ဟု မေးရာ မိမိက မသိ။ “ဟာ” ဟူသော မိမိအသံကို နံဘေးမှ အများသူငါ ကြားသွားလေ၏။ မကြာခင် ကျွန်တော်တို့ ဆရာရှိနေကျ ဆရာစားပွဲလေးရှေ့ ရောက်ခဲ့သည်။ ဆရာကား မရှိတော့။ ဆရာမ ဒေါ်တင်တင်ဝင်းနှင့် တွေ့ကာ အကျိုးအကြောင်းမေး၍ နှုတ်ဆက်ပြန်ခဲ့သည်။

ထို့နောက် နေ့ရက်များတွင် ဆရာ့အကြောင်းသည် စာပေအနုပညာသမားများ အသိုင်းအဝိုင်းကြားတွင် ပြောစရာစကားများ ဖြစ်လျက်၊ ဝေ့ဝဲပျံ့နှံ့လျက်။

ရေဝေးသုသာန်သို့ ကျွန်တော်တို့ ရောက်ခဲ့ရပြန်ပါပြီ။ ခန်းမကြီးအဝင်မှာ ဆရာ့ပုံတူပန်းချီကားကြီးက ငို၍ ရယ်၍ မရသောမျက်နှာနှင့် နှုတ်ဆက်နေသယောင်။ ဆရာမောင်မောင်သိုက်၏ နှုတ်ဆက်ဂါရဝလက်ရာပန်းချီ၊ လာကြသူတွေက ခန်းမကြီးတစ်ခုလုံး လျှံလျက်၊ ပန်းရနံ့တွေဝေလျက်၊ နှုတ်ဆက်သံတွေ ဆူညံလျက်… လျက်။

ဆရာ့ကို မီးသင်္ဂြိုဟ်ကြမည်။ ဆရာ့ကိုထမ်း၍ ပို့ကြမည်။ ကျွန်တော်တို့ဝင်ထမ်းသည်။ ဆရာ့ကို ကျွန်တော်တို့နှင့် ဝေးရာသို့ ယမမင်းက… ကံကြမ္မာက… အနိစ္စက… ခွဲခွာခဲ့လေပြီတကား။

ဆရာနှင့် ကျွန်တော်တို့ စတင်ဆုံဆည်းရသောဘဝ၏ ရှေးနှစ်ပေါင်းများစွာကို ပြန်တွေးကြည့်နေမိသည်။ ကြာခဲ့ပါပြီ။ ဆရာကို မမြင်ဘူးခင်ကတည်းက ဆရာ့အသံကို စတင်ကြားရသည်မှာ မြန်မာ့အသံရေဒီယိုမှ၊ ဆရာ့အသံများ။၊ ဆရာတ ယောကျ်ားကောင်းတို့၏ လက္ခဏာများပိုင်ရှင်၊ ရုပ်၊ အသံ၊ အရပ်အမောင်း၊ အသားအရေစသည့် ကောင်းခြင်းငါးဖြာနှင့် ပုဂ္ဂိုလ်၊ ရှာမှရှား၊ ထူးမှထူး။

ဆရာ့ကို ၁၉၈၃-၈၄ ခုနှစ်များမှာကတည်းက စာပေလုပ်သား မဂ္ဂဇင်းတိုက်တည်ရှိရာ ဘားလမ်း (ယခု မဟာဗန္ဓုလပန်းခြံလမ်း) တွင် ဖျိုးကနဲ၊ ဖျက်ကနဲ၊ ရိပ်ကနဲ၊ ဆုံကြခဲ့ရသည်။ အဝေးအမြင်။

အနီးမြင် ရင်းနှီး၍ ခင်မင်ခဲ့ရသည်မှာက လူနှင့် နာမည်နှင့် စတင်ကျွမ်းဝင်ခဲ့ကြသည်မှာက ၁၉၉၃-၉၄ ခုနှစ်များ၊ (ဆရာစာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ရာထူးရှိစဉ်က)

စာပေနှင့်စာနယ်ဇင်း သက်ကြီးပူဇော်ပွဲကို အကြောင်းပြု၍ ပုဂ္ဂလိက စာနယ်ဇင်းသမားများ၊ လူငယ်၊ လူလတ်များထဲမှ ၅-ဦး ထက်မနည်း စည်းရုံး၍ ထိုပွဲကြီး ဖြစ်မြောက်ရန် ဝိုင်းဝန်းကူညီကြရန် နှိုးဆော်တိုက်တွန်း၍ ဆရာမောင်ခေတ်ထွန်းကို ဆရာမှ မှာကြားသော ကာလ။ ထိုကာလမှစ၍ ဆရာနှင့် ကျွန်တော်တို့ တွေ့ဆုံရင်းနှီး လက်တွဲ ခဲ့ကြသည်မှာ ယခုအချိန်အထိ။

မြန်မာ့စာပေ ခရီးရှည်ကြီးမှာ ခက်ခက်ခဲခဲ စည်းရုံး၍ အတိုက် အခံများစွာကို ရင်ဆိုင်ခဲ့ရသောကာလ။ ထိုကာလ၊ ထိုပွဲများတွင် မဖြစ် မနေဆောင်ရွက်၍ စာပေညီလာခံ၊ စာပေဗဟိုဦးစီး၊ စာပေသက်ကြီး ပူဇော်ပွဲ၊ ပွဲပေါင်းများစွာမှာ ဆရာနှင့် ကျွန်တော်တို့ လက်တွဲခဲ့ရသည်။ ဆရာမ မနှင်းဖွေး၊ ဆရာမုံရွာဝင်းဖေ၊ ဆရာဒေါက်တာ တင်ထွန်းဦး၊ ဆရာကာတွန်း မောင်ဝဏ္ဏ၊ ဆရာငွေကြည်၊ ဆရာမောင်ခေတ်ထွန်းနှင့် ကျွန်တော်တို့ ပွဲပေါင်းများစွာမှာ ဆရာနှင့် အနီးကပ်။

စာရေးဆရာ၊ အနုပညာသမားဆိုသည်ကလည်း လူသား၊ လူ သားဆိုကတည်းက လောကဓံ အနိမ့်အမြင့်လှိုင်းများရှိသည်။ ချီးကျူး သူများစွာရှိသည်။ မနာလိုသူဝန်တိုသူရှိသည်။ ချီးပင့်မြှောက်စားသူတွေ ရှိသည်... ရှိသည်။

ထိုအရာများကို ဆရာလည်း ဆုံကြုံရသည်။ ကျွန်တော်တို့လည်း ဆုံကြုံရသည်။ မဆန်း။ ဆန်းသည်က မိမိနှင့် မျက်နှာချင်းဆိုင်၍ ခင်ဗျား အလကားလူဟု ရက်ရက်စက်စက် ပြောတတ်သူများကို

ကျွန်တော်တို့ ကြုံဆုံခဲ့ရလို ဆရာလည်းကြုံဆုံခဲ့ရသည်။ ဆုံခဲ့ရသည်။ မြင်ခဲ့ရသည်။

မိမိကို ခင်မင်ရင်းနှီးချစ်ကျွမ်းဝင် သူတွေရှိခဲ့သလို ရက်စက်ကြေကွဲ၊ နာကျင်ခံခက်ဖြစ်အောင် ပြောတတ်ဆိုတတ်သူတွေ ကြုံဆုံရသည်မှာ ဓမ္မတာပေပဲလား... ? ဝေခွဲမရစိတ်တို့ အမြဲဖြစ်ပေါ်လျက်ရှိသဖြင့် ဆရာတို့ ကျွန်တော်တို့အတွက် ထာဝရ သင်ခန်းစာများဟု။

လူ့ဘဝတွင် တစ်ချို့က ဘာမှမသိ၊ မမြင်၊ မကြား၊ မလုပ်သွားဘဲ အရှုံးပေးသွားကြသည်။ တစ်ချို့က ဘဝကို မိမိရည်ရွယ်ချက်၊ ရည်မှန်းချက်များ မပြည့်စုံဘဲနှင့် ဆုံးရှုံးသွားကြသည်။ တစ်ချို့က ဘဝကို ပြည့်ပြည့်ဝဝ အသုံးချ၍ အရှုံးမပေးဘဲ ဇွဲနှင့် ရင်ဆိုင်ရင်းကျော်ဖြတ်ပြီးမှ ဆုံးရှုံးသွားကြသည်။ တစ်ချို့က အနိုင်ပိုင်းသလိုလိုနှင့် ဆုံးရှုံးသွားကြသည်။ တစ်ချိန်မဟုတ်တစ်ချိန် သေခြင်းတရားဟူသည်ကမူ မည်သည့်လူသားကိုမျှ ချမ်းသာမပေး၊ အနိုင်ယူသွားမည်မှာ အသေအချာ ရင်ဆိုင်ကြရမည်သာ ဖြစ်သည်။

သို့သော် နောက်ဆုံးဖြတ်သန်းခြင်းများတွင် ဆရာသည် ဘဝကို ပြည့်ပြည့်ဝဝ အသုံးချ၍ အရှုံးမပေးဘဲ ဇွဲနှင့် ရင်ဆိုင်ခဲ့သည့် ပုဂ္ဂိုလ်ပါတကားဟု အားလုံးက တညီတညွတ်တည်း သတ်မှတ်ခဲ့ကြရသည် မဟုတ်ပါလား။

ဆရာသည် ကျွန်တော်တို့အပေါ်တွင် အမြဲတမ်းအပြုံးနှင့် လက်ကမ်းကြိုလျက်၊ တိုင်ပင်လျက်၊ ချစ်ခင်လျက် နွေးထွေးခဲ့သည်။

ဆရာရေးသားပြုစုခဲ့သော စာအုပ်ပေါင်းများစွာ ရှိခဲ့သည်။ စာအုပ်တိုင်းတွင် ဆရာ့စေတနာကို အသိအမှတ်ပြုကြရသည်။ စာပေသမားတိုင်း ချီးကျူးရသော စာအုပ်များ ဆရာပြုစုခဲ့သည်။ ဥပမာ- မြတ်ဘုရားရွှေတိဂုံ၊ ပင်လယ်ပြာနှင့်တံငါအို၊ နီသောလင်းယုန်၊ စာအုပ်ဟူသည်... စသည့် စာအုပ်များ။

ရေးခဲ့သောစာအုပ် ဘယ်လောက်များများ၊ အလေးဂရုမပြုထိုက်သော စာအုပ်ပေါင်းများစွာ ရှိသည်။ ဈေးကွက်မဝင်ဟု အပြောခံရသောစာအုပ်များ၊ စာအုပ်အရေအတွက်တွေ များသော်လည်း စာပေ

သမားများ အထင်ကြီးလေးစားမှု မခံရသော စာရေးဆရာများ၊ စာအုပ်များ ပေါများလွန်းပါသည်။ ထိုအထဲတွင် ဆရာမပါ။

ဆရာသည် တကယ်လုပ်ပြခဲ့သူ၊ လုပ်နိုင်ခဲ့သည့်သူ။ တကယ့်လူ။

သာမှုနာမှု၊ သာရေးနာရေး၊ ပွဲလမ်းသဘင်ပေါင်းများစွာတွင် ဆရာပါ၍ အချိန်အအား ရသည်မရှိ၊ ရသည့်အချိန်ကလေးတွင် ကျွန်တော်တို့ မြန်မာစာပေလောကကြီးအတွက် ရှိသင့်ရှိထိုက်သော၊ သိသင့်သိထိုက်သော အရာများကို စာတစ်စောင် ပေတစ်ဖွဲ့ ဆောင်းပါးပေါင်းများစွာ၊ စာအုပ်ပေါင်းများစွာ ပြုစု၍ ထားခဲ့သည်မှာ အားလုံးအသိ၊ အမြင်၊ အကြား။

လူတစ်ယောက်သေသည်မှာ မဆန်းသော်လည်း ဆရာကွယ်လွန်ခြင်းမှာ ကျွန်တော်တို့အတွက် မြန်ဆန်လွန်းနေသည်ဟု ထင်မိကြသည်။ လုပ်ချင်တာတွေ အများကြီး၊ လုပ်ပြခဲ့ချင်တာတွေ အများကြီး၊ ရည်မှန်းချက်တွေတစ်လှေကြီးနှင့် အပြီးမသတ်ခင် ဆရာလမ်းခွဲသွားခြင်း ပါတကား။

ဆရာနှင့် ကျွန်တော်တို့ နောက်ဆုံးတွေ့ဆုံခဲ့ရသည်မှာ ဆရာကြီး ဂျာနယ်ကျော်မမလေး၏ သူလိုလူ ဝတ္ထုကြီးကို ဆရာမ မသီဂီမှ အင်္ဂလိပ်လို ဘာသာပြန်၍ အမေရိကန်နိုင်ငံတွင် ထုတ်ဝေခဲ့ကာ ကမ္ဘာသို့ ဖြန့်ချိခဲ့သော စာအုပ်ကြီး၏ မိတ်ဆက် တွေ့ဆုံပွဲလုပ်ရာ စီးတီးစတားဟိုတယ်တွင် ကျင်းပသောပွဲမှာ…

ထိုပွဲမှာ ဆရာနှင့် ကျွန်တော်တို့ တစ်စားပွဲတည်း။ ထိုအချိန်တွင် စကားစပ်မိသဖြင့် ဆရာ၏ နီသောလင်းယုန်စာအုပ် ပြန်လည်ထုတ်ဝေသင့်ကြောင်း ပြောမိကြသည်။ ဆရာမှ ကျွန်တော်တို့ ကောင်းမည်ထင်လျှင် စီမံလိုက်ပါဟု ဆို၏။ ထို့နောက် ထိုနေ့ ထိုပွဲသည် ဆရာနှင့် နောက်ဆုံး ကြုံဆုံခဲ့ရခြင်း။

ပန်းသည်ငှင်း၊ သစ်သီးသည်ငှင်း၊ သစ်ပင်သည်ငှင်း၊ တိရစ္ဆာန်သည်ငှင်း၊ လူသားသည်ငှင်း သေမြဲ။ လူသားနှင့် သေခြင်းသည် မဆန်း။

သို့သော် ဆန်းသည်က လူသား။ လူသားသည် သူ့ဘာသာ၊ သူ့လူမျိုး၊ သူ့တိုင်းပြည်၊ သူ့ကမ္ဘာကို စေတနာထား၍ ကောင်းအောင်၊ မွန်မြတ်အောင် ဖန်တီးနိုင်ကြသည် မဟုတ်ပါလား။

ဆရာသည် သူ့စွမ်းနိုင်သလောက်၊ တတ်နိုင်သလောက်၊ ထို အကြောင်းအရာများကို ကျွန်တော်တို့ကို လက်ဆင့်ကမ်းခဲ့သည်ဟု ယုံကြည်မိကြပါ၏။ ကျွန်တော်တို့ ယုံယုံကြည်ကြည်၊ မြတ်မြတ်နိုးနိုး လက်ခံ၍ ဆက်လျှောက်ပါမည်ခင်ဗျား။

ကျွန်တော်တို့ ဇာတိ ဘဝသည်ကား အညာသား။ တောသား။

ကျွန်တော်တို့ စဉ်းစားမိသည်မှာကား ကျွန်တော်တို့ ဘဝနှင့် ယှဉ်သောအသိ။ ထိုအသိကား... သစ်သားဟူသည် လူတိုင်းသိသော အရာ၊ ထိုအရာနှင့်လူ၊ လူနှင့်သစ်သား။ သစ်သားပွ၊ သစ်သားရိုးရိုး၊ သနပ်ခါးလိုသစ်သား၊ ကရမက်လိုသစ်သား... အသားပေါင်းများစွာ... ထားပါလေ။

တစ်ချို့လူ... သစ်သားအပွသည် မည်သည့်အရာကိုမျှ ဟုတ်တိပတ်တိ အသုံးပြု၍မရ၊ သုံးမရ။

တစ်ချို့လူ... သစ်သားရိုးရိုးသည် ကာနိုင်သည်။ ခင်းနိုင်သည်။ သင့်သည်။

တစ်ချို့လူ... သနပ်ခါးလို သစ်သားသည် အခေါက်မှာမွှေး၍ အသုံးပြုသူ များသည်။ သင့်သည်။

တစ်ချို့လူ... ကရမက်လို သစ်သားဆိုလျှင်ကား ပန်းဘဝမှာ မွှေး၊ သစ်သားဘဝမှာလည်း အနံ့မွှေး၊ သေလည်းမွှေး၊ မွှေးရနံ့ကြိုင် တလှိုင်လှိုင်နှင့်ဟု ဆင်ခြင်မိပါသည်။

ထို့အတူ ဆရာသည်လည်း ကျွန်တော်တို့ စာပေနယ်တွင် ကရမက်လိုသစ်သားဟု လေးလေးနက်နက်ယုံကြည်၍ ကြည်ညို ဦးခိုက် ကန်တော့လိုက်ပါသည် ဆရာခင်ဗျား။

□

# ပန်းပေါင်းရုံပိုင်ဆိုင်သူ
## (သို့မဟုတ်)
## ဆရာအောင်ပြည့်



ဆရာအောင်ပြည့်။

စာပေသုခုမ အနုပညာဆိုသော စကားရပ်သည် ကျဉ်းသယောင်နှင့် ကျယ်၊ တိမ်မယောင်နှင့် နက်၊ မပတ်သက်ဟု ယူဆမိသော်လည်း တိမ်၊ မီးခိုးနှယ် ရောယှက်နွယ်လျက်။

ကျွန်တော်တို့ စာပေအနုပညာနယ်၏ ထင်ရှားကျော်ကြားသူတို့သည် ထူးချွန်ပြောင်မြောက်စွာ ထိုသဘောတရား၊ အယူအဆ၊ ကျွမ်းဝင် ပတ်သက်မှုတို့ကို အံ့သြဖွယ်ကောင်းလောက်အောင် ကြုံတွေ့ခဲ့ရသည်။ ကြုံတွေ့နေရသည်မှာ ခဏခဏ။

စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ ရုပ်ရှင်ဒါရိုက်တာ၊ ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်၊ ဂီတစာဆို၊ ကျောင်းဆရာ စသည်… စသည်တို့ ရောပြွမ်းလျက်။ နေရာတိုင်းတွင်လည်း အောင်မြင်မှု၊ ထိုက်သင့်သောနာမည် လုပ်ခဲ့သည်။ လုပ်ခဲ့ဖူးသည်။ ရှိခဲ့သည်။ ရှိခဲ့ဖူးသည် ဆိုသည့် ကျော်ကြားမှုများနှင့် ဆရာများကား ရှာမှရှား။

ထိုရှားရှားပါးပါးပုဂ္ဂိုလ်များထဲမှ အောင်မြင်သည့် စာရေးဆရာများကား **ဥပမာ**- ဆရာကြီး သုခ၊ ဆရာကြီး မင်းအောင်၊ ဆရာကြီး ဗိုလ်ဗကို၊ ဆရာကြီး ရွှေဒုံးဘီအောင်၊ ဆရာကြီး အောင်လင်း၊ ဆရာကြီး ရန်ကုန် ဘဆွေ၊ ဆရာကြီး မောင်သင်၊ ဆရာကြီး ပြည့်စုံ၊ ဆရာကြီး သာဓု၊ ဆရာကြီး ဗိုလ်ကလေးတင့်အောင်၊ ဆရာကြီး ဆန်းလွင်၊ ဆရာကြီး မြင့်မောင်၊ ဆရာ ဦးဝင်းဦး၊ ဆရာ အောင်ပြည့် စသည်… စသည် ပေါင်းများစွာ၊ များလှစွာ။

ထိုဆရာကြီးပေါင်းများစွာသည် သူတို့လျှောက်လှမ်းခဲ့ရသော၊ ဝင်ရောက်ကျင်လည်ခဲ့ရသော နေရာ ဌာနတိုင်းတွင် ဆေးစက်ကျရာ အရုပ်ထင်ဆိုသော စကားလိုပင် အနုပညာ ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာစေခဲ့သူများဖြစ်သည်ကို မည်သူမှ မငြင်းနိုင်။ သူတို့၏ ကျော်ကြားမှု၊ အောင်မြင်မှု၊ ဖန်တီးမှုများသည် ကျွန်တော်တို့အတွက် ရှေ့ဆောင်လမ်းပြ မီးရှူးတိုင်ကြီးများဟု တင်စားပါက မှားအံ့မထင်။ ဆရာကြီးများ၏ ကြုံတွေ့ဖြတ်သန်းခဲ့ရမှု၊ နှစ်ပေါင်းများစွာ၊ နေရာပေါင်းများစွာ၊ စာအုပ်ပေါင်းများစွာကို ဖတ်ရှုခဲ့ရသော ကျွန်တော်တို့မှာ လက်ဖျားတခါခါ၊ အံ့သြတကြီး၊ ရင်တဖိုဖိုဖြင့်…

ကျွန်တော်တို့ စာပေအနုပညာနယ်သို့ ရောက်ချင်ကာစကတည်းကပင် စာပေ၊ ဂီတ၊ ကဗျာ၊ ရုပ်ရှင်၊ ပန်းချီတို့သည် ညီနောင်သားချင်း

ပမာ တွဲလျက်ရှိနေသည်ကို တွေ့ရှိခဲ့ရသဖြင့် စာအုပ်မြင်လျှင် ဖတ်ချင်သည်။ သီချင်းဆိုသံကြားလျှင် ဆိုချင်သည်။ ကဗျာမြင်လျှင် ရွတ်ချင်သည်။ ရုပ်ရှင်မြင်လျှင် ကြည့်ချင်သည်။ ပန်းချီမြင်လျှင် ဆွဲချင်သည်။ ခံစားချင်သည်။ သို့သော် ဘာတစ်ခုမှ ဟုတ်တိပတ်တိ နားလည်ခဲ့သည် မရှိ။

မသိ, မရှိသော်လည်း ကြိုးစားအားခဲလျက် ကျွန်တော်တို့ ဆက်လျှောက်ဆဲ။

ကျွန်တော်တို့မြတ်နိုးသည့် စာပေအနုပညာလောက ဆိုသည်ကလည်း ကျန်သောကဏ္ဍအပိုင်းများလိုပင် လူသားများဖြစ်သည့်အတွက် ကောင်းသူ၊ မကောင်းသူ၊ ဆိုးသူ၊ မဆိုးသူ၊ ဖေးကူမသူ၊ ယုတ်မာညစ်ပတ်သူ၊ သီလရှိသူ၊ သီလမရှိသူ၊ စိတ်ထားကောင်းသူ၊ စိတ်ထားမကောင်းသူ၊ ပညာတတ်သူ၊ ပညာမတတ်သူ၊ ကျွမ်းကျင်သူ၊ မကျွမ်းကျင်သူတို့ ရောထွေးယှက်တင် ရှိသည့်အတွက် စိတ်ဆိုး စိတ်ပျက်ရသည့်နေ့များ၊ ပျော်ရွှင်ကြည်နူးရသည့်နေ့များ၊ ဒွန်တွဲလျက် ဖြတ်သန်းကျော်ဖြတ်ကြရသည်မှာ ဓမ္မတာပင် မဟုတ်ပါလား။

ထိုနေ့ပေါင်းများစွာထဲတွင်၊ ဆုံကြုံကြရသူများထဲတွင်၊ ဖတ်ရှုလေ့လာခဲ့ကြရသော စာအုပ်များထဲတွင် ဆရာအောင်ပြည့်သည်လည်း တစ်ဦးအပါအဝင်။

ကျွန်တော်တို့အားလုံးက ဆရာပြည့်ဟု ခေါ်သော ဆရာအောင်ပြည့်နှင့် ကျွန်တော်တို့ မှတ်မှတ်ရရ လူနာမည်နှင့်တွဲ၍ မှတ်မိကြခြင်းမှာ ပေါ်ပြူလာဂျာနယ် ရုံးခန်းမှာ။

ထိုကာလများမတိုင်ခင်က ဆရာပြည့်နှင့် ကျွန်တော်တို့ အဝေးအမြင်။ ကျွန်တော်တို့ကတော့ ဆရာပြည့်ကို သိသည်။ ကြုံဆုံဖူးသည်။ ဆရာပြည့်က မသိနိုင်။ အဘယ်ကြောင့်ဆိုသော် ဆရာပြည့်၏ အောင်မြင်ကျော်ကြားမှု၊ အသက်အရွယ်၊ အသိုင်းအဝိုင်းများကြောင့်။

ဆရာပြည့်နှင့် ဆက်ဆံဖူးသူတိုင်း ဆရာပြည့်၏ ပညာရည်ပြည့်ဝမှု၊ ဇဝနပဟာသဉာဏ်ပါမှုတို့ကို သတိမပြုဘဲ မနေနိုင်ကြ။ ဆရာပြည့် ကြိုးစားတည်ဆောက်ခဲ့သော ကျင်လည်ရာနေရာတိုင်းတွင်

ထူးချွန် အောင်မြင်သောနေရာကို ပိုင်ဆိုင်ထားသူ၊ ပိုင်ဆိုင်သင့်သူဟု အားလုံးက ယုံကြည်ခြင်းခံရသူဖြစ်သည်။

ကျွန်တော်တို့နှင့် ဆရာပြည့်တို့ မြမြင်းမိုရ်ဘော်ဒါ၌ အချိန်ပိုင်း မြန်မာစာ ကျူရှင်ဆရာဘဝတွင် အားလပ်ခွင့်ရတိုင်း၊ အားလပ်ချိန်ရှိတိုင်း၊ အခမ်းအနားတိုင်းတွင် တပူးတွဲတွဲ ရှိနေခဲ့ဖူးသည်။ ဆရာပြည့် မြန်မာစာသင်ကြားမှု ဟန်ပန်အမူအရာ၊ ရုပ်ရည်၊ မျက်နှာထား၊ လက်ရေး၊ အသံတို့ကို အနီးအနားမှ မြင်နေရသူ၊ ကြည့်နေရသူ ကျွန်တော်တို့ အံ့သြချီးမွမ်းမှုများစွာနှင့် နှစ်ပေါင်းများစွာ ကြုံဆုံခဲ့ရသည်။ ဆရာပြည့်၏ မြန်မာစာ၊ မြန်မာကဗျာ သင်ကြားမှုကို ခံယူရသူ ကျောင်းသားတိုင်း ကျေနပ်နှစ်သက်သွားကြသည်မှာ ကိုယ်တွေ့မျက်မြင်။ ကဗျာနှင့်စာကို သင်ကြားပေးနေသော ဆရာ့လက်ရေးနှင့် ကဗျာစာရွတ်သံများက သင်ယူနေကြသူ တပည့်များကပင်မဟုတ်။ ကျွန်တော်တို့ပင်လျှင် ယခုထိ စွဲလမ်းဆဲ၊ နှစ်ခြိုက်ဆဲ။ ပန်းချီအမြင်၊ ပန်းချီဆရာတစ်ယောက်လည်း ဖြစ်သည့်အတွက် မြေဖြူရောင်စုံ လက်ရေးက ပင်လျှင် စိတ်ဝင်တစား ရှိလွန်းလှသည်။ မျဉ်းကြောင်းလေးတွေပဲ ဆွဲဆွဲ၊ ခေါင်း စည်းလေးတွေပဲ တပ်တပ်၊ လက်မှတ်လေးတွေပဲ ထိုးထိုး အမြင်မရိုး အောင် ဆရာပြည့် စွမ်းဆောင်နိုင်သည်မှာ ကိုယ်တွေ့။ ထို့ကြောင့် ဆရာပြည့် အထူးပြု သင်ကြားနေသော ကဗျာသင်ပုန်းကြီး များကို ဖြုတ်၍၊ ဖြုတ်၍ သိမ်းထားချင်သော ဆန္ဒများ ကြီးစွာဖြစ် ခဲ့ရဖူးသည်။ ဖျက်ပစ်ရလျှင် ကျွန်တော်တို့ နှမြောမဆုံး။ သို့သော် ဖျက်ပစ်ရသည်က အကြိမ်ကြိမ်။

ထိုနှစ်ပိုင်းများက ဆရာပြည့်နှင့် ကျွန်တော်တို့ ပွဲလမ်းပေါင်းများစွာ အတူတက်၊ အတူနွဲ့၊ စာပေရေးရာများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ စသည် စသည် အကြောင်းအရာပေါင်းများစွာ မိတ်ဆွေပေါင်းများစွာနှင့် ရယ်ရယ်မောမော၊ ပျော်ပျော်ပါးပါး ဆုံခဲ့ကြရသည်။

ထိုနောက်ပိုင်းရက်များတွင် ဆရာပြည့် ဖတ်စရာ အယ်ဒီတာချုပ်ဘ၀တွင် ဘယ်နေရာမှာဆုံဆုံ...

"ဟော့... ဖင်ယော်ကြီး၊ နှုတ်ခမ်းမွေးကြီး လာခဲ့ဦး၊ စာရေးလေ၊ ခင်ဗျားမလာဘူး"... စသည့် စကားလုံးများနှင့် နှုတ်ဆက်မြဲ၊ နွေးထွေးမြဲ။

လွန်ခဲ့သည့်နှစ်က ကျင်းပခဲ့သော ကာတွန်းဆရာကြီးများ ကန်တော့ပွဲတွင် ဆရာပြည့်က ညှော်သည်တော် အမှာစကား ပြောကြားခဲ့ပြီး ကျွန်တော်တို့က ဂါရ၀ ကန်တော့ချီး တိုင်ပေးရသည်။ မှတ်မှတ်ရရ နေ့ရက်များ။

ထိုနေ့များလွန်မြောက်ခဲ့သော နောက်ပိုင်း ဆရာပြည့် ကျန်းမာရေးအခြေအနေမကောင်းတော့၊ ဖတ်စရာဂျာနယ်တိုက်ကို မလာနိုင်တော့။ ဆေးရုံတွေ ခဏခဏ ပြောင်းတက်နေရသည်။ အောက်စီဂျင်တွေ ပေးနေရပြီ၊ အခြေအနေ တော်တော်ဆိုးနေပြီ။ စသည့် သတင်းများ...။ ထို့နောက် ဆရာပြည့် ဆုံးပြီတဲ့...

ဆရာ့ရှာပနကို ကျွန်တော်တို့ အရောက်သွားဖြစ်ခဲ့သည်။ နှုတ်ဆက်ကန်တော့ခဲ့သည်။ ဆရာပြည့်ကို ချစ်သောမိတ်ဆွေများ၊ ရေးဘော်များ၊ ဆွေမျိုးများ၊ ဆရာများ၊ တပည့်များ... များလှစွာ။ စည်ကားသိုက်မြိုက်လှသော ရှာပနပွဲကြီးထစ်ခုဟု အားလုံးက အသိအမှတ်ပြုခဲ့ရသည်မဟုတ်ပါလား။

ဆရာပြည့်ခင်ဗျား...

ဆရာပြည့်နှင့် ကျွန်တော်တို့ကြား ပြောမှား၊ ဆိုမှား၊ အမှားများစွာရှိပါက ခွင့်လွှတ်ပါ။ ဆရာပြည့်နှင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်ပီပီ ကံနှင့်သံသရာကို ယုံကြည်ကြသည့်အတွက် သံသရာမှာ ပြန်လည်ဆုံဆည်းကြမည်ဆိုတာ ယုံကြည်ပါတယ်ဆရာ။ ဆရာပြည့်က ရှေ့မှသွားပြီး လမ်းရှင်း၊ တံတားခင်း၊ ညောင်ပင်စိုက်၊ ဆူးညောင့်ခလုတ်တွေ ရှင်းပြီးသားလမ်းကို ကျွန်တော်တို့ကို အခုလိုဘဲ ရှေ့ဆောင်လက်တွဲ

လမ်းညွှန်ပြီး ခေါ်ဆောင်သွားဦးမယ်ဆိုတာ ယုံကြည်ပါတယ် ဆရာပြည့် ခင်ဗျား။

ခဏ… နှုတ်ဆက်လက်ပြခဲ့ပါတယ် ဆရာပြည့် … ခင်ဗျား… ရှိခိုးကန်တော့လိုက်ပါတယ် ဆရာပြည့် ခင်ဗျား…

❐

# ဆရာကြီးတက်တိုးသို့ တမ်းတမ်းတတ



ဆရာကြီးဦးတက်တိုး၊ ဆရာမကြီးနုယဉ်နှင့် စာရေးဆရာ၊ ဆရာမများ

ကျွန်တော်တို့ မြန်မာစာပေနယ်တွင် ဇနီးမောင်နှံ နှစ်ဦးပူးတွဲ၍ ကျော်ကြား ထွန်းပေါက်သူများတွင် ဥပမာ- ဆရာကြီးဇော်ဂျီ-ဒေါ်စောရင်၊ ဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်-ဆရာမကြီး ဂျာနယ်ကျော်မမလေး၊ ဆရာကြီး မိုးကြိုးဦးအုန်းခင်-ဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး၊ ဆရာကြီး ဦးခင်မောင်လတ်-ဆရာမကြီး ဒေါ်ခင်မျိုးချစ်၊ ဆရာကြီး နန်းညွန့်ဆွေ-ဆရာမကြီး ဒေါ်ကြည်ဦး၊ ဆရာကြီး မင်းယုဝေ-ဆရာမကြီး ငွေတာရီ၊ ဆရာကြီး မိုလ်မှူး

ကျော်သောင်း- ဆရာမကြီးဒေါ်ခင်နှင်းယု၊ ဆရာကြီး ဦးတိုက်စိုး- ဆရာမကြီး တက္ကသိုလ်မြစိမ်း၊ ဆရာကြီး လူထုဦးလှ-ဆရာမကြီး လူထုဒေါ်အမာတို့နှင့် ဆရာကြီး ဦးတက်တိုး-ဆရာမကြီးဒေါ်နုယဉ်တို့ ပင် ဖြစ်ပါသည်။

ကျွန်တော်တို့ စာဖတ်မှတ်စဉ်ကတည်းက စာပေနယ်သို့ ရောက် ရှိစဉ်ကတည်းက တွေ့မြင်ချင်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများ။ သို့သော် တစ်ချို့ဆရာကြီး ဆရာမကြီးများကို မတွေ့မြင်၊ မကြုံကြိုက် ခဲ့ရပါ။ တွေ့မြင်ကြုံကြိုက်ခဲ့ရသည့် ဆရာကြီး၊ ဆရာမကြီး အနည်း ငယ်တွင် ဆရာကြီး ဦးတက်တိုးနှင့် ဆရာမကြီး ဒေါ်နုယဉ်တို့ အပါ အဝင်။

၁၉၈၅-ခုနှစ်ကတည်းက ဆရာကြီး၊ ဆရာမကြီးတို့ကို အဝေး မြင်အဖြစ် သိရှိခဲ့ရသည်။ အနီးကပ် ဆုံကြုံခဲ့ရခြင်းမှာ ဆရာ ဦးမြတ်ဆွေ၏ မိတ်ဆက်ပေးမှုကြောင့်။

၁၉၉၃-၉၄ ခုနှစ်များတွင် ဆရာကိုဇော်ဝင်းနိုင်မှ မျိုးမြန်မာ စာပေတိုက် ထူထောင်ခဲ့သည်။ စီစဉ်သူက ကျွန်တော်။ ထို့ကြောင့် ဆရာကြီး ဦးတက်တိုး ဘာသာပြန်ရေးသားခဲ့သော **ဆောင်တော်ကူး** စာအုပ်ပြန်လည်ထုတ်ဝေရန် စာမူခပေးခြင်းနှင့် စာချုပ်ခဲ့သော အချိန် ကာလ။

ထိုစာအုပ်ကို ထုတ်ဝေဖြန့်ချီဖြစ်ခဲ့သည်။

ထိုအချိန်ကာလများမှ စတင်၍ ဆရာကြီးဆီသို့ အဝင်အထွက် အကြိမ်ပေါင်းများစွာ ကူးလူးဆက်ဆံခဲ့ရသည်။ သွားရောက်ခဲ့သည့် အကြိမ်တိုင်း ဆရာကြီး၊ ဆရာမကြီးနှင့် နွေးနွေးထွေးထွေး စကားပြော ရသည်။ ရှေးဟောင်းနှောင်းဖြစ်များ၊ စာပေအယူအဆများ၊ စာပေ အတွေ့ အကြုံများ။

ဆရာကြီး၏ ထူးခြားချက်မှာ စာမူများများ ရေးသားနိုင်ပြီး လက်ရေး လက်သား လှသည်။ ရက်ချိန်း မှန်သည်။ တိတိကျကျ

လုပ်မှ ကြိုက် သည်။ ထိုအကျင့်ကောင်းများကို ဗဟုသုတများစွာနှင့် ကျွန်တော်တို့ ရရှိခဲ့သည်။

ကျွန်တော်တို့ စာပေနယ် နီးစပ်ရာ အသိုင်းအဝန်းတွင်တွင် ဆရာကြီး ဦးတက်တိုးနှင့် ဆရာကြီး ဦးရန်အောင်တို့ကို အကြောင်း အရာမျိုးစုံနှင့် စာအရေးနိုင်ဆုံး ပုဂ္ဂိုလ်ကြီး နှစ်ဦးအဖြစ် မှတ်တမ်းတင် ထားကြရသည်။ လစဉ်ထုတ်ဂျာနယ်၊ မဂ္ဂဇင်းများတွင် အမြဲမပြတ် ပုဒ်ရေများများ ရေးသားခဲ့ကြသောကြောင့် ဖြစ်ပါသည်။

၁၉၉၃-၉၄ ခုနှစ် နတ်တော်လ စာဆိုတော်ရာသီတွင် မြန်မာ နိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ကြီးမှူးကျင်းပသော စာရေးဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲတွင် မှတ်မှတ်ရရအဖြစ် ဆရာကြီးဇော်ဂျီ-ဆရာမကြီးဒေါ်စောရင်၊ ဆရာကြီး ဦးခင်မောင် လတ်-ဆရာမကြီးဒေါ်ခင်မျိုးချစ်၊ ဆရာကြီးဦးတက်တိုးနှင့် ဆရာမကြီး ဒေါ်နယဉ်တို့ကို ကျွန်တော်တို့ ပူဇော်ကန်တော့ခဲ့ကြရသည်။ ဝမ်း မြောက်ဝမ်းသာ စကားဆိုဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ စာပေနယ် တွင် ရှားရှားပါးပါး ဆုံကြုံရသော ဇနီးမောင်နှံများဟု ကြည်နူးစွာ ပြောဖြစ်ကြသည်။

သို့သော် ယခုတော့ သင်္ခါရ လေအဝှေ့မှာ ဆရာကြီး၊ ဆရာမကြီး တချို့တို့ တဖြုတ်ဖြုတ်ကြွေ။

အစားထိုး မရနိုင်သော ဆုံးရှုံး နစ်နာမှုကြီးများဟု သိလျက်နှင့် တားဆီး၍ မရသောအရာ။

ထိုဇရာဆိုသော အရာကား ကျွန်တော်တို့လည်း ရှောင်မလွတ်မှန်း သိသိကြီးနှင့် တမ်းတနေဆဲ၊ ရှေ့သို့ ခရီးနှင်နေဆဲ။

ဆရာကြီး ကွယ်လွန်ပြီဆိုသော သတင်းကို ကျွန်တော်တို့ ကြား လိုက်ရသည်က မိတ်ဆွေတစ်ဦး၏ အိမ်ရှေ့ ကားလမ်းမပေါ်မှာ။

ထိုရက်ပိုင်း အတွင်းက ကျွန်တော်တို့ ခရီးသွားသည်။ ဝါးခယ်မ မြို့အနီးမှ ကြီးနီစုရွာကလေးသို့။ ကျွန်တော်တို့ဆိုသည်က စာရေးဆရာ

ဆရာတော် ဦးပဏ္ဍိတ (ဘိုကလေး)၊ မြတ်သူစံ (ဝါးခယ်မ)နှင့် ကျွန်တော်တို့။ ဆရာကြီးကွယ်လွန်ချိန်က ရန်ကုန်မြေတွင် မရှိ။ ထို့ကြောင့် ဆရာကြီး ရျာပနကို မမှီလိုက်။ ရန်ကုန်မြေ ရောက်ရောက်ခြင်း၊ ကားပေါ်မှ ဆင်းဆင်းခြင်း ကြားလိုက်ရသော သတင်း။

ကျွန်တော်တို့ မည်သူမျှ စိတ်မကောင်းကြ။ ဝမ်းနည်းနေမိကြသည်။

နောက်တစ်နေ့ နေ့လည်တွင် ကျွန်တော်တို့နှင့် ကိုကိုလှ (ကမာမြေ)တို့ ဆရာကြီး ခြံရှိရာသို့ သွားခဲ့ကြသည်။ သားဖြစ်သူ ဆရာ သိပ္ပံမင်းကြည်မှ ကြိုဆိုနှုတ်ဆက်သည်။ ဆရာတက္ကသိုလ် စိုးယဉ်လည်း တစ်ချိန်တည်းမှာပဲ ရောက်လာသည်။ စကားဝိုင်းဖွဲ့ဆိုဖြစ်ခဲ့ကြသည်။ မှတ်တမ်းရေးဖြစ် ခဲ့ကြသည်။

နောက်ရက် ကျားကူးမြွှာရုံတွင် ကျင်းပသော ရက်လည်ဆွမ်းကျွေးပွဲသို့ ကျွန်တော်တို့ ဇနီးမောင်နှံ ရောက်ဖြစ်ခဲ့ကြသည်။ အမှတ်တရ နေ့ရက်များ။

နွေးနွေးထွေးထွေး ဆက်ဆံပြောဆိုခြင်းများ ရှိခဲ့သော်လည်း ကျွန်တော်တို့နှင့် ဆရာကြီးမှာ အသက်ချင်းက အဘိုးနှင့် မြေးလောက် ဖြစ်နေသည်။ ကျွန်တော့်အဘွားပင်လျှင် ယခုမှ အသက်(၈၃)နှစ်သာ ရှိသေးသည်။

ဆရာကြီး၏ ထူးခြားမှုမှာ ပြုံးပြုံး ပြုံးပြုံးနှင့် အမြဲတမ်း သွက်လက်ကျန်းမာ၊ နုပျိုရွှင်လန်း၊ တိကျမှန်ကန်၊ လေးနက်စူးစိုက်၊ ရှာဖွေစုဆောင်း၊ တွေးတောကြံဆ ဆင်ခြင်နေသည့်အတွက် အသက်ရှည်သလားဟုပင် ထင်မြင်မိသည်။ ဆရာမကြီးလည်း ထို့အတူပင်ဖြစ်သည်။ ရှေးဘဝဆုတောင်းလည်း ကောင်းခဲ့ ပြည့်ခဲ့ကြသည်မှာ သေချာသလို ယခုဘဝတွင်လည်း ကြိုးစားတည်ဆောက်ခဲ့သော ဆရာကြီးတို့ဘဝက တွေ့မြင်ရသူတိုင်း ဘဝင်ချမ်းမြေ့စရာ၊ ကြည်နူးစရာ၊ အားကျစရာ၊ အတုယူစရာ။

ဆရာကြီး ပြုစုရေးသားခဲ့သော စာအုပ်စာတန်းများ၊ ဆောင်းပါးများကား တပုံတပင်။ ထိုစာအုပ်စာတန်းများ၊ ဆောင်းပါးများ၊ ဝတ္ထုများ၊

အဘိဓာန်များ၊ အင်္ဂလိပ်စကားပြော စာအုပ်များကို နှစ်အလိုက်၊ ဘာသာရပ်အလိုက် စုဆောင်း၍ ဆရာကြီး၏ တစ်သက်တာ ပြုစုခဲ့သော စာပေများ ပေါင်းချုပ်စာအုပ်ကြီးများ ဖြစ်အောင် ဖန်တီးနိုင်က ကောင်းလေစွဟု ဆန္ဒဖြစ်မိသည်။

ယခုဆရာကြီးသည် အမိမြေမဟီမှ ကွယ်ပျောက်သွားခဲ့သော်လည်း စာပေသစ္စာ အမှန်တရားကို ဆရာကြီးမြင်ခဲ့ သိခဲ့ ကြားခဲ့သလောက် ပြည်သူတွေကို ဖြန့်ဝေခဲ့ပြီးပါပြီ။ လမ်းပြခဲ့ပြီးပါပြီ။ ဆရာကြီး တာဝန်ကျေပွန်ခဲ့ပါပြီ။ ဆရာကြီးနှင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များ ပီပီ ကံနှင့်သံသရာကို ယုံကြည်ကြသည့်အတွက် တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာမှာ ပြန်လည် ဆုံဆည်း ကြလိမ့်မည်လို့ ယုံကြည်နေ ပါသည်။

ဆရာကြီးခင်ဗျား...

ကျွန်တော်တို့ ဆရာကြီးနဲ့ သိခဲ့၊ ကြုံခဲ့၊ ဆုံခဲ့တဲ့ အချိန်ကာလတိုအတွင်းမှာ ကျွန်တော်တို့ဘက်က အမှားအယွင်းများ တစ်စုံတစ်ရာရှိခဲ့ပါလျှင် ရောက်ရာဘုံဘဝမှ ခွင့်လွှတ်ပေးပါခင်ဗျား။

ဆရာကြီးကို အစဉ်ထာဝရ လေးစားကြည်ညို၍ တမ်းတမ်းတတ ဖြစ်နေမည့် တပည့်လို့ ဆရာကြီးရင်မှာ မှတ်ယူထားပါခင်ဗျား။

ရိုသေစွာနှင့် ရှိခိုးကန်တော့ပန်း ဆင်လိုက်ပါတယ် ဆရာကြီးခင်ဗျား...။

❐

## ပန်းချီအပိုးတန် ဆရာရွှေစိုးဟန်



ဆရာရွှေစိုးဟန်၏ ပန်းချီလက်ရာ။

ထိုနေ့က အခါမဲ့မိုးက သည်းသည်းမည်းမည်း ရွာနေသည်။ ချမ်းမြမြ ဆောင်းလရက်တွေမှာ မိုးကြောင့် ချမ်းတစိမ့်စိမ့်။ မိုးကောင်းကင်တစ်ခုလုံး အုံ့မှိုင်းရီဝေလျက်။ ရွာချိန်မတန်ဘဲ ရွာနေသည့်မိုး။ သည်မိုးရေထဲတွင် ၃၁ လမ်းထိပ်။ သည်ထိပ်က ကားမှတ်တိုင်နှင့် ကွမ်းယာဆိုင်လေးရှေ့ ကျွန်တော်တို့ အမှတ်မထင် ဆုံဆည်းမိကြသည်။ တစ်ဦးက မြတ်ပန်းရဂုံစာပေတိုက်ပိုင်ရှင် ကိုအောင်ကျော်ထူး၊ တစ်ဦး

၁ စာပေဗိမာန်မှ ဆရာညွန့်ဟံ (ကြူတော)။ ထိုအချိန်မှာပင်
ကိုအောင်ကျော်ထူးမှ…

"ဟာ… ကိုဇင်ယော်ကြီး၊ ခင်ဗျား နာရေးသတင်းကြားပြီးပြီ
ဟား"ဟု မေးလိုက်သည်။ ကျွန်တော်တို့ မကြားရသေးသဖြင့် သူ့ကို
ပြန်မေးလိုက်သည်။ သူ၏ နှုတ်မှ…

"ဒီနေ့ ပန်းချီဆရာ ကိုရွှေစိုးဟန် ဆုံးသွားပြီ"တဲ့…

"ဟာ"…

ကျွန်တော်တို့ သုံးဦးသား မိုးရေထဲမှာ ငိုင်တွေလျက်။ ဝမ်းနည်း
ပက်လက်၊ တစက်စက်ကျနေသော မိုးရေတို့ကို အာရုံမပြုမိတော့။
နှမြောတသခြင်းကြီးစွာဖြင့်…

ကျွန်တော်တို့ မြတ်နိုးတွယ်တာသော စာပေအနုပညာနယ်တွင်
အကြောင်းအရာမျိုးစုံ၊ အသွင်သဏ္ဌာန်မျိုးစုံ၊ ပုံစံမျိုးစုံတို့ ဆက်စပ်တည်ရှိ
နေကြသော်လည်း ပန်းချီဆရာများနှင့် ကျွန်တော်တို့ကား တကယ့်ညီ
အစ်ကိုရင်း၊ မောင်နှမရင်းများလို တဆက်တည်း၊ တကိုင်းတည်းဆို
သည်မှာ အားလုံးအသိ။

စာရေးဆရာ ဘယ်လောက် ကောင်းကောင်း၊ တော်တော်
စာအုပ်တစ်အုပ်ဖြစ်မြောက် အောင်မြင်အောင်၊ ရောင်းကောင်းအောင်၊
ကျော်ကြားအောင် တည်ဆောက်ရာတွင်၊ ဖန်တီးထုတ်ဝေရာတွင် ပန်းချီ
ဆရာများသည် မရှိမဖြစ်၊ မပါမဖြစ်။ ထို့ကြောင့်ပင်လျှင် ပန်းချီဆရာ
များသည် စာရေးဆရာများနှင့် တွဲလျက်၊ ဆုံလျက်၊ ချစ်ခင်မပျက်၊
အမြဲပေါင်းစည်းလျက် ပွဲလမ်းသဘင်၊ နေရာဌာနအသီးသီးမှာ ကြုံဆုံ
ကြရသည်မှာ ဓမ္မတာ။

ကျွန်တော်တို့ စာပေအနုပညာနယ်သို့ စတင်ရောက်ရှိခဲ့စဉ်
(၁၉၈၃) ကတည်းကပင် ရွှေစိုးဟန် ဟူသော ပန်းချီဆရာလေးအဖြစ်
ပိုင်ဆိုင်ရရှိထားသူ… ထိုသူ…။

စာပေအနုပညာနှင့် ပန်းချီနယ်တွင် ငယ်ငယ်ရွယ်ရွယ်နှင့်

အောင်မြင်ခဲ့ကြသူများဟု အသိအမှတ်ပြုခံရသူများကား စာပေနယ်မှ ဆိုလျှင် ဥပမာ- ဆရာမောင်သိန်းဆိုင်၊ ဆရာငြိမ်းကျော်။ ပန်းချီ နယ်မှာဆိုလျှင် ဆရာဦးစံတိုး၊ ဆရာရွှေစိုးဟန်ဟု အသိအမှတ်ပြုရ လောက်အောင် ထူးချွန်ထင်ရှားခဲ့ကြသူများ။ ထူးချွန်ကြသလို တော်ကြ သည်၊ ကြိုးစားကြသည်၊ အောင်မြင်ကြသည်မှာလည်း အားလုံးအသိ ပင် မဟုတ်ပါလား။

ကျွန်တော်တို့ ပန်းချီပညာကို သဘောပေါက်လွယ်ရုံမျှသာ လေ့ လာမိပါသေးသည်။ လေ့လာဆဲ၊ အားကျဆဲ၊ မြတ်နိုးဆဲ၊ တန်ဖိုး ထားမြဲ။

ရှေးရိုးမြန်မာ့ပန်းချီဆိုသော ကောက်ကြောင်း အန္တဲ့အပြောင်းတွေ ပေါ်မှာ သိပ်မခံစားတတ်၊ နားမလည်တတ်သေးသလို ခေတ်ပေါ် ပန်းချီ၊ ခေတ်ကြိုပန်းချီ၊ ခေတ်လွန်ပန်းချီတွေကိုလည်း မခံစားတတ်၊ နားမလည်တတ်။ မျဉ်းတွေ၊ အစက်အပြောက်တွေ၊ အဝိုင်းတွေ၊ လေး ထောင့်တွေ၊ သစ်သားတွေ၊ သံချောင်းတွေ၊ ရွှံ့တွေ၊ သံတွေ၊ ခဲတွေဆို ဝေလာဝေး၊ ဘာမှမသိ မတတ်ဆိုတာ ဝန်ခံရပါသည်။

ပန်းချီနှင့်ပတ်သက်သော စာအုပ်များဆိုလျှင် အတ္ထုပ္ပတ္တိစာပေနှင့် သဘောတရားလောက်သာ ဖတ်မှတ်မိပါသည်။ ဥပမာ- ဒေါ်ခင်မျိုး ချစ်၏ မိုက်ကယ်အိန်ဂျယ်လို၊ ဆရာဦးမင်းနိုင်၏ ဦးဘဉာဏ်၊ ဆရာ မြသန်းတင့်၏ မော်ရုံတောမှာ မောလှပြီ၊ ဆရာတင်ထွေး၏ ဘဝကြမ်း၊ ဆရာဘုန်းမြင့် (မန္တလေး)၏ ဗန်ဂိုး၊ ဆရာပါရဂူ၏ ပန်းပုဆရာ၊ ဆရာမောင်ထွန်းသူ၏ ရီဒင် စသည်တို့လောက်သာ တို့ထိ၊ ဖတ်ကြည့် နှစ်သက်မိ၏။

မြန်မာ့စာနယ်ဇင်း ပန်းချီဆရာကြီးများဆိုလျှင် ဆရာကြီး ဦးဘဉာဏ်၊ ဆရာကြီးဦးဘကြည်၊ ဆရာကြီးဦးဖေသိန်းတို့၏ ပန်းချီ ကားများ၊ ကာတွန်းပန်းချီများ၊ ဒီဇိုင်းများ၊ ကြော်ငြာများကို မှတ်သား လေ့လာ ကြိုက်နှစ်သက်စမြဲ။ စွဲလမ်းမြဲ။ မြတ်နိုးမြဲ။

ဆရာကြီးဦးဘကြည်၏ ဇာတ်ကြီးဆယ်ဘွဲ့ ကာတွန်းပန်းချီဇာတ်အတွဲများ၊ ဆရာကြီးဦးဖေသိန်း၏ ၃၈ ဖြာ မင်္ဂလာတရားတော် ကာတွန်းပန်းချီများကို ယခုအချိန်အထိ အမှတ်တရ သိမ်းဆည်းထားမိသည်။

ဟိုးယခင် ငယ်ဘဝများကတည်းက စာအုပ်တစ်အုပ်ကို ဖတ်ရှုရဖို့ ကြုံခဲ့လျှင် မျက်နှာဖုံးပန်းချီ ဘယ်သူလဲ၊ အတွင်းရေခံနှင့် သရုပ်ဖော်ပုံတွေ ဘယ်သူဆွဲလဲဟု ရှာဖွေကြည့်ရသည်မှာ အမော။ ထိုစာအုပ်များမှတဆင့် ပန်းချီဆရာများထဲမှ မြန်မာမှုဆန်၍ ကြိုက်နှစ်သက်ခဲ့ရသော ဆရာများမှာ ဦးဘကြည်၊ ဦးအုန်းလွင်၊ ဦးငွေကိုင်၊ ဦးကိုလေး၊ ဦးသောင်းဟန်၊ ဦးသန်းအောင်၊ ဦးဗဂျီအောင်စိုး၊ ဦးမောင်စိန်၊ ဦးစံတိုး၊ ဦးပေါ်ဦးသံက်၊ ဦးသာတင့်ထက်၊ ဦးကျော်ဖြူစံ၊ ဒီဇိုင်းဦးအေးမြင့်၊ ဆရာတင်မောင်မျင့်၊ ဆရာကျော်သောင်း၊ ဆရာမောင်မောင်သိုက်၊ ဆရာဝသုန်၊ ဆရာရွှေစိုးဟန်… စသည်… စသည်များ။

ထိုဆရာများကား ယခုတစ်ချို့ရှိကြသေး၍ အများစုမှာ ကွယ်လွန်သွားခဲ့ကြပါပြီ။

ထိုဆရာများထဲမှ ယခု ဆရာရွှေစိုးဟန်…

မြန်မာမှု၊ မြန်မာ့ရန့်၊ မြန်မာ့တောတောင်ရေမြေ၊ ဘာသာတရားတို့ကို အလေးထားပြီး ပန်းချီလက်ရာများ အများဆုံး ရေးသားခဲ့သူထဲတွင် ဆရာ့ကို မေ့လို့မရအောင် လုပ်ဆောင်သွားနိုင်ခဲ့သူ။ စာအုပ်စာပေတွင် သာမဟုတ်၊ မြန်မာ့ဆေးမျိုးစုံ၊ ကြော်ငြာမျိုးစုံ၊ ယိုမျိုးစုံ၊ ပုဆိုးမျိုးစုံ၊ နံရံကပ်ပိုစတာ ကြော်ငြာမျိုးစုံ၊ မဂ္ဂဇင်းမျိုးစုံ၊ ဂျာနယ်မျိုးစုံ၊ ဝတ္ထုမျိုးစုံ တို့၏ အဖုံး၊ အတွင်း၊ ရေခံမျိုးစုံ အဖုံဖုံ ရေးဆွဲလျက်၊ ဘဝမျိုးစုံ အဖုံဖုံကို ဖြတ်သန်းလျက်၊ ကျော်ဖြတ်ခဲ့ရသည်ဟု သိရမြင်ရကြားရ သည်မှာ ခဏ ခဏ။

ကျွန်တော်တို့နှင့် ဆရာ လူနှင့် နာမည်နှင့်တွဲကာ မိတ်ဆက်ဆုံဆည်းမိကြသည်မှာ လွန်ခဲ့သော ၁၀- နှစ်ကျော်ကာလ။

ထိုအချိန်ကာလကား ဆုလာဘ်ပြည့်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သော ဆရာပါရဂူ၏ ဗုဒ္ဓမြတ်စွာ စာအုပ်၏ အတွင်း သရုပ်ဖော်ပုံ အပ်နှံစဉ်ကာလ။ ထိုအချိန်မတိုင်ခင်က အဝေးမြင်။ မရင်းနှီး၊ မခင်မင် ကြသေး။

ထို့နောက်တွင်တော့ စာပေနှင့်ပန်းချီတို့၏ ပွဲပေါင်းများစွာတွင် ဆုံကြ၊ တွေ့ကြ၊ နှုတ်ဆက်ကြ။

စာအုပ်တစ်အုပ်၏ အဓိကကျသော၊ အခရာကျသော အရာမှာကား စာရေးဆရာထက် ထိုစာအုပ်၏ မျက်နှာဖုံးပန်းချီက အဓိကကျသည်ဟု ကျွန်တော်တို့က ပြောလျှင် တစ်ချို့စာရေးဆရာကြီးငယ်များက မကြိုက်ကြပါ။ သို့သော် ကျွန်တော်တို့လို စာအုပ်ရောင်းသူ၊ ထုတ်ဝေသူ၊ စီစဉ်သူ၊ စာအုပ်အငှါးဆိုင်ဖွင့်သူတို့ အနေနှင့်ကား စာအုပ်တစ်အုပ်သည် မျက်နှာဖုံးပန်းချီ သရုပ်ဖော်ခြင်းသည်သာ အဓိက။ စာရေးဆရာနှင့် စက္ကူသား၊ ပုံနှိပ်ထားမှုက ဒုတိယ။ ဓမ္မဒါနဝေငှသော စာအုပ်ထုတ်ခြင်း မဟုတ်လျှင် မျက်နှာဖုံးပန်းချီကိုသာ အဓိကထားပါဟု တဖွဖွပြောဆိုမိသည်မှာ မကြာခဏ။

ဆရာနှင့် ဆုံတိုင်း၊ တွေ့တိုင်း အနုပညာ အသိုင်းအဝိုင်းနှင့် ပတ်သက်သော ဟာသများ၊ အတွေ့အကြုံများ ပြောဖြစ်ကြ၊ ရီဖြစ်ကြ၊ စိတ်မကောင်းဖြစ်ကြ၊ အားကျကြ... ကြ...။ ပန်းချီကားကြီးတွေ သိပ်မရေးဖြစ်ကြောင်း၊ ဆရာကြီးများကို အားကျ၍ ကြိုးစားချင်သော်လည်း အခြေအနေက မပေးသေးကြောင်း၊ ဘဝအမောတွေ များနေသော ကြောင့်၊ အချိန်တွေကလည်းမရကြောင်း၊ လူမှုရေးတွေ ပိုများလာ ကြောင်း... ကြောင်း တွေ ပြောဖြစ်ခဲ့၊ ကြားဖြစ်ခဲ့၊ မြင်ဖြစ်ခဲ့။

ဆရာ့လက်ရာလေးတွေက အများနှင့်မတူ ဟန်မူကွဲသည်၊ အရောင်စုံသည်၊ ကောက်ကြောင်းလှသည်၊ အကြောင်းအရာနှင့်လိုက်သည်၊ စာအုပ်အဖုံးများနှင့် အံဝင်ခွင်ကျဖြစ်သည်။ ထုတ်ဝေသူများနှင့်

အဆင်ပြေသည်… သည်ဆိုသော ကောင်းသတင်းတွေနှင့်။

ဆရာရွှေစိုးဟာန်၏ မွေးဖွားရာဒေသ၊ ပင်ကိုဟာန်နှင့် ဘဝကိုက ကျွန်တော်တို့နှင့် ဆင်တူသည်။ အညာသား၊ တောသားဟု ဆိုနိုင်သော ဘဝမို့ တောသဘာဝ၊ မြန်မာ့ဘဝဓလေ့ ရှုခင်းအမြင်ပန်းချီလက်ရာများ ပိုမိုအသက်ဝင်သလို၊ အကျွမ်းတဝင်ရှိခဲ့သဖြင့် ပိုကောင်းခြင်းလည်း ဖြစ်နိုင်ပါသည်။ လူချင်း ပေါင်းသင်းဆက်ဆံရသည်မှာလည်း အညာဓလေ့၊ တောသားဆန်ဆန်ဖြစ်သဖြင့် ကျွန်တော်တို့ချင်း အဆင်ပြေခဲ့ကြပါသည်။

သူ့လမ်း သူထွင်၊သူဖောက်၍ သူလျှောက်ခဲ့သောလမ်း ကြမ်း၍ မဖြုံ၊ ကြံ့သလိုဖြတ်သန်း၍ မည်သူမျှ ရုတ်တရက် အစားထိုး တုပ၍ မရနိုင်အောင် ကြိုးစားထင်ပေါ်ခဲ့သူ ဆရာ့လိုလူပါတကားဟု ကျွန်တော် တို့ ခင်မင်မိ၏။ ကြည်ညိုမိ၏၊ အားကျမိ၏။

စာနယ်ဇင်းသရုပ်ဖော် ပန်းချီဆရာကြီးများ များစွာရှိခဲ့ဖူး၊ ရှိနေပါ ဦးမည်။ ပန်းချီဆရာလေးများစွာလည်း ထပ်မံပေါ်ထွက် ပေါ်ထွန်းနေဆဲ ဖြစ်ပါသည်။ သို့သော် ဆရာ့ကို ယှဉ်နိုင်၊ မြင်နိုင်၊ အားကိုးနိုင်သောသူ ဖြစ်ဖို့ဆိုတာ မလွယ်နိုင်ပါ။ ကျွန်တော်တို့ အချိန်များစွာ စောင့်ကြည့် ရပါဦးမည်။

ဆရာရွှေစိုးဟာန်၏ ဈာပနကို ကျွန်တော်တို့ လိုက်ပို့ဖြစ်ခဲ့သည်။ သူငယ်ချင်းများ၊ သူ့မိသားစုဝင်များနှင့်အတူ ထိတွေ့ခဲ့ကြရပါသည်။ ဆရာ့ အကြောင်းကို ဈာပနကားပေါ်တွင် ဆရာတင်လှဝင်းထင်မှ အားရပါးရ ပြောသည်။ အမှတ်တရစကားတွေ ဆိုသည်။ ဝမ်းနည်းမှု တွေ၊ နှမြောတသ ဖြစ်မှုတွေများစွာနှင့် ရေဝေးသုသာန်သို့ သွားဖြစ်ခဲ့၊ ရောက်ဖြစ်ခဲ့၊ ပို့ဖြစ်ခဲ့။

ရေဝေးသုသာန်ခန်းမထဲမှာ ဆရာ့ဓာတ်ပုံတွေ၊ ပန်းချီကားတွေ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းတွေ အစီအရီ။ ပရိသတ်ကများလွန်းလှသည်။

သူ့ကိုချစ်သော၊ ခင်သော၊ မြတ်နိုးသော သူတွေစုံစုံညီညီနှင့်။

ဆရာရွှေစိုးဟာန်ခင်ဗျား...

ကျွန်တော်တို့နှင့် ဆရာ သံသရာခရီးမှာ ပြန်လည်ဆုံတွေ့ကြမယ်လို့ ယုံကြည်ရင်း နှုတ်ခွန်းဆက်လိုက်ပါတယ်ခင်ဗျား...။

"ပြန်လည်ဆုံတွေ့ကြမယ်နော် ... ဆရာ"

❐

# နှံ့ထဲမှကြာလိုလူ
## (သို့မဟုတ်)
## ပခုက္ကူ ဦးအုန်းဖေ



ဆရာကြီး ပခုက္ကူ ဦးအုန်းဖေ။

ယခုရက်ပိုင်းအတွင်း စာရေးဆရာကြီးငယ်တွေ တဖြုတ်ဖြုတ်ကြွေ၊ သင်္ခါရလေအဝှေ့မှာ ရင့်ရော်နေသော သစ်ရွက်တွေကဲ့သို့၊ နွေပဲပူလွန်းလို့လား၊ လေပဲ ပူလွန်းလို့လား မသိ...၊ နားခိုစရာ မရှိ။

ဆရာမကြီး လူထုဒေါ်အမာ၊ ဆရာကြီး အိမ်မဲဒေါင်းပြာ၊ ဆရာ လွင်ဆန်းယဉ်၊ ဆရာကြီး ပခုက္ကူဦးအုန်းဖေ… စသည်… စသည်တို့ နာမည်ရ ထင်ရှား၊ စာရေးဆရာများ။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်ပီပီ ကံနှင့်သံသရာကို ယုံသလို ကောင်းတာလုပ်ရင် ကောင်းတာဖြစ်သည်။ ဆိုးတာလုပ်ရင် ဆိုးတာ လုပ်ရင် ဆိုးတာဖြစ်သည်။ အတုံ့အလှည့်သဘော ရှိသည်။ ဗုံတလှည့် ငါးပျံတလှည့် ရှိသည်။ ဝဋ်ကြွေးရှိလျှင် ဆပ်ရသည်။ သူ့ကို မကောင်း မှုပြုထားလျှင် ကိုယ်လည်း မကောင်းသည့်ကံနှင့် ခံရ တတ်သည် စသည့်သဘောတရားတွေကို မိဘများ၊ ဆရာသမားများ၊ စာအုပ်များ၊ ဆရာတော်ကြီးများ၊ ဗုဒ္ဓဝင်ဇာတ်တော်များမှ သိရှိ နားလည်ခဲ့ကြပြီး ဖြစ်ပါသည်။ သို့သော် လိုက်နာ၍ ကျင့်သုံးခံယူ ဆောက်တည်သူများ ကတော့ ရှာမှ ရှား။ ထို ရှားပါးသော အရာများထဲမှ မကောင်းသည့်ဘက်မှ ကောင်းသည့်ဘက်ကို ရောက်ခဲ့သည့် ပုဂ္ဂိုလ်ဆိုလျှင် လူ့သာခုခေါ်၊ နတ်သာခုခေါ်။

တရားသဘောကို သိသော်လည်း ပြုပြင်မှုမရှိသည့်လူတွေ၊ ဥစ္စာပေါ မယားချော ရထားပြီး ပတ်ဝန်းကျင်ကို ရွဲ့စောင်းနေသည့်၊ ဆဲနေသည့် လူတွေ၊ အလှူကြီး အတန်းကြီးတွေလုပ်ပြီး ဟိတ်ဟန် ထုတ်နေသည့် လူတွေ၊ ငွေတိုးချေး မတရား အမြတ်ကြီးစားပြီး ဝိပဿနာတရား ပြောနေသည့် လူတွေ၊ ဗုဒ္ဓမြတ်စွာက ဘယ်လို၊ ဘယ်စာအုပ်က ဘယ်လိုဟုပြောပြီး အရက်ကို နေ့စဉ်မပြတ်သောက်နေ တဲ့လူတွေ၊ ငါပညာတတ်ဟုပြောပြီး ပညာမတတ်တဲ့သူတွေကို စော်ကား နေသည့်လူတွေ၊ မယားငယ်တွေ အများကြီးယူခဲ့ပြီး လူထု အကျိုး သယ်ပိုးနေပါတယ်ဆိုတဲ့ လူတွေ၊ ထမင်းရေချောင်းစီး မောင်း တီး လှူခဲ့ပါတယ်ဆိုပြီး ဘယ်ခေါင်းစဉ်တွေနဲ့မှ မပေးကမ်း မလှူ မတန်းဘဲ စကားကောင်းတွေပဲ ပြောနေတဲ့ လူတွေ… လူတွေ။

ထိုလူတွေထဲမှ လူတစ်ယောက်ဟုသာ ပြောရမည့် ပခုက္ကူ

ဦးအုန်းဖေ။ ထိုအကြောင်းအရာ ခေါင်းစဉ်များထဲမှ ထိုးဖောက်ထွက်လာသည့်သူ။ မိမိကိုယ်မိမိ ဓားပြ၊ အရက်သမား၊ ဖဲသမား၊ မယားများစွာနှင့် ပညာလဲ မတတ်ဟု သူ့ကိုယ်သူ ပြောပြီး သူ့အကြောင်းပေါင်းများစွာကို မကွယ်မဝှက်ဝန်ခံ၍ စာအုပ်များစွာရေးသားခဲ့သူ၊ ပခုက္ကူဦးအုန်းဖေ။

ထိုပုဂ္ဂိုလ်ကြီးနှင့် ကျွန်တော်တို့ကား လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် သိခဲ့ ကျွမ်းခဲ့ ခင်မင်ခဲ့ ရ၏။

၁၉၉၂-၁၉၉၃ လောက်က ကျွန်တော်တို့ ရန်ကုန် စာပေလောက၊ အနုပညာလောကတွင် အချိန်များစွာ လှုပ်လှုပ်ရှားရှား နေခဲ့ရချိန်။ ထိုအချိန်များထဲမှ တစ်နေ့တွင် ဆရာမောင်ယဉ်ကျော်(အနုပညာကြေးမုံ)မှ ကျွန်တော်တို့ကို ဖိတ်စာတစ်စောင် ပေး၏။ ပခုက္ကူမြို့သို့ စာပေခရီးဖိတ်စာ။ ဖိတ်စာက ပခုက္ကူဦးအုန်းဖေ လှူဒါန်းသော စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်ရန်။ သွားနိုင်လျှင်၊ သွားချင်လျှင် ကိုယ့်အစီအစဉ်နှင့်ကိုယ်သွား၊ ဟိုရောက်လျှင်တော့ နေရေး စားရေး တာဝန်ယူမည်တဲ့။

အကြောင်းအလျဉ်းသင့်သဖြင့် ကျွန်တော်တို့ သွားဖြစ်ခဲ့သည်။ ပခုက္ကူမြို့သို့ ရောက်သည်။ ကျွန်တော်တို့စာပေနယ်၏ စာရေးဆရာကြီးများ ဖြစ်ကြသော ဆရာမြသန်းတင့်၊ ဆရာအောင်လင်း၊ ဆရာကျော်အောင်တို့ ဇာတိဟု သိရကတည်းက စိတ်ဝင်စားခဲ့သောနေရာ။

ဦးလေးအုန်းဟု အများက ခေါ်ဝေါ်နေကြသော နာမည်နှင့် ပခုက္ကူဦးအုန်းဖေကို တွေ့ရသည်။ သူ့တိုက်အိမ်ကြီး၏ အပေါ်ထပ်တွင် ကုတင်နှင့်၊ ကိုယ့်နာမည်နှင့်ကိုယ် အိပ်ရသည်။ အတူသွားမဟုတ်သော်လည်း ဆရာထီလာစိုးမြင့်ထယ် (သိပ္ပံမဂ္ဂဇင်း)နှင့် ရှေးဟောင်းသုတေသန အရာရှိကြီးတစ်ဦးနှင့်အတူ တစ်ယောက် တစ်ကုတင်စီ။ ဆရာမုံရွာဝင်းဖေ၊ ဆရာဟိန်းလတ်နှင့် ဆရာဒေါက်တာ တင်ထွန်းဦးတို့က အခြားတစ်အိမ်မှာ၊ စာပေဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ စာကြည့်တိုက်တွင်ထားရှိမည့် စာအုပ်ပြပွဲတွေ ကြံခဲ့ရသည်။ ထိုပွဲမှစတင်၍ ပခုက္ကူသား

စာရေးဆရာများဖြစ်ကြသော ဆရာပူရိသ၊ ဒေါက်တာသက်လွင်၊ ဆရာဦးအုပ်စံတို့နှင့် ရင်းနှီးခဲ့ရ၊ ကျွမ်းဝင်ခဲ့ရ။ မှတ်မှတ်ရရ နေ့ရက်များ။ နောက်တစ်နေ့တွင် ရှေးဟောင်းမြို့တစ်မြို့ဖြစ်သော ပခန်းကြီးမြို့သို့ လိုက်ပို့ပေးသည်။ စည်သူ့ရှင် သရက္ခန်ဘုရား၊ ရှေးဟောင်း ကျောင်းတော်ကြီး၊ အုတ်မြို့ရိုးနှင့် တံခါးဝကြီး၊ ရှေးဟောင်း ပစ္စည်းများ၊ ပြတိုက်တို့ကို လေ့လာခဲ့ရ၊ သိမြင်ခဲ့ရ။ နောက်တစ်နေ့ စာကြည့်တိုက်ဖွင့်ပွဲပြုလုပ်၊ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နှင့် ရန်ကုန်သို့ ပြန်လာ။

ထိုအချိန်မှစ၍ ဦးလေးအုန်းနှင့် ခင်မင်ခဲ့ရခြင်း။

ထိုနောက်ပိုင်းတွင် ပခုက္ကူမြို့သို့ မရောက်တော့။ ဦးလေးအုန်း ရန်ကုန်သို့ လာလျှင် တွေ့ကြ၊ ဆုံကြ၊ စကားတွေပြောကြ၊ အသက်ကြီးလာမှ စာရေးသော်လည်း သူ့စာတွေက မဂ္ဂဇင်းတိုက်မှာ၊ သတင်းစာတိုင်းမှာ မပြတ်တွေ့လာရသည်။ ရန်ကုန်သို့ ဦးလေးအုန်းရောက်သည်ဟု သိရ၍ ဆက်သွယ်ကြည့်သော်လည်း ဦးလေးအုန်းဘေးမှာ တွေ့ချင်သူတွေ ဝိုင်းဝိုင်းလည်နေသဖြင့် တွေ့ခွင့်မရသည်က အကြိမ်ကြိမ်။ ဦးလေးအုန်းကို စာပေညီလာခံမှာ စာရေးဆရာသက်ကြီး ပူဇော်ပွဲများမှာ၊ စာပေအခမ်းအနားတိုင်းမှာ ကြုံရလေ့ရှိသည်။

ပခုက္ကူစာပေဆုမှာ ဝင်ပြိုင်ပါဦးဗျ၊ ပခုက္ကူကို လာခဲ့ပါဦးဗျ၊ ပခုက္ကူဘက်ကို လာစရာ အကြောင်းတွေ ရှိရင်လာခဲ့ပါဦးဗျ၊ တဖွဖွ ပြောမြဲ။

ဦးလေးအုန်း၏ စာများကို ပရိသတ်က လက်ခံလာသည်။ စာပေဟောပြောပွဲတွေမှာ ဟောပြောဖို့ ဖိတ်ကြားခြင်းခံရသဖြင့် ခဏခဏ ဟောပြောနေသည့် သတင်းတွေ ဖတ်နေရသည်။ စာပေဒါနနှင့် အလှူကား လက်နှင့်မပြတ်၊ ရေးလည်းရေး လှူလည်းလှူ။

ဦးလေးအုန်းနှင့် ပတ်သက်၍ စာပေနယ်မှာ အယူအဆကွဲလွဲကြသည်ကို ကျွန်တော်တို့ ကြုံတွေ့၊ မြင်တွေ့၊ ကြားသိရသည်။

ဦးလေးအုန်းကို ကြိုက်နှစ်သက်သူတွေ များသလို မုန်းသည့် အယူအဆနှင့် မကြိုက်သည့် လူများကလည်း ဒုနှင့်ဒေး။

သည်နေရာမှာ ကျွန်တော်တို့ အယူအဆကို ဆရာကြီး၊ ဆရာမကြီးများကပင် မကြခဏ ဆွေးနွေးမေးမြန်းကြတာကို အံ့သြစွာ တွေ့ကြုံခဲ့ရသည်မှာ အကြိမ်ကြိမ်။

ကျွန်တော်တို့ အယူအဆမှာ ဤသို့...

လူတစ်ယောက်က စဉ်းလုံးချော မကောင်းတာ လက်ခံကြမှာပါ။ ဒါပေမဲ့ အဲ့ဒီပုဂ္ဂိုလ်ဟာ တစ်သက်လုံး အကျိုးမဲ့သည့်ကိစ္စများကိုသာ အစဉ်တစိုက် ရွေးလုပ်သွားခဲ့လျှင် ကျွန်တော်တို့ ခွင့်မလွှတ်ပါ။ အခုလို သူ့ဘဝသူ ပြုပြင်ပြီး လူအများအတွက်၊ သူ့အတွက် ကောင်းကျိုးချမ်းသာ ဆောင်ရွက်နေသော၊ ရေးသားနေသော ဦးလေးအုန်းဘဝတွင်မူ ကျွန်တော်တို့ လက်ခံပါသည်၊ ခွင့်လွှတ်ပါသည် ဟုတ်မဟုတ် သင့်မသင့် ချင့်ချိန်၍ ယူကြပါကုန်။

ဦးလေးအုန်း၏စာများကို ကျွန်တော်တို့ ဖတ်ကြည့်ပါသည်။ စာပေ အရေးသားမှုမှာ ရိုးရိုးကြီး၊ ထိုရိုးရိုးကြီးမှပင် ထိထိခိုက်ခိုက် ခံစားရတာ လေးတွေ ရှိသည်ကို အံ့သြဖွယ်ရာ တွေ့သိခံစားရပါသည်။ မနိုင်းအပ် နှိုင်းအပ် မြန်မာစာပေရေးသားမှုတွင် ဆရာကြီးဇေယျ ပြီးလျှင် ဦးလေး အုန်း၏ ရေးသားမှုကို ကြိုက်နှစ်သက် နေမိသည်။ ရိုးပြီး မအဘဲ ဆန်းနေသည်၊ ပညာရှင် သဘောမဆန်ဘဲ တောဆန်ပြီး လှပနေသည်။

ထို့အပြင် လူပုဂ္ဂိုလ်အနေနှင့်လည်း အကောင်းအပြောမခံရဘဲ ကောင်းနေသည်။ ကပ်စီးနည်းသည် ဟု ထင်ရသော်လည်း လှူတန်းနေသည်မှာ သိန်းပေါင်းများစွာ၊ အစွန်း တစ်ခုသို့ ရောက်ခဲ့သော်လည်း ပျက်စီးမသွားဘဲ အကောင်းဘက်သို့ ရောက်လာခဲ့သူ၊ လက်ကမ်းကြိုသင့်သူ၊ သူဆိုမှသူ...

ဦးအုန်းဖေ၏ ပောပြောပွဲတွေမှာ နားထောင်ပြီး မျက်ရည်ကျလို့၊ ဦးအုန်းဖေရဲ့ ဝန်ခံချက် ပွင့်ပွင့်လင်းလင်းရေးသားမှုတွေ ဖတ်ပြီး လူဆိုးလူမိုက်မှ လူကောင်းတွေဖြစ်သွားကြလို့၊ ဦးလေးအုန်းရဲ့ လှူဒါန်းမှုတွေကို အများက သဘောကျလို့၊ ဦးလေးအုန်းဆီရောက်ရင် ဆက်ဆံမှုက နွေးထွေးတယ်ဗျာ၊ သွားဖြစ်အောင်သွားကြပါ။ ဦးလေးအုန်းရဲ့ စိတ်ဓာတ်နဲ့ သဘောတရားတွေကို သဘောကျတဲ့သူတွေထဲမှာ အရာရှိကြီးတွေတောင်ပါသတဲ့...၊ စသည့် စကားလုံးများစွာ ကျွန်တော်တို့ ကြားနေရသည်။ ဝမ်းသာပါသည် ဦးလေးအုန်းခင်ဗျား။

ဦးလေးအုန်းသည် အသက်အရွယ် ကြီးရင့်သောအခါ စာရေးသော်လည်း ဦးလေးအုန်း စာတွေက မထပ်၊ မှတ်သားမှုဉာဏ်ကောင်းသည်။ ယခင် နှစ်ပေါင်းများစွာ ကတည်းကလည်း နေ့စဉ်မှတ်တမ်း ဒိုင်ယာရီ ထားသည်၊ ရေးသည်ဟု သိရပါသည်။ ထို့ကြောင့် ထင်သည်၊ သက္ကရာဇ်များ၊ နေ့စွဲများ၊ တိတိကျကျရှိသည်။ စေတနာ ပါသည်၊ မှားခဲ့သည်ဟု ဝန်ခံသည်။ မသိလျှင် မသိဟုရေးသည်။ ပြောသည်။ တတ်ယောင်ကားမလုပ်။ အပြစ်ပြောစရာရှိလျှင်လည်း အားမနာ။ ကိုယ်ဖြစ်ကိုယ်ခံဆိုသော ယောက်ျားကောင်း တို့၏ မာနနှင့် သတ္တိကို တွေ့ရသည်။

ကျွန်တော်တို့ စာပေနယ်တွင်သာမဟုတ်၊ လူ့ဘဝကြီးတစ်ခုလုံး ကောင်းသူ၊ ဆိုးသူ၊ ကိုယ်ကျင့်သီလရှိသူ၊ မရှိသူ၊ ချမ်းသာသူ၊ ဆင်းရဲသူ၊ ပညာတတ်သူ၊ မတတ်သူ၊ မြို့သား၊ တောသား၊ အညာသား... စသည့် စသည်ဖြင့် ခွဲခြားထားကြသကဲ့သို့ ရှိနေကြသည်မှာ ဓမ္မတာ။ ထိုဓမ္မတာကြီးကိုပင် တရားသဘောနှင့်၊ စာပေသဘောနှင့် ရင်ဆိုင်ဖြေရှင်းကြရမည်မှာ လူသားတိုင်းပင် မဟုတ်ပါလား။

ကိုယ်က သူ့လိုမဖြစ်ချင်လျှင် သူ့ထက် တော်အောင် သိအောင် ကြိုးစား။

ကိုယ်က ဆင်းရဲလျှင် သမာအာဇီဝဖြင့် ချမ်းသာအောင် ကြိုးစား၊ ကိုယ်က မတတ်သေးလျှင် သိအောင် တတ်အောင်ကြိုးစား၊ ကိုယ့်

ထက် ညှံ့လျှင် ငယ်လျှင်၊ လက်တွဲခေါ်ယူဖို့ကြိုးစား၊ ကိုယ့်ထက် နိမ့်သည်ထင်လျှင် ကိုယ်က မြှင့်တင်ပေးနိုင်အောင် ကြိုးစား။ ကိုယ့်ကိုယ်ကိုသာ အားကိုးရာအဖြစ် ကျွန်တော်တို့ ဗုဒ္ဓဘာသာ သာသနာက ဆိုဆုံးမထားသည် မဟုတ်ပါလား။

ပြောနေရုံနှင့်မပြီး၊ အားကျနေရုံနှင့်မရ၊ လုပ်သမျှအရာထင် အောင် ကိုယ့်ကိုယ်ကို ပြင်ဆင်ထားကြပါဟု သူများကိုလည်းပြော ကိုယ့်ကိုယ်ကိုလည်း အမြဲဆုံးမနေရင်း… ကျွန်တော်တို့ ဆင်ခြင် ပြင်ဆင်နေမိသည်။

ယခုနှစ်ပိုင်း၊ ရက်ပိုင်းများတွင် ဦးလေးအုန်း တစ်ယောက် ကျန်းမာရေး မကောင်းတော့ဟူသော သတင်းများက အခမ်းအနား ပွဲတိုင်းမှာ ကြားနေရသည်။ ဟော… ယခုတော့ ဆုံးပြီတဲ့။

ကျွန်တော်တို့ စိတ်မကောင်းပါခင်ဗျား။

ကျွန်တော်တို့ ဦးလေးအုန်းဆီ မရောက်နိုင်တော့ပါ။ ယခုနှစ် သကြင်္န်တွင်း ရက်ပိုင်းများသည် ကျွန်တော်တို့ ဘဝအတွက် စိတ်ပင် ပန်း၊ လူပင်ပန်းကာလများ…

ထို့ကြောင့်…

ဦးလေးအုန်း ကောင်းမွန်ရာ ဘုံဘဝသို့ ရောက်ရှိခံစားနိုင်ပါစေလို့ ဆုတောင်းရင်း…

❐

# အနုပညာသစ်နှင့် လူ
## (သို့မဟုတ်)
## ဆရာဝသုန်

၂၁-၁၀-၂၀၀၈။

ထိုနေ့ကား ဆရာဝသုန် ကွယ်လွန်သွားသည့်နေ့။

ထိုရက်ပိုင်းများက ကျွန်တော်တို့၏ ဘဝကား နေထိုင်ရပ်တည် ရေးကွန်ယက် အပိုင်းပိုင်း အစစ ပြိုကွဲပျက်စီးနေသော နေ့ရက်များ။

နာဂစ်မုန်တိုင်း၏ သားကောင်။ ကျွန်တော်တို့ဘဝ ကျိုးကြေ မြေခ နာကျည်းခံခက် ကူကယ်ရာမဲ့နှင့်၊ သဘာဝတရားကြီးနှင့် ကံကြမ္မာ ၏ လှည့်စားချက်များကို သစ်ပင်များလို ပြင်းပြင်းထန်ထန် ရုန်းကန် တွန်းလှန်နေရသော ကာလ။

ထိုကာလတွင်မှ ဆရာဝသုန် ကွယ်လွန်ခဲ့ရခြင်း။

လူတိုင်း လူတိုင်း ထိုရက်ပိုင်းများ၏ အစ နေ့ပိုင်းများတွင် နေသည် ကျဲတောက်စွာ ပူလောင်ပြင်းပြလျက်၊ ချွေးတွေထွက်၊ ပင်ပန်း နွမ်းလျစွာနှင့် ပူပြင်းသော နေရောင်ခြည်အောက်မှာ အကာအကွယ်မဲ့ သလို နေထိုင်ကြရပြီး နောက်ပိုင်းရက်များတွင်မူ ကောင်းကင်တစ်ခွင်

လုံး အုံ့မှိုင်းရီဝေလျက်။ မိုးတွေရွာ၊ လျှပ်စီးတွေလက်၊ လေပြင်းတွေတိုက်၊ အားလုံးသက်ပြင်းတွေရှိုက်။

ထိုအခိုက် ရက်များတွင်မှ ဆရာဝသုန် ကွယ်လွန်သွားခဲ့ရခြင်း။

ဆရာနှင့် ကျွန်တော်တို့ကား ၁၉၈၅-ခုနှစ်များကတည်းက ရင်းနှီးခဲ့၊ ကျွမ်းဝင်ခဲ့၊ လေးစားခဲ့ရပြီး ထိုအချိန်မှာ ကျွန်တော်တို့က ဘဝတက္ကသိုလ်စာပေတိုက်၏ စာစီ ဖိုမင်။

ဆရာတို့အဖွဲ့မှ ဆရာဦးစံတိုး၊ ဆရာတင်မောင်မျင့်၊ ဆရာကျော်သောင်း၊ ဆရာဝသုန်၊ ဆရာမောင်မောင်သိုက်တို့ကို ဆုံကြုံရင်းနှီး လေးစား အားကျခဲ့ရသော နေ့ရက်များ။

ဆရာတို့ (၅) ယောက်သည် ဘယ်ပွဲလမ်းမှာမဆို တပူးတွဲတွဲ၊ တပေါင်းစည်းတည်း။ ဘယ်ခရီးမှာမှ လမ်းခွဲတွက်သွားသည်ကို မတွေ့ရသဖြင့် နံဘေးမှနေ၍ မြင်နေရသော ကျွန်တော်တို့အားလုံး ကြည်နူးလျက်၊ အားကျလျက်၊ လေးစားလျက်၊ ကြည်ညိုလျက်။

ထိုရက်ပိုင်းများမှတစ်ဆင့် ဆရာဝသုန်နှင့် ကျွန်တော်တို့အတွက် အမှတ်တရနေ့ရက်များကား ကာတွန်းဆရာကြီး ဦးဘထွေးအတွက် အမှတ်တရ ကာတွန်းမီးထွန်းပြပွဲများ၊ ဆုပေးပွဲများ၊ ဆရာကြီးလင်းယုန်သစ်လွင်သို့ အမှတ်တရ ပူဇော်ကန်တော့ပွဲများ၊ ဆရာကြီးလင်းယုန်သစ်လွင် ကွယ်လွန်ခြင်းနှင့် အသုဘ၊ ရက်လည်ဆွမ်းကျွေးပွဲများ၊ ဆရာကြီးလင်းယုန်သစ်လွင်နှင့် ပတ်သက်၍ အမှတ်တရစာအုပ်ပြပွဲနှင့် ဟောပြောပွဲများ၊ နှစ်လည်ပွဲများတွင် ပူးတွဲ၍ တာဝန်ယူလုပ်ဆောင်ခဲ့ရခြင်းများသည် ကျွန်တော်တို့အတွက် မှတ်မှတ်ရရနေ့ရက်များ။

ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာကြီးဦးနေမျိုး၊ ဆရာဦးမြတ်ဆွေ၊ ဆရာမဒေါ်သီရိ၊ ဆရာဦးနေဝင်း (မြေနီကုန်းစာအုပ်ဆိုင်)၊ ဆရာမြေဇာ၊ ဆရာဝသုန်၊ ဆရာမြင့်မောင်မောင်၊ ဆရာဦးအေးချို (ဂန္ဓမာ)၊ ဆရာဦးအေးချို (မဟာဝိဇ္ဇာ)၊ ဆရာကာတွန်းကြည်ဝင်းနှင့်

ကျွန်တော်တို့ တပူးတွဲတွဲ လှုပ်ရှားပျော်မြောခဲ့ရသော နေ့ရက်များ။ ရင်ထဲမှာ အမြဲတမ်း မှတ်မှတ်ရရဖြစ်လျက်။

ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာမြေဇာ၊ ဆရာဦးမြတ်ဆွေ၊ ဆရာမြင့်မောင်မောင်၊ ဆရာဝသုန်တို့နှင့် စားသောက်ဆိုင်ပေါင်းများစွာ၊ နေရာပေါင်းများစွာတွင် အနုပညာရေးရာ၊ စာပေရေးရာများ ဆွေးနွေးလျက်၊ ငြင်းခုန်လျက်၊ ရီဝေလျက်... လျက်ပေါင်းများစွာ ဆုံကြုံခဲ့ကြရသည်။ အမှတ်တရများပါပဲ ဆရာခင်ဗျား။

ဆရာနှင့်ပတ်သက်၍ ငယ်စဉ် ကာတွန်းဆရာ၊ ပန်းချီဆရာဘဝမှာကတည်းက ထူးခြားသော အမြင်သစ်၊ အတွေးသစ်၊ အယူအဆသစ်များကို ခေတ်ပြိုင်သူငယ်ချင်းများကပင် အံ့ဩယူရသည်။ ကြားနာခဲ့ရဖူးသည်မှာ အကြိမ်ကြိမ်။ ကြိုးစားသည်၊ ဟန်သစ်ထွင်သည်၊ လိုင်းခွဲထွက်သည်၊ သူ့မူ၊ သူ့ဟန်ရအောင် တီထွင်ခဲ့သည်ဟု ကြားသိခဲ့ရသည်၊ ကြုံလည်းကြုံ၊ ဆုံလည်းဆုံခဲ့ရပါသည် ဆရာခင်ဗျား။

ယခင်နှစ်များက ဆရာကြီးဒါရိုက်တာ၊ စာရေးဆရာကြီး ဦးသုခကွယ်လွန်ခဲ့သည်။ ရေဝေးသုသာန်သို့ ကျွန်တော်တို့ လိုက်ပို့ ကန်တော့နှုတ်ဆက်ဖြစ်ခဲ့သည်။ သုသာန်မှအပြန်ခရီးတွင် လက္ခဏာ ဆရာမကြီးဒေါ်စန္ဒီမာလာနှင့်ဆုံသည်။ သူ့ကားနှင့် ကြုံသဖြင့် ဆရာကြီး ဦးလေးမြိုင်အိမ်နှင့် ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ မိသားစု ပန်းချီပြခန်းကြီးကို ဝင်ရောက် ကြည့်ရှုမိခဲ့ကြသည်။ ဆရာမကြီးများနှင့် ဆရာကြီးဦးလွန်းကြွယ်မိသားစုတို့ ရင်းနှီးနွေးထွေးစွာ စကားလက်ဆုံကျနေချိန်တွင် ကျွန်တော်တို့က ဆရာကြီးနှင့် သူ့မိသားစု၏ ပန်းချီကားကြီးများကိုကြည့်လျက်၊ ကြည်နူးလျက်၊ အားကျလျက်...

ဆရာကြီးဦးလွန်းကြွယ်၏ အသက်အရွယ်နှင့် အသက်ရှည်မှု၊ ဆရာကြီး၏ ပန်းချီလက်ရာများနှင့် မိသားစု၏ ပန်းချီလက်ရာများကို ကြည့်၍ အပြန်လမ်းခရီးတစ်လျှောက်လုံးတွင် ဆရာမနှင့် ကျွန်တော်တို့ အားကျကြည်ညိုမှု စကားတို့က ပြောမဆုံးပေါင် တောသုံးထောင်။

ထိုရက်ပိုင်းများတွင် ကျွန်တော်တို့၏ နှလုံးသားပုံရိပ်နှင့်

ဦးနှောက်၌ အလုပ်ပေး၍ တွေး၍ ငေး၍ မဆုံးနိုင်သောအရာကား နှိုင်းယှဉ်ချက်။

မည်သည့်အရာကို နှိုင်းယှဉ်ပါသလဲဆိုသော် ပန်းချီဆရာကြီး ဦးဘကြည်နှင့် ကျန်သောပန်းချီဆရာကြီးများ၊ ဆရာလေးများ။ ထို ပန်းချီဆရာများနှင့် ဆရာဝသုန်…

ကျွန်တော်တို့ စဉ်းစားဆင်ခြင်မိနေသော အတွေးနှင့် နှိုင်းယှဉ်ချက်ကား၊ စူးဝင်နေသော အရာကား ကျွန်တော်တို့ မြန်မာပြည်ကြီးတွင် ပန်းချီဆရာ မြောက်များစွာ ပေါ်ထွန်းခဲ့၏။ ပေါ်ပေါက်နေဆဲဖြစ်၏။ ထိုအထဲတွင်မှ ထူးခြားသောဆရာနှစ်ဦးကား ဆရာကြီးဦးဘကြည်နှင့် ဆရာဝသုန်။

မြန်မာ့ရေမြေတောတောင်၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုနှင့် ဆက်နွယ်ပြီး ဇာတ်တော်ကြီးများစာပေ၊ ရှေးဟောင်းစာပေ၊ ခေတ်သစ်စာပေတို့ကို လေ့လာ၍ အသက်အရွယ် ကြီးရင့်လာချိန်၌ ငွေတန်ဖိုးများစွာရသော ပန်းချီကားကြီးများကိုမဆွဲ၊ မျိုးဆက်သစ် ကလေးသူငယ်နှင့် လူငယ်များကို တန်ဖိုးထား၍ အလေးဂရုပြု၍ ရေးဆွဲပေးခဲ့သော ဆရာကြီးတို့၏ စိတ်စေတနာနှင့်လက်ရာများ။ **ဥပမာ**-ဇာတ်ကြီးဆယ်ဘွဲ့၊ စာစီဘလောက်ခေတ်၊ စက်ညံ့ညံ့များနှင့် လည်ပတ်ရိုက်နှိပ်ရသော ကာလကြီးတွင် ရေးဆွဲရန် အားသန်၍ လမ်းကြောင်းသစ်ထွင်ပေးခဲ့သော ဆရာကြီး။ တော်ရုံတန်ရုံ ပေါ့ပျက်ပျက်နှင့် ရေးဆွဲခဲ့သော လက်ရာများမဟုတ်ဘဲ ဘလောက်တစ်ကွက်ချင်းတွင် ထပ်ရောင်များ၊ ပုံရိပ်များ၊ နိမိတ်ပုံများ၊ အသုံးအဆောင်များ၊ စကားလုံးများ၊ စာသားများ၊ ဟန်ပန်အမူအရာများကို သူ့နေရာနှင့်သူ အံဝင်ခွင်ကျထည့်သွင်း၍ အချိန်ပေါင်းများစွာ ဖြန့်ကျက်တွေးခေါ်လျက်၊ ရှာဖွေလျက်၊ လေ့လာလျက်၊ ပုံကြမ်းပေါင်းများစွာနှင့် သရုပ်ဖော်ထားသော ဆရာကြီး၏ စိတ်စေတနာများကို ခံစားရသည့် ပီတိနှင့် နှိုင်းယှဉ်ချက်။

ထို့အတူ ဆရာဝသုန်။

ဆရာဝသုန်သည်လည်း ဆရာကြီး ဦးဘကြည်လိုပင် ဆရာ

ချစ်ဦးညို၏ဝတ္ထု၊ လက်ာဒီပချစ်သူကို ရှမဝမဂ္ဂဇင်းကြီးတွင် ၃၆-လတိတိ ဖော်ပြခဲ့ရလောက်အောင် (၅) နှစ်ခန့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကို အံ့သြတကြီး နားထောင်၊ ဖတ်ရှု၊ တွေ့မြင် ကြားသိခဲ့ရသည်မှာ ကျွန်တော်တို့ ကိုယ်တွေ့။ ရိုက်နှိပ်မှု အကြိမ်ကြိမ်ဆိုတာ လူတိုင်းအသိ။ ဆရာ၏ စေတနာနှင့် ဖွဲလုံ့လကို အားလုံးက အသိအမှတ်ပြုခဲ့ကြသည် မဟုတ်ပါလား။

ပန်းချီကားကြီးတွေ ဆွဲလျှင် ငွေတန်ဖိုးများများ ရမည်ကို သိလျက်...

တီထွင်ဆန်းသစ်၍ ပန်းချီကားကြီးတွေ ရေးနိုင် ဆွဲနိုင်ပါလျက်...

အချိန်ကုန်ခံ၊ အဆင်းရဲခံ၍ တစ်ဆင့်နိမ့်သည်ဟု ယူဆကြသောကာတွန်းရုပ်ပြများကို တစ်ဆင့်ထက် တစ်ဆင့် မြင့်တက်အောင် ရှေ့ဆောင်လမ်းပြခဲ့ကြသော ဆရာကြီးနှစ်ဦးဟု ကျွန်တော်တို့ ရည်ညွှန်းခဲ့ခြင်းဖြစ်ပါသည်။ ပန်းချီအနုပညာသစ်နှင့် အမြင်သစ်၊ အတွေးသစ်နှင့် လူ-သူ သို့မဟုတ် ဆရာဝသုန်။

ဟုတ် မဟုတ် သင့် မသင့်ကို ပညာရှင်များ ဝေဖန်၍ စာဖတ်ပရိသတ်များ ဆုံးဖြတ်ကြပါခင်ဗျား။

လူပေါင်းများစွာ လုပ်ဆောင်သွားခဲ့သည်ဟု ထင်ရလောက်အောင် လူတစ်ယောက်တည်းမှ လုပ်နိုင်သလောက်၊ သိသလောက်၊ မြင်သလောက်၊ ခေါင်းစဉ်မျိုးစုံ၊ လိုင်းမျိုးစုံကို သိမ်းကျုံး လုပ်ဆောင်သွားခဲ့သော ဆရာပါတကား...

ဆရာဝသုန်ခင်ဗျား...

ဆရာနှင့် ကျွန်တော်တို့ ဆုံကြုံမိခိုက်မှာ ကျွန်တော်တို့ဘက်မှ မှားယွင်းမိုက်မဲမိတာ ရှိခဲ့ပါက ခွင့်လွှတ်ပါဟု တောင်းပန်ရင်း ရှိခိုးဦးခိုက် ကန်တော့လိုက်ပါသည် ဆရာခင်ဗျား။

ဆရာ ကောင်းရာသုဂတိဘုံကို ရောက်မှာပါလို့ ယုံကြည်ရင်း...

❒

**မွှေးမြနေဆဲမှာပဲ...ကြွေ... တဲ့...**

# ပန်းချီသန်းမြင့်အောင်

၁၁-၅-၂၀၁၀။



ပန်းချီဆရာ သန်းမြင့်အောင်။

၁၂-၅-၂၀၁၀။ ထိုနေ့က ကျွန်တော်တို့ မနုစာရီမဂ္ဂဇင်းတိုက် တည်ရှိရာ အာရှပလာဇာရှေ့ ၃၈-လမ်းဝင်ပေါက်သို့ မနက် ၁၀နာရီ လောက်တွင် ရောက်ရှိခဲ့သည်။ ကွမ်းယာဝယ်သည်။ ထိုအချိန်မှာပင် ကိုကောင်းကျော် (နေခြည်နု-ရေနံချောင်း) နှင့် ဒီဇိုင်းအုံ့ဖွယ်ဇင်တို့

နှစ်ဦး ရပ်၍ ကျွန်တော်တို့ကို ကြည့်နေသည်။ သူတို့ကို ကျွန်တော်တို့မှ... ပြုံးရွှင်စွာဖြင့် နှုတ်ဆက်ခိုက် ကိုကောင်းကျော်မှ...

"ဟော့လူကြီး... နာရေးသတင်း သိပြီးပြီလား" ဟု မေးသည်။ ကျွန်တော်တို့က မသိကြောင်းဖြေစဉ် ကိုကောင်းကျော်မှ...

"ခင်ဗျားလူ...ပန်းချီသန်းမြင့်အောင် ဆုံးပြီဗျ" ဟု ပြောလိုက်ရာ ကျွန်တော်တို့နှုတ်မှ...

"ဟာ...ဟူသော အသံသည် ဟိန်းထွက်လျက်...။ မချိတင်ကဲဖြစ်လျက်... ယူကျုံးမရဖြစ်လျက်... ပင့်သက်ကို အနိုင်နိုင် ရှူလိုက်ရလေ၏။

သည်နှစ်၏ ပူပြင်းတောက်လောင်နေသော နွေအပူသည် ထိုအချိန်မှာ ကျွန်တော်တို့အတွက် ဘာမျှမထိခိုက်၊ မနိုပ်စက်တော့သလိုမျိုး။ အော်... ဆိုးဝါးပါဘိတော့...။

လွန်ခဲ့သော ၁၉၉၃-၉၄ ခုနှစ်များဆီ...

ထိုစဉ်က ကျွန်တော်တို့ဘဝက လမ်းဘေးစာအုပ်အဟောင်းရောင်းနေရစဉ်ကာလ။ ထို့ပြင် မျိုးမြန်မာ စာပေတိုက်၏ စီစဉ်သူဇင်ယော်(မာန်) ဘဝ။

ထိုရက်ပိုင်းများအတွင်း ကျွန်တော်တို့ဆီသို့ ဆရာမောင်သာလင်း (သာထပ်ဖေ)မှ ပန်းချီကျောင်းဆင်း ရေနံချောင်းသား လူငယ်တစ်ဦးကို လာရောက်အပ်နှံ မိတ်ဆက်ပေးသည်။ ထိုလူငယ်ကား ပန်းချီသန်းမြင့်အောင် ဖြစ်လာမည့် ပုဂ္ဂိုလ်လေး။

ဆရာကိုသာလင်းမှ ကျွန်တော်တို့ကို ရန်ကုန်မြို့ရှိ ထုတ်ဝေသူများ၊ ပန်းချီဆရာများ၊ စာရေးဆရာများနှင့် ထိုပုဂ္ဂိုလ်လေးကို မိတ်ဆက်ပေးပါ။ ထိုပုဂ္ဂိုလ်လေး ရန်ကုန်မြို့မှာ ရပ်တည်၍ ရနိုင်သော ပန်းချီလုပ်ငန်းများကိုလည်း ဆက်သွယ်ပေးပါဟု ပြောဆိုခဲ့၍ ကျွန်တော်တို့မှ သူ့ကို လက်တွဲခေါ်ယူရန် သဘောတူခဲ့သည်။

ထိုနေ့ထိုအချိန်မှာပင် ကျွန်တော်တို့မှလည်း သူ့တွင်ပါလာသော

သူဆွဲပြီးသား ပန်းချီလက်ရာများ၊ သရုပ်ဖော်ပုံအသုံးပြုပြီးသား မဂ္ဂဇင်းများ တောင်းယူကြည့်ရှုမိရင်းမှ ကျွန်တော်တို့အယူအဆကို ရင်ဖွင့်မိသည်မှာ…

“ခင်ဗျား… နောက်ရက်တွေမှာ အချိန်ရရင် ကျွန်တော့်ဆီကို အချိန်မရွေးလာပါ၊ လာခဲ့ရင်လည်း ခင်ဗျားအသစ်ဆွဲထားတဲ့ ပန်းချီကား၊ ဒါမှမဟုတ် စာအုပ်တွေ မဂ္ဂဇင်းတွေမှာ ရေခံအဖြစ်အသုံးပြုနိုင်အောင် မိန်းမလှပုံတွေဆွဲခဲ့၊ ခဲနဲ့ဖြစ်ဖြစ်၊ ဆေးရောင်စုံပဲဖြစ်ဖြစ်၊ နောက်ပြီး ဥပမာဗျာ… အခုအချိန်မှာပဲ ခင်ဗျားကို ထုတ်ဝေသူတစ်ဦးက ဆရာကြီးမြသန်းတင့်ရဲ့ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်ဆိုတဲ့ စာအုပ်မျက်နှာဖုံးကို ခင်ဗျားကို အပ်ခဲ့မယ်ဆိုရင် မူလခြောက်ကြိမ်ရေးဆွဲထုတ်ဝေခဲ့တဲ့ ပန်းချီဆရာကြီးတွေကို နမူနာယူပြီး ခင်ဗျားစိတ်ကြိုက် လက်ကုန် လေးရောင်ဆွဲခဲ့ပါဗျာ”ဟု ပြောလိုက်ရာ သူသည် ကျွန်တော်တို့ကို တွေဝေးစွာ ကြည့်လျက် ပြုံးပြနှုတ်ဆက်ပြန်သွားခဲ့ကြသည်။

ကျွန်တော်တို့ဆီ သူ တစ်လလောက် ပေါ်မလာခဲ့ပါ။

တစ်လခွဲလောက်ကြာမှ သူ ကျွန်တော်တို့ဆီ ပြန်ရောက်လာခဲ့သည်။ သူ့မျက်နှာ ဝိုင်းဝိုင်းလေး ပြုံးပြုံးလေးနှင့်။ ကျွန်တော်တို့ သူ့လက်ရာလေးတွေကို သဘောကျသည်။ ထို့ကြောင့် နောက်တစ်နေ့ နံနက်ပိုင်း ထုတ်ဝေသူဆီ သွားကြရန် ချိန်းဆိုမိကြသည်။

နောက်တစ်နေ့ နံနက်။ ကျွန်တော်တို့နှင့် သူ ထုတ်ဝေသူ မျိုးမြန်မာစာပေတိုက်ပိုင်ရှင် ဆရာကိုဇော်ဝင်းနိုင်ရှိရာ ပုဇွန်တောင် လိပ်ကန်လမ်းသို့ ရောက်ခဲ့ကြသည်။ ကျွန်တော်တို့ကို ဆရာကိုဇော်ဝင်းနိုင်မှ လက်ခံကြိုဆိုခဲ့သည်။ ထိုအချိန်က တိုက်၏ တိုက်ခံပန်းချီဆရာများ ဖြစ်ကြသော ဆရာကိုရဲမာန်၊ ဇာတ်ညွှန်းကိုသိုက်တို့နှင့် မိတ်ဆက်ပေးခဲ့သည်။ ပန်းချီဂိုဝင်းသော်၊ ကိုသိန်းရွှေကြည်၊

ကိုခိုင်ဝင်း၊ ကိုအောင်မြတ်တို့လည်း ဝင်ထွက်ရေးဆွဲ နေကြချိန်။ ဆရာကိုဇော်ဝင်းနိုင်တို့၏ နေဝန်းစာပေ၊ မျိုးမြန်မာစာပေတိုက်သို့ အရှိန်အဟုန်ဖြင့် အောင်မြင်နေသော ကာလများ။

ထိုတိုက်များ၏ ကွန်ဖူးသုံးဖော် ရုပ်ပြဇာတ်လမ်းများ၊ ဆရာကြီးမင်းသိခ်၏ ဝတ္ထုစာအုပ် ရုပ်ပြဇာတ်လမ်းများ၊ ဗုဒ္ဓဝင်ရုပ်ပြဇာတ်လမ်းများ၊ အချစ်ဝတ္ထုများ၊ မြန်မာ့ဝတ္ထုဂန္ထဝင် စာအုပ်ကောင်းများ၊ ရုပ်ပြရေးဆွဲထုတ်ဝေခြင်း အားကောင်းချိန် ဖြစ်သောကြောင့်၊ စာပေတိုက်တွင် ပန်းချီဆရာ လူအင်အား ၃၀-၄၀ နှင့် မြိုင်မြိုင်ဆိုင်ဆိုင် ရှိနေသော အချိန်။

ထို့ကြောင့် ကျွန်တော်တို့နှင့်သူ စတင် အဆင်ပြေခဲ့ကြခြင်း။

ဆရာကိုဇော်ဝင်းနိုင်မှ လက်ခံ၍ သူ့ဘဝ ရပ်တည်နိုင်ရန် နေရာတစ်ခု ရရှိခဲ့ခြင်း။

ထိုအချိန်ကာလများမှ စတင်၍ သူနှင့်ကျွန်တော်တို့ တပူးတွဲတွဲ သွားလာမိကြသည်။ ပန်းချီဆရာကြီးများ ကန်တော့ပွဲ၊ စာရေးဆရာကြီးများ သက်ကြီး ကန်တော့ပွဲ၊ ကာတွန်းဆရာကြီးများ ကန်တော့ပွဲ၊ ရှာပနပွဲများ၊ ပန်းချီပြပွဲကြီးများ... ပွဲပေါင်းများစွာမှာ...

သူနှင့်ကျွန်တော်တို့က အညာသားချင်းဖြစ်သောကြောင့် ပို၍ တွဲမိကြသည်လားမသိ။ သူသည် လူချစ်လူခင်များသည်၊ ဖော်ရွေသည်၊ ကူညီသည်၊ လူမှုရေးစိတ်ရှိသည်၊ ကြိုးစားသည်၊ သူ့ပန်းချီလက်ရာတွေ ပိုကောင်းလာသည် စသည်... စသည်ဖြင့် အမြဲတစေ ချီးမွမ်းသံများ ကြားနေရသည်။

ထို့အပြင် သူက တစ်ခါတစ်ခါ ကဗျာလေးတွေ ရေးသည်။ သူ့ကဗျာလေးတွေကလည်း ပိုပိုကောင်းလာသည်။ ကဗျာကလောင်နာမည်က "**သင်းဝေအောင်**"။ ထို့အတူ သူသည် တစ်ခါတစ်ရံ ဆောင်းပါးလေးတွေ ရေးသည်။ ကောင်းသည်။ ထိုအခါ သူ့ကလောင်နာမည်သည် "**ကိုသီအောင်**"။ သူသည် ပန်းချီ၊ ကဗျာ၊ ဆောင်းပါးတို့

သာမဟုတ်၊ အနုပညာနှင့် ပတ်သက်သော မည်သည့်အကြောင်းအရာနှင့်မဆို နီးစပ်မှုရှိသည်။ ပတ်သက်မှုရှိသည်။ စိတ်ဝင်စားမှုရှိလွန်းသည်။ ထို့ကြောင့် သူ ကြိုးစားခဲ့သည်ဟု ကျွန်တော်တို့ ယုံကြည်မိသည်မှာ အခါခါ။

ကျွန်တော်တို့ကို ပရိသတ်များရှေ့၊ ဆရာကြီး ဆရာလေးတွေရှေ့မှာ သူ့အစ်ကိုဆရာဟု အမြဲတမ်းဦးစားပေး၊ နွေးထွေးစွာ ဆက်ဆံလေ့ရှိသည်မှာ မကြာခဏ။

ကိုယ် ဂုဏ်ယူပါတယ် ညီလေးရယ်...

ပန်းချီသန်းမြင့်အောင်နှင့် ဆက်ဆံရတာ အဆင်ပြေတယ်၊ လူမှုရေးစိတ်ရှိတယ်၊ သူ့လက်ရာတွေ ပိုကောင်းလာတယ်၊ သူ့ပန်းချီကားတွေလည်း ရောင်းရတယ် ဟူသော စကားတွေက သူနှင့်ကျွန်တော်တို့ မဆုံဖြစ်ကြသော ရက်တွေမှာ လည်းကောင်းသတင်းတွေက မွှေးမြနေ၏။

စာပေ၊ ပန်းချီနှင့် အနုပညာလောက၏ ပွဲပေါင်းများစွာတွင် သူသည် မပါမဖြစ်။ ပန်းချီဆရာမ မမွှေးနှင့် သူပါမှ ပို၍အဆင်ပြေသည်၊ ပိုကောင်းလာသည်၊ ပို၍ လူစုံသည်ဟု ပြောစမှတ်ပြုကြရသည်မှာ ကြာခဲ့ပြီ။

လူ့ဘုံလူ့ဘဝသို့ ကျွန်တော်တို့ ခဏသာ လာကြသည်ဟု ဗုဒ္ဓဘာသာဝင်များပီပီ ယုံကြည်ထားခဲ့ကြသည်။ သိထားခဲ့ကြသည်။ မှန်ပါသည်။ သို့သော် ခဏတာ နေခွင့်ရသော လူ့ဘဝတွင် လူသားဆိုသည်မှာ ပုံစံမျိုးစုံ အဖုံဖုံနှင့် သေခြင်းကို ရင်ဆိုင်ရင်း ပြီးပြီးရောနေထိုင်သွားသူများ၊ တရားကျင့် တရားရှာ နေထိုင်သွားသူများ၊ လောဘဇောတိုက်၍ စီးပွားရှာ နေထိုင်သွားသူများ၊ များများယူကြပြီး ထားခဲ့ကြရသူများ...များ... ထိုသူများကြားတွင် သူကား များများရှာ၍ပေး၍ လှူ၍ ထားခဲ့ကြသူများစာရင်းတွင် ကျွန်တော်တို့ မှတ်တမ်းတင်

ရပါမည်။ သူကား အယူမဟုတ်၊ အလှူသမား...အပေးသမား...

သူကား မှန်သည်ထင်သောမှုကို ဆုပ်ကိုင်ထားရင်း...

သူကား... အမိအတွက်... အဖအတွက်... ဇနီးအတွက်... နိုင်ငံသားတို့ အတွက် တာဝန်ကျေပြွန်ခဲ့သူ...

ပန်းချီသစ်၊ အတွေးသစ်များကို ရှာဖွေခဲ့ရင်း ဖြန့်ဝေပေးခဲ့ရင်းမှ ရုတ်တရက် နှုတ်မဆက်ဘဲ လမ်းခွဲသွားခဲ့သူ...

ထိုသူကို ကျွန်တော်တို့ ဦးညွှတ်ပါ၏။ မြတ်နိုးပါ၏။

၃၁-ဘုံ ကျင်လည်ကုန်သော ဤအနန္တစကြာဝဠာကြီးထဲမှာ ညီလေးနှင့် ကိုယ်တို့ တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာမှာ ပြန်လည်ဆုံတွေ့ကြလိမ့် ဦးမည်လို့ ယုံကြည်ရင်း...

လက်ပြနှုတ်ဆက်လိုက်ပါတယ် ညီလေးရယ်...

ဇင် ယော် (မာန်)
၁.၇.၂၀၁၁

❐